
www.burmeseclassic.com

# မင်းစကြာ

ကျောက်နွားကိုးကောင်ပိုတစ်ကောင်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ပဋ္ဌ ဂုဏ် အဟံ ဝန္ဒာမိ

မင်းစက္က - ကျောက်နွားကိုးကောင် ပို့တစ်ထောင်

| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၁၀၀၂၀၇၀၈ |
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၁၀၁၅၀၇၀၈ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ။ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၃၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | – | ဒေါ်မြင့်မြင့်တင် (မြင့်သီဂီပုံနှိပ်တိုက်) အမှတ် (၂၀၈)၊ လမ်း-၃၀၊ ပန်းဘဲတန်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးလှနိုင် (မြိတ်လစဉ်) အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | – | မြိတ်စာပေ၊ (ဖုန်း-၇၀၄၄၉၀) အမှတ်-၁၉၀၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | – | ဦးလှနိုင် (မြိတ်စာပေ) |
| အထက်မြန်မာပြည် | – | နဂါးစာပေ၊ (မန္တလေး) |
| ဖြန့်ချိရေး | – | ထွန်းဦးစာပေ၊ (မန္တလေး) |


BURMESE CLASSIC

# မင်းစက္က



## ကျောက်နွားကိုးကောင်ပို့တစ်ထောင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်းစဉ်


၁။ ။ ဝက်ပါမြိုင်က တောခွေးများ။
၂။ ။ နောက်ယောင်ခံမှုဆိုးတစ်သိုက်။
၃။ ။ နွားသိုးကြီးများ၏ အန္တရာယ်။
၄။ ။ မောင်တက်ခေါင်ဇဲ။
၅။ ။ ရန်ရှာလာသော ကြောင်နက်ကြီးတစ်ကောင်။
၆။ ။ လူတူတစ်ယောက်။
၇။ ။ ဂူဟောင်းပေါ်က အဘိုးအို။
၈။ ။ ဦးဖိုးချက်၏ နောက်ကြောင်းပြန်။
၉။ ။ တစ်ကျော့ပြန်အန္တရာယ်ကောင်များ။
၁၀။ ။ ငနက်ကြီးရွာထဲရောက်လာခြင်း။
၁၁။ ။ အာစက်လျှာစက်ကြောင့်လား။
၁၂။ ။ တက်ခေါင်လေးနှင့်ငထောင်ကြီး။
၁၃။ ။ မိစ္ဆာမြေ။
၁၄။ ။ သုဿာန်ဇရပ်ပေါ်ကလူ။
၁၅။ ။ သချိုင်းထဲက တောခွေးနက်ကြီး။
၁၆။ ။ တောထဲက လူထူးလူဆန်း။
၁၇။ ။ မိစ္ဆာမြေက လူနှိုနိုကြီး။
၁၈။ ။ တောခွေးများနောက်ကြောင်း။
၁၉။ ။ ပျောက်ဆုံးနေသူနှစ်ယောက်။
၂၀။ ။ ကြမ္မာဆိုးနှင့်တိုးသောအခါ။
၂၁။ ။ မိစ္ဆာမြေကို ရောက်သွားကြသူများ။
၂၂။ ။ ပျက်စီးသွားကြသော တောခွေးရုပ်များ။
၂၃။ ။ တောင်ဟိုသံ။
၂၄။ ။ တောင်ထိပ်က ရွှေစေတီ။
၂၅။ ။ အံ့ချီးဖွယ်ရာ အပြန်ခရီး။




# အခန်း – ၁

## ဝက်ပါမြိုင်က တောခွေးများ

"ဝူး. . အူး. . အူး. . ."
"ဝူး. . ဝူး. . ဝူး. . ."

တောခွေးများက တဝူးဝူးနှင့်အူနေကြလျက်။ ညဘက်တွင် အစာရှာနေကြသော တောခွေးအုပ်စုပင်။ သူတို့လည်း နေ့ဘက်မှာလည်း သားကောင်များကို လိုက်ကြသည်။

သားကောင်တစ်ကောင်ရလျှင် ခွေးတစ်အုပ်က ဝိုင်းပြီးတော့ အမဲဖျက်ကြသည်။ အသာငမ်းငမ်းနဲ့ သူ့ထက်ငါ အသုအယက်ပင် ဝိုင်းပြီးတော့ စားသောက်ကြသည်။ တခါတ အတွင်းမှာပင်လျှင် သားကောင်တစ်ကောင်လုံး အရိုးစုကြီး ဖြစ်ကာ ကျန်ရစ်ခဲ့လေသည်။ သားရေပင် မကျန်။ ကုန်အောင် စားပစ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုနှင့်လိုက်တတ်ကြသော တောခွေးများကို သူတို့ထက် အင်အားကြီးသော၊ ခွန်အားဗလကြီးသော ဆင်များပင် ကြောက်ကြရလေသည်။

ငနက်ကြီးခေါင်းဆောင်သော တောခွေးအုပ်စုသည် ဝက်ဘာမြိုင်တောကြီးထဲမှာ နာမည်ကြီးလျက်ရှိသည်။ နေ့အချိန်မှာပင်လျှင် သားကောင်များကို ပြောင်ပြောင်တင်းတင်းပင် လိုက်တတ်သည်။ မည်သူ့ကိုမှလည်း ဂရုမစိုက်။ ကြောက်တတ်ခြင်းကင်းကြသည်။ ငနက်ကြီးအုပ်စုနှင့်သာ တွေ့လျှင် လွတ်အောင်ပြေးပေရော့။ မပြေးနိုင်က ယင်းတို့လက်ချက်မိကာ မရှုမလှပင် သေဆုံးသွားရလိမ့်မည်။

ငနက်ကြီးတို့ အလိုက်ခံရမှုကြောင့် လူသုံးလေးဦးလောက် သေဆုံးခဲ့ကြလေပြီ။ သို့သော် ထိုခွေးများသည် လူ့သားကိုတော့ မစားကြပါ။ တိရိစ္ဆာန်များ၏ အသားကိုတော့ စားသောက်ကြသည်။ မိသည့်နေရာမှာတင် မိနစ်ပိုင်းအတွင်းမှာ တစ်ကောင်လုံးကုန်သည်အထိ ဝိုင်းဝန်း၍ စားသောက်ပစ်လိုက်ကြသည်။

ဆင်တစ်ကောင်ကို မိပြီဆိုသည်ပင် တခဏအတွင်းမှာပင် စားသောက်ပစ်နိုင်ကြပြီး အရိုးပြိုင်းပြိုင်းနှင့်သာ ကျန်ရစ်ခဲ့လိမ့်မည်ဖြစ်သည်။ ထိုအခြေအနေကို တောခွေးများ၏ရန်ကိုကြောက်၍ သစ်ပင်ပေါ်တက်၍ ပုန်းနေသော လူတစ်ယောက်က တွေ့ဖူးခဲ့လေသည်။ ထိုသူသည် မြေပြင်မှာ လူးလဲကာ နာကျည်းစွာ အော်နေရှာသော ဆင်ကြီးကို မြင်နေခဲ့ရသည်။





တောခွေးများက ဆင်ကြီးဝမ်းဗိုက်ကို ဖွင့်ကာ ဝမ်းတွင်းကလီစာများ၊ အသားများကို မညှာမတာ ရက်ရက်စက်စက် စားသောက်နေကြခြင်း။ မသေမရှင် ဖြစ်နေသော ဆင်ကြီးမှာ ငရဲကျခံနေရပြီး သွေးရူးသွေးတန်းနဲ့ အော်ဟစ်နေရခြင်းတို့ကို သစ်ပင်ပေါ်မှနေ၍ မျက်ဝါးထင်ထင်ပင် မြင်တွေ့နေရသည်။

ငနက်ကြီး ခေါင်းဆောင်သော တောခွေးများသည် တောထဲတွင် အစာရှာမရသည့်အခါ ရွာများဆီကို ချဉ်းကပ်လာတတ်ကြလေသည်။ ထိုအခါ အိမ်ခွေးများသည် ဂဏှာမငြိမ်ကြတော့။

“ဝူး... အူး...”

တစ်ကောင်ပြီးတစ်ကောင် အူသံပေးကာ ရန်သူလာပြီဟု အချက်ပေးကြသည်။ ခွေးများသည် ရွာပြင်ကို ထွက်ကြသည်အထိ အတင့်ရဲစွာ ချဉ်းကပ်လာကြသော တောခွေးများကို စောင့်ကာ တိုက်ခိုက်ဖို့ ပြင်ဆင်နေကြသည်။

တောခွေးများကလည်း ရွာခွေးများကို မြင်ကြသည်နှင့်တဟုန်ထိုးပြေးဝင်ကာ ရက်စက်ကြမ်းတမ်းစွာ တိုက်ခိုက်ကြလေသည်။ ရွာခွေးများကလည်း ရဲဝံ့စွာပင် ပြန်ဖြိုးတော့ တိုက်ခိုက်ကြသည်။

သို့သော်...။

တောခွေးတွေက အင်အားသိပ်မများလှသော်လည်း တောထဲမှာ ဆင်၊ ကျား၊ ဝံတို့ကို တိုက်ခိုက်လာခဲ့ကြသူများ



www.burmeseclassic.com

www.burmeseclassic.com



ပေမို့ အတွေ့အကြုံက ရှိနေခဲ့လေပြီ။ သတ္တိပြောင်မြောက် ရက်စက်ကြမ်းကြုတ်လှသော တောခွေးများက အိမ်ခွေးများကို မညှာမတာ ဝိုင်းပြီးတိုက်ခိုက်ကြသည်။ တစ်ရွာလုံးရှိ အိမ်ခွေးများကလည်း တောခွေးတွေကို ကျူးကျော်ကောင်တွေအဖြစ် အဝင်မခံ။ ဝိုင်းပြီး တိုက်ခိုက်ကြသည်။

ထိုအချိန်တွင် . . ။

အားလုံးထက် အကောင်အထည်ပိုပြီးတော့ ကြီးမားသော တောခွေးခေါင်းဆောင် ငနက်ကြီးသည် တစ်နေရာမှ ရပ်ပြီးတော့ အေးဆေးစွာပင် ကြည့်နေတတ်လေသည်။

တိုက်ပွဲအတွေ့အကြုံမရှိကြသော အိမ်ခွေးများသည် တောခွေးများ၏ အနိုင်ကျင့်မှုကို ခံနေကြရသည်။ အိမ်ခွေးတစ်ကောင်ကို တောခွေးနှစ်ကောင်က တစ်ပြိုင်တည်းမှာပင် ခုန်အုပ်တိုက်ခိုက်ကြသည်။ ကုပ်ကိုခဲကာ မြေမှာ ဆွဲလှဲ၍ ကိုက်သတ်ပစ်ကြလေ၏။ သတ္တိကောင်းသော အိမ်ခွေးတချို့က အသေအကြေ ပြန်ပြီးတော့ တိုက်ခိုက်ကြသည်။ အချို့ခွေးများကတော့ အမြီးကုပ်ကာ ရွာထဲကို ပြန်ဝင်ပြေးကြလေသည်။

× × ×

ရွာသူရွာသားများသည် မီးတုတ်များ၊ ဓား၊ လှံလက်နက်များကို ကိုင်ဆောင်ကာ လူစုပြီး ထွက်လာခဲ့ကြလေသည်။





တောခွေးတစ်အုပ်တစ်မကြီးနဲ့ တိုက်ခိုက်နေကြသည်ကို မြင်လိုလှ၍ ဖြစ်လေသည်။

"တောခွေးတွေက ရွာနားကို ကပ်လာကြလို့ ရွာခွေးတွေက ဝိုင်းပြီး ကိုက်ကြတာပဲ"

"အေး . . ဟုတ်တယ်၊ တောခွေးတွေ ရွာထဲဝင်ဖို့ဆိုတာ သိပ်တော့ မလွယ်လှပါဘူး"

"စည်းရိုးတွေက တချို့နေရာမှာ ပေါက်ပြဲနေတတ်ကြတယ်၊ အားလုံး လုံခြုံတာမဟုတ်ဘူး၊ ဝင်ချင်ဝင်လို့ရတာပေါ့၊ ပြောလို့ဘယ်ရမလဲ"

တစ်ယောက်တစ်ပေါက်နဲ့ ပြောပြီး ရွာတံခါးဆီကို လျှောက်လာခဲ့ကြလေသည်။ ခြေလှမ်းတွေက သွက်သွက်။ ခွေးသံတွေက ဆူညံနေကြသည်။ ကမ္ဘာပျက်နေသည့်အလားပင်။ တစ်ရွာလုံးလည်း နိုးကုန်ကြလေပြီ။ ဤသို့ တစ်ခါမှ မကြုံဘူးမဖြစ်ကြ၍ ထူးဆန်းနေကြသည်။ ခြောက်ချားနေကြလေသည်။

တစ်ယောက်က ရွာတံခါးကို ဖွင့်မည်ပြုစဉ် . . ။

"သတိထားဟေ့ . . တောခွေးတွေနော်၊ သည်ကောင်တွေက သိပ်ပြီး ရိုင်းစိုင်းကြမ်းတမ်းကြတယ်၊ ဘယ်သူ့ကိုမှ ချမ်းသာပေးမှာ မဟုတ်ဘူး၊ တောထဲမှာ လူတွေတာတောင် တိုက်သတ်ပစ်ကြတာ"

ထို့ကြောင့် သတိထားပြီးတော့ တံခါးကို ဖွင့်လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

မီးရောင်အောက်မှာ မထင်မှတ်သော မြင်ကွင်းတစ်ခု။ တောခွေးများသည် ထင်တာထက်ပင် ပိုပြီးတော့ များပြားနေကြသည်။ အိမ်ခွေးများနှင့်ရောနှော်နေကြကာ မညှာမတာပင် သတ်ပုတ်ကိုက်ခဲနေကြသည်။ သေသည့်ခွေးတွေကသေ၊ ဒဏ်ရာရပြီးတော့ ညည်းညူနေကြသည့် ခွေးတွေကလည်း လမ်းပေါ်မှာ တုံးလုံး။ ပိုးလိုးလို့ပက်လက်။

မသေမရှင်ဖြစ်နေကြသော အိမ်ခွေးများကို တောခွေးများက ကိုက်သတ်နေကြသည်။ အကျအဆုံးများလှသည်က အိမ်ခွေးများပင်။ ရပ်ထဲရွာထဲ ကျူးကျော်ဝင်ရောက်လာကြသော တောခွေးများကို မခံချင်စိတ်နှင့်သာ ကာကွယ်တိုက်ခိုက်နေကြရသည်။

တောခွေးတွေက သားရဲမင်းရဲစီးနေကြသည်။ ခွန်အားချင်းက မမျှကြ။ ရွာသူရွာသားများသည် အိမ်ခွေးများ အထိအခိုက်၊ အကျအဆုံးများနေကြသည့်အတွက် ဒေါသအမျက်ချောင်းချောင်းထွက်ခဲ့ကြရလေသည်။

"တယ် . . . သည်ကောင်တွေ ကျူးကျူးကျော်ကျော်၊ စော်စော်ကားကားနဲ့၊ ငါလေ အားလုံးသေကုန်ကြရော့မယ်"

ရွာသားတစ်ယောက်က ဓားကိုဆွဲကာ ပြေးထွက်သွားခဲ့လေသည်။

"ဟေ့ . . . ဟေ့ကောင် တစ်ယောက်တည်းမသွားနဲ့၊ အတင့်မရဲနဲ့"





လူကြီးတစ်ယောက်နှစ်ယောက်က အလျင်စလိုပင် တားဆီးလိုက်သည်။ သို့သော် ထိုသူကား ဖွတ်ပင် ထွက်သွားခဲ့လေပြီ။

"မဖြစ်ဘူးဟေ့၊ သည်ကောင် . . ဒုက္ခရောက်သွားလိမ့်မယ်၊ မြန်မြန်လိုက်သွားကြ"

ရွာသူရွာသားများသည် မီးတုတ်များ၊ ရရာလက်နက်များကို ဆွဲကိုင်ကာ ရွာတံခါးမှ ထွက်လိုက်သွားကြလေသည်။ ခွေးနက်ကြီး၏ နားရွက်သည် ဆတ်ကနဲဆို ထောင်သွား၏။ သူ၏ စူးလက်မည်းနက်တောက်ပြောင်သော မျက်လုံးနှစ်လုံးက လူတွေဆီကို ရောက်သွားခဲ့သည်။

ရွာသူရွာသားအချို့သည် တောခွေးများကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဓားနှင့်ခုတ်ကြသည်။ လှံနှင့်ထိုးကြသည်။

"ကိန်"

"ကိန်"

နာကျည်းစွာပင် အော်ထွက်သွားကြသော တောခွေးများ၏ အသံများက ပတ်ဝန်းကျင်တွင် ငရဲပွက်သွားခဲ့ကြလေသည်။ တောခွေးအများစုသည် အရှောင်သိပ်မကြီးလှပေ။ အိမ်ခွေးများထက်လည်း ငယ်ကြသည်။ ထိုအချိန်တွင် အကောင်အနည်းငယ်ပိုပြီးတော့ ကြီးသော တောခွေးတစ်ကောင်က ရွာသားတစ်ဦးကို ကျောဘက်မှနေ၍ အဲလစ်မှာ ခုန်အုပ်လိုက်လေသည်။

ထိုသူသည် ဆတ်ကနဲဆို နောက်ကိုလှည့်၍ ရဲဒင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့်ပိုင်းချလိုက်လေသည်။

“အု. . . ဝူး. . . ”

ခွေးကြီးမှာ ကိန်ကနဲပင် မအော်နိုင်ရှာ။ လည်ပင်း ပြတ်ကျသွားသည်။ လည်ချောင်းထဲမှ လေများ၊ သွေးများက တဝူးဝူးနှင့်အော်မြည်ပြီး ပန်းထွက်လာခဲ့ကြလေသည်။ ဒူး ထောက်ပြီးတော့ ပစ်လဲကျသွားသည်။ တောခွေးများသည် အိမ်ခွေးတွေကို တိုက်ခိုက်နေရာက လူတွေဘက်ကို လှည့် လာခဲ့လေသည်။ ညဘက်မှာ မီးရောင်အောက်တွင် အရောင် ထွက်နေသော မျက်လုံးတွေ ပိုပြီးတော့ ရဲတက်လာခဲ့ကြလေ သည်။

ဝင်ရောက်တိုက်ခိုက်ခြင်းမပြုပဲ ရပ်ပြီးတော့ ကြည့် နေသော ခွေးနက်ကြီး။

“အူး. . . ဝူး. . . ဝူး. . . ”

အကြောင်းမဲ့ကြီး ရုတ်တရက် ကောက်ကာငင်ကာ အူလိုက်လေသည်။ ခွေးနက်ကြီး၏ အူလိုက်သံသည် ကြားရ သူအဖို့ အူအသည်းတွေ လိမ့်ပြီးတက်သွားကြသည်အထိ ခံ စားသွားခဲ့ကြရလေသည်။

ငနက်ကြီးက ထိုသို့ အူလိုက်သည်နှင့်တောခွေးများ သည် ပိုပြီးတော့ လှုပ်လှုပ်ရွရွ ဖြစ်သွားခဲ့ကြသည်။ အနေအ ထားက ရွာသူရွာသားတွေကို မသိမသာ တဖြည်းဖြည်းနဲ့ ဝိုင်း လာခဲ့ကြလေသည်။

“ဟေ့. . ဟေ့. . သတိထားကြ၊ သည်ကောင်တွေရဲ့





အဝိုင်းကို မခံကြနဲ့၊ ဒုက္ခပေးတော့မယ်”

အချင်းချင်း သတိပေးကြသည်။ တောခွေးများသည် လူတွေရောက်လာကြသည်ကိုပင် ကြောက်ရွံ့ဟန်မပြကြ။ သူ တို့ဘက်က သုံးလေးကောင် သေဆုံးသွားခဲ့ကြသည်ပင်။ သို့ သော် ဂရုမစိုက်ကြ။ လူတွေကိုပင် ရန်သူများပမာ သဘော ထားလာခဲ့ကြလေသည်။ သားကောင်များပမာ မှတ်ယူလာခဲ့ ကြသည်။ ရွာထဲမှ နောက်ထပ်တိုးလာသော ရွာသားများသည် တောခွေးများ ဝိုင်းရံထားသော စည်းဝိုင်း၏ အပြင်ဘက်ကို ရောက်နေကြသည်။

ထိုသူများသည် လေးမြားများကို ကိုင်ဆောင်ထား ကြသည်။ အချို့က လှံရှည်များကို မြဲမြဲဆုပ်ကိုင်ထားကြလေ သည်။ လေးသမား သုံးလေးယောက်က မြားတစ်စင်းစီကို ညှို့မှာတင်ကာ တပြိုင်တည်းပင် ပစ်လွှတ်လိုက်ကြလေသည်။

“ဝှစ်”

“ဝှစ်”

“ဝှစ်”

ခွေးလေးကောင်သည် မြားဒဏ်ချက်အသီးသီး ခံလိုက်ကြ ရကာ ပစ်လဲကျသွားခဲ့ကြသည်။ ချက်ချင်းပင် ဆန့်ငင်ဆန့်ငင် နဲ့ ဖြစ်သွားကြကာ သေဆုံးသွားခဲ့ကြလေသည်။ ထိုနောက် ခွေးများ တဒင် မှင်တက်မိသွားခဲ့ကြသည့် အချိန်ကလေးမှာ ရွာသားများက ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

လက်ထဲမှာ ကိုင်ဆောင်ထားကြသည့် လှံများလည်း

www.burmeseclassic.com

www.burmeseclassic.com



တောခွေးများ၏ ကိုယ်ကို ဖောက်ထွက်သွားခဲ့ကြလေသည်။ ပုဆိန်ချက်၊ ဓားချက်မိကုန်ကြသော တောခွေးများကလည်း အတုံးအရုန်းပင် လဲကျသေဆုံးသွားခဲ့ကြသည်။

တောခွေးများသည် အဆိပ်လူးမြားများ၏ဒဏ်ကို ရေရေလည်လည်ပင် ခံစားသွားခဲ့ကြရသည်။

တောခွေးများကလည်း သားရဲမင်းရဲ စီးနေကြသည့် ပမာ လူတွေကို ဇွတ်အတင်းပင် ဝင်ရောက်ကာ ကိုက်ခဲ့ကြသည်။ တောခွေးတစ်ကောင်က ရှာသားတစ်ဦး၏ လည်ကုပ်ကို ခဲမိသွားလေသည်။

"အား"

နောက်. . . တစ်ကောင်ပြီးတစ်ကောင်ပင် ထိုရှာသားကို စုပြုံပြီး ကိုက်ခဲကြလေတော့သည်။

"အား"

"ဟာ. . . ဟိုမှာ ငါတို့လူကို ဝိုင်းကိုက်နေကြပြီ"

လူတွေက ထိုတောခွေးဆီကို တဟုန်ထိုးပြေးဝင်သွားခဲ့ကြသည်။ ဓား၊ ပုဆိန်၊ လှံများနှင့်ထိုးခုတ်ကြသည်။ ခွေးသုံးလေးကောင်မှာ မရှုမလှနဲ့ သေဆုံးသွားခဲ့ကြသည်။ ရှာသားသည်လည်း သွေးအလူးလူးနဲ့ ဒဏ်ရာများ ရသွားခဲ့ကြလေသည်။

x x x





တောခွေးခေါင်းဆောင် ငနက်ကြီးသည် ယခုအချိန်အထိ မလှုပ်မယှက်နဲ့ ရပ်ကြည့်နေဆဲပင်။

လူသားတွေ ရောက်လာကြ၍ သူ့တပည့်တွေ အထိအခိုက်များနေကြသည်။ အကျအဆုံးများနေကြသည်ကို မြင်နေရသော်လည်း ဝင်ရောက်တိုက်ခိုက်ခြင်းမပြုပေ။

သို့သော် အရေးမလှသော အခါကျမှ. . .။

"ဝူး. . . အူး. . . အူး. . ."

ခေါင်းကို မိုးပေါ်သို့ မော့လိုက်ကာ တစ်ချက်ဆွဲဆွဲငင်ငင်နဲ့ အူလိုက်လေသည်။

ထိုအခါ လူများကို သဲကြီးမဲကြီးနှင့်တိုက်ခိုက်နေကြသော တောခွေးများသည် ရုတ်တရက် ရပ်တန့်လိုက်ကြသည်။

ထိုနောက် တောခွေးခေါင်းဆောင်ဆီကို တဟုန်ထိုးပြေးသွားခဲ့ကြလေသည်။ ပြန်ပြီးတော့ စုရုံးမိသွားကြသည်နှင့် ထိုနေရာမှ တဟုန်ထိုးပင် ပြေးထွက်သွားကြသည်။ နောက်ကြောင်းကို ပြန်လှည့်ပြေးသွားကြခြင်းပင်။ စောစောက တစ်ကောင်နှင့်တစ်ကောင် တိုက်ခိုက်သတ်ပုတ်နေကြသော အသံများသည် ချက်ချင်းပင် တိတ်ဆိတ်သွားခဲ့ကြလေသည်။ မြေပြင်ထက်မှာ သေဆုံးကျန်ရစ်ခဲ့ကြသော တောခွေးအချို့နှင့် အိမ်ခွေးများ မသေဘဲ ဒဏ်ရာအနာတရနဲ့ ရှိနေကြသော ခွေးများ၏ ညည်းညူသံများကသာ တစ်ချက်တစ်ချက်တွင် ထွက်ပေါ်နေလျက်ရှိနေကြသည်။

တောခွေးများက ရန်ပြုတိုက်ခိုက်မှုကြောင့် ရှာသား



www.burmeseclassic.com

www.burmeseclassic.com



အချို့လည်း ဒဏ်ရာရရှိခဲ့ကြသည်။ အချို့လည်း ဒဏ်ရာက ကြီးမားကြသည်။

"တော်တော်အတင့်ရဲတဲ့ ကောင်တွေပဲ၊ သည်ကောင် တွေဟာ ရွာထဲကို ဝင်ဖို့ကြိုးစားကြတာကွ၊ ကံကောင်းလို့ပေါ့ ကွာ"

မသေမရှင် ကျန်ရစ်ခဲ့ကြသော တောခွေးများကိုတော့ လက်စတုံးကာ စီရင်ပစ်ကြသည်။ ယင်းအခြေအနေကို ခပ် လှမ်းလှမ်းမှနေ၍ ကြည့်နေသော သတ္တဝါတစ်ကောင်။

သူကား. . . . .။

ငနက်ကြီးပင်တည်း. . . . .။

!!!!!





# အခန်း – ၂

## ခေါက်ယောင်ခံမှုဆိုးတစ်သိုက်

အားလုံးက ငနက်ကြီးဟု အမည်ပေးထားသော တောခွေးကြီး နောက်တော်ပါ တောခွေးများကို ခေါင်းဆောင် ကာ တောထဲမှာ အတင့်ရဲသောင်းကျန်းလျက်ရှိသည်။ သားရဲ တိရိစ္ဆာန်များသည် ကျား၊ ဆင်တို့ကို မကြောက်ကြရဘဲငနက် ကြီးကိုသာ သတိထားပြီးတော့ နေကြရလေသည်။

ထို့အပြင် ငနက်ကြီးသည် ရွာတွေအနီးနားထိ ချဉ်းကပ် လာကြကာ မွေးမြူထားကြသော သားရဲတိရိစ္ဆာန်များကိုပင် ချိုးရန် ကြိုးစားကြသည်။ သူကိုယ်တိုင် ကင်းထောက်လာတတ် သည်။ တစ်ခါတစ်ရံမှာ အဖော်နှစ်ကောင် သို့မဟုတ် သုံးကောင် ခေါင်ပါလာတတ်သည်။ လူရိပ်လူခြေ မြင်လိုက်လျှင် ချက် ချင်းပင် ထွက်သွားတတ်သည်။ လူတွေကလည်း ငနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းကောင်းမှတ်မိထားကြသည်။

အဝေးကနေ လှမ်းပြီးတော့ ကြည့်နေသည့် ငနက်ကြီးသည် သာမာန်ခွေးများထက်ပင် ပိုကြီး၍ အလုံးအထည်ကြီးမားနေသောကြောင့် သိသာသည်။ လူတွေကလည်း ငနက်ကြီးတစ်ကောင်တည်းကို မြင်လျှင်ပင် အလိုလိုနေရင်း ကျောထဲမှာ စိမ့်တက်သွားခဲ့ကြသည်။ ကြောက်သည်။

"ငါတို့ ရွာတွေထဲမှာလည်း ငနက်ကြီးနဲ့ သူ့တပည့်တွေကို ကြောက်နေကြပြီ၊ ရွံ့နေကြပြီ၊ သင်းတို့က ရွာပြင်ကိုရောက်နေကြတဲ့ အိမ်မွေးတိရိစ္ဆာန်တွေကိုတောင် လစ်ရင်လစ်သလို ဝင်ဆွဲဖို့ ကြိုးစားနေကြတယ်"

"သင်းတို့က ကြံစည်ကြရုံတင်မဟုတ်ဘူး၊ တချို့ ရွာတွေမှာဆို ကြက်တွေ၊ ဘဲတွေတောင် ဝင်ဆွဲနေတတ်ကြပြီ ဒါကြောင့် ရွာစည်းရိုးတွေကို ပိုပြီးတော့ လုံခြုံအောင် ဂရုစိုက်နေကြရတယ်၊ ငနက်ကြီး ခေါင်းဆောင်တဲ့ တောခွေးအုပ်စု ဟာ ကြောက်စရာကောင်းလောက်အောင် အတင့်ရဲလွန်းလှတယ်"

"မင်းတို့ကကွာ၊ သည်လို တိရိစ္ဆာန်ကောင်မျိုးကို ... ကားထဲ ထည့်ပြောနေရသေးတယ်၊ တောနင်းရှာပြီးတော့ လိုက်ရှာကြမယ်၊ လူအားနဲ့ ဖိပြီးတော့ရှာရင် တွေ့ကို တွေ့မယ်၊ မနေ့က ဝက်ဘာမြိုင်အစပ်မှာ ငနက်ကြီးကို တွေ့လိုက်ကြရသေးတယ်တဲ့၊ ခုတလောမှာ သင်းတို့ အဲသည်နားလောက်မှာပဲ ကျက်စားနေတတ်ကြတယ်"

"ဟုတ်တယ်၊ ကျွန်တော်လည်း တစ်နေ့က ငနက်ကြီး နဲ့ အဖော်တောခွေးနှစ်ကောင်ကို တောစပ်မှာ မြင်မိလိုက်သေးတယ်၊ ပြောဖို့ရာ မေ့နေတယ်"

"ဒီလောက်တောင် သောင်းကျန်းလှတဲ့ ကောင်တွေ၊ တောနင်းပြီးတော့ ရှာကြမယ်"

ကြာလျှင် ပိုပြီးတော့ အတင့်ရဲလာကြမည်ဖြစ်သည်။ တောထဲသို့ ထင်းခုတ်၊ သစ်သီးသစ်ဥများ အရှာထွက်ကြသော သူများပင်လျှင် ရဲရဲမသွားဝံ့ကြတော့ပေ။ အလုပ်အကိုင်လည်း ထိခိုက်လာခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် ငနက်ကြီးနှင့်အုဖွဲ့စုကို ရှင်းပစ်ရန် ဆုံးဖြတ်လိုက်ကြခြင်းပင်ဖြစ်သည်။

× × ×

မနက် ဝေလီဝေလင်းမှာပင် လူတော်တော်များများသည် ဝက်ဘာမြိုင်တောဘက်ကို ထွက်လာခဲ့ကြသည်။

ထိုသူများသည် လေးငါးရွာ စုပေါင်းထားကြခြင်းပင်ဖြစ်သည်။ လက်နက်မျိုးစုံပါလာကြသည့်အပြင် ပိုက်တွေလည်းပါလာခဲ့ကြလေသည်။ တိတ်ဆိတ်နေသော ဝက်ပါမြိုင်ထဲကို ဝင်လာခဲ့ကြသော်လည်း ခြေသံတွေကတော့ အသင့်အတင့်ပင် ထွက်ပေါ်လျက်ရှိနေကြလေသည်။

ငနက်ကြီးကို တွေ့လိုက်ကြရသည်ဆိုသော တောစပ်မှာဆင့် ဝင်လာခဲ့ကြသည်။ သတိထားပြီးတော့ ဝန်းကျင်ကို







www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုသွားခဲ့ကြရသည်။ ငနက်ကြီးနှင့်သူ့ဘက်တော်သားများ၏ အရိပ်အယောင်ကိုသော်မှ မတွေ့ရပါပေ။

တော်တော်ကလေး တောက်လျှောက်ဝင်လာခဲ့ကြရာ တစ်နေရာကို အရောက်တွင်. . . ။

"ဝေါ"

ချုံအကွယ်ဘေးမှ ဝေါကနဲ ထပျံပြေးသွားကြသော ယင်မမဲရိုင်းတစ်အုပ်ကို လှမ်း၍ မြင်လိုက်ကြရလေသည်။ အပုပ်နံ့သည်လည်း လေအဝေ့မှာ ရောက်လာခဲ့လေသည်။

အဖော်ပါလာသော လူကြီးတစ်ယောက်က မျက်နှာရိပ်မျက်နှာကဲဖြင့် သွားကြည့်ရအောင်ဟု အသံတိတ်ပြောလိုက်လေသည်။ သတိထားပြီးတော့ ထိုနေရာကို လျှောက်သွားခဲ့ကြသည်။ ချုံအကွယ်တစ်ဖက်သို့ ရောက်သောအခါ အံ့အားသင့် ထိတ်လန့်စရာမြင်ကွင်းတစ်ခုက ဆီးပြီးတော့ကြိုနေသည်။

မြေထိုင်ဝက်ဝံကြီးတစ်ကောင်၏ ခေါင်းပိုင်းကို မသဒိစရာ မြင်လိုက်ရသောကြောင့်ပင်။ မျက်လုံးနှစ်လုံးနေရာတွင်လည်း ဟောက်ပက်ကြီးဖြစ်နေလေသည်။

လည်ပင်းမှ အစပြု၍ ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးသည် အသားဟူ၍ မရှိတော့။ အရိုးပြိုင်းပြိုင်းကျနေလျက်ရှိသည်။ အပေါ်ယံဖုံးအုပ်ထားသော အရေခွံကြီးကိုသာ ဘေးတစ်ဖက်တစ်ချက်မှာ ပုံကျနေလျက်ရှိသည်။ ယင်ကောင်ကြီးတွေက တရုန်းရုန်းနှင့်ပျံလိုက်၊ နားလိုက်ကြနဲ့။





"ငနက်ကြီးနှင့်သူ့အပေါင်းအဖော်တွေရဲ့ လျှက်ချက်မိသွားတာပဲ၊ ဟိုမှာကြည့်ပါလား"

ရွာခံမုဆိုးဖိုးချက်က တောခွေးခြေရာတွေကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ ဖိုးချက်ပြောလိုက်မှပင် ခြေရာတွေကို သတိပြုမိလိုက်ကြလေသည်။

မြေထိုင်ဝက်ဝံကြီးသည် မျက်လုံးတွေလည်းမရှိတော့ပေ။ တောခွေးများသည် မျက်လုံးတွေကိုပင် ဖောက်ထုတ်ပြီးစားသွားခဲ့ကြသည်။

"ဘုရား. . . ဘုရား၊ တော်တော်ရက်စက်ကြပါလား၊ ဝက်ဝံကြီးကိုတောင် သတ်ဖြတ်ပြီးတော့ စားသွားကြတယ်၊

"တော်တော့်ကို ကံဆိုးတဲ့ကောင်ကြီးပဲ"

တစ်ယောက်တစ်ပေါက်နဲ့ ပြောနေကြသည်။ ချောက်ချားစရာကောင်းသော မြင်ကွင်းပင်မဟုတ်ပါလား။

"စကားကို သတိလက်လွတ်နဲ့ မပြောကြပါနဲ့၊ သည်ကောင်တွေဟာ ဝေးဝေးကို ရောက်မနေနိုင်ဘူး၊ သည်နားတစ်ဝိုက်မှာပဲ ရှိနေကြဦးမှာ ဒါညဥ့်လယ်လောက်က ဖြစ်သွားတဲ့ တိစ္ဆပဲ၊ တောခွေးအကောင်ရေက များတော့ တစ်ကောင်လုံးကုန်အောင် စားသွားတာတောင် နံစွပ်မှာ မဟုတ်ဘူး၊ သားကောင်ကို လိုက်ပြီးတော့ ရှာနေကြဦးမှာပဲ"

"ဝက်ဘာမြိုင်ဟာ ငါတို့ရွာတွေနဲ့ သိပ်ဝေးတာမဟုတ်ဘူး၊ ခုတလောမှာ သည်ကောင်တွေဟာ ရွာနဲ့ နီးနီးမှာပဲ နေနေကြတယ်၊ အားလုံးအတွက် အန္တရာယ်ကြီးတယ်. ဖိုးချက်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းပြောတာမှန်တယ်၊ နောက်ထပ် သားကောင်ကို လှည့်ပတ်ပြီးတော့ ရှာနေကြဦးမှာပဲ၊ အခြေအနေမပေးရင် ရွာဘက်ကို လှည့်လာကြလိမ့်မယ်ထင်တယ်"

"ကဲပါလေ၊ လူအင်အားများသားပဲ၊ အတတ်နိုင်ဆုံး ကြိုးစားပြီးတော့ ရှာကြရမှာပေါ့"

ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

ဖိုးချက်သည် ကွဲလူးအိုင်ရွာက နယ်ခံမုဆိုးကြီးတစ်ဦးပင်။ ယခင်က ဝက်ဘာမြိုင်တောကြီးထဲမှာ လှည့်လည်၍ ကျက်စားဖူးသည်။ နေက်ကြီးခေါင်းဆောင်သော တောခွေးအုပ်စု သောင်းကျန်းလာသည့် အချိန်မှစ၍ ဝက်ဘာမြိုင်တောကြီးထဲကို တစ်ယောက်တည်းမသွားတော့။

နေက်ကြီးတို့သည် လွန်ခဲ့သော နှစ်နှစ်လောက်ကမှစပြီး ဝက်ပါမြိုင်ထဲမှာ တစ်စခန်း ထလာခဲ့ကြခြင်းပင် ဖြစ်သည်။ ဤတောထဲကို မည်သို့ရောက်လာကြမှန်းမသိ။ ယခင်က တောခွေးရှိသည်ဆိုလျှင်ပင် တစ်ကောင်စ၊ နှစ်ကောင်စလောက်ကိုပဲ မြင်ရတတ်သည်။ လူတွေကိုလည်း ရန်မမူတတ်။ ဤရိုင်းစိုင်းသော တောခွေးများကြောင့် စဉ်းစား၍မရအောင်ပင် ဖြစ်သွားခဲ့ကြရလေသည်။

× × ×

ဖိုးချက်ခေါင်းဆောင်လာသော အခြားရွာများမှ မုဆိုး





သုံးလေးဦးသည်လည်း တောကျွမ်းကြသူများဖြစ်ကြလေသည်။ ဤတောထဲကို ရောက်ဖူးကြသောသူများပင်။

ယခုအချိန်အထိ နေက်ကြီးတို့၏ အရိပ်အယောင်ကိုသော်မှ မမြင်ကြရသေး။

"ဖျောက်"

အသံတစ်ချက်ကြားလိုက်ကြရသည်။ အသံထွက်ပေါ်လာရာဆီကို အာရုံက ရောက်သွားခဲ့ကြသည်။

တောခွေးတစ်ကောင်. . .။

သူတို့နှင့် ခပ်လှမ်းလှမ်းလောက်ဆီမှ တစ်နေရာကို ဖြတ်ပြေးသွားခဲ့သည်။ အားလုံး တွေ့လိုက်ကြရလေသည်။

"ဟော"

တောခွေးမို့ အားလုံးထိတ်လန့်သွားခဲ့ကြရလေသည်။ ထို့ကြောင့် ဘေးဘီကို မလုံမလဲနဲ့ လှည့်ကြည့်မိလိုက်ကြသည်။ တောခွေးတွေက မိမိတို့ကို ဝိုင်းများဝိုင်းထားကြပြီလားဟူ၍။

"ဒါ. . . နေက်ကြီးရဲ့ အကောင်တွေထဲက တစ်ကောင်ဖြစ်နိုင်တယ်"

"တခြား တောခွေးအုပ်စုထဲက မဖြစ်နိုင်ဘူးလား. . ဖိုးချက်"

"မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ နေက်ကြီးတို့အုပ်စုက မင်းမူနေကြတာ၊ တခြားကောင်တွေ မနေနိုင်ကြဘူး မနေရဲကြဘူး"

သူတို့သည် အခြေအနေကို စောင့်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးချက်ခေါင်းဆောင်သော မုဆိုးများသည် တောခွေးခြေရာများကို ထပ်မံပြီးတော့ လေ့လာကြသည်။ ခြေရာတွေကို သဲများပင် သိပ်ပြီးတော့ မဖုံးသေးပေ။

"သူတို့ ထွက်သွားကြတာတော့ အမှန်ပဲ၊ အခု ငနက်ကြီးက ကင်းထောက်ခွေးကို လွှတ်ပြီး ကြည့်ခိုင်းတာပဲ၊ ကျွန်တော်တို့ကို တွေ့ချင်တွေ့သွားနိုင်တယ်၊ ငနက်ကြီးကို ပြန်ပြီးတော့ သတင်းပို့မှာ"

"အခု ဘယ်လိုဆက်လုပ်ကြမလဲ. . . ဖိုးချက်"

"လိုက်ကြမယ်လေ၊ သူတို့ကို တွေ့နိုင်တယ်၊ သတိတော့ ထားကြရမယ်နော်၊ သည်ကောင်တွေက ဉာဏ်များတယ်၊ အဝိုင်းမခံရဖို့က အရေးကြီးတယ်"

စောစောက ပြေးထွက်သွားခဲ့သော တောခွေး၏ ခြေရာက အထင်းကြီး။ ဖိုးချက်က ခေါင်းဆောင်ပြီး ရှေ့ကသွားသည်။ ကျန်မုဆိုးသုံးလေးယောက်က ဘေးမှနောက်မှ ရံပြီးတော့ လိုက်လာခဲ့ကြလေသည်။ တောသည် တဖြည်းဖြည်းနဲ့ နက်လာခဲ့လေသည်။

× × ×

ယင်းအချိန်တွင်. . .။

ငနက်ကြီးခေါင်းဆောင်သော တောခွေးအုပ်စုသည် ဝက်ဘာမြိုင်တောကြီး၏ အတွင်းဘက်ကို တရွေ့ရွေ့နဲ့ တိုး





ဝင်နေလျက်ရှိကြသည်။ ကင်းထောက်ခွေးကြောင့် သူတို့၏နောက်ကို လူတစ်စုက လိုက်လာနေပြီဖြစ်ကြောင်း သိသွားခဲ့လေပြီ။

ထို့ကြောင့် တောကြီး၏ အတွင်းဘက်ကို ပို၍ တိုးဝင်နေကြလျက်ရှိခြင်းပင်ဖြစ်သည်။ တကယ်တော့ ငနက်ကြီးသည် လူတွေကို အတတ်နိုင်ဆုံး ရှောင်ရှားသည်။ မတိုက်ခိုက်လို။ မလွှဲမရှောင်မှသာ ပြန်ပြီးတော့ တိုက်ခိုက်သည်။

ယခု မိမိတို့ကို ရှာဖွေသတ်ဖြတ်ကြတော့မည့် လူတွေကို ရင်ဆိုင်လိုစိတ်မရှိ။ ထို့ကြောင့် ပိုပြီးတော့ ဝေးသထက်ဝေးအောင် ရှောင်တိမ်းသွားနေခြင်းပင်။

တကယ်တော့ ငနက်ကြီးသည် မိမိနှင့်မရင်းနှီးသော မကျွမ်းဝင်သော နေရာတစ်ခုဆီကို ရောက်လာနေခဲ့ပြီ ဖြစ်ကြောင်းကိုမသိ။ သို့သော် သက်ကမကောင်းတော့ ဖြစ်လာစပြုလေသည်။ ပတ်ဝန်းကျင်အနံ့အသက်၊ အမြင်အာရုံတို့က စိမ်းလာကြသည်။ မိမိကျင်လည်ခဲ့သည့် နယ်မြေ၊ စားကျက်နှင့်ဘာမှမဆိုင်။

နယ်ကျွံလာခဲ့ပြီကို ချက်ချင်းပင် သိသွားခဲ့ရလေသည်။ ရှေ့မှာ တောင်ခိုးတွေလိုလို၊ တလူလူဖြင့် စောင့်နေလျက်။ တစ်ခါတစ်ရံမှာ မြူများဖြင့် လှိုင်းတွန့်များက တနံတလျားလွှင့်ပါးနေကြလျက်။

မီးခိုးရောင်၊ အဖြူရောင်မြေကြီးများ အသက်ဝင်ကာလှုပ်ရှားနေသကဲ့သို့ပင်။ ယင်းအရာများသည် တစ်ခုတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို အထပ်ထပ်ပင် ဝေ့ရစ်နေကြသည်။ မြင့်မားသော တောင်ကြီးတစ်တောင်ပင်တည်း။ တောင်မြင့်ကြီးသည် အချို့နေရာများတွင် မြင့်မားမတ်စောက်လျက် ရှိနေကြသည်။ သေချာစွာမြင်နိုင်လျှင် တောင်ကြီးသည် နွားလည်ပို့သဏ္ဌာန် အထွတ်အထွတ်များရှိနေကြသည်။

တောင်တစ်တောင်လုံး နီးပါးပင်။ ဤကဲ့သို့သော တောင်မျိုးသည် မည်သည့်နေရာမှပင် ရှိနိုင်မည်မဟုတ်။

ငနက်ကြီးခေါင်းဆောင်သော တောခွေးအပေါင်းတို့သည် ယင်း . . ပို့တစ်ထောင်မက ရှိသော တောင်ကြီးဆီကို တောက်လျှောက်ပင် သွားနေကြသည်။ တောင်ခြေမှာ တောအုပ်ကလေးတစ်ခုရှိသည်။ ယင်းနေရာသည် မိမိတို့အတွက် လုံခြုံလိမ့်မည်ဟု ထင်သည်။ အကာအကွယ်ပေးနိုင်မည့် နေရာမျိုးဟုလည်း ယုံကြည်မိလေသည်။

ငနက်ကြီးနှင့်တောခွေးများသည် နောက်မှလိုက်လာကြမည့် ရန်သူများကို ရှောင်ကွင်းနိုင်ရန်အတွက် တောင်ခြေဆီကို ဇွန်ရွှေ့ရွှေ့နှင့်ထိုးဖောက်ကာ ဝင်သွားခဲ့ကြသည်။ မြူလိုလို၊ နှင်းလိုလို၊ အရာများကို ထွင်းဖောက်ပြီးတော့ ဝင်သွားခဲ့ကြလေသည်။

× × ×

တောခွေးများ၏ နောက်ကို ခြေရာခံကာ လိုက်လာ





ခဲ့ကြသော ကွဲလူးအိုင်ရွာမှ မုဆိုးကြီးဖိုးချက် အပါအဝင် အခြားသော ရွာများမှ ရွာသားများ၊ မုဆိုးများသည် ရှုပ်ထွေးနေကြသည့် တောခွေးများ၏ ခြေရာများကို မြင်တွေ့လာခဲ့ကြရလေသည်။

ဖိုးချက်သည် ရှုပ်ထွေးနေသော ခြေရာများကို သေချာစွာ ကြည့်လိုက်ပြီး. . . ။

"သည်ခြေရာတွေကို ဘယ်လိုသဘောရသလဲဗျို့"

"တောခွေးတွေ ဂဏှာမငြိမ်ဘူး၊ အကြောင်းတစ်ခုခုကြောင့် စိတ်လှုပ်ရှားနေကြတယ်၊ ယောက်ယက်ခတ်နေကြတယ်"

မုဆိုးတစ်ဦးက ဝင်ပြီး ဆွေးနွေးလိုက်လေသည်။

"ဟုတ်တယ်၊ သင်းတို့ ဂဏှာမငြိမ် ဖြစ်နေကြတယ်၊ ဒါ. . အကြောင်းရှိတယ်၊ ကျွန်တော်တို့ နောက်ကနေ လိုက်လာကြပြီဆိုတာ သင်းတို့ သိသွားခဲ့ကြပြီ၊ စောစောက အတောင်ဟာ ကင်းထောက်ခွေးပဲ၊ လောလောဆယ်တော့ ဘယ်ကိုပြေးရမှန်းမသိ ဖြစ်သွားခဲ့ကြသေးတယ်၊ ဒါကြောင့်မို့လို့ ယောက်ယက်ခတ်သွားခဲ့ကြတာ"

"သူတို့က အားအင်တွေကော၊ အင်အားကော အပြည့်အဝရှိနေကြတာပဲဗျာ၊ လူတွေကို ကြောက်နေကြသလား"

"ကျွန်တော်တို့ ရွာဘက်ကလည်း တောခွေးတွေကို မှန်ပြီးတော့ တိုက်ခိုက်ကြသေးတာကိုး၊ ရက်ရက်စက်စက်သွယ်ထားကြတော့ သွေးလန့်နေကြတာ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးချက်၏ ရှင်းပြချက်သည် ဖြစ်နိုင်သော်လည်းပဲ နောက်ထပ် အကြောင်းတစ်ခုခု ရှိလိမ့်ဦးမည်ဟု ယူဆထားကြသည်။ မည်သည့်အကြောင်းများ ဖြစ်နိုင်လိမ့်မည်လည်းဟု မည်သူကမှ မသိနိုင်ကြပါ။

"ဒါပေမယ့် တောခွေးတွေဟာ ဒါလောက်နဲ့ သွေးလန့်တတ်ကြတဲ့ ကောင်မျိုးမဟုတ်ဘူး၊ သူတို့မှာ ကောင်ရေတိုးပွားလာနေကြတာပဲ၊ အဖော်များလေလေ ပိုပြီးတော့ အတင့်ရဲကြလေလေပဲ၊ ဘယ်တော့မှ နောက်မဆုတ်တတ်ကြဘူး"

မုဆိုးတစ်ဦးက ဝင်ပြောလိုက်ပြန်ရာ ထိုအချက်ကို လက်ခံလိုက်ကြပြန်လေသည်။

!!!!!





## အခန်း– ၃

## ဆွားသိုးကြီးများ၏ အန္တရာယ်

ဝက်ဘာမြိုင်တောကြီးသည် ဤမျှအထိ နက်ရှိုင်းလှသည်ဟု မည်သူမှ ထင်ကြမှာမဟုတ်။ တောင်မြင့်ကြီးတစ်ခုသည် မြူလိုလို၊ မီးခိုးတွေလိုလို အရာများနှင့် ပွေ့ရစ်ထားကြသည်။ ယင်းတောင်ကြီးသည်ကား အထွတ်အထွတ်များနှင့် ပြည့်နေလေသည်။

ကြက်ဟင်းခါးသီးကြီးတစ်လုံးပမာသို့ပင်။ တောင်နံရံတွင် သစ်ပင်ကြီးငယ်တို့ကလည်း ပေါက်နေကြသည်။ တောင်ကြီးတစ်တောင်လုံးသည် စိမ်းညို့နေသည်။ တောင်ထိပ်အထိ တက်သွားနိုင်ခဲ့လျှင် တောင်ပေါ်မှာ မည်သည့်အရာများရှိနေမည်နည်း။

နက်ကြီးနှင့်အဖော် တောခွေးများသည် တောအ



www.burmeseclassic.com

www.burmeseclassic.com



လယ်ကိုပင် ရောက်လာခဲ့လေပြီ။ ချက်ချင်းလိုလိုပင် တောခွေးများသည် ဂဏ္ဍာမငြိမ်ဖြစ်လာခဲ့ကြပြန်သည်။

နေက်ကြီးသည်လည်း အန္တရာယ်ရနံ့ကို အလိုလိုနေရင်း ရနေသည်။

"အူး. . . ဝူး. . . ဝူး. . ."

ထို့ကြောင့် ခေါင်းကို မိုးပေါ်သို့မော့၍ လည်ပင်းဆန့်တန်းကာ ဆွဲဆွဲငင်ငင် တစ်ချက်အူလိုက်လေသည်။ နေက်ကြီးရုတ်တရက် ကောက်ကာငင်ကာ အူလိုက်သော အသံသည် ကြက်သီးမြှမြှထစရာကောင်းလှသည်။

တခဏအတွင်းမှာပင် တောခွေးများသည် ဆက်မသွားကြတော့ဘဲနေရာမှာတင် ရပ်သွားခဲ့ကြလေသည်။ နေက်ကြီးက အရင်၊ နောက်ကြောင်းကို ပြန်လှည့်လိုက်လေရာ. .။

"ဝုန်း. . ဝုန်း. . ဝုန်း. . ."

ထိုစဉ် တဝုန်းဝုန်းနဲ့ အသံများကိုမမျှော်လင့်ဘဲ ကြားလိုက်ကြရလေသည်။ နေက်ကြီးအပါအဝင် တောခွေးများ၏ နားရွက်များသည် ထောင်သွားခဲ့ကြလေ၏။ တောင်ပေါ်မှ မြေစိုင်ခဲများ၊ သလဲများ၊ ကျောက်တုံးသေးသေးလေးများက ကျလာခဲ့ကြသည်။ မြေပြင်သည် လက်နှင့်ဆွဲတိုင်ကာ ယမ်းလိုက်သလို သွက်သွက်ခါသွားခဲ့လေသည်။

သစ်ပင်ကြီးများကား ပင်ကိုင်းချင်းရိုက်၍ သွက်သွက်ခါ သွားခဲ့ကြလေသည်။

"ဖျောင်း. . ဖျောင်း. . ဖျောင်း. . ."

တဝုန်းဝုန်း၊ တဖျောင်းဖျောင်းနဲ့ အသံများက အဆက်





မပြတ် ထွက်ပေါ်လာဆဲ။ တောင်ပေါ်မှာလည်း မြူတွေက ပို ပြီးတော့ ဝေ့လာကြသည်။ အချို့နေရာများတွင် မြူလုံးကြီးတွေက မည်းမည်းသဏ္ဌာန် ဝိုင်းဝန်းနေကြသည်။

ယင်းမည်းမည်းလုံးဝန်းဝန်း မြူလုံးကြီးများသည်ကား တောင်ပေါ်မှ လိမ့်ဆင်းလာခဲ့ကြလေသည်။ ထိုအခါ ဝန်းကျင်သည်လည်း အမှောင်ရိပ်သန်းသွားခဲ့ရသည်။ တောင်ထိပ်ပိုင်းကစပြီး ကြည်လင်ခြင်းမရှိတော့ပေ။

တောင်ပေါ်မှ လိမ့်ဆင်းလာသော မြူလုံးကြီးများမှာ တစ်လုံးပြီးတစ်လုံး အောက်ကို ရောက်လာခဲ့ကြသည်။ နေက်ကြီးနှင့်တောခွေးများရှိနေကြသည့် လမ်းကြောင်းအတိုင်း ပြေးလာနေကြသည်။

"ဝုန်း. . ဝုန်း. . ဝုန်း. . ဝုန်း. . ."

မည်သို့အကြောင်းကြောင့်လည်းမသိပေ။ ယင်း. . မြူမည်းလုံးကြီးတွေထဲမှာ အသံတွေက ထွက်ပေါ်နေကြခြင်းပင်။

သေသေချာချာကြည့်လျှင် မြူလုံးကြီးတွေထဲ သဏ္ဌာန်တွေက ရှိနေကြသည်။ မြေပြင်ထက်မှာ ထှောင်းထောင်းထနေသည့် မြူလမ်းကြောင်းကြီးကလည်း မီးခိုးတန်းကြီးပမာ နောက်က တောက်လျှောက်ပင် လိုက်ပါလာခဲ့လေသည်။

ထိုစဉ်. . မြူလုံးကြီးတွေထဲက ထွက်လာခဲ့ကြသော သတ္တဝါများ။ ယင်းတို့ကား နွားသိုးကြီးများပင်တည်း။ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်းကြသော နွားသိုးကြီးများသည် တရှူးရှူးနဲ့ နှာမှုတ်ကာ ဒေါသတကြီးနဲ့ ပြေးလာနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ချုံကြီးတွေကားကား၊ မြင့်မားသော ကိုယ်လုံးကြီးတွေနဲ့ မလိုက်အောင်ပင် ပေါ့ပါးသွက်လက်လွန်းလှသည်။

နွားသိုးကြီးတွေက နောက်မှနေ တရှိန်ထိုးပင် လိုက်လာခဲ့ကြသောကြောင့် တောခွေးများသည် အလန့်တကြားနဲ့ပင် ထွက်ပြေးကြသည်။ တောခွေးများသည် အုပ်စုတောင့်ပါလျက်နဲ့ နွားသိုးကြီးတွေကို ပြန်ပြီးတော့ မတိုက်ခိုက်ကြသည်မှာ မည်သည့်အကြောင်းကြောင့်ပါလဲ။

ဆင်၊ ကျားတို့ကိုသော်မှ မကြောက်သော တောခွေးများသည် နွားသိုးကြီးတွေကိုတော့ ကြောက်လွန်းမကကြောက်နေကြကာ အသက်လုပြီးတော့ ပြေးနေကြရသည်။

သို့သော် ပြေးကားပြေး၏။ မလွတ်ကြပါ။ နွားသိုးကြီးများသည် တောခွေးအုပ်ထဲကို တမဟုတ်ချင်းပင် ရောက်သွားခဲ့ကြသည်။ ကားထောင်နေသော ချိုကြီးများနှင့်လိုက်ဝှေ့ကြလေတော့သည်။

"ကိန်"

"ကိန်"

တောခွေးရိုင်းများ၏ နာကျင်စွာ အော်လိုက်ကြသံများကား ဆူညံသွားခဲ့ကြလေတော့သည်။ အချို့နွားသိုးကြီးများသည် တောခွေးရိုင်းကြီးများကို ဆတ်ကနဲဆို အောက်ကနေပင့်ကာ ပင့်ကာ ခတ်ထည့်လိုက်ကြသည်။ အပေါ်မြောက်တက်သွားခဲ့ကြလေသည်။ အောက်ကို ပြန်အကျမှာလည်း မြေနှင့်မထိမီ အောက်မှဆီးခံကာ ခတ်ထည့်လိုက်ပြန်လေ၏။

"ကိန်"





တောခွေးရိုင်းကြီးသည် ဗိုက်ပွင့်ထွက်သွားလေသည်။ မြေပြင်ပေါ်ကို ဘိုင်းကနဲ ပစ်ကျသွားခဲ့ကြလေသည်။ တစ်ချက်နှစ်ချက် အကြောဆွဲကာ ဆန့်ငင်၊ ဆန့်ငင်နဲ့ ဖြစ်သွားပြီးမှ ငြိမ်သက်သွားခဲ့လေသည်။

နွားသိုးကြီးများသည် ထွက်ပြေးသမျှ ခွေးများကို တစ်ကောင်မှ အလွတ်မပေးပဲ ချိုများဖြင့် လိုက်ဝှေ့လျက်ရှိကြ၏။ အချို့ ခြေထောက်များနှင့်နင်းပစ်ကြသည်။ နွားသိုးကြီးတွေက ခေါင်းကြီးတွေစိုက်ပြီး တအားဝှေ့ကာ တိုက်ခိုက်လိုက်တိုင်းမှာ ဗိုက်ပေါက်ရင်ပွင့်ပြီး အသက်ပါ ပါသွားခဲ့ကြလေ၏။

အချို့ခွေးများက နွားသိုးကြီးများကို ပြန်ပြီးတော့ တိုက်ကြသည်။ ကိုက်ကြသည်။ တစ်ကောင်၊ နှစ်ကောင်သည် နွားသိုးကြီးများ၏ ခြေထောက်များကို ပြေး၍ကိုက်ကြလေရာ သွားများ ကျိုးသွားခဲ့ကြလေသည်။ မည်သည့်နေရာကိုပဲကိုက်ကိုက်၊ ကိုက်၍မရ။ သွားကျိုးလျှင်ကျိုး၊ မကျိုးလျှင် သွားတစ်အုံလုံး နာကျင်သော ဝေဒနာများကို ခံစားသွားခဲ့ကြရလေသည်။

ငနက်ကြီးသည် နွားသိုးကြီးတွေအကြားမှာ ရောက်နေသည်။ မိမိတို့ မည်မျှပင် အပြေးမြန်မြန် အပြေးသန်သန် မလွတ်ပါ။ နွားသိုးတွေက မီလာကြစမြဲပင်။

ထို့ကြောင့် မထူးတော့ပြီမို့ အချည်းနှီး အသေမခံတော့ပဲ ပြန်ပြီးတော့ တိုက်ခိုက်လေတော့သည်။

နီးစပ်ရာ နွားသိုးကြီးတစ်ကောင်ကို ပြေးကိုက်ထည့်လိုက်သည်။ ဒူးဆစ်နှင့်ပေါင်ကြား တစ်နေရာကို ကိုက်မိသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ချွန်ထက်သော သွားများနှင့်တအားကိုက်ဆွဲပစ်လိုက်လေရာ ချက်ချင်းပင် နာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။

မေးရိုးတစ်ခုလုံး ပြုတ်ထွက်သွားပြီလား မှတ်ရသည်။ သွားတစ်ချောင်းမှာ ပဲ့ထွက်သွားသည်။ ငနက်ကြီးသည် ထိုနွားကြီးကိုပင် ဒေါသတကြီးနဲ့ နောက်တစ်ကြိမ် ပြန်လှည့်ပြီးတော့ တိုက်ခိုက်သည်။

သို့သော် အခွင့်အရေးကို အသုံးချရန် မမီလိုက်ပါ။ နွားသိုးကြီးက ခေါင်းကြီးကို ရုတ်တရက်လှည့်ကာ လည်တိုင်တစ်ချက်ယမ်းပြီး ဝှေ့ထည့်လိုက်သောကြောင့်ပင်။

"ကိန်"

ငနက်ကြီး၏နှုတ်မှ ကိန်ကနဲဆို အော်ထွက်သွားခဲ့သည်။ ဘေးကို လွင့်ထွက်သွားသည်။ မြေပြင်မှာ ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့ရလေသည်။ အကျနာသွားသည်။ မိမိကသားကောင်များကို အနိုင်ယူခဲ့သည်ချည်း။ အသာစီးက အနိုင်ကိုင်ခဲ့သည်ချည်းပင်။

ယခု မထင်မှတ်ဘဲ မိမိက တစ်ပြန် ပြန်ပြီးတော့ ခံလိုက်ရသည်။ ငနက်ကြီးသွေးပူလာခဲ့သည်။

ဤနွားသိုးကြီးတွေကို သေသေကျေကျေ တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်လေသည်။ ငနက်ကြီးသည် နွားသိုးကြီးတစ်ကောင်ပေါ်ကို ခုန်တက်လိုက်သည်။ ကုပ်ကို တစ်ချက်ခဲကာ ကုပ်ကြောကို ဖြတ်တောက်ပစ်လိုက်လေသည်။

သို့သော် မာကျောလှသော ကုပ်ပိုင်းကို သူ၏သွား





တွေက မကိုက်နိုင်ပါ။ နွားသိုးနက်ကြီးက ငနက်ကြီးကို ကိုယ်ပေါ်မှ ခါချလိုက်သည်။ ငနက်ကြီး ဘယ်လိုမှမထိန်းနိုင်။ ကိုယ်ပေါ်မှ လွင့်ကျသွားခဲ့ရလေသည်။

"ဖုန်း"

ခွေးကျကျသည်ဆိုသည်မှာ ဒါမျိုးကို ခေါ်ခြင်းပင်ဖြစ်ဟန်တူသည်။ ငနက်ကြီးက နေရာမှ လူးလဲပြီးတော့ ထရန်ကြိုးစားလိုက်သည်။

သို့သော် နောက်ထပ် နွားသိုးကြီးတစ်ကောင်က ပြေးဝင်လာပြန်သည်။ ငနက်ကြီး လိမ့်ကာရှောင်လိုက်သည်။ နွားသိုးကြီးက သူ့အနားက ဝေါကနဲဆို ဖြတ်အသွားမှာ ငနက်ကြီးကို နင်းမိသွားခဲ့လေသည်။

"ကိန်"

မချိမဆန့် ခံလိုက်ရပြန်သည်။ အသက်ပင်ထွက်သွားခဲ့ပြီလားဟုပင်။ ဆိုးရွားသော ဝေဒနာကို ခံစားလိုက်ရသည်။ ငနက်ကြီးအဖို့ မရဏကိန်းဆိုက်ရောက်သွားခဲ့ပြီလား။ သူ့ဘဝဤမှာပင် အဆုံးသတ်ခဲ့ပြီလား။ နောက်တစ်ကြိမ် တိုက်ခိုက်ရန် မကြိုးစားနိုင်တော့ပါ။ မိမိ၏ အသက်နှင့်ခန္ဓာကိုယ် မြဲမြဲဆေးရန်အတွက် သူကြိုးစားလိုက်သည်က အတတ်နိုင်ဆုံးနွားသိုးများ၏ အန္တရာယ်မှ လွတ်မြောက်စေဖို့။

ထို့ကြောင့် ဘေးကို လိမ့်ထွက်သွားခဲ့ရသည်။ ချုံတန်းခုံထဲသို့ ရောက်သွားခဲ့လေသည်။

x x x



www.burmeseclassic.com

www.burmeseclassic.com



နားထဲမှာ တဝုန်းဝုန်း၊ တဖြောင်းဖြောင်းနဲ့ အသံများ ဝပ်ထရိန်း၊ ဝပ်ထရိန်းနဲ့ နွားသိုးကြီးများ၏ နှာမှုတ်သံများ၊ ခွေးတွေအော်သံ၊ ညည်းတွားသံများကို ကြားနေကြရသည်။

မုဆိုးကြီးဖိုးချက်သည် အတူပါလာကြသော သူများကို လေသံတိုးတိုးဖြင့် . . .။

"ကြားကြတယ်မဟုတ်လား၊ ဒါ. . . ထူးခြားမှုပဲ၊ တောခွေးတွေ ဒုက္ခရောက်နေကြတဲ့အသံပဲ၊ သည်တောသည်တောင်ထဲမှာ နွားတွေရဲ့ အသံတွေကိုလည်း ကြားနေရတယ်၊ ဘယ်လိုကြောင့်လဲ၊ အသံအခြေအနေအရ နွားတွေနှင့်တောခွေးတွေ ရောယှက်နေကြသလိုပဲ"

"ဟုတ်တယ်. . ကိုဖိုးချက်၊ ထူးဆန်းတာပဲ၊ ကျွန်တော်တို့ အမဲပစ်ခဲ့တုန်းကတောင် သည်လိုနေရာမျိုးကို မရောက်ဖူးခဲ့ဘူး၊ လမ်းမမှားဘူး၊ မျက်စိမလည်ဘူး၊ သိတယ်၊ နို့ပေမယ့် အခုရောက်နေတဲ့ နေရာဟာ အသစ်အဆန်းလိုပဲ ဖြစ်နေတယ်"

"ဘာဖြစ်ဖြစ်ဗျာ၊ အဲသည်နေရာကို ရောက်အောင်သွားကြမယ်၊ တောခွေးတွေ ဘယ်လိုဖြစ်နေကြပြီလဲ"

အများဆန္ဒက လာမယ့်ဘေး ပြေးတွေ့လိုက်ချင်ကြသည်။ ထူးဆန်းစွာ ထွက်ပေါ်လျက်ရှိနေကြသော အသံများက သူတို့ကို အပြီးတိုင် ဆွဲဆောင်နေလျက်. . .။

ထို့ကြောင့် ပို၍ သွက်လက်သော ခြေလှမ်းများနှင့် မှန်းဆပြီးတော့ လိုက်သွားခဲ့ကြလေသည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"





"ဝေါ. . ဝေါ. . ဝေါ"

အသံတွေက ပိုပြီးတော့ နီးကပ်လာခဲ့ကြသည်။ ခြေလှမ်းတွေက ရှေ့ကို တရွေ့ရွေ့နှင့်သာ တိုးကပ်လာခဲ့ကြသည်။ ပြောင်းလဲမှုတစ်ခုက ဖြစ်ပေါ်လာနေခဲ့သည်။ အားလုံးသတိထားမိလိုက်ကြသည်။

ယင်းကား. . . ဝန်းကျင်သည် တဖြည်းဖြည်းနှင့်မှိုင်းလာခဲ့သည်။ တကယ်တော့ မြူတွေကျနေခြင်းပင်တည်း။ သူတို့သည် အခြေအနေကို သတိထားမိလာကြသော်လည်း ရှေ့ကိုသာ ဆက်ပြီးတော့ သွားချင်နေမိကြသည်။ သူတို့အားလုံးကို အကြောင်းတစ်ခုခုက ညို့ထားသလိုပင်။

"ဖျော. . ဖျော. . ဖျော"

သစ်ကိုင်းတွေ၊ သစ်ရွက်တွေ၊ အချင်းချင်းရိုက်ခတ်သံတွေ၊ ပွတ်ဆွဲသွားသံတွေ ထွက်ပေါ်လာနေကြသည်။ အမြင့်ကို လှမ်းပြီးတော့ ကြည့်လိုက်ကြသော်လည်း မြူဝန်း၍ခိုနေသည့် အကွယ်နောက်မှာ ဝိုးတဝါး ဆန်နေကြသည့် သစ်ပင်ကြီးတွေက မလှုပ်မယှက် ဤအတိုင်း ငြိမ်သက်နေကြလျက်။

"ဝပ်ထရိန်း"

"ကိန်. . ကိန်. . ကိန်"

ထွက်ပေါ်လာကြသည့် အသံတွေက သူတို့၏ စိတ်ကို လှုပ်ရှားသွားစေခဲ့ကြသည်။ တကယ်တော့ သူတို့သည် မြူထုကြီးထဲကို ဖောက်ပြီးတော့ ဝင်သွားနေကြသည် သတိသည်း ထားနေမိကြသည်။ မည်သူမှ သတိမလစ်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .။

"ဟာ. . ဟိုမှာကြည့်စမ်း"

ဖိုးချက်သည်ပင် နှုတ်မှ လွှတ်ကနဲဆို ထွက်သွားခဲ့ရလေသည်။ သူတို့ တွေ့လိုက်ကြရသည်ကား. . .။

မြင့်မားသော တောင်ကြီးတစ်တောင်ပင်။ တောင်ကြီးတစ်တောင်လုံးသည် အထွတ်အထွတ်တွေ များစွာပင် ဖြစ်ပေါ်နေကြလျက်။ ယင်းအထွတ်များသည် နွားလည်ပို့(နွားလပို့)နှင့်ဆင်ဆင်တူနေကြလေသည်။

"ဘုရား. . . ဘုရား၊ ဝက်ပါမြို့ကြီးထဲမှာ သည်လိုတောင်မြင့်ကြီးရှိနေတယ်လို့ မကြားမိပါလား၊ သည်နေရာကို ရောက်ဖူးကြတယ်လို့လည်း ဘယ်သူမှ မပြောကြပါလား"

မြင်လိုက်ရသော အခြေအနေသည် ထူးဆန်းအံ့သြဖွယ်ရာသာလျှင် မြင်ပေတော့သည်။ မြူတွေက တောင်ကြီးတစ်တောင်လုံးကို ဝန်းရံထားကြသည်။ မြူလိုင်းများသည် ရှည်မျော်မျော အရာများအဖြစ် ရွေ့လျားနေကြသည်။ ထို့ကြောင့် တောင်ကြီးသည်လည်း ရွေ့လျားနေသည်ဟု ထင်မိရလေသည်။

အားလုံ့ စကားမပြောနိုင်စတမ်း ငေးရီပြီးတော့ကြည့်နေကြဆဲမှာပင် ဆူညံနေသော အသံများက တိုး၍ ကျယ်လောင်လာခဲ့ကြသည်။ တောင်ခြေမှာ သဲမှုန်တွေနှင့်မြူတွေက လုံးထွေးလျက်ရှိနေကြသည်။

အားလုံး ထိုနေရာနှင့် မနီးမဝေးဆီကို အပြေးပင် ရောက်သွားခဲ့ကြသည်။ သစ်ပင်၊ ဂမူ၊ ကျောက်တုံးများကို





အကာအကွယ်ယူကာ ကြည့်လိုက်ကြသည်။

တောခွေးတစ်အုပ်နှင့်နွားသိုးကြီးတွေ တိုက်ခိုက်နေကြသည့် မြင်ကွင်းကို အားလုံး မျက်ဝန်းထင်ထင် တွေ့လိုက်ကြရလေသည်။

"ဟာ. . ငါတို့ကြားနေကြရတဲ့ နွားသိုးအော်သံတွေ အမှန်ပဲ ဖြစ်နေပါလား၊ ဒါလောက်ကြီးမားလှတဲ့ နွားသိုးကြီးတွေကို သည်မှာ တွေ့လိုက်ကြရတာ ဟုတ်ကောဟုတ်ရဲ့လား၊ မျက်စိများ မှားနေကြသလား"

"ဟုတ်ပါရဲ့ဗျာ၊ သည်ဝက်ဘာမြို့ကြီးထဲမှာ ရောက်နေကြတဲ့ နွားသိုးကြီးတွေဟာ အရိုင်းတွေများလား၊ ရွာတွေထဲကနေ တောထဲကို ဝင်သွားပြီး ပြန်ထွက်မလာကြတဲ့ကောင်တွေများ ဖြစ်နေမလား"

"တောထဲဝင်သွားကြတဲ့ အကောင်တွေ ဖြစ်နိုင်တယ်၊ သူတို့အားလုံး အုပ်စုဖွဲ့ပြီး နေနေကြသလားပဲ"

ထင်ကြေးပေးပြီးတော့ ပြောနေကြလေသည်။

"သည်ကောင်တွေ တောခွေးတွေကို တိုက်နေကြတာ ငနက်ကြီးတို့အုပ်စုများ ဖြစ်နေကြမလားပဲ၊ ဘယ်လိုတွေ ဘယ်လိုများ ဖြစ်ကြတာပါလိမ့်"

"ဟုတ်ပါ့ဗျာ၊ သဲကြီးမဲကြီးကိုပဲ ဘယ်လိုအငြိုးနဲ့များ ပါလိမ့်"

တောခွေးသောင်းကျန်းများကို သုတ်သင်ရန်လာကြသူများလည်း ခွေးနှင့်နွားတိုက်ပွဲကို အမိအရပင် ကြည့်နေကြသည်။ ကြည့်နေကြရင်းမှာပင် တိုက်ပွဲက သည်မှာဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွံလာခဲ့သည်။

"ဟော့ . . ဟော့ . . သစ်ပင်တွေပေါ်ကို အမြန်တက်ကြ၊ သည်ဘက်ကို ရောက်လာကြပြီ"

ဖိုးချက်က သတိပေးလိုက်သည်နှင့် နီးစပ်ရာ သစ်ပင်ကြီးများပေါ်ကို ပြေးတက်ကြလေတော့သည်။

အောက်မှာ ဖုံတွေက ထောင်းထောင်းထနေကြသည်။

တောခွေးများနှင့်နွားသိုးကြီးများသည် လုံးထွေးနေကြလျက်။ တကယ်တော့ တောခွေးများသည် နွားသိုးကြီးများကို ကြောက်ကန်ကန်ပြီးတော့ တိုက်ခိုက်နေကြခြင်းဟုသာ သိသွားခဲ့ကြသည်။

နွားသိုးကြီးပေါ်ကို ခုန်ပြီးတော့ တက်သွားခဲ့ကြသည့် တောခွေးသုံးလေးကောင်။ တစ်ကောင်က နွားသိုးကြီးလည်ကုပ်ရှိ အကြောမကြီးကို ကိုက်ဖြတ်ရန် ကြိုးစားသည်။ ဤကား တောခွေးတို့၏ သားကောင်ကို သတ်ဖြတ်သော နည်းဗျူဟာ။ တောခွေးတစ်ကောင်ကတော့ အဓိကတာဝန်အဖြစ်ယူရသည်။

"ဟာ. . ဟာ. . နွားကြီးတော့ ဒုက္ခရောက်တော့မယ်"

သစ်ပင်ပေါ်ကို ရောက်နေကြသော လူများသည် နွားသိုးကြီး၏ ကံကြမ္မာကို မတွေးဝံ့ကြတော့။ သို့သော် အခြေအနေက သူတို့ ထင်ကြသည့်အတိုင်း ဖြစ်မလာ။ နွားသိုးကြီးက ကိုယ်ကို တစ်ချက်ခါရမ်းလိုက်သည်နှင့် ကျောထက်က တောခွေးကြီးသည် ကိုယ်ပေါ်မှ လွင့်စင်ကျသွားခဲ့လေသည်။

အောက်က လိုက်ပါလာကြကာ နွားသိုးကြီးကို ကိုက်





ခဲရန် ကြိုးစားသော်လည်း မလွယ်လှ။ ချိုနှင့်ဝှေ့ကာ ခတ်ခြင်း၊ ခြေနှင့်နင်းပစ်ခြင်းများကြောင့် သေဆုံးကုန်ကြသည်။ တချို့ကြီးစွာသော ဒဏ်ရာများကို ရသွားကြသည်။

"ဟာ. . တော်တော့်ကိုမာတဲ့ နွားသိုးကြီးတွေပါလား၊ မျက်လုံးတွေကလည်း ရဲရဲတောက်နေကြတာပဲ၊ တောခွေးတွေဟာ နွားသိုးကြီးတွေနဲ့ အသားကို ကိုက်တာတောင် ဘာမှမထူးခြားပါလား၊ ဘယ်လိုကြောင့်ပါလိမ့်"

အားလုံး တွေး၍မရအောင်ပင် ဖြစ်သွားခဲ့ကြလေသည်။

"မဟုတ်သေးဘူးကွ၊ နွားသိုးကြီးတွေဟာ အသွေးအသားနဲ့ တည်ဆောက်ထားကြတာမှ ဟုတ်ရဲ့လား၊ ဒါမှမဟုတ်ရင် ဘာတွေများ စားထားကြလို့ အသားတွေက ဒီလောက်တောင် မာကျစ်နေရတာလဲ၊ ကျောက်သားတွေလို ဖြစ်နေကြသလားမသိဘူး"

သစ်ပင်ပေါ်ကနေကြည့်ပြီး ဝေဖန်နေကြလေသည်။ အောက်ကိုလည်း မဆင်းရဲကြ။

ပြေးသည့် တောခွေးတွေကပြေး၊ ပြန်ပြီးတိုက်သည့်အကောင်တွေက တိုက်ကြနဲ့ ရုန်းရင်းဆန်ခတ်ဖြစ်နေကြသည်။ ဖုန်လုံးကြီးတွေကလည်း ထောင်းလမောင်းထနေကြသည်။

ထိုစဉ် ဖုန်တသောသောထဲမှာ ပြေးထွက်လာသေးသော တောခွေးကြီးတစ်ကောင်ကို အမှတ်မထင်ပင် တွေ့လိုက်ကြရလေသည်။

"ဟာ. . . ငနက်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တဝါကောင်သည် ငနက်ကြီးပင်တည်း။ ငနက်ကြီးက ဒဏ်ရာရထားဟန် တူသည်။ အနိုင်နိုင်ပင် ပြေးလာနေရသည်။

"သည်ကောင်ကြီး . . ထိထားပုံရတယ်၊ သိပ်တောင်မပြေးနိုင်တော့ပါလား"

"တစ်ကိုယ်လုံး စိစိညက်ညက် ကြေအောင် တိုက်ခိုက်ခံထားရဟန်တူတယ်၊ ဟာ . . နောက်ကလည်း နွားသိုးကြီးတွေ လိုက်လာကြတယ်၊ ငနက်ကြီးကို သဲကြီးမဲကြီးပဲကွ"

ငနက်ကြီးကား အနည်းငယ်သာ ကျန်ရှိတော့သော ခွေးများကို ဦးဆောင်ပြီး လာရာလမ်းအတိုင်း ပြန်၍ထွက်ပြေးသွားခဲ့ကြလေတော့သည်။

သို့သော် နောက်မှ လိုက်လာကြသော နွားသိုးကြီးများသည်လည်း ဆက်၍ မလိုက်ကြတော့ဘဲနောက်ကြောင်းကို ပြန်လှည့်ကာ ထွက်ပြေးသွားခဲ့ကြလေတော့သည်။ တဝုန်းဝုန်းနှင့်ပြေးသွားကြသော ခြေသံများသည် မြေတုန်ဟီးကာ ထွက်ပေါ်နေကြသည်။ မြူတန်းကြီးလား။ ဖုန်တန်းကြီးလားမသိ။ နွားသိုးကြီးများ၏နောက်က တန်းပြီးတော့ လိုက်ပါသွားခဲ့ကြလေသည်။

ပတ်ဝန်းကျင်တွင် ဖုန်များ၊ မြူများပျံ့လွင့်ကာ အရာဝတ္ထုများကို ဘာဆိုဘာမှ မမြင်နိုင်တော့။ အတော်လေးကြာမှ သစ်ပင်ပေါ်ကနေ အောက်ကို ဆင်းလာခဲ့ကြသည်။

"အခြေအနေကို ကြည့်ကြဦး၊ နွားသိုးကြီးတွေ ပြန်လှည့်လာကြဦးမယ်၊ တောခွေးတွေလည်း စိတ်မချရသေးဘူး"





ဖိုးချက်ကတော့ သတိပဲ ပေးနေသည်။ အတူပါလာကြသူတွေကလည်း စောစောက ကြောက်စရာမြင်ကွင်းကြောင့် သိပ်ပြီးတော့ အရဲမကိုးကြပါ။

တခဏအကြာတွင် . . . ။

အားလုံး ဘာသံမှ မကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားခဲ့လေသည်။ သို့သော် မြူတွေက ပိုပြီးတော့ ကျလာသည်။ သိပ်သည်းလာသည်။ မြူလုံးကြီးတွေကလည်း မျက်စိအောက်မှာတင် လွင့်မျောသွားနေကြသည်။

"ဘယ်လိုဖြစ်တာလဲ၊ မြူတွေက ထပ်ထပ်ပြီးတော့ ကျလာနေပါလား"

သူတို့သည် ရှေ့ကို မသွားရဲကြတော့ပါ။ အန္တရာယ်တစ်ခုက ဆီးပြီးတော့ စောင့်နေသည်ဟု ခံစားမိလာခဲ့ကြလေသည်။

ထိုစဉ် . . . ။

"ဝပ်ထရိန်း"

တရှူးရှူးနှင့်နှာမှုတ်သံများ ထွက်ပေါ်လာကြသည်။

နွားသိုးကြီးများ၏ ဒေါသမာန်သွင်းကာ အော်ဟစ်လိုက်သော အသံများသည်လည်း တပြိုင်တည်းလိုလို ထွက်ပေါ်လာခဲ့ကြလေသည်။

"ဝုန်း . . ဝုန်း . . ဝုန်း . . . "

"ဖြောင်း . . ဖြောင်း . . ဖြောင်း"

"ဟာ . . နွားသိုးတွေ လာကုန်ကြပြီ၊ ပြေး . . ပြေးကြ"

ဘာဆိုဘာမှ မမြင်ကြရ။ မြူလုံးကြီးတွေက ရှေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဆို့နေကြသည်။ သူတို့ဆီကို တဝုန်းဝုန်းနဲ့ ပြေးလာနေကြသော ခြေသံများကြောင့် ထိုနေရာမှ တဟုန်ထိုးပင် ပြေးထွက်လာခဲ့ကြလေတော့သည်။

!!!!!





# အခန်း – ၄

## မောင်တက်ခေါင်...တဲ့။

စက်နာရီအရ. . .။

နံနက်လေးချက်တီးအချိန်. . .။

အရှေ့ဘက်မိုးကောင်းကင်တွင် အလင်းရောင်အဖြူ ါးလေးက စတင်၍ ထွက်ပေါ်လာခဲ့လေသည်။ ရောင်ဖြူသာချိန်ပင်တည်း။

"အူဝဲ. . အူဝဲ. . အူဝဲ. . ."

ထိုစဉ် မွေးကင်းစကလေးငယ်တစ်ဦး၏ ငိုကြွေးလိုက်သော အသံသည် ရုတ်တရက် ထွက်ပေါ်လာခဲ့လေသည်။ အ သော အသံအဆုံးမှာ. . .။

"ဝါး. . ဝါး. . ဝါး"

ဝါးကနဲ၊ ဝါးကနဲ အသံက ထွက်ပေါ်လာခဲ့ပြန်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမအသံက အားပျော့သည်။ နောက်ထပ်ထွက်ပေါ်လာသော အသံက အားကောင်းသည်။ ဘေးမှာရှိနေကြသော ဝမ်းဆွဲသည်နှင့်အမျိုးသမီးအချို့၏ နားထဲမှာ အူထွက်သွားခဲ့ကြရသည်။

"ဟယ်. . သည်ကလေး တော်တော့်ကို အာပြဲပါလား။ ငါတို့နားတွေတော့ ပင်းကုန်ပါပြီ"

အိမ်ခန်းထဲတွင် ရှိနေကြသော သူများပင် မဆိုထားနဲ့။ အိမ်အပြင်မှာ စောင့်နေကြသည့် သူများပင်လျှင် ငိုက်မြည်းနေကြရာက ရုတ်တရက် လန့်နိုးသွားခဲ့ကြရသည်။ မျက်လုံးမျက်ဆံ ပြူးသွားခဲ့ကြရလေသည်။

ကလေးငိုသံကြောင့် နေရာမှ ဆတ်ကနဲဆို ထမိလိုက်ကြသည်အထိပင်။

"ဟာ. . အခန်းထဲက ကလေးငိုသံ၊ မွေးပြီထင်တယ်ဟေ့၊ မယ်ရင်မွေးပြီကွ"

ဖိုးမောင်သည် နေရာမှ ထခုန်လိုက်လေသည်။ တစ်ညလုံး ငိုက်နာနေသော မီးနေသည်ကို စောင့်အိပ်နေကြသည့် မယ်ရင်၏ မိဘများနှင့်အိမ်နီးချင်းတစ်ယောက်သည်လည်း မျက်လုံးမျက်ဆံ ပြူးသွားခဲ့ရသည်။

ကြားလိုက်ရသော ကလေးငိုသံက စူးစူးရှားရှားနိုင်လှသောကြောင့် အထိတ်တလန့် ဖြစ်သွားကြသည့် လက္ခဏာများပင်။

"ဟဲ့. . ဖိုးမောင်၊ နင်ထခုန်တာနဲ့ အိမ်ပြိုတော့မယ်ဟိုမှာ မီးနေသည်လည်း လန့်ပြုနေပါဦးမယ်ဟဲ့"





မယ်ရင်၏ မိခင်ဒေါ်နှင်းခင်က သတိပေးလိုက်တော့မှ ဖိုးမောင်သည် သတိလက်လွတ် ဖြစ်သွားခဲ့ရာက စိတ်ကိုငြိမ်ပြီးတော့ ထိန်းလိုက်လေသည်။

"ကလေးအသံက တော်တော်ကျယ်ပြီး စူးသကွယ့်၊ အာဂကလေးပဲဟေ့၊ ယောက်ျားလေးလား၊ မိန်းကလေးလား မသိဘူး၊ တနင်္လာနေ့မနက်စောစောပိုင်းမှာ မွေးတာပဲ"

မယ်ရင်၏ဖခင် ဦးဖိုးထယ်က ပြောလိုက်သည်။ သူသည်လည်း သမီးငိုက်နာနေချိန်မှစပြီး အိမ်မှာ လာစောင့်၍အိပ်နေခြင်းပင်ဖြစ်သည်။ တစ်ဦးတည်းသော သမီးမို့ အချစ်ပိုသည်။ မီးနေခန်းထဲအထိ ဝင်မစောင့်ရုံ တမယ်။ အားလုံးသည် ဘာလေးမွေးလဲဆိုသည်ကို သိချင်လှပေပြီ။

တခဏအကြာတွင်. . .။

လက်သည်ဒေါ်ရွှေကြာက မွေးကင်းစ နီတာရဲလေးကို အနှီးဖြင့် ပတ်ကာ မီးနေခန်းထဲက ထွက်လာသည်။

"ဘာလေးလဲ. . မရွှေကြာ၊ ဘာလေးလဲ"

အလောတကြီးနဲ့ မေးလိုက်သူက ဖိုးအေအသစ်စက်စက်ဖြစ်သွားသော ဦးဖိုးထယ်။

"ယောက်ျားလေးဟဲ့. . ဖိုးထယ်၊ ယောက်ျားလေး"

"ဟော. . . ယောက်ျားလေး. . ဟုတ်လား၊ ပြစမ်း. . ပြစမ်း"

ဦးဖိုးထယ်မှာ ပျော်သွားပြီး ဒေါ်ရွှေကြာ၏ လက်ထဲက ကလေးကို ချီမည်ပြုသည်။

"အိုတော်. . . ကလေး ဇက်လည်သွားပါဦးမယ်၊ ချီ



www.burmeseclassic.com

www.burmeseclassic.com



လည်းမချီတတ်ဘဲနဲ့. . . ကိုဖိုးထယ်ရယ်”

“ငါ. . ချီတတ်ပါတယ်. . နှင်းခင်ရဲ့၊ ငါ့သမီးကို ငါ ငယ်ငယ်ကလေးတည်းက ချီလာခဲ့တာပဲ၊ ငါ့ကိုမျှား အထင် သေးလို့”

မခံချင်စိတ်နဲ့ ပြန်ပြောလိုက်ပြီး ဒေါ်ရွှေကြာ၏ လက်ထဲက ကလေးကို လှမ်းပြီးတော့ ယူလိုက်လေသည်။

ဖခင်အသစ်စက်စက်ဖြစ်သော ဖိုးမောင်ခမျှာ မီးခွက်ကလေးကို ထွန်းပြီး နံဘေးမှ ကြည့်ရရှာသည်။

“ငါ့မြေးလေးက တော်တော်ဖွံ့တာပဲကွ၊ ကြည့်စမ်း. . မျက်နှာကြီးကိုက ဝိုင်းစက်နေတာပဲ၊ ခြေတံလက်တံကလည်း အရှည်ကြီး၊ သည်ကောင်. . လူချောပဲကွ၊ ဟီး. . ဟီး. . ငါ တော့ သာသနာပြုရဦးမယ်၊ ရှင်တကာဖြစ်ဦးမယ်ဟေ့”

ဦးဖိုးထယ်မှာ ကလေးကိုချီပြီး ကြည့်လို့မဝဖြစ်နေလေသည်။ အနားမှ ဒေါ်နှင်းခင်က. . .။

“ကိုဖိုးထယ်. . ဖိုးမောင်ကိုလည်း ပေးချီလိုက်ပါဦး တကတည်းတော်. . .”

. . . ဟုမျက်စောင်းကြီးခဲကာ ပြောလိုက်လေသည်။

“အော်. . အေး. . အေး၊ ငါမေ့သွားတယ်”

ထိုအခါကျမှ ဖိုးမောင်မှာ ကလေးကို ချီရှာလေး။

× × ×

“ကိုဖိုးမောင်. . ကိုဖိုးမောင်၊ လာ. . သည်ကိုခဏ”





မယ်ရင်က ကလေးကို နို့တိုက်နေရာက ခေါ်လိုက်ရာ ဖိုးမောင်သည် ချက်ချင်းပင် အနားကို ရောက်လာခဲ့လေသည်။

“ဘာလဲ. . . မယ်ရင်”

“ထိုင်ပါ၊ သည်မှာ ပြချင်လို့”

ဖိုးမောင်က ဘာမှန်းမသိပဲ အနားမှာ ထိုင်လိုက်ရလေသည်။

“ဘာလဲ. . မယ်ရင်၊ သား. . ဘာဖြစ်လို့လဲ”

“ဩော်. . ပြောပါ့မယ်ဆိုနေ၊ ဟောသည်မှာ ကြည့်စမ်း”

မယ်ရင်သည် ကလေး၏ ပါးနှစ်ဖက်ကို လက်ညှိုးလက်မနှင့်ညှစ်ကာ ပါးစပ်ကို ဟစေလိုက်သည်။

“လျှာကိုကြည့်စမ်း”

လျှာအလယ်တွင် ဝိုင်းစက်သော အနီမှတ်လေးတစ်ခုကို တွေ့လိုက်ရသည်။ ပြောင်းဖူးစေ့ခန့်ကိုရှိသည်။ အနီမှတ်လေး၏ ဘေးမှာ သိသာသော အနီစက်လေးတွေက ဝန်းရံလျက်ရှိနေလေသည်။

“ဘာလေးလဲမသိဘူး”

“အနာတော့ မဟုတ်ဘူး၊ အနာဆိုရင် ငိုနေမှာပေါ့၊ ဘျွန်မလည်း အခုမှ သတိထားမိတယ်”

“မွေးကတည်းက ပါလာတာဖြစ်မယ်၊ ငါတို့ သတိမထားမိတာ”

“အဖေ့ကို ပြကြည့်ရင် ကောင်းမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဟုတ်တယ်၊ အဖေက နားလည်မလာ
သိဘူး"

x x x

ကလေးက ဦးဖိုးထယ်၏ လက်ပေါ်ကို ရောက်
သေးပေါက်ချပြီး ငိုပါလေတော့သည်။

"ဝါး. . ဝါး. . ဝါး. . ဝါး"

ငိုလိုက်ပြီဆိုလျှင် စူးစူးရှားရှား။ အသံက အောင်
သမှ ဦးဖိုးထယ်မှာ ကိုယ်ပေါ်ကို ကလေးသေးပေါက်ချ
ကိုပင် ဂရုမစိုက်နိုင်တော့။ ပါးစပ်ထဲကို သေချာစွာပင်
လိုက်လေသည်။ လျှာအလယ်မှ အနီစက်က ထင်ရှား
လုံးလုံးဝိုင်းဝိုင်းကလေး ဖြစ်သည်။ ဘေးမှာလည်း သေး
သော အနီစက်လေးတွေက ဝိုင်းရံလျက်ရှိနေလေသည်

ကလေးက အငိုတိတ်သွားသည်။ ဦးဖိုးထယ်
သမီးဖြစ်သူမယ်ရင်၏ လက်ထဲသို့ ကလေးကို ပြန်ပေး
သည်။

"ထူးတော့ ထူးခြားတယ်ကွယ့်၊ ဒါ ထွန်းလင်း
ပနေတဲ့ နေမင်းကြီးရဲ့ သင်္ကေတန်ပဲ၊ ကလေးဟာ အာစက်
စက်ရှိမယ်၊ အသံကလည်းကြီးတယ်၊ ဒါကြောင့် အသံ
ရှိလိမ့်မယ်၊ လူ. . တိရိစ္ဆာန်တွေက ဟန့်ကြလိမ့်မယ်"

ဦးဖိုးထယ်က အင်္ဂဝိဇ္ဇာသျှတ္တရကို အနည်းအ
တော့ တီးခေါက်မိထားဟန်ရှိသည်။





"ဒါပေမယ့် ကလေးရဲ့ ပါးစပ်ကို လူတကာမကြည့်မိ
ဖို့ အရေးကြီးတယ်"

"ဘာဖြစ်လို့လဲ. . . အဖေ"

"သြော်. . လူတကာ တောင်ပြောမြောက်ပြောနဲ့ဖြစ်
မှာစိုးလို့ပေါ့ကွယ်၊ တချို့က အဓိပ္ပါယ်ကောက်လွဲပြီး မဦးမ
ချွတ်စကားတွေနဲ့ ပြောချင်ရာကို ပြောတတ်ကြတယ်. . . သမီး
ရဲ့"

"သြော်. . အဖေ၊ သားအတွက် နာမည်ရွေးပြီးပြီလား
ဟင်"

ဖိုးမောင်က မေးလိုက်ရာ. . .။

"အေး. . ရွေးပြီးပြီကွယ့်၊ နေတက်စပြုတဲ့အချိန်မှာ
မွေးတဲ့ကလေး၊ နောက်ကိုလည်း သူ့ရဲ့ ဘဝကံကြမ္မာက နေ
လုံးကြီးမြင့်တက်လာသလို တဖြည်းဖြည်းနဲ့ မြင့်တက်လာလိမ့်
ဦးမယ်၊ ဒါကြောင့်မို့လို့ မောင်တက်ခေါင်လို့ အမည်ပေးထား
တယ်"

"ဟင်. . သားက တနင်္လာနေ့မှာမွေးတာ၊ နေ့သင့်နံ
သင့်လည်း မဟုတ်ဘူး"

"နေ့သင့်နံသင့်တော့ မဟုတ်ဘူးပေါ့. . . သမီးရယ်၊
ဒါပေမယ့် အဖေပေးတဲ့ နာမည်က အဓိပ္ပါယ်ရှိပါတယ်"

"မယ်ရင်ကလည်း အဖေက နားလည်လို့ ပေးထား
တဲ့ နာမည်ကို စောဒကမတက်ပါနဲ့"

"ကျွန်မက စောဒကတက်တာ မဟုတ်ပါဘူး နားမ
လည်လို့ မေးကြည့်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"တချို့က နေ့သင့်နံသင့် မပေးကြဘူးလေ၊ အဖေ
ပေးတဲ့ မောင်တက်ခေါင်ဆိုတဲ့ နာမည်ကိုတော့ ငါသဘော
ကျတယ်၊ နောက်တစ်ခုက သားရဲ့လျှာပေါ်မှာပါတဲ့ အစ
ကို အကြောင်းပြုပြီး သည်နာမည်က လိုက်ဖက်တယ်လို့ထ
တယ်လေ"

"ဟုတ်ပါတယ်၊ ကျွန်မလည်း သည်နာမည်ကို
ကယ်ပဲ သဘောကျပါတယ်၊ အဖေကလည်း ပေးတတ်တ
တော့"

ထိုအခါကျမှ ဦးဖိုးထယ်သည်လည်း ဘဝင်ကျသွ
လေသည်။ သမီးမျက်နှာညိုမှာကို လွန်စွာမှ စိုးရိမ်တတ်
ဖခင်တစ်ဦးပါတကား။

"တဲ့ . . မနက်ဖြန် ရက်ရာဇာရတယ်၊ ငါ့မြေးကို န
မည်ပေးကင်ပွန်းတပ်ရမယ်၊ ကောက်ညှင်းချိတ်ပေါင်းကျွေ
မယ်"

နောက်တစ်နေ့တွင် . . . ။

ကလေးကို အမည်ပေးရာ နီးစပ်ရာလူများကို ကော
ညှင်းပေါင်းကျွေးသည်။ တနင်္လာသားလေးအား မောင်တ
ခေါင်ဟု အမည်တွင်စေလေသတည်း . . . ။

× × ×

မောင်တက်ခေါင်လေးကို မိဘနှစ်ပါးထက် ဖိုး
ဖြစ်သူ ဦးဖိုးထယ်က ပိုပြီးတော့ ချစ်သည်။ မြေးဦးမို့



မမတတ်ပင် ချစ်သည်။ တကယ်တော့ ဦးဖိုးထယ်သည် အ
သက်လေးဆယ်ကျော်ကျော်ပဲ ရှိသေးသည်။ အရွယ်ကလည်း
အရွယ်ကောင်း။ မောင်တက်ခေါင် နှစ်နှစ်သားအရွယ်မှာပင်
ကလေးကို ကုပ်ပေါ်ခွထိုင်စေကာ သွားလေရာ ခေါ်သွား
တတ်သည်။

"ကိုဖိုးထယ် . . . ကလေးက နုနုဖတ်ဖတ်လေးနော်၊
နေရာတကာ လျှောက်ပြီးတော့ ခေါ်မသွားနဲ့၊ တော်ကြာ . .
များနာနေဦးမယ်"

ဖွားအေဖြစ်သူ ဒေါ်နှင်းခင်က မကြာခဏပင် သတိ
ပေးသည်။

"ငါ့မြေးက ဒီလောက်တောင် မနုပါဘူးကွယ့်၊ သည်
လို အပြင်ကို မကြာခဏ ခေါ်သွားပေးမှ ပြင်ပလေနဲ့ ထိတွေ့
ပြီးတော့ ကျန်းမာလာမှာပေါ့"

"တစ်ခါတစ်ရံပဲ ကောင်းပါတယ်တော်၊ သမီးနှင့်သ
မက်ကလည်း သူတို့သားအတွက် စိုးရိမ်ချင် စိုးရိမ်နေကြမှာ၊
တော့်ကို မပြောရဲလို့သာ"

"မစိုးရိမ်ကြပါဘူးဟာ၊ သူတို့ အထိန်းရတောင် သက်
သာသေးတယ်၊ ငါ့မြေးက ငါခေါ်သွားလို့ ဘယ်တုန်းက ဘာ
များဖြစ်ဖူးလို့လဲ"

နောက်ဆုံးမှာတော့ ဒေါ်နှင်းခင်ပဲ လက်လျှော့လိုက်
ရလေသည်။ တကယ်လည်း ဟုတ်သည်။ မောင်တက်ခေါင်
သည် ဖျားဖူးနာဖူးခြင်းပင် မရှိခဲ့ချေ။ အများကလည်း မောင်
တက်ခေါင်ကို ချစ်ခင်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျို့ . . . အိမ်ရှင်တို့၊ အိမ်ရှင်တို့"

အိမ်ရှေ့မှ ခေါ်သံကြောင့် မယ်ရင်သည် ကလေးကို ချီပြီးတော့ အပြင်ကို ထွက်လာခဲ့လေသည်။

အသက်ငါးဆယ်ခန့်ရှိ လူကြီးတစ်ယောက် သျှောင်တစ်စောင်းထုံးထားသည်။ နှုတ်ခမ်းမွှေးက မထူမပါး။ ရှည်လျားသော မျက်လုံးအိမ်ရှိပြီး မျက်လုံးတွေက စူးလက်တောက်ပြောင်လျက်ရှိသည်။ သို့သော် ထိုမျက်လုံးတွေပင်လျှင် သတိထားစရာဟု ထင်ရသယောင်။

မယ်ရင်သည် ထိုလူကြီးကို မြင်လိုက်ရသည်နှင့် စိတ်ထဲမှာ တစ်မျိုးတစ်မည် ဖြစ်သွားခဲ့ရလေသည်။ ကြောက်သလိုလို၊ လန့်သလိုလိုမျိုး ဖြစ်ပေါ်လာခဲ့ရခြင်းပင်။

"ဩော် . . ဘာကိစ္စရှိလို့များလဲ ဦးရီး"

"ရေဆာလို့ပါကွယ်၊ ရေလေးတစ်ပေါက်လောက် . . သောက်ပါရစေ"

လေသံက နူးညံ့သိမ်မွေ့လှသည်။ စောစောက မိမိအကြောင်းမဲ့ ကြောက်လန့်မိခဲ့သည်ကိုပင် စိတ်ထဲက အားတောင့်အားနာဖြစ်သွားခဲ့ရလေသည်။

"ဟုတ် . . . ဟုတ်ကဲ့၊ အိမ်ပေါ်ကိုတက်ပါဦးလားရှင်၊ ခဏနားပါဦးလား"

"ကျေးဇူးပါပဲ . . . သမီးရယ်"

ထိုလူကြီးသည် အိမ်ပေါ်ကို တက်လာကာ ထိုင်လိုက်လေသည်။ မယ်ရင်က မောင်တက်ခေါင်ကို ကြမ်းပြင်ပေါ်မှာ ခဏချထားလိုက်ပြီး အိမ်ရှေ့ခေါင်းရင်းရှိ ရေအိုးစင်မှ ရေကို





သေးလေသည်။

လူကြီးက ရေကို အားပါးတရ သောက်လိုက်ပြီးမှ ာတ်ရေခွက်ကို ပြန်ပေးလိုက်လေသည်။ မယ်ရင်သည် ာတ်ရေခွက်ကို ရေအိုးစင်မှာ ပြန်ပြီးတော့ ထားနေစဉ်မှာ င်တက်ခေါင်လေးမှာ ထိုလူကြီးကိုကြည့်ပြီး . . .။

"အူး . . ဝါး . . ဝါး . . ."

စကားပြောသံမဟုတ်ဘဲ အသံတစ်မျိုးနဲ့ အော်လိုက်သည်။ ကလေးပါးစပ်ဟသွားစဉ်မှာ ထိုလူကြီးက တစ်ခုခု င်တွေ့သွားဟန်နဲ့ မျက်မှောင်ကျုံ့သွားခဲ့လေသည်။ မျက်ည်း ပြာနှမ်းသွားသည်။ အံ့အားလည်း သင့်သွားခဲ့လေ

ထိုအခါ မယ်ရင်သည် ကလေးဆီကို လျှင်မြန်စွာပင် က်လာပြီး ကောက်ချီလိုက်လေ၏။

ထိုအခါကျမှ လူကြီးသည် မျက်နှာအမူအရာပြောင်း ားခဲ့ပြီး . . .။

"ကျေးဇူးပဲ . . သမီးရယ်၊ သာစု . . သာစု . . သာစု၊ ာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးလို့ အသက်ရှည်ပါစေ"

ဆုပေးပြီးတော့ ထွက်သွားခဲ့လေသည်။ အရပ်က း ထောင်ထောင်မောင်းမောင်းနဲ့ ကြည့်ကောင်းလှသည်။ ျောက်သွားပုံကလည်း လူငယ်များကဲ့သို့ပင် ဖျတ်လတ်

"သည်လူကြီးဟာ သားကို မြင်လိုက်တာနဲ့ မျက်နှာ စ်မျိုးဖြစ်သွားတယ်၊ ဘာကြောင့်များပါလိမ့်၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



မောပန်းနွမ်းနယ်လာတာကော ဟုတ်ရဲ့လား၊ ရေတောင်းသောက်တာက တကယ်ရေဆာလို့လား"

ထိုအချိန်တွင် ဦးဖိုးထယ်သည် ခြံထဲသို့ ဝင်လာခဲ့လေသည်။ မယ်ရင်က မမြင်။

"ဟဲ့. . . သမီး၊ ဘာလိုက်ကြည့်နေတာလဲ"

"ဩော်. . အဖေ၊ လူကြီးတစ်ယောက် ရေတောင်းသောက်ပြီး ထွက်သွားတာကို ကြည့်နေမိတာပါ"

ဦးဖိုးထယ်က မယ်ရင်ကဲ့သို့ပင် လှမ်းပြီးတော့ ကြည့်လိုက်သည်။ ထိုလူကြီး၏ နောက်ကျောပိုင်းကိုသာ မြင်လိုက်ရသည်။

"သူက ဘာများထူးခြားနေလို့လဲ. . . သမီး"

"သားကို ကြည့်ပြီးတော့ အံ့အားသင့်သွားသလိုပဲ၊ မျက်နှာလည်း ပျက်သွားသလိုပဲ. . . အဖေ"

"ဟေ. . ."

ဦးဖိုးထယ်သည် မယ်ရင့်ကိုကြည့်ပြီး နှုတ်ဆွံ့သွားခဲ့ရလေသည်။

➤➤➤

အခန်း- ၅

ရန်ရှာလာသော ကြောင်နက်ကြီးတစ်ကောင်





မှိုင်းလုံးရွာထဲကိုရောက်လာပြီး ဖြစ်သွားသော လူကြီးတစ်ယောက်ကို မည်သူမှ သတိမပြုမိကြလေသလားမသိ။ မည်သူကမှ မပြောကြပေ။

"မယ်ရင်ပြောတဲ့ အတိုင်းဆိုရင်တော့ ဥပတိရုပ်က ခ်ကောင်းကောင်းဆိုပဲ၊ သူက မောင်တက်ခေါင်ရဲ့ မျက်နှာကိုကြည့်ပြီး တစ်မျိုးတစ်မည်ဖြစ်သွားတာ၊ ဘာကြောင့်များပါလိမ့်"

သားမက်နှင့်သမီးတို့သည် အိမ်ခွဲပြီးနေကြ၍ မြေးအတွက် စိတ်မချမိ။ ဒေါ်နှင်းခင်က နေ့စဉ်လာပြီးတော့ စောင့်ရှောက်ပေးနေ၍သာ မိမိကလည်း မကြာခဏရောက်လာပြီး မြေးကို ထိန်းပေးရသည်။

ဖိုးမောင်၏ မိဘများကား မရှိကြတော့ပေ။ ကွယ်လွန်ကြပြီဖြစ်လေသည်။

"တက်ခေါင်ရဲ့ လျှာပေါ်က အနီစက်ကိုများ မြင်သွားလို့လား၊ အဲသလို ဖြစ်သွားခဲ့တယ်ဆိုရင်လည်း မျက်နှာပျက်သွားလောက်စရာ အကြောင်းက မရှိပါဘူး၊ သမီးက အထင်အမြင် မှားသွားတာများလား"

နောက်ဆုံးမှာတော့. . . မြေးအတွက် စိတ်ပူပြီး အ ားခေါင်သွားခဲ့သည်ဟုပဲ ယူဆလိုက်မိလေသည်။ လအနည်းငယ်ကြာသည်အထိ ထိုလူကြီးကို နောက်ထပ် မတွေ့ရတော့ [illegible]

မေ့လောက်သင့်သောအခါ ရက်တစ်ရက်တွင်. . ။

မောင်တက်ခေါင်းလေးသည် လမ်းကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်နေလေပြီ။ တောက်တောက်၊ တောက်တောက်နှင့် လျှောက်ပြေးနေပြီဖြစ်သည်။ ခြံထဲရှိ ရေတွင်းကို အုတ်ဘောင်ခတ်ထားရသည်။ ရေတွင်းပက်လက်ဖြစ်၍ မတော်တဆ ကျသွားမှာကို စိုးသောကြောင့်ဖြစ်သည်။

အချိန်ကား. . . ညနေစောင်း နေဝင်ဖျိုးဖျကာလ။

မည်းမည်းသဏ္ဍာန်တစ်ခုသည် ခြံအနောက်ဖက်စည်းရိုးမှ ခုန်ပြီးတော့ ဝင်လာခဲ့လေသည်။ တောကြောင်ကြီးတစ်ကောင်ပင်တည်း။ ကြောင်ကြီးသည် တစ်ကိုယ်လုံး နက်မှောင်လျက်ရှိသည်။ ခါးလျားကလည်း ရှည်သည်။ ဆူဖြိုးလှသည်။ မျက်နှာသည် ထမင်းစားပန်းကန်ပြားလောက်ရှိပြီး ကြမ်းတမ်းခက်ထန်သည်။

ထိုအချိန်တွင် မယ်ရင်မှာ ရေတွင်းတွင် အဝတ်လျှော်နေလျက် မောင်တက်ခေါင်လေးကတော့ ခြံထဲမှာ လျှောက်ပြီးပြေးနေလေသည်။

"သားရေ. . လျှောက်မပြေးနဲ့နော်၊ အဖေ့အနားမှာပဲနေ"

"ဟုတ်ကဲ့. . . အမေ"

မောင်တက်ခေါင်သည် မိခင်ကို လှည့်မကြည့်ဘဲ ပြန်ဖြေသည်။ ထိုနောက် မရမ်းပင်ကြီးကို ပတ်ပြေးကာ ဆော့နေလေသည်။ မယ်ရင်သည် သားဖြစ်သူကို တစ်ချက်တစ်ချက်မှာ လှမ်းပြီးတော့ကြည့်သည်။

ကြောင်နက်ကြီးသည် ချုံတစ်ခုထဲမှနေ၍ မောင်တက်ခေါင်လေးကို ချောင်းမြောင်းလျက်ရှိသည်။ ငြိမ်သက်နေသည်။





သို့သော် မောင်တက်ခေါင်လေးသည် ခြံထဲတွင် ပြေးသွားဆော့ကစားနေရာက အကြောင်းတစ်ခုခုကြောင့် ရပ်တန့်သွားလေသည်။ ထိုနောက် မျက်လုံးတွေက ခြုံဆီကို ရောက်သွားခဲ့သည်။ ယင်းနေရာသည် အမှောင်ရိပ် သန်းနေသော်သည်း ကလေး၏ မျက်လုံးတွေက သတ္တဝါတစ်ကောင်ကိုင်ရှားစွာပင် မြင်တွေ့နေရသည်။

ကြောင်နက်ကြီးကား သူ၏ နက်မှောင်သော အမွေးများနှင့်အမှောင်ကို တသားတည်းပြုကာ ချုံအကွယ်မှာ ကိုယ်ယောင်ဖျောက်ပြီးတော့ နေနေသော်လည်း မောင်တက်ခေါင်လေးကတော့ ရှင်းလင်းစွာပင် မြင်တွေ့နေရသည်။

ထိုနောက် ချုံဆီကို တောက်လျှောက်ပြေးသွားခဲ့လေ အနားကိုရောက်သော် ဟန်ပါပါနဲ့ ခါးထောက်လိုက်ပြီး။

"အူး. . ဝါး. . ဝေါင်း"

စူးနက်သော အသံတစ်သံက ရုတ်တရက် ထွက်ပေါ်ခဲ့လေသည်။ ထိုအခါ ကြောင်နက်ကြီးသည် လန့်ဖြန့်သွားန်နဲ့. . ။

"ညောင်း"

မြေပြင်ပေါ်မှ ခုန်တက်သွားခဲ့လေသည်။ ထိုအခါ င်တက်ခေါင်လေးသည် ပေါက်တူးအရိုးကျွတ်အသံကြီး တွေသည်နှင့်ကောက်ယူလိုက်ပြီး. . . ။

သူ့ရှေ့မှာ ဖုတ်ကနဲကျလာသည့် ကြောင်နက်ကြီး၏ ါင်းကို တအားရိုက်ချလိုက်လေတော့သည်။

"ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



“ခွပ်”

“မိညောင်း”

လက်နှစ်ဖက်နှင့်စုံကိုင်ကာ တအားရိုက်ချလိုက်သည့်အတွက် ကြောင်နက်ကြီးမှာ အော်ထွက်သွားခဲ့လေတော့၏။

ကြောင်နက်ကြီးကို ခုန်ပြီးတော့ ရိုက်လိုက်သော မောင်တက်ခေါင်လေးသည် မြေပြင်မှ တစ်ပေလောက်အထိပင် မြောက်တက်သွားခဲ့ရလေသည်။

ထိုနောက် ခေါင်းထောင်ထရန် ကြိုးစားနေသော ကြောင်နက်ကြီးကို အဆက်မပြတ် ရိုက်ချနေလေတော့သည်။

“ဖုန်း”

“ဖုန်း”

“ခွီး . . ခွီး . . ခွီး”

ရိုက်ချက်များက ကြောင်နက်ကြီး၏ ကိုယ်ပေါ်ကို ဆက်ကာဆက်ကာပင် ကျလာခဲ့လေသည်။ ထိုအခါ ကြောင်နက်ကြီးမှာ ဒေါသထွက်လာခဲ့ရလေသည်။

မယ်ရင်သည် အဝတ်လျှော်နေရာက သတိတစ်ချက်လစ်သွားခဲ့ရသည်။ မောင်တက်ခေါင်လေးကို တဒင်္ဂမေ့လျော့သွားခဲ့သည်။ ထွက်ပေါ်လာသော အသံများကြောင့် လှည့်ကြည့်မိလိုက်လေရာ . . .။

“ဟင် . . သား . . သား . . .”

ကြောင်နက်ကြီးကို တိုက်ခိုက်နေသော သားကို မြင်လိုက်ရသည်ဖြစ်ရကား ရင်ထဲ ထိတ်ကနဲဆို ဖြစ်သွားခဲ့ရသည်။ မျက်လုံးများပင် ပြာဝေသွားခဲ့ရလေသည်။ မယ်ရင်သည် သား





ဆီကို တဟုန်ထိုးပင် ပြေးသည်။

ပေါက်တူးရိုးကြီးကို နိုင်နိုင်နင်းနင်း ကောက်ကိုင်ကာ ကြောင်နက်ကြီးကို ရိုက်ချနေသည့် မောင်တက်ခေါင်လေးကို အံ့အားသင့်မိရသည်။

ကြောင်နက်ကြီးမှာ တခွီးခွီးနှင့် ဒေါသဖြစ်နေသော်လည်း ပြန်လည်၍ တိုက်ခိုက်ရန် အခွင့်အရေးကမသာ။ အားပျော့နေလေပြီ။ နေရာကလည်း မရွေ့ဘဲ ပေပြီးတော့ ခံနေသည်။

“ဟဲ့ . . သား၊ သား . . မလုပ်နဲ့၊ မလုပ်နဲ့”

မယ်ရင်က သားကို ပြေးဆွဲသည်။ ပွေ့ချီလိုက်သည်။ လက်ထဲက ပေါက်တူးရိုးကို ဆွဲယူသော်လည်း မလွှတ်။ ဆုပ်ကိုင်ထားသော လက်များက မြဲမြံလှလေသည်။

“ဟား . . ဟား . . ဟား . . .”

တစ်ချက်အော်ပြီးတော့ ရယ်လိုက်သည်။ ရယ်သံက ကလေးငယ်တစ်ယောက်၏ အသံမျိုးမဟုတ်။ နက်ကျောသော အသံမျိုးထွက်လာသည်။ မယ်ရင်၏ ကိုယ်ပေါ်မှာပင် ပေါက်တူးရိုးကို လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီးတော့ ကြောင်နက်ကြီးဆီကို ပစ်ပေါက်ထည့်လိုက်သည်။

“ဘုတ် . . .”

ကြောင်နက်ကြီး၏ ကိုယ်ပေါ်ကို ကျသွားခဲ့သည်။

“ခွီး”

ခွီးကနဲဆို ဒေါသထွက်သွားသည်။ တစ်ကိုယ်လုံးရှိ အမွေးအမျှင်တွေ ထောင်တက်သွားသည်။ လဲကျနေရာက



www.burmeseclassic.com

www.burmeseclassic.com



ကုန်းပြီးတော့ ထလာသည်။ ပါးစပ်ကြီးကို ဖြဲထားလိုက်သည် မှာ အစွယ်ဖွေးဖွေးထလာသည်အထိပင်။

မယ်ရင်သည် ကြောင်နက်ကြီးက လူကို ကိုယ်ေ လက်ရောက် ရန်ရှာလေမည်လားဟု စိုးရိမ်စိတ် ဝင်သွားခဲ့ လေသည်။

သို့သော် ကြောင်နက်ကြီးမှာ ခြုံအနောက်ဘက်စည် ရိုးကို ခုန်ကျော်ကာ ထွက်သွားခဲ့လေသည်။ မယ်ရင်လည် ထိုအနားတွင် ဆက်ပြီးတော့ မနေရဲတော့ဘဲ သားကို တင် တင်းဖက်ကာ ထွက်လာခဲ့လေသည်။

× × ×

"ဟင်. . . ဟုတ်လား၊ သည်အတိုင်းပဲ ဖြစ်ခဲ့တာလာ မယ်ရင်"

ဖိုးမောင်သည် ထိတ်လန့်အံ့သြသော မျက်လုံးမျ ဖြင့် မယ်ရင်ကို ကြည့်ပြီး မေးလိုက်လေသည်။

"ဟုတ်တယ်. . ကိုဖိုးမောင်၊ သားက ပေါက်တူးရိုး ကြောင်နက်ကြီးကို တဖုန်းဖုန်းနဲ့ ရိုက်နေတာ၊ ကျွန်မမျက်လုံး ထဲက ခုထက်ထိ မထွက်သေးဘူး၊ ကြောင်နက်ကြီးက လို ပိတ်ပြီးတော့ ခံနေရရှာတာ"

"ဘယ်မှာလဲ. . အဲသည်ပေါက်တူးရိုး"

"ဟောဟိုမှာ. . ."

အုန်းပင်မှာ ထောင်ထားသော ပေါက်တူးရိုးကို မေ





ရင်က လက်ညှိုးထိုးပြလိုက်လေသည်။ ထိပ်ပိုင်းက ကျိုးသွား၍ စွန့်ပစ်ထားသော ပေါက်တူးရိုးအဟောင်းဖြစ်သည်။ အ နှစ်ပါသော သစ်သားချောင်းမို့ အချိန်စီးလေသည်။

မယ်ရင်ပြောလို့သာ ယုံလိုက်ရသည်။ သုံးနှစ်သားအ ရွယ် ကလေးလေးက ဤသစ်သားချောင်းကြီးနဲ့ ကြောင်နက် ကြီးကို တိုက်ခိုက်သည်ဆိုခြင်းမှာ ယုံနိုင်စရာပင်မရှိ။

"သည်နေရာကို တောကြောင်ရိုင်းတွေ မလာတတ်ပါ ဘူး၊ သာမန်ကြောင်တွေတောင် လာခဲတာ နေဝင်ရီတရော အချိန်မှာမှ ရောက်လာတယ်ဆိုတော့ အင်း. . မကောင်းဘူး ထင်တယ်"

"ဒါပေမယ့် သားကတော့ ကြောင်နက်ကြီးနဲ့ တိုက် ခိုက်စဉ်ကလို အမူအရာမျိုးမဟုတ်တော့ဘူး၊ စောစောက သား ရဲ့ အမူအရာကို မြင်စမ်းစေချင်တယ်"

"အေး. . သားက တော်တော်ထူးခြားတယ်၊ ကြောင် နက်ကြီးကို ကြည့်ပြီး ရယ်လိုက်တဲ့အသံက တော်တော်လေး ကို အောင်တယ်၊ မွေးစတုန်းကလိုပဲပေါ့. . ဟုတ်လား"

"ဟုတ်တယ်. . ကိုဖိုးမောင်၊ ဘယ်လိုနားလည်ရမှန်း တောင် မသိတော့ဘူး"

× × ×

"တောကြောင်လိုမျိုးဟာ ဘယ်တော့မှ ရွာထဲကို မ ဝင်တတ်ဘူး၊ ဝင်လည်း ရွာခွေးတွေကလည်း ချမ်းသာပေးကြ



www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူး၊ ပြီးတော့ ခြံထဲကိုဝင်လာတဲ့ အကောင်ကလည်း ကြောင်နက်၊ ပိုပြီးတော့ ထူးခြားတာက ငါ့မြေးဟာ ဒီကြောင် နက်ကြီးကို စပြီးတိုက်ခိုက်တာကိုပဲ သူသာ မတိုက်ခိုက်ရင် ကလေးကို အန္တရာယ်ပြုမလားပဲ"

"မယ်ရင်. . ငါ့မြေးကို ဂရုစိုက်ပါဟယ်၊ သတိတစ်ချက် လစ်လို့ မရဘူးဟဲ့၊ ကံကောင်းလို့ပေါ့ကွယ်"

အစိုးရိမ်ကြီးသော ဒေါ်နှင်းခင်ကလည်း တဖွဖွနှင့် မှာသည်။

မောင်တက်ခေါင်လေးက ခြံထဲကိုဝင်လာလေသည့် ကြောင်နက်ကြီးကို တိုက်ခိုက်လိုက်သည့် သတင်းလည်း ရွာ ထဲမှာ တဆင့်စကား တဆင့်နားနဲ့ ပျံ့သွားခဲ့လေသည်။

"တော်တော်သတ္တိကောင်းတဲ့ ကလေးပဲကွယ်၊ သည် သတ္တဝါကို မြန်ပြီးတော့ တိုက်ခိုက်ရဲတာ အံ့အားသင့်စရာ"

"ဟုတ်ပဗျာ၊ သည်ကောင်လေးကြီးလာရင် ရွာ တွက်ကတော့ တော်တော်အားကိုးရမယ်"

ထိုသူများသည် မောင်တက်ခေါင်နှင့် ပတ်သက် အလုံးစုံကို မသိကြသေးပေ။ လျှာပေါ်က အနီမှတ်ကို မြင်တွေ့ကြလျှင် မည်သို့သော ထင်ကြေးပေးကြလေမည်လည် မသိ။

× × ×

သို့သော် ဦးဖိုးထယ်သည် ထိုနေ့ညနေက လယ်





တို့ အသွားတွင် ရွာစပ်ရှိ ဇရပ်ပျက်ကြီးပေါ်မှာ လူတစ်ယောက် တို့ အမှတ်မထင် တွေ့လိုက်ရလေသည်။ လူစိမ်းတစ်ယောက် မှန်း သိလိုက်ရသည်နှင့်သစ်ပင်တစ်ပင်မှာ ကွယ်လိုက်ရသည်။ ခံလှမ်းလှမ်းကနေ လှမ်းပြီးတော့ကြည့်ရာ. . .။

"ဟင်. . . သည်လူဟာ မယ်ရင်ပြောတဲ့ လူကြီးနှင့် တော်တော်တူပါလား"

အံ့အားသင့်သွားခဲ့ရသည်။ သျှောင်တစ်စောင်းထုံး ထားသည်။ နှုတ်ခမ်းမွေးကလည်း မထူမပါး။ အသက်ကတော့ ငါးဆယ်နီးပါးလောက်ရှိဦးမည်။

"ဟုတ်ပြီ၊ မယ်ရင်ပြောတဲ့ လူကြီးရဲ့ ပုံပန်းသဏ္ဌာန်နဲ့ တော်တော်နီးစပ်တယ်၊ သည်မှာ ဘာလာလုပ်နေပါလိမ့် ဘယ် ကရောက်လာတာလဲ"

တခဏအကြာတွင် လူကြီးသည် ဇရပ်ပေါ်က ဆင်း သွားသည်။ လွယ်အိတ်ဖာစ်လုံးကို လွယ်ထားသည်။ ဇရပ်ပျက် ကြီး၏ အနောက်ဘက်ရှိ တောလမ်းလေးအတိုင်း ဝင်သွားခဲ့ လေသည်။ ဦးဖိုးထယ်သည်လည်း မသိမသာ နောက်ယောင် ခံပြီးတော့ လိုက်သွားခဲ့သည်။ လက်ထဲတွင် ကိုင်းခုတ်သော ဓား ပါသွားခဲ့သည်။

ခြေသံလုံလုံနဲ့ သစ်ပင်၊ ချုံများကို အကာအကွယ်ယူ ၍ လိုက်သွားသောကြောင့် ရှေ့ကလူသည် ရိပ်မိဟန်မတူ။ ထိုသူသည် သုသာန်ဟောင်းကြီးတစ်ခုဆီကို ဦးတည်၍ သွားနေသည်။

"သုသာန်ဟောင်းဘက်ကို ဘာသွားလုပ်ပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



အခိပ္ပါယ်တို ရှာမရပေ။ ပိုပြီးတော့သာ စိတ်ဝင်စ
လာခဲ့သည်။ မြေပုံပေါင်းများကို ဖြတ်ကျော်ပြီးတော့ သွာ
သည်။ မလွှဲမရှောင်သာ နင်းပြီးတော့ သွားရသည်။ သုသာ
၏ တစ်ဖက်သည် ဝက်ပါမြိုင်တောကြီးနှင့်ဆက်စပ်နေ
သည်။

သုသာန်ကို ကျော်လွန်ပြီး တောစပ်အထိ ရော
သွားသည်။

"ကျိန်းသေတယ်၊ သင်း. . တောထဲကို ဝင်မှာပဲ"

ဦးဖိုးထယ်သည် ဆက်လိုက်သွားသင့်၊ မသင့်ချိ
တုံ ဖြစ်နေသေးသည်။ ချက်ချင်းလိုလိုပင် ဆုံးဖြတ်ချက်ချလို
သည်မှာ. . .။

"ငါလိုက်သွားမယ်၊ ဒါမှ သင်းရဲ့ အကြံအစည်
လဲဆိုတာ သိရမယ်"

နောက်ယောင်ခံပြီးတော့ ဆက်လိုက်သွားခဲ့လေသ
ချုံကွယ်တစ်ခုသို့ ရောက်သောအခါ ထိုလူကြီး၏ အရိပ်
ယောင်ကိုသော်မှ မတွေ့ရတော့။

ဦးဖိုးထယ်သည် ကိုင်းဓားကို ကျစ်ကျစ်ပါအောင်
ကိုင်ကာ ချုံနှင့်ခပ်လှမ်းလှမ်းအကွာဆီကို လျှောက်သွားသ
သစ်ပင်အကွယ်တစ်ခုကနေ ချုံဆီကို လှမ်းပြီးတော့ ကြ
သည်။ ထိုလူကြီးကို မတွေ့ရတော့ပေ။

"သည်နားလေးတင် ပျောက်သွားတယ်၊ ဘယ်
သွားလဲမသိဘူး"

ထိုစဉ်. . .။





ဦးဖိုးထယ်၏ ကျောထဲမှာ တစ်ချက်စိမ့်ကနဲဆိုဖြစ်သွားခဲ့ရလေသည်။ အကြောင်းမဲ့ကြီးတော့ ထိုသို့မဖြစ်တန်ရာ။ အန္တရာယ်တစ်ခုခု ကျရောက်လာကာနီး (သို့မဟုတ်)ထူးခြားမှုတစ်ခုခု ဖြစ်ပေါ်လာကာနီးမှာ ဖြစ်တတ်သောသဘော။ သွေးသားက လှုံ့ဆော်တတ်လေသည်။

ထိုလူကြီး. . မည်သည့်နေရာကို ရောက်သွားသလဲဟုသာ သိချင်နေသည်။ ထို့ကြောင့် အနားတစ်ဝိုက်မှာ ပတ်ချာလှည့်ပြီးတော့ ကြည့်နေမိလေသည်။

သို့ရှိခိုက်. . .။

"ခွိုး"

မာန်ဖီသံနှင့်အတူ မည်းမှည်းသဏ္ဌာန်တစ်ခုက ရိပ်ကနဲဆို သစ်ပင်ထက်မှ ခုန်ချလာခဲ့လေသည်။

ဦးဖိုးထယ်၏ ကိုယ်ပေါ်သို့ ကျလာခဲ့သည်ဖြစ်ရာ။

"ဟာင်"

ဦးဖိုးထယ်သည် အရွယ်နှင့်မလိုက်အောင်ပင် သန်မာဖျတ်လတ်လှသည်။ ရုတ်တရက်ဆိုသလို ဘေးကို ခုန်ရှောင်ကာ ထွက်သွားသည်။ အနားမှာ ပွတ်ပြီးတော့ ကျသွားသောထိုသဏ္ဌာန်ကို ဓားနဲ့ လှမ်းပြီးတော့ ခုတ်ချလိုက်လေသည်။

ရွပ်!

ခွိုး!

ကြောင်နက်ကြီးတစ်ကောင်ပင် ဖြစ်သည်။ မိမိရရမခုတ်မိ။ ဓားအဖျားနဲ့မိသွားသည်။ ဓားဦးက ထိုးမိသွားသည်။ ဒေါသထွက်သွားသောကြောင်နက်ကြီးသည် ဒေါသထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခွိုးကနဲအော်ကာ တောထဲကို ပြေးဝင်သွားခဲ့သည်။ ကိုဖိုးထယ်က နောက်မှ လိုက်သွားသော်လည်း ကြောင်နက်ကြီးကို မတွေ့ရတော့ပေ။ သွေးကွက်တစ်ကွက်ကိုသာ သစ်ရွက်ခြောက်တစ်ခုပေါ်မှာ တင်နေလျက်သား တွေ့ရလေသည်။ လတ်လတ်ဆတ်ဆတ်သွေးများ။

ကိုဖိုးထယ်သည် လျှင်မြန်ဖျတ်လတ်သော သူတစ်ဦးဖြစ်ပြီး အရွယ်နှင့်မလိုက်အောင်ပင် ကျန်းမာသန်စွမ်းလှသည်။ မားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ အတော်ခပ်ဝေးဝေးအထိ လိုက်ပြီးတော့ ကြည့်သည်။ စောစောက လူကြီးကိုရော ကြောင်နက်ကြီးကိုရော မတွေ့ရတော့ပေ။

!!!!!





# အခန်း — ၆

## လူတုတစ်ယောက်

ဦးဖိုးထယ်သည် အိမ်ကိုပြန်ရောက်သောအခါ မိမိ၏ အတွေ့အကြုံကို မည်သူ့ကိုမှ မပြောပြချေ။

"သည်လူကြီးဟာ သမီးမယ်ရင်ပြောပြတဲ့ လူကြီးပဲဆိုသာကတော့ ကျိန်းသေတယ်၊ ကြောင်နက်ကြီးက ငါ့ကို တမင်တိုက်ခိုက်တာလား၊ တိုက်ဆိုင်မှုလား၊ သူတို့နှစ်ဦးဟာ ငါတို့နဲ့များ ဆက်စပ်မှုရှိနေသလား"

မည်သို့ပင်တွေးသော်လည်း အဖြေက သိပ်မပေါ်ပေ။ ဒီအမည်မသိလူကြီးရော၊ ကြောင်နက်ကြီးပါ ခြံထဲကို ဝင်ရောက်ခဲ့ဖူးကြသည့်အတွက် စောစောကလို အတွေးက ပြန်တော့ ဝင်လာခဲ့ရပြန်လေသည်။

"တိုက်ဆိုင်မှုပဲလား၊ မတော်တဆလား၊ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ငါ့မြေးလေးအတွက် တွေးပြီးတော့ ပူမိတယ်၊ သတိထားရမယ်"

အကြောင်းမဟုတ်သည်ကို အကြောင်းထားကာ လျှောက်ပြီး တွေးနေမိသည့်အတွက် ဇီဇာကြောင်နေမိပြီလားဟုလည်း ဆင်ခြင်မိရပြန်လေသည်။

သို့သော် ရက်မှသည်လ၊ လမှသည် နှစ်အတန်ကြာသည်အထိ နောက်ထပ် ထူးခြားချက်များ ဖြစ်မပေါ်မလာခဲ့။ မောင်တက်ခေါင်လေး ဆယ်နှစ်သားအရွယ်သို့ပင် ရောက်လာခဲ့လေပြီ။

ထူးခြားချက်မှာ မောင်တက်ခေါင်လေးသည် ခွန်အားဗလပိုပြီးတော့ ကြီးမားလာသည်။ ကျန်းမာသန်စွမ်းသည်။ အသံသြဇာလည်း ပိုပြီးတော့ ကြီးမားလာသည်။

"ဟေ့. . . တက်ခေါင်ဆိုတာ မင်းလားကွ"

တစ်ရက်တွင်. . . တက်ခေါင်လေး ရွာဦးကျောင်းမှ စာအံပြီးတော့ ပြန်လာစဉ် တစ်ယောက်ယောက်က လေသံမာမာနဲ့ လှမ်းပြီးတော့ မေးလိုက်လေရာ အသံလာရာဆီကို လှမ်းပြီးတော့ ကြည့်လိုက်သည်။

သစ်ပင်ကြီးတစ်ပင်အောက်မှာ မိမိထက် အသက်တစ်ဝက်ခန့်ပိုပြီးတော့ ကြီးလိမ့်မည်ဟု ထင်ရသော လူငယ်တစ်ယောက်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ ထိုသူသည် ငယ်ငယ်ရွယ်ရွယ်နဲ့ပင် သျှောင်တစ်စောင်းထုံးထားသေးသည်။ စိမ်းညို့သော ပါးမြိုင်းမွေးရေးရေးရှိသည်။ နှုတ်ခမ်းမွေးစစရှိသည်။ ထို့ကြောင့် ရှိရင်းစွဲအသက်ထက် ပိုပြီးတော့ကြီးနေသည်ဟု ထင်ရလေသည်။ ထိုသူသည် တက်ခေါင်လေး





ကို ပြုံးစစနဲ့ ကြည့်နေလေသည်။ လူပုံက ချောသော်လည်း သံမာသောကြောင့် အကျည်းတန်သွားသည်ဟု ထင်မိလေသည်။

သေသေချာချာကြည့်လျှင် ထိုသူသည် မိမိနှင့်ဆင်ဆင်တူလျက်ရှိသည်။ အသံသြပြီး တစ်ခါတစ်ရံ လေသံမာတတ်ပုံကအစ. . .။

"ဟုတ်တယ်၊ ကျွန်တော်ပါပဲ၊ အစ်ကိုက ဘယ်သူများပါလိမ့်"

"ငါဘယ်သူလဲဆိုတာ မင်းသိဖို့ မလိုပါဘူးလေ၊ မင်းက တော်တော်အားကောင်းတယ်လို့ သိရတယ်၊ ငါနဲ့ အားစမ်းမလား"

"ဟာ. . . အစ်ကိုက ကျွန်တော့်ထက် ကြီးတာပဲဗျာ၊ အစ်ကိုကို ကျွန်တော်နိုင်မယ်မထင်ပါဘူး"

"သည်လိုလည်း မဟုတ်ပါဘူးလေ၊ မင်းက ဗလအတော်ကောင်းတယ်၊ ငါနဲ့ ရွယ်တူနီးပါးလောက်ကို ရှိနေတာပဲ၊ ငါ့ကို နိုင်အောင်သတ်ပေါ့ကွာ၊ ဘာလဲ မင်းက ငါ့ကိုကြောက်နေလို့လား"

တက်ခေါင်လေးမှာ ထိုသူ၏ စကားကြောင့် မခံချင်ဖြစ်သွားခဲ့ရလေသည်။

"ကျွန်တော်ကြောက်တာက မဟုတ်မမှန်တာကိုပြောတာ လုပ်ရမှာကိုပဲဗျ"

ထိုသူက ပြုံးပြီး. . .။

"ငါကလည်း အားစမ်းတဲ့သဘောမျိုးပါကွာ၊ မင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အရည်အချင်းကို သိချင်လို့ပါ"

"ကောင်းပြီလေ၊ ဘယ်လိုအားစမ်းမှာလဲ"

"လက်ရုံးချင်း ယှဉ်မယ်ကွာ၊ တစ်ယောက်ကို တစ်ယောက်မညှာကြေး၊ အလျှော့မပေးကြေး"

ထိုသူက တက်ခေါင်လေးကို ပြုံးစစနဲ့ ကြည့်နေပြန်လေသည်။

"ငါကြီးလာရင် မျက်နှာပေါက်ကတော့ သူနှင့် အ[illegible]တော့်ကို တူမှာပဲ"

စိတ်ကူးနှင့် မှန်းဆပြီးတော့ တွေးကြည့်မိလိုက်လေသည်။

ဤနေရာသည် လူပြတ်သောနေရာ၊ ကျသောင်းဝါး[illegible] ရုံကြီးနှစ်ရုံရှိသည်။ ကညင်ပင်ကြီးတစ်ပင်ရှိသည်။ တက်ခေါင်လေးသည် အသွားကို ရွာလမ်းက သွားတတ်ပြီး အပြန်မှာတော့ ဤလမ်းက ပြန်တတ်လေသည်။ တစ်ဦးတည်း လွတ်လွတ်လပ်လပ် ပြန်လိုသောကြောင့်ဖြစ်သည်။

ဤကနေ့ကျမှ ထိုသူနှင့်လာပြီးတော့ဆုံတွေ့ရသည်။

"ဘာလဲ . . မင်းက ငါ့ကို ရှိန်နေတာလား"

ထိုသူက ထပ်ပြီးတော့ မေးပြန်သည်။ အပြုံးကမပျက်။ တက်ခေါင်လေးသည် ယခုမှ သတိထားမိလာသည်။ ထိုသူသည် စကားပြောလျှင် အပြုံးက ပါလာတတ်သည်။ မိမိသည်လည်း ပြုံးစစနဲ့ ပြောတတ်သူပါလား၊ မည်သည့်အကြောင်းကြောင့်လာ၍တူနေမှန်းမသိပေ။

"ကျွန်တော့်စိတ်ကို ဆွမပေးနဲ့ဗျာ၊ ကျွန်တော် . . ခင်





ဗျားကို အနိုင်တိုက်မယ်"

"အေး. . သည်လိုစိတ်ဓာတ်မျိုးရှိမှပေါ့ကွ၊ ငါလည်းမင်းလို စိတ်ဓာတ်မျိုးပဲ"

"လုပ်ဗျာ၊ ခုမှ လာပြီးတော့ စိတ်ဓာတ်ချင်း ညှိမနေနဲ့၊ ပွဲမြန်မြန်ပြီးလည်း အေးတာပဲ"

တက်ခေါင်လေးသည် ဝါးရွက်ခြောက်များ အနည်းငယ်ရှိသော မြေကွက်လပ်တစ်နေရာကို ရောက်သွားသည်။ တစ်ချက်တည်းနဲ့ ခုန်ဝင်သွားခဲ့ခြင်းပင်ဖြစ်သည်။ ကိုယ့်ကိုယ်ကို သတိထားမိလိုက်သည်။ မည်သည့်အကြောင်းကြောင့် ဤမျှ ဖျတ်လတ်နေပါသနည်း။ ထိုသူကလည်း လွှားကနဲဆို ခုန်ဝင်လာခဲ့သည်။ ကြောင်တစ်ကောင်လိုပင် ပေါ့ပါးလှသည်။

ထိုသူသည် ရှမ်းဘောင်းဘီလိုပွပွ၊ အနက်ရောင်ကို ဝတ်ဆင်ထားသည်။ ရှပ်အင်္ကျီကတော့ လက်ရှည်အညိုရောင်၊ တက်ခေါင်လေးဆီကို ချက်ချင်းပင် ရောက်လာသည်။ မထင်မှတ်ပဲ တက်ခေါင်လေးကို တအားသိမ်းကျုံး၍ ဖက်လိုက်၏။

သို့သော် တက်ခေါင်လေးက ရှောင်ထွက်သွားခဲ့လေသည်။ ထို့ကြောင့် လေကိုသာ ဖမ်းမိသွားသည်။ တက်ခေါင်လေးက ရှောင်ထွက်အသွားမှာ ကိုယ်ကို တစ်ပတ်လှည့်ပစ်လိုက်ပြီး ဘယ်ခြေဖျားနဲ့ ခတ်ထည့်လိုက်လေသည်။

"ဖတ်"

ထိုသူက လက်နှင့်ပုတ်ထုတ်ပစ်လိုက်သည်။ တိုက်ကွက်က လွဲချော်သွားသည်။

"မင်းက သိုင်းကွက်ပါ ပါလာတယ်ပေါ့လေ . . ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"မထူးတော့ဘူး၊ ခင်ဗျားလည်း ကြိုက်တဲ့နည်းနှင့်ယှဉ်ရတယ်"

တက်ခေါင်လေးလည်း တက်ကြွလာခဲ့လေပြီ။

"မင်းက ငါ့ကို နိုင်မယ်လို့ ထင်တယ်ပေါ့လေ. . ဟုတ်လား"

"မနိုင်ဘူးဆိုတာ ကျွန်တော့်ရဲ့ ခံယူချက်မဟုတ်ဘူး၊ မနိုင်ရင် တက်ခေါင်ဆိုတဲ့ နာမည်ကို ပြောင်းပစ်လိုက်မယ်"

သည်တစ်ခါတော့ တက်ခေါင်လေးက အရင်ခုန်ဝင်သွားခဲ့သည်။ လျှင်မြန်လိုက်သည်ဖြစ်ခြင်း၊ နှစ်ယောက်သားလုံးထွေးသွားခဲ့ကြသည်။ လက်ကွက်ခြေကွက်များက တပြိုင်တည်းလိုလို ဝင်သွားခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ရှောင်တိမ်းကာ တိုက်ခိုက်ကြရင်း လူချင်းခွာထွက်သွားခဲ့ကြပြန်သည်။

သို့သော် ထိုသူက တက်ခေါင်လေးမထင်မှတ်သောအချိန်မှာ ကပ်ပြီးတော့ ပါလာခဲ့သည်။ တက်ခေါင်လေး၏ခါးကို နောက်ကနေ သိုင်းဖက်ကာ ချုပ်ကိုင်ထားလိုက်သည်။ ဘယ်လိုမှ လှုပ်ရှား၍မရ။ နောက်ကနေ အသေချုပ်ကိုင်ထားခြင်း ခံနေရသည်။

တက်ခေါင်လေးသည် ခါးကို ရုတ်တရက် ကိုင်းလိုက်သည်။ နောက်ကလူက တက်ခေါင်လေး၏ ကျောပေါ်ကို ရောက်သွားသည်။ မြောက်တက်သွားသည်။ ထိုနောက် ကိုယ်ကို ခပ်ဆတ်ဆတ်တစ်ချက် ယမ်းခါလိုက်လေရာ ထိုသူသည်





ကျွမ်းပြန်ပြီးတော့ လွင့်ထွက်သွားသည်။

အား!

ဘုန်း!

ခပ်လှမ်းလှမ်းမှာ သွား၍ကျသည်။ ဒလိမ့်ခေါက်ကွေးဖြစ်သွားသည်။ ချက်ချင်းပင် လူးလဲပြီးတော့ ထလိုက်သည်။

"မင်းက အလာသားပဲကွ၊ ငါ့ကိုတောင် ကိုင်ပေါက်နိုင်တယ်၊ သည်တစ်ခါတော့ မင်း. . ငါ့လက်ထဲက မလွတ်စေရဘူးဟေ့"

ထိုသူက လျှပ်ပြက်လိုက်သလို ပြေးဝင်လာခဲ့ပြန်လေသည်။ တက်ခေါင်လေးက မျက်နှာချင်းဆိုင် ရပ်စောင့်နေလိုက်သည်။ မရှောင်။ လွှားကနဲဆို သူ့ထံသို့ရောက်လာသော သူနှင့်ကိုယ်လုံးချင်း ပစ်တိုက်သွားသည်။

သို့သော် တက်ခေါင်လေးသည် ပစ်လဲကျမသွားပေ။ ကျောက်တိုင်ကြီးလို မတ်မတ်ခိုင်ကာ ရှိနေသည်။ ထိုသူ၏ကိုယ်လုံးက သူနှင့်ပူးကပ်သွားသည်နှင့်ခါးကို ဖက်ထားလိုက်သည်။ ရင်ချင်းအပ်မိကာ တင်းတင်းပ် ဖက်ထားခံရသည်မှာ ခါမြဲလှသည်။ မည်သို့မှ ရုန်းဖယ်သော်လည်း မရ။

"ကြောက်ပြီလား၊ အရှုံးပေးပြီလား. . . ပြော"

တက်ခေါင်လေးက လက်ကို မလွှတ်ပဲ မေးသည်။ ထိုသူက ရုန်းရင်းက တက်ခေါင်လေး၏ မျက်နှာကို စေ့စေ့ကြည့်သည်။ ပြုံးစစအမူအရာက မထိမဲ့မြင်။ ထိုနောက် ဟားဟားနဲ့ အားပါးတရပင် ရယ်လိုက်ပါတော့သည်။

"ဟား. . ဟား. . ဟား. ."



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာသော အသံသြကြီးက ပတ်ဝန်းကျင်ရှိ အရာအားလုံးကို ရိုက်ခတ်သွားပါလေတော့သည်။ တက်ခေါင်လေးသည် အနီးကပ်ရယ်မောလိုက်သောသူကြောင့် ဖက်ထားသော လက်နှစ်ဖက်ကို ယောင်ယမ်းကာ လွှတ်ပေးလိုက်မိလေသည်။ တပြိုင်တည်းမှာပင် မျက်လုံးက ထိုသူ၏ ပါးစပ်ထဲကို ရောက်သွားသည်။ တက်ခေါင်လေးတွေ့လိုက်ရသည်ကား ထိုသူ၏ လျှာပေါ်မှာ အနီစက်ဝိုင်းဝိုင်းလေးတစ်ခုပင်တည်း။

!!!!!





# အခန်း – ၇

## ဂူဟောင်းပေါ်က အကိုးအို

တက်ခေါင်လေးသည် အိပ်ပျော်နေရာက ဖျတ်ကနဲဆို လန့်နိုးလာခဲ့လေသည်။

"ဟင်"

သူ. . လယ်တွင်းထဲရှိ တဲပေါ်မှာ အိပ်ပျော်နေသည်။ အိပ်ရာမှ ရုတ်တရက် ထလိုက်ပြီ ဘေးဘီကို သင်္ကာမကင်းနဲ့ လိုက်ပြီးတော့ ကြည့်နေလိုက်မိသည်။ မည်သူ့ကိုမှ မတွေ့ရ တခဏကြာမှ မိမိအိပ်မက်မက်နေကြောင်းကို သိလိုက်ရသေးတော့သည်။

"ငါ. . အိပ်မက်မက်နေတာပါလား၊ ဒါပေမယ့် ငါအိပ်မက်က တကယ့်လိုပဲ စင်းလွန်းလှတယ်၊ ငါနဲ့ တိုက်ခိုက်ခဲ့ရတဲ့သူဟာ ငါ့ပုံစံအတိုင်းပဲ၊ မျက်နှာလည်း ဆင်ဆင်တူတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ . . သူ့အရွယ်ကိုရောက်လာရင် သူ့မျက်နှာအတိုင်းပဲ ဖြစ်လာနိုင်မလား"

တက်ခေါင်လေးသည် လူငယ်မဖြစ်တဖြစ်ကလေးသာသာအရွယ်ပေမို့ အတွေးကို မကျယ်ပြန့်စေခဲ့ပေ။ မေ့မေ့ပျောက်ပျောက်ပင် နေလိုက်လေသည်။

သို့သော် ထူးခြားချက်မှာ. . . သိုင်းပညာကို မတတ်မြောက်သေးသော တက်ခေါင်လေးသည် အိပ်မက်ထဲမှာ ကျွမ်းကျင်စွာပင် တိုက်ခိုက်ခဲ့သည်။ နပန်းပညာကိုလည်း ကောင်းစွာပင် အသုံးပြုနိုင်ခဲ့လေသည်။ တစ်ရက်ထက်တစ်ရက် အပြင်မှာလည်း ထိုသိုင်းကွက်များကိုပင် တရေးရေးနဲ့ မြင်ယောင်လာမိသည်။ မှတ်မိသထက် မှတ်မိလာခဲ့လေသည်။

ရက်အတန်ကြာသော်. . .။

တက်ခေါင်လေးသည် တောနက်ကြီးတစ်ခုထဲရောက်နေသည်။ သူနေရာက်နေသည့်နေရာကား သုသာန်ဟောင်းကြီးတစ်ခုပင်တည်း။ မြေပုံမို့မို့များကို မမြင်ရတော့။ အားလုံးသည် တပြင်တည်း။ တညီတညာတည်းပင် ရှိနေကြလေသည်။

နှစ်ပရိစ္ဆေဒကြာမြင့်လာသောအခါ ရာသီဥတုအပြောင်းလဲမှုဖြစ်ကာ မြေပြင်သည် တညီတညာတည်းဖြစ်သွားကြသည်။ အချို့ အရိုးများသည် ဆွေးမြေ့ပျက်စီး၍ မြေမှုန့်များ ဖြစ်သွားကြပြီဖြစ်သည်။ အချို့ကား မပျောက်ပျက်ပဲ အရိုးစုအတိုင်း ရှိနေကြသည်။ လေ၊ ရေ၊ မြေဓာတ်သဘာဝ၏ စွမ်းအင်ထူးတစ်ခုခုကြောင့် ဖြစ်ဟန်တူလေသည်။

"မြေကြီးအောက်မှာ အရိုးတွေရှိလိမ့်မယ်၊ ငါ့ရဲ့ခြေ





ထောက်အောက်မှာ အရိုးတွေ ရှိနေကြတယ်၊ ငါနင်းထားတယ်"

တက်ခေါင်လေးသည် မိမိ၏ ခြေထောက်အောက်ကို ငုံ့ပြီးတော့ ကြည့်လိုက်သည်။ သုသာန်ထဲမှာ တစ်ဦးတည်း ရှိနေပေမယ့်လည်း အကြောက်အလန့်က မရှိပေ။

အုတ်ဂူအပြိုအပျက်များကိုလည်း ဟိုတစ်နေရာ၊ ဒီတစ်နေရာ တွေ့နေရသည်။ အချို့ကား ညှိုးမှိန်နေပြီဖြစ်သော်လည်း ပြိုပျက်ခြင်းမရှိကြသေးပေ။

ထိုစဉ် လေပွေတစ်ခုက ဝေ့ရမ်းသွားသည်။ မိမိရှေ့ရှိ အုတ်ဂူအချို့ကို သဲမှုန်များ၊ ဖုန်လုံးကြီးများက ကျော်ဖြတ်သွားခဲ့ကြသည်။ မြင်ကွင်းကို ဖုံးလွှမ်းသွားခဲ့ကြလေသည်။ တခဏအကြာတွင် ဖုန်များက လွင့်ပြယ်သွားခဲ့ကြသည်။

တက်ခေါင်လေးမြင်လိုက်ရသည်ကား. . .။

အုတ်ဂူဟောင်းကြီးတစ်လုံးပေါ်မှာအဘိုးအိုတစ်ဦးက ထိုင်နေသည်။ တစ်ထွာခန့်ရှည်သော မုတ်ဆိတ်မွေးဖြူများနဲ့ ပါးမြိုင်းမွေးဖြူများရှိလေသည်။

"သည်အဘိုးကြီးကဘယ်ကရောက်လာတာလဲ"

"ဟိတ်. . . တက်ခေါင်လေးဆိုတာ မင်းလားကွ"

အုတ်ဂူထက်မှာ ထိုင်နေသော အဘိုးအိုက တက်ခေါင်လေးကို လှမ်းပြီးတော့ မေးလိုက်လေသည်။

"ဟုတ်ပါတယ်. . အဘိုး၊ ကျွန်တော်ပါပဲ"

"ဟုတ်ရင် သည်ကို ခဏလာစမ်းပါဦးကွယ့်"

တက်ခေါင်လေးသည် အဘိုးအိုဆီကို လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လေသည်။

အဘိုးအိုက သူ့ကို ပြုံးစစနဲ့ ကြည့်နေသည်။ ယင်းအပြုံးကို သူမြင်ဖူးသည်။ နောက်တော့မှ အမှတ်ရသွားသည်။ သူ့အပြုံးနှင့်တူနေလေသည်။

"အင်း. .အဘိုးရဲ့မျက်နှာကျပုံကလည်း ငါနဲ့တူတယ်၊ ပြုံးတတ်ပုံကလည်း ငါနဲ့ တစ်ပုံစံတည်း၊ အသက်ကြီးလာရင် သူ့မျက်နှာထားမျိုးပဲဖြစ်မှာပဲ၊ ဆံပင်ကလည်း ကောင်းလိုက်တာ၊ သျှောင်တစ်စောင်းထုံးထားတာ ခန့်ညားတယ်၊ တကယ့်ဇာတ်မင်းသားကြီးကျနေတာပဲ"

တက်ခေါင်လေးသည် စိတ်ထဲက မှတ်ချက်ချနေလေသည်။

"သည်အုတ်ဂူပိုင်ရှင်က အဘိုးလားခင်ဗျာ"

"ဟုတ်တယ်လေကွာ၊ သည်အုတ်ဂူကို ငါဆောက်ထားတာပေါ့၊ သည်လူက ငါ့ထက် အသက်ကြီးတယ်"

အဘိုးအိုက အသံသြသြကြီးနဲ့ ပြန်ပြီးတော့ ဖြေလိုက်လေသည်။

"အသံသြပုံကလည်း ငါ့လိုပါပဲလား"

. . . ဟုလက်ခံမိသွားခဲ့ပြန်လေသည်။

"အဘိုး. . . သည်နေရာမှာနေရတာ မကြောက်ဘူးလား"

"ဘာကိုကြောက်ရမှာလဲကွ၊ ဘာလဲ. . လူသေမြှုပ်တဲ့သုသာန်မှာ နေနေရလို့လား၊ ငါက ခဏလာနေတာပါကွာ၊ မကြာခင်မှာ ခရီးဆက်ရဦးမှာ"





"ဘယ်ကိုများလဲ. . . အဘိုး"

"အားလုံးဟာ သံသရာခရီးသည်တွေပဲလေကွာ၊ ဘဝတစ်ခုတည်းမှာ ဘယ်လိုရပ်တည်နေကြမလဲ၊ သည်လိုပဲ တစ်ခရီးပြီးတစ်ခရီး ဆက်နေကြတာပဲပေါ့၊ သည်သုသာန်ဟောင်းက လူတွေလည်း ဘာထူးသေးသလဲ၊ ဘဝဟောင်းကို ထားခဲ့ပြီး ဘဝသစ်ကို သွားနေကြတာပဲ၊ မင်းတို့ ငါတို့ အပါအဝင်လူတွေဟာ အကြိမ်ကြိမ် သေဖူးခဲ့ကြပြီးပြီ၊ သည်ဘဝမှာလည်းဆပ်ပြီး သေကြရမှာကတော့ ကျိန်းသေတယ်၊ ပြီးတော့လည်းနောက်ဘဝတို့ ကူးကြ၊ ဟား. . ဟား. . ဟား. . ."

အဘိုးအိုသည် စိတ်လိုက်မာန်ပါပင် ရယ်မောလိုက်လေသည်။ ဂူများ၊ သစ်ပင်များသည်ပင် လှုပ်ခါသွားကြရသည်ဟု ထင်မိလိုက်သည်။ တက်ခေါင်လေးက အဘိုးအိုကို ကြောင်တက်တက်နဲ့ ကြည့်နေလေသည်။

အဘိုးအိုက အရယ်ရပ်လိုက်ပြီး. . .။

"မင်းကို ငါသတိပေးစရာရှိတယ်ကွ"

"ဘာများလဲ. . . အဘိုး"

"ရန်သူပေါ်လာမယ်၊အန္တရာယ်လည်းရှိနေတယ်၊ လူမင်းဆိုရင် သတိထား"

"ကျွန်တော့်မှာ အန္တရာယ်ရှိတယ်. . ဟုတ်လားအဘိုး၊ ကျွန်တော်က ဘယ်သူ့ကိုမှ ဒုက္ခမပေးတတ်ပါဘူးဗျာ၊ ဘယ်သူက ကျွန်တော့်ကို ရန်သူလို သဘောထားမှာလဲ"

"အေး. . ဒါကလည်း သေသေချာချာ မပြောတတ်ဘူးကွယ်၊ သည်ကနေ့ကစပြီး ပိုလို့သာ သတိထားပေတော့ဟေ့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက မင်း..ဝက်ပါမြိုင်ကို သိလား"

"ဝက်ပါမြိုင်..ဟုတ်လား၊ ဟင့်အင်း..မသိဘူး၊ ကျွန်တော်အခုမှ ကြားဖူးတာ"

"အေး..မင်းအခုအချိန်ကစပြီး ဝက်ပါမြိုင်တောဆိုတဲ့ နာမည်ကို နားထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားလိုက်ပေတော့၊ တစ်နေ့ကျရင် မင်းနဲ့ ပတ်သက်ရလာလိမ့်မယ်"

တက်ခေါင်လေးသည် ခေါင်းကို ခါရမ်းလိုက်လေသည်။

"အေး...ဝက်ပါမြိုင်တောထဲကိုသွားရင် အဓိကနေရာတစ်ခုရှိတယ်၊ အဲသည်နေရာကို ဘယ်သူမှ မသိကြဘူး ငါပဲသိတယ်"

"အဲသည်တော့..."

"ငါ..လမ်းကြောင်းကို ပြောပြမယ်၊ မင်းသေသေချာချာ မှတ်ထား"

အဘိုးအိုသည် ဂူထက်မှ အောက်ကို ခုန်ဆင်းလိုက်သည်။ ထို့နောက် သစ်ကိုင်းခြောက်တစ်ချောင်းကို ကောက်ယူကာ မြေပြင်မှာ ရေးခြစ်ပြီးတော့ ပြသည်။

"ဒါက တောအုပ်၊ ဟောသည်လမ်းအတိုင်းဝင်သွား ကွမ်းတစ်ယာညက်လောက်ကြာရင် ကျောက်တစ်ပိုင်းဖြစ်နေ တဲ့ အင်ကြင်းပင်ကြီးတစ်ပင် တွေ့လိမ့်မယ်၊ ညာဘက်ဘေး က ကွေ့သွား၊ စမ်းချောင်းကြီးတစ်ခုက ဆီးပြီးတော့ ခံ တယ်၊ ဟုတ်ပြီလား"

"ပြန်...ပြန်ပြောပြပါဦး...အဘိုး"





"ဟာ..သည်ကောင်လေး၊ စိတ်မဝင်စားဘူး၊ သေသေချာချာ မမှတ်ဘူး၊ ပြန်ပြောမယ်..နားထောင်၊ ဒါက..တောအုပ်၊ ဟောသည်လမ်းအတိုင်း ဝင်သွားရင်,.."

အဘိုးအိုက ထပ်ပြီးတော့ ပြောပြသည်။ တက်ခေါင်လေးက သေသေချာချာ မှတ်နေလေသည်။ နောက်ထပ် နှစ်ခါလောက်ပြောပြီးသောအခါ တက်ခေါင်လေးသည် အလုံးစုံကို မှတ်မိသွားခဲ့လေသည်။

ပိုတစ်ထောင်တောင်ကြီးဟာ မာယာများတယ်၊ လျှို့ဝှက်ချက်တွေ များတယ်၊ တောင်ကြီးဆီကိုသွားရတဲ့ လမ်းကလည်း ရှုပ်တယ်၊ မျက်စိလည်လမ်းမှားပြီး အမှတ်မထင်ရောက်သွားတဲ့သူမှသာ တွေ့နိုင်တယ်၊ မင်းကို ငါတိကျတဲ့ လမ်းတစ်ခုကို ပြောပြပြီးပြီ၊ မင်းအရွယ်ရောက်လာရင် အဲသည်နေရာကို သွားရမယ့် အခြေအနေမျိုး ပေါ်လာလိမ့်မယ်"

"အဘိုး..ကျွန်တော် အဘိုးပြောတဲ့အတိုင်း အဲသည်နေရာကို သွားရဖို့ အခြေအနေမျိုး တကယ်ရှိနေလို့လား..ခင်"

"ရှိတာပေါ့ကွာ၊ မင်းစောင့်ကြည့်ပေါ့၊ အေး..မင်း ပိုတစ်ထောင်တောင်ကြီးဆီကို ရောက်ရင် ကျောက်နွားကိုးကောင်နဲ့လည်း တွေ့ရလိမ့်မယ်"

"ကျောက်နွားကိုးကောင်"

တက်ခေါင်လေးက တစ်ယောက်တည်း ပြောသလို ရေရွတ်ပြောလိုက်လေသည်။

"အဲသည်နား တစ်ဝိုက်မှာ တောခွေးတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျက်စားနေကြသကွယ့်၊ သည့်ကောင်တွေဟာ အုပ်စုလိုက် နေကြတယ်၊ သတ္တဝါတွေကို သတ်ဖြတ်စားသောက်ကြတယ်၊ လူတွေကို တွေ့ရင်လည်း ဒုက္ခပေးတတ်ကြတယ်၊ ဒါပေမယ့် တောခွေးတွေဟာ ပို့တစ်ထောင်တောင်ကြီးကို အလွယ်တကူ ရှာမတွေ့နိုင်ကြဘူး၊ လမ်းလွဲနေကြတယ်"

"ဘာဖြစ်လို့လဲ. . . အဘိုး"

"ငါ. . စောစောက ပြောပြီးပြီကောကွယ်၊ ဝက်ပါမြိုင် တောကြီးဟာ လျှို့ဝှက်လမ်းတွေ များပါတယ်လို့၊ ခွေးတောင် မျက်စိလည်ပါတယ်လို့"

"ပို့တစ်ထောင်တောင်ကြီးရဲ့ ထူးခြားမှုက ဘာများရှိ လို့လဲ. . . အဘိုး"

"မင်း. . အခုချိန်မှာ သိဖို့မလိုသေးဘူး၊ နောက်တော မှ တဖြည်းဖြည်းနဲ့ သိလာရလိမ့်မယ်"

"ဟာ. . အဘိုးကလည်း သည်အထိ ရောက်လာတ အထိ ပြောလာခဲ့ပြီးမှဗျာ၊ ကျွန်တော်သိချင်တာကို ပြောလိုက် ရင်ပြီးရော"

တက်ခေါင်လေးက စိတ်မရှည်သလိုပြောလိုက်ရာ

"မလောပါနဲ့ကွာ၊ ငါမပြောလည်း မင်းက တစ်နေ့ သိလာရမှာပါ၊ ထစ်ကနဲဆို မင်းက စိတ်ချည်းပဲကိုးကွ၊ ဟာ ဟား. . ဟား. . ဟား. . ."

အဘိုးအိုက အားပါးတရ ရယ်လိုက်သည်။ ထိုအခ ပါးစပ်ထဲမှာ မြင်လိုက်ရသည့်ကား လျှာပေါ်တွင် အနီစ ကြီးတစ်ခုက ထင်ရှားစွာပင် ရှိနေသည်ကိုပင်တည်း။





အခန်း — ၈

ဦးဖိုးချက်၏ နောက်ကြောင်းပြန်

တက်ခေါင်လေးသည် အုတ်ဂူထက်က အဘိုးအိုကို ိပ်မက်မြင်မက်ခဲ့သည်။ စကားလည်း ပြောခဲ့ရသည်။ ဝက်ပါ ြိုင်တောကြီးနှင့်ပတ်သက်သည့် အကြောင်းများပင်။ ပို့တစ် ထာင်တောင်ကြီးအကြောင်းကိုတော့ သူမကြားဘူးပေ။

"ခွေးတောင်မျက်စိလည်တဲ့ တောဆိုပါလား၊ အဲသည် ောကြီးထဲမှာ ပို့တစ်ထောင်တောင်ကြီးရှိတယ်တဲ့၊ ဘာတွေ ်းလည်း မသိဘူး"

ဒါပေမယ့် အဘိုးအိုကတော့ အတည်ပေါက်နဲ့ ပြော ိတ်တာပါ။ ပြီးတော့ အဲသည်အဘိုးအိုက ငါနှင့်လည်း ပ ာတယ်။ အားလုံးလိုလိုပါပဲလေ။ သည်လို အိပ်မက်မျိုးကို ်တ်တာ နှစ်ခါရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါင်လေးသည် စဉ်းစားရင်းနဲ့ ခေါင်းထဲမှာ ပြန်ပြီးတော့ ပေါ်လာခဲ့ပြန်လေသည်။

"ပို့တစ်ထောင်တောင်ကြီးနဲ့ ကျောက်နွားကိုးကောင် တဲ့၊ ထူးထူးဆန်းဆန်းတွေကို ငါသိနေရတယ်၊ တောခွေးတွေ အကြောင်းလည်း ပါလိုက်သေးတယ်၊ ငါဘယ်လိုဆက်စပ်ပြီး တော့ နားလည်ရမှာလဲ"

သို့သော်. . . အဘိုးအိုညွှန်ပြလိုက်သော မြေကြီးပေါ် မှ မြေပုံကိုတော့ သေချာစွာပင် မှတ်မိနေလေသည်။ ပြောသ မျှကိုလည်း နားထဲမှာ စွဲနေလေသည်။ ထိုနေရာ တကယ်ရှိ ရှိကတော့ မသိပါ။

တက်ခေါင်လေးသည် အိပ်မက်နှင့်ပတ်သက်ပြီး မည် သူ့ကိုမှလည်း မပြောမပြခဲ့။ ကလေးပီပီ မေ့မေ့ပျောက်ပျော ပင် နေလိုက်လေသည်။

× × ×

မိုင်းလုံးရွာသည် တည်ငြိမ်အေးချမ်းစွာနဲ့ ရပ်တည် လာခဲ့သည်မှာ နှစ်အတန်ကြာခဲ့လေပြီ။

သို့သော် ခုတလောမှာ သတင်းစကားက အမျိုး ပင် ထွက်လျက်ရှိသည်။

"ဝက်ပါမြိုင်တောစပ်မှာ တောခွေးတစ်အုပ်ကို ခဲ့ကြတယ်တဲ့၊ သည်ကောင်တွေက သားကောင်တွေကို ရင်း နယ်ကျွံလာတာဖြစ်မှာပေါ့"





"သည်တောခွေးတွေက ဘယ်ကရောက်လာတာလဲ၊ သည်တောထဲမှာ နဂိုက ရှိနေကြတယ်ဆိုတာတောင် ဘယ်သူ မှ မသိနိုင်ပါဘူး၊ ခုတော့ တောခွေးဆိုတဲ့ အသံကို ကြားနေရ ပြီ"

"သတိတော့ ထားကြပေါ့၊ ပေါ့ပေါ့ဆဆနဲ့ မနေကြ နဲ့၊ တောခွေးဆိုတဲ့ ကောင်မျိုးဟာ မြေခွေးတွေ၊ ဝံပုလွေတွေ လိုပဲ၊ ကောက်ကျစ်တယ်၊ စဉ်းလဲတယ်၊ တောထဲမှာ သား ကောင်ရှာမတွေ့ရင် ရွာထဲက တိရစ္ဆာန်တွေကို အာရုံထားလာ တတ်ကြတယ်၊ ရွာနားကို ကပ်လာတတ်ကြတယ်၊ လူတွေကိုပါ ရန်ရှာတတ်ကြတယ်၊ ရွာလုံခြုံရေးအတွက် ဂရုစိုက်ကြရမယ်"

တောခွေး၏ သဘာဝကို နားလည်သော လူကြီးများ က သတိပေးကြလေသည်။ အချို့လည်း အတွေ့အကြုံရှိထား ကြသည်။ မည်သူကမှ ထိုကိစ္စနှင့်ပတ်သက်ပြီး အလေးမထား ကြပေ။

× × ×

တောခွေးများဟူသည့် အသံကို ကြားလိုက်ရသည်နှင့် အဖိုးချက်သည် စိုးရိမ်စိတ်က ပြန်ပြီးတော့ ဝင်လာခဲ့သည်။ လွန်ခဲ့သည့် နှစ်အစိတ်လောက်က ဖြစ်ပျက်ခဲ့သည်များကို မျက်ပြက်ထင်ထင်ပင် ပြန်ပြီးတော့ မြင်ယောင်လာမိသည်။

"ဝက်ပါမြိုင်တောကြီးထဲမှာ ရှိနေကြတဲ့ တောခွေး တွေများလား၊ ဒါပေမယ့် နှစ်ပေါင်းများစွာ ကြာခဲ့ပြီ၊ သည်



www.burmeseclassic.com

www.burmeseclassic.com



တောခွေးတွေကလည်း ရှိကြမှာ မဟုတ်တော့ပါဘူး"

ဦးဖိုးချက်ကား ယခင်က မုဆိုးအလုပ်ကို လုပ်ခဲ့လေသည်။ ရွာကို ဒုက္ခပေးရန် ကြံစည်ခဲ့သော တောခွေးများကို ဝက်ပါမြိုင်တောကြီးထဲမှာ လိုက်လံသုတ်သင်ကြရာတွင် ပါဝင်ခဲ့ဖူးသည်။

ဦးဖိုးချက်သည် ယခင်က ကျွဲလူးအိုင်ရွာသားဖြစ်လေသည်။ တောခွေးဆို၍ စိတ်ဝင်စားကြသူတွေအထဲတွင် တာက်ခေါင်လေးလည်း ပါဝင်လေသည်။

"အဲသည်နားတစ်ပိုက်မှာ တောခွေးတွေလည်း ကျက်စားနေကြသကွယ့်၊ သတ္တဝါတွေကို သတ်ဖြတ်စားသောက်ကြတယ်၊ လူတွေကို တွေ့ရင်လည်း ဒုက္ခပေးတတ်ကြတယ် ဒါပေမယ့် တောခွေးတွေဟာ ပို့တစ်ထောင်တောင်ကြီးကို အလွယ်တကူ ရှာမတွေ့နိုင်ကြဘူး၊ လမ်းလွဲနေကြတယ်"

အိပ်မက်ထဲမှ မိမိနှင့်ရုပ်ချင်းဆင်တူသော အဘိုးအို၏ စကားက နားထဲကို ပြန်ပြီးတော့ ဝင်လာခဲ့လေသည်။

"အဘဦးဖိုးချက်ဟာ အရင်က မုဆိုးကြီးတဲ့၊ သူဟာ ဝက်ပါမြိုင်တောကြီးထဲမှာ အမဲလိုက်ဖူးတယ်တဲ့၊ အတွေ့အကြုံက တော်တော်များများ ရှိဖူးခဲ့မှာပဲ"

ဦးဖိုးချက်ကို တာက်ခေါင်လေးက သတိရသွားခဲ့လေသည်။

"ငါ. . သိချင်တာတွေကို သူပြောပြနိုင်မှာပဲ"

ထို့ကြောင့် ဦးဖိုးချက်နေထိုင်ရာ ရွာအနောက်ဘက်ဆီကို ထွက်သွားခဲ့သည်။





ဦးဖိုးချက်သည် တာက်ခေါင်လေး မေးသည်များကို ဂရုတစိုက်နဲ့ နားထောင်နေလျက်ရှိသည်။

"ဝက်ပါမြိုင်တောကြီးကို ကျွန်တော်က သာမာန်တောတစ်တောလောက်ပဲ ထင်ခဲ့တာ၊ အခုတော့ ထူးခြားမှုတွေအများကြီးရှိနေတာပဲနော်. . အဘ"

"အေး. . ထူးခြားမှုတွေကတော့ ရှိနေတာပဲ၊ ဒါပေမယ့် ဘယ်လိုထူးခြားမှုတွေလဲဆိုတာ လူတိုင်းမသိနိုင်ကြဘူးကွယ့်"

"တောခွေးတွေရှိနေကြတယ်ဆိုတာလောက်ကတော့ ထူးခြားတယ်လို့ မဆိုနိုင်ဘူး. . အဘ၊ အဲသည်တောကြီးဟာ လျှို့ဝှက်ချက်တွေ ရှိတယ်တဲ့၊ ပို့တစ်ထောင်တောင်ကြီးနှင့် ကျောက်နွားကိုးကောင်လည်း ရှိတယ်ဆို. . . အဘ"

"ဟေ"

ဦးဖိုးချက်သည် တာက်ခေါင်လေး၏ အမေးကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

"မင်း. . အဲဒါတွေနဲ့ ပတ်သက်ပြီး ဘယ်လိုသိနေတာလဲ ဘယ်သူက ပြောတာလဲ"

"ကျွန်တော်လည်း ကြားဖူးထားတာပဲ၊ ဘယ်သူပြောတာလဲဆိုတာကတော့ မမှတ်မိတော့ဘူး"

"အင်း. . သည်အကြောင်းတွေကို ဘယ်သူတွေကမှ မပြောကြတော့ဘူး၊ မသိကြတော့ဘူးကွယ့်၊ မင်းသိထားတာ အံ့အားသင့်စရာပါပဲလေ"

"အဘရဲ့ စကားအတိုင်းဆိုရင် တောထဲမှာ ဖြစ်ပျက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးတာတွေ ရှိလို့လား"

"ရှိရုံထင် ဘယ်ကမလဲ၊ ငါကိုယ်တိုင် ကြုံခဲ့တာကွယ့်၊ မင်း. . ဘယ်သူ့ကိုမှ လျှောက်မပြောဘူးဆိုရင် ငါပြောပြမယ်"

"အဘက လူတကာမသိစေချင်တာ ဘာကြောင့်လဲ"

"ဝက်ပါမြိုင်တောကြီးဟာ တချို့နေရာတွေမှာ ဒဏ္ဍာရီ ဆန်တယ်ကွယ့်၊ ပြောလည်း ဘယ်သူမှ ယုံကြမှာမဟုတ်ဘူး ငါတို့ကို လူကြောင်တွေလို့ ထင်ကုန်ကြမှာ ကျိန်းသေတယ်"

တက်ခေါင်လေးသည် ဦးဖိုးချက်မှာ ဇာတ်သိမ်းရှိဖူး ခဲ့သည်ဆို၍ ပိုပြီးတော့ စိတ်ဝင်စားလာခဲ့ပြီဖြစ်သည်။

"ဒါဖြင့်ရှင်လည်း ကျွန်တော့်ကို ပြန်ပြောပြပါလား. . အဘရယ်၊ ကျွန်တော်စိတ်ဝင်စားလို့ပါ"

"အေး. . . မင်းသိချင်ရင် ငါပြောပြမယ် တက်ခေါင် လေး၊ မင်းက ထူးထူးခြားခြားနဲ့ မွေးလာခဲ့တဲ့ ကလေးဆိုတာ ငါသိသပေါ့ကွယ်၊ ဒါကြောင့်မို့လို့ လူတကာအမှုမဲ့ အမှတ်မဲ့ နေနေခဲ့ကြတဲ့ ဝက်ပါမြိုင်တောကြီးကို စိတ်ဝင်စားနေကြတာ"

"အကြောင်းက ဒီလိုကွယ့်၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ် လောက်ကပေါ့၊ အင်မတန်မှ ရဲတင်းလှတဲ့ တောခွေးတစ်အုပ် စုဟာ တောထဲမှာ သားကောင်ရှာမရကြတော့ ရွာတစ်ရွာရဲ့ အနီးကို ချဉ်းကပ်လာကြပြီး ရွာတိရိစ္ဆာန်တွေကို ဖမ်းဆီးသတ် ဖြတ်စားသောက်ကြဖို့ ကြံစည်ခဲ့ကြတယ်"

ရွာထဲက ခွေးတွေကလည်း တောခွေးတွေကိုမကြောက် မရွံ့ ထွက်ပြီးတော့ ကိုက်ကြတယ်။ တိုက်ခိုက်ကြတယ်။

"သိပ်ပြီးတော့ အတင့်ရဲပြီး သော်င်းကျန်းနေကြ





တောခွေးတွေဟာ ဝက်ပါမြိုင်တောကြီးထဲမှာ နေနေကြတယ် လို့ သတင်းရတာနဲ့ လေးငါးရွာက ရွာသားတွေ စုပေါင်းပြီး လိုက်ကြတယ်၊ အဘကတော့ ရွာခံမှဆိုးကြီးပေါ့၊ လမ်းပြအ နေနဲ့ အဖော်လိုက်သွားခဲ့ရတယ်လေ"

ထိုနောက် ဦးဖိုးချက်သည် ဝက်ပါမြိုင်တောကြီးထဲ ကို ရောက်သွားကြပုံ၊ ပို့တစ်ထောင်တောင်ကြီးကို မထင်မှတ် ပဲ တွေ့ခဲ့ကြရပုံ၊ နွားသိုးကြီးများနှင့်တောခွေးများ တိုက်ခိုက် ပုံများအကြောင်းကို ပြောပြလိုက်လေသည်။ ငနက်ကြီးဟု ခေါ်သော တောခွေးနက်ကြီးသည် တောခွေးခေါင်းဆောင် ဖြစ်သည်ဟူသော အကြောင်းအရာအဖြစ်အပျက်များကို အ သေးစိတ်ပြောပြလိုက်လေသည်။

× × ×

"အဲဒါ ငါကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေပဲကွယ့်၊ ငါနှင့်အတူတူ လိုက်ပါလာကြတဲ့ ရွာသားတွေလည်း သက်ရှိ ထင်ရှား ရှိနေကြတဲ့ သူတွေကလည်း ရှိနေကြသေးတယ်၊ တ ချို့ကလည်း ပြောင်းသွားကုန်ကြပြီ၊ သေတဲ့လူတွေလည်း သေ ကုန်ကြပြီ"

ဦးဖိုးချက်သည် သူငယ်စဉ်က ကြုံတွေ့ခဲ့ရသည့် ဝက်ပါ မြိုင်တောနက်ကြီးထဲက အဖြစ်အပျက်များကို တက်ခေါင်လေး အား ပြန်ပြီးတော့ ပြောပြလိုက်လေသည်။

တက်ခေါင်လေးသည်လည်း တောခွေးနှင့်နွားသိုးတို့



www.burmeseclassic.com

www.burmeseclassic.com



၏ တိုက်ပွဲကို မိမိကိုယ်တိုင် မြင်နေရဘိသကဲ့သို့ ရင်သပ်ဖို မောနေရလေသည်။

"ကျွန်တော်ကတော့ အဘပြောတာတွေကို ယုံကြည်နေမိတယ်၊ ဒါနဲ့ . . အဘ အဲသည်နေရာကို နောက်တစ်ခေါက် ပြန်ပြီးတော့ သွားသေးသလား"

"ငါက မုဆိုးပဲကွာ၊ နည်းနည်းကြာလာတော့မှ တစ်ယောက်တည်း ထပ်သွားသေးတာပေါ့"

"ရောက်ခဲ့သေးသလား . . . အဘ"

"ဟင့်အင်း . . မရောက်ဘူးကွ၊ ငါသေသေချာချာမှတ်ထားခဲ့တာတောင် အဲသည်နေရာကို ရှာလို့ကို မတွေ့တော့ဘူး၊ ဘယ်လိုဖြစ်သလဲမသိဘူးကွာ၊ အဲသည် တစ်ခါတည်းမဟုတ်ဘူးကွ၊ နောက်ထပ် နှစ်ခါတိတိတောင် ထပ်ရှာသေးတယ်၊ မတွေ့ပါဘူးကွာ၊ ဒါနဲ့ပဲ လက်လျှော့လိုက်ရတော့တယ် လူလေးရေ"

တက်ခေါင်လေးသည် ဦးဖိုးချက်က ထိုနေရာကို မတွေ့တော့ဘူးဆို၍ အံ့အားသင့်နေမိလေသည်။ မိမိကတော့ ထိုနေရာကိုမရောက်ဘူးသေးပဲနဲ့ လမ်းကြောင်းသိနေသည်။

သို့သော် ဦးဖိုးချက်တို့ ပြောမပြပါပေ။ ပြောပြရန်လည်း ဆန္ဒကမရှိ။

"ကျွန်တော်က အသက်မြန်မြန်သာ ကြီးလိုက်ချင်တော့တယ် . . အဘရာ၊ အဘပြောတဲ့နေရာကို ရောက်အောင် သွားလိုက်ချင်တော့တယ်"

"ဟေ . . မင်းက ဘာဖြစ်လို့ သွားချင်နေတာလဲကွ"





"ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ သည်လိုပဲ စွန့်စားချင်လို့ပေါ့"

"အန္တရာယ်များပါတယ်ကွာ၊ ငါကတော့ အားမပေးချင်ဘူး . . . လူလေး"

"အဘပြောတဲ့ နွားသိုးကြီးတွေလည်း အခုအချိန်မှာ ရှိကြတော့မှာ မဟုတ်ပါဘူး၊ သေကုန်ကြရောပေါ့၊ ပို့တစ်ထောင်တောင်ကြီးဟာလည်း အဘမျက်စိလည်ပြီး ရှာမတွေ့တာပါ၊ ကျွန်တော်ရှာရင် တွေ့လိမ့်မယ်ထင်တယ်"

ဦးဖိုးချက်က ခေါင်းတညိတ်ညိတ်နဲ့ ရှိနေလေသည်။

"အင်း . . . မင်းက စွန့်စားချင်တဲ့စိတ် ရှိနေတာကိုးကွယ့်၊ သည်လိုစိတ်မျိုးရှိတာ ကောင်းတယ်၊ ဒါမှ ယောကျ်ားပီသမယ်၊ ငါတစ်ခုတော့ မှာချင်တယ်၊ အချည်းနှီးစွန့်စားတာမျိုးကိုတော့ ရှောင်ပါ၊ အကြောင်းရှိလို့ သွားရမှာ၊ စွန့်စားရမှာမျိုးကိုတော့ ငါလက်ခံတယ်"

"ဟုတ်ကဲ့ . . အဘ၊ ကျွန်တော်မှတ်သားထားပါ့မယ်"

"အေး . . . လောလောဆယ် ဝက်ပါမြိုင်တောစပ်မှာ သောခွေးတစ်အုပ်စုကို တွေ့တဲ့လူတွေက တွေ့ခဲ့ကြတယ်၊ သည်သောခွေးတွေဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ သည်ဘက်ကို ရောက်လာခဲ့ကြတာလဲ၊ မင်းတို့အားလုံး သတိထားကြရမယ်"

"ဒီလောက်တောင် အရေးကြီးသလား . . . အဘ"

"အရေးကြီးရင်လည်း ကြီးနိုင်တယ်၊ သူ့ဘာသာသူ တောထဲကိုပြန်ပြီး ဝင်သွားရင်တော့ ပြဿနာမရှိနိုင်ဘူးပေါ့ကွာ ဟိုတစ်ခါလို ဖြစ်မှာစိုးလို့ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ခဲ့ဖူးလို့လဲ. . . အဘ"

"ငါပြောခဲ့ပြီးပြီပဲ၊ တောခွေးတွေက ရွာထဲဝင်ဖို့ ကြိုးစားခဲ့တာလေ၊ ရွာထဲက ခွေးတွေရော၊ ရွာသားတွေပါ ဝိုင်းပြီးတော့ တိုက်ကြရတာလေ၊ အဲသလိုမျိုး ဖြစ်ခဲ့ရင်. . ."

တက်ခေါင်လေးသည် ဦးဖိုးချက်၏ စကားကြောင့် တွေဝေသွားခဲ့ရလေသည်။

!!!!!





## အခန်း-၉

## တစ်ကျော့ပြန် အန္တရာယ်ကောင်များ

အချိန်ကား အကာလ. . .။

မှိုင်းလုံးရွာတစ်ရွာလုံးသည် အိပ်မောကျနေလျက်။

လမိုက်ည၏ အလင်းရောင်သည် ကမ္ဘာမြေပြင်ပေါ် ပြန့်နှံ့စွာပင် ပက်ဆမ်းထားသည်။ ကြယ်ရောင်ကလေးများသာ ကောင်းကင်ထက်မှာ လင်းလက်နေလျက်ရှိသည်။

ရွာစည်းရိုးပတ်ပတ်လည်မှာ မြင့်မားသော ကင်းတဲကြီးများကို ဆောက်လုပ်ထားသည်။ နောက်ထပ် တိုးလာကြသော ကင်းတဲက နှစ်ခု။ သူခိုးဓားပြများ၏ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန်ထက် တောခွေးများ၏ အခြေအနေကို စောင့်ကြည့်ရန်ဖြစ်သည်။

သူကြီးတစ်ဦး၏ အမိန့်ကြောင့် ရွာကာလသားများ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကင်းစောင့်နေကြရသည်မှာ သုံးရက်ခန့်ရှိပြီဖြစ်သည်။ အဖွဲ့လိုက် လူးလဲပြီးတော့ တာဝန်ယူနေကြရသည်။

အချို့ကတော့ မသေချာ၊ မရေရာသော ကိစ္စမို့ မိမိတို့ကို သူကြီးက တမင်ဒုက္ခပေးနေသည်ဟု ယူဆထားကြ၏။ မကျေနပ်ကြပေ။

"တောခွေးအန္တရာယ်တဲ့ကွာ၊ တောခွေးတွေက သူတို့ဟာသာသူတို့ တောထဲမှာနေနေကြတာ၊ ရွာထဲကို ဘာလာလုပ်ကြမှာလဲ၊ သက်သက်မဲ့ အလုပ်ပေးတယ်ကွာ"

"ဟုတ်တယ်၊ ငါတို့ကို တမင်ညှင်းတာပဲကွ"

"သည်လိုလည်း မဟုတ်သေးဘူးလေ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူးတယ်၊ ဝက်ပါမြိုင်တောကြီးထဲက တောခွေးတချို့ဟာ ရွာတစ်ရွာကို ဝင်ရောက်တိုက်ခိုက်ကြဖူးတယ်တဲ့၊ သည်တောခွေးတွေဟာ ရဲတင်းရက်စက်လွန်းကြတယ်တဲ့"

"ရွာသားတွေသာ ဝိုင်းပြီးတော့ မခုခံကြရင် ရွာထဲအထိဝင်ပြီးတော့ သောင်းကျန်းကြမလားပဲ"

"မဖြစ်နိုင်တာကွာ၊ ဘယ်တောခွေးမှ အစုလိုက်၊ အဖွဲ့လိုက် ရွာထဲကိုဝင်ပြီးတော့ မတိုက်ခိုက်ကြဘူး၊ ရောက်လာလည်း တစ်ကောင်နှစ်ကောင်ပေါ့၊ တမင်ချဲ့ကားပြီး ပြောကြတာ၊ အဲသည်အချိန်တုန်းက ငါတို့ကို မွေးတောင်မမွေးသေးဘူး"

"လူကြီးတွေက အကြောင်းရှိလို့ သတိပေးတာ၊ တမင်လုပ်ကြံပြီးတော့ ပြောစရာ ဘာအကြောင်းမှမရှိဘူး၊ တချို့





အတွေ့အကြုံရှိထားကြတယ်၊ ဘယ်သူကမှ မင်းတို့ကို တမင်ညှဉ်းပမ်းပြီး နိုင်လိုမင်းထက်နဲ့ ခိုင်းထားတာ မဟုတ်ဘူး၊ လိုအပ်လို့ပဲမှတ်၊ သဘောပေါက်၊ ကိုယ်ထင်ရာတွေ လျှောက်ပြောမနေနဲ့"

ရွာလူကြီး တစ်ယောက်က ဝင်ပြီး ငေါက်ငမ်းလိုက်သောမှ လူငယ်များလည်း ငြိမ်ကျသွားခဲ့ကြလေသည်။

ဤသို့ဖြင့် ညကာလကို ရောက်ခဲ့သည်။

ကင်းတာဝန်ကျသူများက ထိုညအတွက် မကျေ
တာ အောင့်သက်သက်နဲ့ စောင့်နေကြရလေသည်။

× × ×

"ဝူး . . အူး . . အူး . . ."

ခပ်ဝေးဝေးမှ တောခွေးတစ်ကောင်၏ အူသံကို ကြ
ကြရလေသည်။ အချို့ ကင်းသမားများကား အိပ်ငေ
ကြပြီဖြစ်၏။ မအိပ်ကြသေးသော ကင်းသမားများကား
အသံကို ကြားလိုက်ကြရလေသည်။

"ဟေ့ကောင် . . မင်းကြားလိုက်သလား"

တစ်ယောက်က အနီးမှ ကင်းသမားကို တတောင်နဲ့
ပြီးတော့ မေးလိုက်လေသည်။

"အေး . . ကြားတယ်ကွ၊ အဝေးကြီးပါကွာ၊ ဒါနဲ့ တော
တော ဟုတ်ရဲ့လားကွာ၊ ရွာထဲက ခွေးတွေ အပြင်ကို
နေတာလည်း ဖြစ်နိုင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ရွာခွေးဟောင်သံနဲ့ မတူဘူးကွ၊ သူက ပို ပြီးတော့ အသံဆွဲတယ်၊ အကြာကြီးပဲ၊ အချက်ပေးသံဖြစ်နိုင် တယ်ကွ၊ ငါ . . တောခွေးတွေရဲ့ အကြောင်းကို သိထားတဲ့လူ တွေကို မေးစမ်းထားဖူးတယ်"

"အေး . . အချက်ပေးပြီး အူတယ်ဆိုရင်လည်း သား ကောင်တွေလို့ ဖြစ်မှာပေါ့ကွာ၊ သူတို့ကိစ္စကို တောထဲမှာ ရှင်း ပါလိမ့်မယ်"

"မင်းထင်တာလည်း မှန်နိုင်တာပါပဲ၊ ဒါပေမယ့် ငါ ့မှာတော့ တစ်မျိုးကြီးပဲကွ၊ အခြေအနေကို စောင့်ကြည့် မှာပဲကွ"

ကင်းတဲခြောက်ခုစလုံးမှ ကင်းသမားများသည်လည်း သံကြောင့် နိုးကြားလျက်ရှိကြလေသည်။

တက်ခေါင်လေးသည် ရွာမြောက်ထောင့်က ကင်းတဲ မှာ ရှိနေသည်။ လူလေးယောက်မှာ တစ်ယောက်အပါအ ၊ ထိုနေရာသည် မှောင်ရိပ်ကျပြီး ရွာမှ နှစ်ဖာလုံခန့်သာ သာဝက်ဘာမြိုင်တောနဲ့လမ်းကြောင်းပို၍ ကျသည်။ကင်း င်က မြင့်သည်။ ကင်းသမားလေးယောက် ရှိသည့်အနက် က်ခေါင်လေးက အငယ်ဆုံးဖြစ်သည်။

မိခင်နှင့်ဖခင်က အတန်တန် တားနေသည့်ကြား ကင်းစောင့်တာဝန်ကို ယူလိုက်ခြင်းပင်ဖြစ်သည်။

"ငါ့သားက ငယ်ပါသေးတယ်၊ ကင်းတာဝန်ကို အဖေ ယူမှာပေါ့ကွယ်၊ သားမသွားပါနဲ့"

"အဖေပဲပြောတယ်လေ၊ ငါ့သားက အသက်သာငယ်





ယ် လူကောင်ကတော့ ကျားကိုးစီး စားလို့မကုန်နိုင်ဘူးဆို"

"ကင်းသမားဆိုတာ နိုးကြားရတယ်ကွ၊ အအိပ်မမက် ဘူး အိပ်ရင်လည်း အလှည့်ကျအိပ်ရတယ်"

"ကျွန်တော် . . နေ့ခင်းဘက် အိပ်ထားမယ်လေ၊ ည ကျတော့ မအိပ်ချင်တော့ဘူးပေါ့"

တက်ခေါင်လေးက ကင်းစောင့်ရန် ဆန္ဒပြင်းပျနေ ကြောင့် သတိအထပ်ထပ်ပေးပြီး လွှတ်လိုက်ရလေသည်။

× × ×

ခွေးအူသံ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင် ပ်ရှိ အမှောင်ရိပ်ထဲမှာ မည်းမည်းသဏ္ဍာန်များက လှုပ် ခဲ့ကြလေသည်။ ရောရောနှောနှော မဟုတ်ဘဲ တစ် ချင်း သစ်ပင်များ၊ ချုံကွယ်များဆီကို ပြေးကပ်လိုက်ကြ ဟူးသည့်ပုံနဲ့ ရှိနေကြသော တောခွေးများပင်တည်း။

အဟိတ်တိရစ္ဆာန်ပင် ဖြစ်လင့်ကစား လူတွေလောက် ဉာဏ်ရည်ဖွံ့သွားသည်။ အစုလိုက်၊ အပြုံလိုက်တက် လျှင် လူတွေ သိသွားမည်ကို စိုးသောကြောင့်ပင်။

တက်ခေါင်လေးသည် လုံးဝကို အိပ်ငိုက်ခြင်းမရှိပါ။ ကနေ အပြင်ကို ငေးရီပြီးတော့ ကြည့်နေလျက်ရှိ အဖော်သုံးယောက်ကတော့ တက်ခေါင်လေးကို အ ထားပြီး စိတ်ချလက်ချပင် အိပ်နေကြလေပြီ။ ဟန်းဟောင်မ င်နိုင်ကြတော့။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် တက်ခေါင်လေး၏ မျက်လုံးအစုံလည်း အှ
ကို ရောက်သွားခဲ့လေသည်။ ညအမှောင်မှာပင်လျှင် ကော
စွာ မြင်တတ်သော မျက်လုံးများပေမို့ လှုပ်ရှားမှုများကို မမှေ
လင့်ပဲ မြင်လိုက်ရလေသည်။

"ဟင်"

အကောင်ငယ်များက ဟိုပြေးကပ်၊ ဒီပြေးကပ်နဲ့ မိ
တို့၏ ရွာဘက်ဆီကို ရွေ့လျားကာ လာနေကြသည်။

"မဟုတ်မှလွဲရော၊ တောခွေးတွေဆိုတာပဲ ဖြစ်ရမယ်

ရင်ထဲမှာ ထိတ်ကနဲဆို ဖြစ်သွားခဲ့ရလေသည်။

ထို့ကြောင့်. . . အနီးဆုံးလူကို လှုပ်ကာနှိုးလိုက်လေ
သည်။ လေသံဖြင့်. . .။

"ထကြဗျို့၊ တောခွေးတွေ"

အအိပ်ဆတ်ကြသောသူများပေမို့ ချက်ချင်းလိုလို
အားလုံးနိုးကုန်ကြသည်။

"ဘယ်မှာလဲ၊ ဘယ်မှာလဲကွ"

လေသံဖြင့် အချင်းချင်းမေးကြရာ တက်ခေါင်လေ
က နှုတ်မှမဖြေဘဲအပြင်ကို လက်ညှိုးထိုးပြလိုက်လေသည်

မျက်လုံးတွေက တက်ခေါင်လေး ညွှန်ပြသည့်
ရောက်သွားခဲ့ကြသည်။ မနည်းကြီး စူးစိုက်ပြီးတော့ကြ
ရွာဘက်ဆီကို ပြေးလာခဲ့ကြသော သတ္တဝါကောင်လေ
ကို တွေ့လိုက်ကြရလေသည်။

"ဟာ. . ဟုတ်တယ်၊ တောခွေးတွေပဲ၊ သည်ကေ
တွေ ရွာကို ပတ်ဖြန့်ပြီးတော့ တက်လာနေကြတာ၊ ဟို



ဘင်းစင်ပေါ်က လူတွေလည်း သိမှသိကြပါ့မလားမသိဘူး"

"အေးကွ၊ သံချောင်းခေါက်ပြီး အချက်မပေးဖို့ သတိ
ပေးထားလို့သာပေါ့ကွာ"

"တောခွေးတွေ ကြောင်လန့်သွားအောင် တိုက်ခိုက်
ကြမယ့် ရည်ရွယ်ချက်ကတော့ ကောင်းပါတယ်၊ ဒါပေမယ့်
အန္တရာယ်ကြီးတယ်၊ သင်းတို့က ဘယ်လောက်များနေလဲမသိ
ဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ၊ လက်နက်တွေကိုတော့ ပြင်ဆင်
ထားကြပေါ့၊ ရွာထဲကိုဝင်ပြီး အိမ်မွေးတိရိစ္ဆာန်တွေကိုများဆွဲ
လေား၊ လူတွေကိုများ ရန်ရှာကြမလို့လားမသိဘူး"

လေသံနှင့်သာ ပြောနေကြသော်လည်း တက်ခေါင်
လေးမှာ သူတို့ပြောနေကြသည့် စကားများကို စိတ်မဝင်စားမိ။
တောခွေးများဆီကိုသာ အာရုံက ရောက်နေမိလေသည်။ သွေး
ကြောထဲမှ သွေးများသည်လည်း ဆူပွက်လာခဲ့လေ၏။

x x x

တောခွေးများသည် လူများ၏ စိတ်ကူးနှင့်အကြံအ
စည်ကို သိနေကြဟန်တူသည်။ အားလုံး တစ်စုတစ်ဝေးတည်း
တစ်ပြုံတည်း တက်မလာကြဘဲ ဖြန့်ပြီးတော့ တက်လာခဲ့ကြ
လေသည်။ လူများ အလုပ်ရှုပ်ကုန်စေရန် ရည်ရွယ်ကြဟန်
တူသည်။

ဆာလောင်မွတ်သိပ်နေကြသော တောခွေးများသည်



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်တွေကို ဖြဲဟထားကြကာ လျှာတွေထွက်ပြီး သွားရည်တွေ တမျှားမျှားနဲ့ ကျနေကြသည်။ တဟဲဟဲနဲ့ ဝမ်းထဲမှ အသံများက ဖေါ်နေကြသည်။

ကင်းစင်မြင့်များထက်မှ ကင်းသမားများသည် တောခွေးများ လာနေကြသည်ကို မြင်နေကြရသည်။ လေးမြားများကို အဆင်သင့်ပြင်ဆင်ထားကြလေသည်။ ရွာထဲတွင် လက်ဖြောင့်လေးသမားများ လေးငါးဆယ်ယောက်ခန့် ရှိထားကြသည်။

ထိုသူများသည် ရွာထဲကို တောခွေးများ ဝင်ရောက်နှောင့်ယှက်နိုင်ကြသည်ဟု မထင်မိခဲ့ကြ။ လူကြီးသူမတွေ ဇီဇာကြောင်ပြီးတော့ ပြောခဲ့ကြသည်ဟုသာ ထင်မိခဲ့ကြလေသည်။ ယခုတော့ မှန်နေလေပြီတည်း။

ရွာသူရွာသားများကိုလည်း ဆက်သားများစေလွှတ်ပြီး သတိပေးထားသည်။ အိမ်တံခါးများကိုလည်း လုံလုံခြုံခြုံပင် ပိတ်ထားကြလေသည်။ သို့သော် မည်သူမှ မအိပ်ဖြစ်ကြတော့ပါ။ ယောကျ်ားကြီးများသည် တုတ်၊ ဓား၊ လှံလက်နက်မျိုးစုံနှင့်စောင့်ကာနေကြသည်။ တိုးတိုးစကားများကိုသာ ပြောနေကြသည်။ ကလေးငိုသံပင် ထွက်ပေါ်မလာအောင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေကြလေသည်။

× × ×

အားလုံးထက် ကိုယ်လုံးကိုယ်ထည်ပို၍ ကြီးမားသော





တောခွေးနက်ကြီးတစ်ကောင်သည် ရွာမြောက်ထောင့် ဘင်းတဲဘက်ဆီကို ဦးတည်ပြီးတော့ ပြေးလာနေလေသည်။

"ဟာ. . . သည်တောခွေးကြီးက တော်တော့်ကို ကြီးပါလားကွ၊ ခေါင်းဆောင်ခွေးကြီးနဲ့တူတယ်ဟေ့"

တစ်ယောက်နှင့်တစ်ယောက် တိုးပြီးတော့ ပြောလိုက်ကြလေသည်။ တက်ခေါင်လေးသည် ထိုတောခွေးကြီးကို ထင်ရှားစွာ မြင်လိုက်ရသည်နှင့်ခွေးနက်ကြီးတစ်ကောင် ဖြစ်နေသည်ကို သိလိုက်ရလေသည်။

"ဟင်. . . ခွေးနက်ကြီး"

ဦးဖိုးချက်ပြောသည့် ခွေးနက်ကြီးပဲလားဟု ထင်မိလိုက်လေသည်။ တစ်ဖန် ပြန်ပြီးတော့ တွေးမိသည်က. . .။

"အဘဦးဖိုးချက် ကြုံဖူးခဲ့တဲ့ ခွေးနက်ကြီးက နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီပဲ၊ ခုနေမှာ ရှိတော့မှာ မဟုတ်ပါဘူးဟု၍။

တောခွေးများသည် ရွာကို လေးဖက် လေးတန် ဝိုင်းပြီးတော့ တက်လာခဲ့ကြခြင်းဖြစ်သည်။ ကောင်ရေများပြားလှသည်။ သူတို့ကို မည်သူကမှ စောင့်ကြည့်မနေကြဟု ထင်နေမိကြသည်။ အမှောင်အကွယ်မှာ စောင့်ကြည့်နေကြသော သူတွေကိုတော့ မမြင်ကြ။

သူတို့သည် အစာဟူသော ဇောထက် တမင်ပင် ဖျက်ဆီးနှောင့်ယှက်လိုသောသဘောဟု အချို့က သဘောပေါက်နားလည်သွားခဲ့ကြလေသည်။ တောထဲတွင် သူတို့၏ ဝမ်းရေးအတွက် ဤမျှအထိ အစာမရှားတန်ရာ။ သို့ဖြစ်၍ ဤရွာဘက်ဆီကို အနှောင့်အယှက်ပေးကြရန် ရောက်လာခဲ့ကြပါ



www.burmeseclassic.com

www.burmeseclassic.com



လဲ။

တောခွေးများ ရွာစည်းရိုးနားသို့ ကပ်လာခဲ့ကြသည် တမဟုတ်ချင်းပင် မီးရောင်တွေက ထွက် လာခဲ့ကြလေ ည်။ ရွာစည်းရိုးထိပ်များနှင့်ကင်းမျှော်စင်မြင့်ကြီးများပေါ်မှ ဘုတ်များကို ထွန်းညှိလိုက်ကြခြင်းပင်တည်း။

ထိုအခါ လူတို့၏ ပရိယာယ်ကို နားမလည်နိုင်ကြ ာ တောခွေးများသည် ရုတ်တရက် လန့်ဖြန့်သွားခဲ့ကြ၏။ ုးလာကြသည့် အရှိန်ကို ရပ်တန့်ပစ်လိုက်ကြလေသည်။ ာခွေးတွေ အံ့အားသင့်သွားကြစဉ်မှာ. . . ။

ဝှစ်. . . ။

ဝှစ်. . . ။

မြားတံတွေက လေကိုခွင်းကာ တမဟုတ်ချင်းပင် ာက်လာခဲ့ကြသည်။ ခွေးတချို့ကို ထိမှန်သွားခဲ့ကြလေ၏။ သစ်မှာ မထင်မှတ်ဘဲခံလိုက်ရသည့်အတွက် တောခွေးများ လည်စင်းပြီးတော့ ခံလိုက်ကြရသည်။ အချို့သာ နောက် ာင်းကို လှည့်ပြီးတော့ ပြေးကြသည်။

မြားတံတွေက တောခွေးတွေကို ထိရောက်စွာပင် ကြသလို ဝါးချွန်များကလည်း လေထဲမှာ ဝီခေါ်ကာ တစ် ာင်းပြီးတစ်ချောင်း ရောက်လာခဲ့ကြလေသည်။

အူး. . . ဝူး. . . ။

တောခွေးများ၏ နာကျင်စွာ အော်ဟစ်သံ၊ ဒေါသတ နဲ့ မာန်ဖီသံများက ထွက်ပေါ်လာခဲ့ကြလေသည်။ တစ် ာင်ပြီးတစ်ကောင် အလူးအလဲကို ခံနေကြရသည်။





"ဟေး. . . မှိုင်းလုံးရွာသားတွေအကြောင်းကို သိပြီ လားကွ"

ရွာသားများ၏ ကြွေးကြော်အော်ဟစ်သံများက အား တက်ကာ ထွက်ပေါ်လာခဲ့ကြလေသည်။ ကင်းစင်များပေါ်မှ တိုက်ခိုက်နေကြသော လူများသည် အားမလိုအားမရဖြစ်နေ ကြသည်။ အောက်ကို ဆင်းပြီးတော့ တိုက်ခိုက်လိုစိတ်များ ဖြစ်ပေါ်လာခဲ့ကြလေသည်။

ရွာထဲမှ လူများသည် အပြင်ဘက်မှ တောခွေးများ၏ အော်သံများကို ဆူညံစွာပင် ကြားနေကြရလေသည်။ ကောင် ရေများပြားသည်ကို စိတ်မှန်းနှင့်ပင် သိနိုင်သည်။ ရွာထဲကို များ ခုန်ကျော်ပြီး ဝင်လာခဲ့ကြလေမည်လားဟု ရင်တထိတ် ထိတ်နဲ့ ရှိနေကြရလေသည်။

! ! ! ! !



www.burmeseclassic.com

www.burmeseclassic.com



# အခန်း— ၁၀

## ငနက်ကြီး ရွာထဲရောက်လာခြင်း

တောခွေးတွေက အုန်းအုန်းထလျက် ရှိနေကြလေ
ည်။ ကင်းစင်မြင့်ပေါ်မှ ပစ်ခတ်တိုက်ခိုက်နေကြသောသူ
ျားသည်လည်း မနိုင်ကြတော့ပေ။ မြားတံ၊ ဝါးချွန်များသည်
ည်း ကုန်သလောက်ဖြစ်လာခဲ့ကြလေပြီ။

ထို့ကြောင့် ဆက်သားအချို့ကို စေလွှတ်ပြီး အကူအ
ှီတောင်းကြရလေသည်။

"ဗျို့ . . . တောခွေးတွေက တော်တော်များကြတယ်၊
ွာထဲက လူတချို့ ရွာစည်းရိုးပတ်ပတ်လည်က စောင့်ကြပ်ပြီး
ိုက်ခိုက်ကြပါ"

မည်သူမှ ရွာပြင်ကို မထွက်ကြဘဲ မီးတုတ်များကို ပို
ုံးတော့ ထွန်းညှိကြသည်။ ထိုနောက် လေးဖက် လေးတန်





ကာရံထားသော ရွာစည်းရိုးများဆီကို ပြေး၍ကပ်ကြလေ၏။
နောက်ပိုင်းမှာ ဝါးများကိုခုတ်ကြကာ မြားတံများပြုလုပ်သူက
ပြုလုပ်ကြ၊ ဝါးချွန်များလုပ်သူက လုပ်ကြနဲ့ ကျန်ရစ်ခဲ့ကြလေ
သည်။ လူသူအသံတွေကြောင့် ကလေးတွေလည်း လန့်ပြီး
တော့ နိုးလာခဲ့ကြသည်။ အထိတ်တလန့်နဲ့ ငိုကုန်ကြလေပြီ။

သို့ရှိခိုက် ရွာမြောက်ထောင့်တစ်နေရာမှ လှုပ်ရှားမှု
တစ်ခု။ အဝေးကနေ တဟုန်ထိုး အပြေးလာနေသော မည်း
မည်းသတ္တဝါတစ်ကောင်။ ကင်းစင်မြင့်ကြီးနှင့်မလှမ်းမကမ်း
သို့ ရောက်လာသည်။ တက်ခေါင်လေးသည် စောစောက
တည်းက ထိုသတ္တဝါကို စူးစိုက်ပြီးတော့ ကြည့်နေလျက်ရှိသည်။
စိတ်ဝင်စားနေသည်။ ဦးဖိုးချက်ပြောသော ငနက်ကြီးပဲဆိုတာ
ကို ရိပ်စားမိပြီးဖြစ်လေသည်။

ငနက်ကြီးသည် လွှားကနဲဆို ခြံစည်းရိုးကို ခုန်ကျော်
ပြီးတော့ ဝင်လာသည်။

"ဟိုက်"

တက်ခေါင်လေး၏နှုတ်မှ ဟိုက်ကနဲဆို ဖြစ်သွားခဲ့ရ
လေသည်။ သူ့ဘေးမှ လူသုံးယောက်သည်လည်း တောခွေး
နက်ကြီး ခုန်ဝင်လာသည်ကို တပြိုင်တည်းပင် မြင်လိုက်ကြရ
လေသည်။

တက်ခေါင်လေးသည် ရုတ်တရက် နေရာမှ ထလိုက်
လေသည်။

"ဟိတ် . . . တက်ခေါင်လေး၊ မင်းဘယ်သွား"

ဘေးမှ အဖော်များက တက်ခေါင်လေး၏ အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် အံ့အားသင့်သွားခဲ့ကြလေသည်။

သို့သော် တက်ခေါင်လေးကတော့ နောက်ကနေလှမ်းပြီးတော့ သတိပေးလိုက်သည်ကို မကြားတော့။ ကင်းတဲပေါ်မှ အောက်ကို ခုန်ချလိုက်လေသည်။

"ဟင်"

"ဟာ. . တက်ခေါင်လေး၊ မင်း. . ဘယ်လို"

စကားပင်မဆုံးလိုက်ပါ။ တက်ခေါင်လေးက အောက်ကို ရောက်သွားခဲ့လေပြီ။ တစ်ယောက်က စိုးရိမ်ပြီး အောက်ကို ငုံ့ကြည့်လိုက်လေသည်။ မြေပြင်ပေါ်ကို ခွေးကျများကျသွားလေသလားဟု တက်ခေါင်လေး၏ အပြုအမူသည် မိုက်ရူးရဲဆန်လှသည်ဟု ထင်မိသည်။

သို့သော်. . .။

"ဟာ. . . ငါ့လခွေး"

အံ့အားသင့်သွားမိသည်။ တက်ခေါင်လေးသည် ဖက်ရွက်လေးတစ်ရွက်ပမာ ပေါ့ပါးစွာ ကျသွားသည်။ ဒူးအစုံပင် ညွှတ်မသွားခဲ့ပေ။ ထို့ကြောင့် အံ့အားတသင့်နဲ့ ငါ့လခွေးဖြစ်သွားခဲ့ရခြင်းပင်။

တက်ခေါင်လေးသည် လေ၏ လျှင်မြန်ခြင်းနှင့်အတူ နေရာမှ ပြေးထွက်သွားခဲ့သည်။ စောစောက တောခွေးနက်ကြီး ခုန်ကျော်ကာ ဝင်လာသော နေရာဆီသို့ပင်။

"တက်ခေါင်လေး. . ဘာဖြစ်သွားသေးလဲကွ"

"ဘာမှမဖြစ်ဘူး. . ဟကောင်ရေ့၊ သည်ကောင်ကျသွားပုံက မှိုလေးတစ်မျှင် လွင့်ပြီးတော့ ဝဲကျသွားသလိုပဲ၊ အံ့





ရောပဲကွာ"

"ဘယ်ဘက်ကို ထွက်သွားသလဲ"

"စောစောက တောခွေးနက်ကြီး ခုန်ကျော်ပြီးဝင်လာတဲ့ နေရာဆီကိုပဲကွ"

"ဟာ. . . တက်ခေါင်လေးကတော့ကွာ"

×××

တက်ခေါင်လေးသည် ခြေဖဝါးနှင့်မြေပြင်မထိခမန်း ပြေးထွက်သွားသည်။ ရွာထဲမှာလည်း မီးတုတ်တွေက နေရာအနှံ့ ထွန်းထား၍ ထိန်ထိန်ငြိးလျက်ရှိနေလေသည်။

"ဟိတ်. . . တက်ခေါင်လေး၊ ဘာတွေ အရေးကြီးသောတာလဲကွ"

"တောခွေးတွေ ရွာထဲဝင်လာကြပြီ၊ သတိထားကြဗျို့၊ တံခါးတွေကို လုံခြုံအောင် ပိတ်ထားကြ"

တစ်ယောက်က မေးသည်ကို အပြေးအလွှားပင်ဖြေသွားသည်။ နောက်သို့ပင် လှည့်မကြည့်နိုင်။ ခွေးနက်ကြီးခုန်ကျော်ကာ ဝင်သွားသော နေရာကိုရောက်သွားသည်။ ထိုနေရာတွင် မီးတုတ်သုံးလေးခုကို ထွန်းညှိထားသည်။ ခွေးနက်ကြီး၏ အရိပ်အယောင်ကိုသော်မှမမြင်ရ။

သို့သော် တက်ခေါင်လေး၏ မျက်လုံးတွေသည် မြေပြင်တစ်နေရာဆီကို ရောက်သွားခဲ့သည်။ ခြေရာများပင်တည်းစေးကပ်သော မြေပျော့ပျော့မှာ ခြေရာများကို တွေ့လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခြေရာတွေ. . ရှာခွေးတွေရဲ့ ခြေရာတွေတော့ မဖြစ်နိုင်ဘူး၊ သည်ခြေရာတွေက ပိုပြီးတော့ကြီးတယ်၊ နက်ကြီးရဲ့ ခြေရာတွေပဲ ဖြစ်ရမယ်"

သာမာန်ခွေးများထက် ပိုပြီးတော့ အကောင်အထည်ကြီးမားသော တောခွေးကြီးကို မျက်လုံးထဲမှာ ပိုပြီးတော့ မြင်ယောင်လာခဲ့မိလေသည်။

ယင်းခြေရာများ ဦးတည်ပြီးတော့ သွားရာလမ်းကြောင်းသည် မိမိတို့၏ အိမ်တန်းဘက်ဆီသို့ ဖြစ်နေသည်။ ထို့ကြောင့် မနားဘဲဆက်၍ လိုက်သွားခဲ့လေသည်။

× × ×

တောခွေးနက်ကြီးသည် ရွာထဲကို ရောက်လာခဲ့သည်နှင့် တောက်လျှောက်ပင် ပြေးလာခဲ့သည်။ သူဦးတည်ရာလမ်းကြောင်းမှာ တက်ခေါင်လေး၏ အိမ်ဘက်ဆီသို့ပင်တည်း။

ဦးဖိုးထယ်နှင့်ရွာသားသုံးလေးယောက်သည် ရွာလမ်းထိပ်မှာရှိနေကြသည်။ လက်ထဲမှာ လှံရှည်၊ ဝါးချွန်များနှင့် တုတ်၊ ဓားများကို ကိုင်ဆောင်ထားကြသည်။ အပြင်ဘက်မှ တောခွေးအော်သံများ၊ ညည်းသံများ၊ လူတွေအော်ဟစ်သံများကြောင့် အသည်းတယားယားနဲ့ ရှိနေကြလေသည်။

"ကျုပ်တို့ တစ်သက်မှာ တောခွေးတွေ သောင်းကျန်းကြတာ နှစ်ခါကြုံဖူးခဲ့ပြီးပြီ၊ တစ်ခါက တခြားရွာက ခုတစ်ကြိမ်





ဘတော့ ငါတို့ရွာပဲ၊ ဘယ်လိုကြောင့်လဲတော့ မသိဘူး"

"ဟုတ်တယ်. . ဦးထယ်၊ ဒါ. ဟိုးအရင်က တောခွေးတွေ မဖြစ်နိုင်ပါဘူး၊ အခုမှ ပေါက်ဖွားတဲ့ တောခွေးတွေပဲဖြစ်ရမယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်ကလည်း တောခွေးအုပ်စုထဲမှာလည်း တောခွေးနက်ကြီးတစ်ကောင်ပါလာတယ်တဲ့၊ အခုလည်း ဝက်ပါမြိုင်တောစပ်မှာ တောခွေးနက်ကြီးတစ်ကောင် ပါလာတယ်လို့ သတင်းရ. . ."

ထိုသူသည် စကားကို ဆက်မပြောဖြစ်တော့ပဲ ရုတ်တရက် ရပ်တန့်သွားခဲ့ရလေသည်။ အကြောင်းမှာ ရှေ့မှာ မည်းမည်းသဏ္ဍာန်တစ်ခုသည် ဖြတ်ပြေးသွားသောကြောင့်ပင်တည်း။

"ဟာ. . . ဦးထယ်၊ ဟိုမှာ. . . တောခွေးနက်ကြီး"

"ဟုတ်တယ်. . တောခွေးနက်ကြီး၊ သည်ကောင်ကြီး ရွာထဲကို ဘယ်လိုဝင်လာတာလဲမသိဘူးဗျို့"

"ဦးထယ်တို့ အိမ်ဘက်ကို သွားနေတာဗျ၊ လာ. . . လိုက်ကြရအောင်"

တောခွေးနက်ကြီး၏နောက်ကို တစ်ယောက်မကျန် ပြေးလိုက်သွားခဲ့ကြသည်။ တောခွေးနက်ကြီးသည် လျှင်မြန်စွာပင် ပြေးသွားနေသည်။ ထိုနောက် အံ့အားသင့်စရာကောင်းသော အပြုအမူတစ်ခုကိုမမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။

တောခွေးနက်ကြီးကား ဦးဖိုးထယ်၏ ခြံထဲကို တစ်ချက်တည်းနဲ့ ခုန်ကျော်ကာ ဝင်လိုက်သောကြောင့်ပင်တည်း။

"ဟာ. . ဦးထယ်တို့ရဲ့ ခြံထဲကို ဝင်သွားပြီဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထယ်သည် ခွေးနက်ကြီး၏ အပြုအမူကြောင့် အံ့အားသင့်သွားခဲ့ရလေသည်။

"မဖြစ်ဘူး၊ မြန်မြန်လာကြဗျို့"

ဦးဖိုးထယ်က ဦးဆောင်ပြီးတော့ ရှေ့ကနေ ပြေးထွက်သွားသည်။ နောက်က လူတွေလည်း လိုက်သွားခဲ့ကြလေသည်။

"အိမ်ထဲမှာ မနှင်းခင်တစ်ယောက်တည်း၊သည်ကောင်ကြီးက ဘာအန္တရာယ်အယှက်များ ပေးဦးမလို့လဲမသိဘူး"

အိမ်ရှေ့ကပြင်ပေါ်ကို ရောက်သွားသော ခွေးနက်ကြီးသည် တံခါးကို ကုပ်ခြစ်ကာ ဖွင့်ရန်ကြိုးစားသည်။ ကျွန်းတံခါးကို လက်နှင့်တဘုန်းဘုန်း အသံမြည်အောင် ထုသည်။ သွားနှင့်ကိုက်သည်။ မရသော် မာန်ဖီလျက်ရှိသည်။

အိမ်ထဲမှာကား ဒေါ်နှင်းခင်တစ်ယောက်တည်း ထူးခြားစွာ ထွက်ပေါ်လာသော အသံများကြောင့် ဒေါ်နှင်းခင်မှာ မျက်လုံးတွေ ဝိုင်းစက်သွားခဲ့ရသည်။

"ဘာသံပါလိမ့်၊ ဟေ့. . . ဘယ်သူလဲ"

အိမ်ထဲက အသံပြုလိုက်ရာ တောခွေးနက်ကြီးမှာ ပို၍ပင် မာန်ဖီကာ တံခါးကို ကုပ်ခြစ်နေလေတော့သည်။ ဝမ်းခေါင်းထဲမှ ထွက်ပေါ်လာသော အသံကြီးကြောင့်. . .။

"ဒါ. . ဒါ. . တိရိစ္ဆာန်တစ်ကောင်ကောင်ရဲ့ အသံပဲ၊ မဟုတ်မှလွဲရော အိမ်ပေါ်ကို တောခွေးတက်လာပြီနဲ့တူတယ်၊ ကိုထယ်. . ကိုထယ်၊ တက်ခေါင်. . တက်ခေါင်လေး၊ နင်တို့ဘယ်မှာလဲ၊ လာကြပါဦး"





ဒေါ်နှင်းခင်က အလန့်တကြားနဲ့ အော်ဟစ်လိုက်လေသည်။ ထိုအခါ တောခွေးကြီး၏ လှုပ်ရှားမှုများ ရုတ်တရက် တန့်သွားခဲ့ရလေသည်။ ဒေါ်နှင်းခင်က အထိတ်တလန့်နှင့် အော်လိုက်၍လား။ တခြားအကြောင်းကြောင့်လားမသိ။ အိမ်ပေါ်မှ ရုတ်တရက် ခုန်ထွက်သွားခဲ့လေ၏။

တောခွေးနက်ကြီး (ငနက်ကြီး)သည် အိမ်ရှေ့ကပြင်ပေါ်မှနေ၍ တအားခုန်လိုက်ရာ ခြံစည်းရိုးအပြင်ဘက်ကိုပင် ကျော်ထွက်သွားခဲ့လေသည်။

"ဘုတ်"

မြေပြင်ပေါ်ကို ဘုတ်ကနဲဆို ကျသွားခဲ့သည်။

"ဟာ"

"ဟင်"

ဦးဖိုးထယ်နှင့်တကွ အားလုံး ဟာကနဲ၊ ဟင်ကနဲဆိုသလို ဖြစ်သွားခဲ့ရလေသည်။ ငနက်ကြီးကား သူတို့နှင့်မလှမ်းမကမ်းမှာ ကျလာခဲ့သောကြောင့်ပင် ဖြစ်သည်။ ငနက်ကြီးသည် ဦးဖိုးထယ်ကို စူးရဲတောက်ပြောင်သော မျက်လုံးအစုံဖြင့် စိုက်ပြီးတော့ ကြည့်လိုက်သည်။ ထိုမျက်လုံးနှစ်လုံးကား တောက်ကျစ်စဉ်းလဲကြသည်။

အားလုံးမှာ လက်နက်ကိုယ်စီပါလာခဲ့ကြသော်လည်း လက်မှာ ကိုင်ထားခဲ့ကြသော်လည်း မင်တက်မိနေကြသည်။ အနီးဆုံး အနေအထားမှာရှိနေသော ငနက်ကြီးကို မည်သို့တုံ့ ပြန်ရမှန်းမသိသလို။

ငနက်ကြီးသည် ပါးစပ်ကြီးကို အစွယ်ဖွေးဖွေးထသည်



www.burmeseclassic.com

www.burmeseclassic.com



အထိ ဖြီးကာ. . .။

"ဟမ်း"

ဝမ်းခေါင်းသံကြီးပေး၍ မာန်ဖီလိုက်လေသည်။ ထို့နောက် ဦးဖိုးထယ်က အရင်သတိရသွားခဲ့ရပြီး. . .။

"သတိထားကြပေါ့၊ ငါတို့ကို ရန်ပြုတော့မယ်"

ဦးဖိုးထယ်မှာ သတိပေးစကား ပြောသာပြောလိုက်ရသည်။ ငနက်ကြီးက သူ့ကိုပင် စူးစူးရဲရဲနှင့်ကြည့်နေလေသည်။ ပါးစပ်ကြီးကို အစွယ်ဖွေးဖွေးထသည်အထိဖြဲကာ တဟမ်းဟမ်းနဲ့ ဖြစ်နေလေသည်။

ငနက်ကြီး၏ မျက်လုံးတွေမှာ ထူးခြားစွာပင် အရောင်တွေ ထွက်လျက်ရှိသည်။ ထိုနောက် နောက်ခြေနှစ်ချောင်းကို မြေပြင်ပေါ်မှာ ဝပ်ချလိုက်ပြီး ဦးဖိုးထယ်ကို ခုန်အုပ်ရန် ကြိုးစားလိုက်သည်နှင့်။

ဖျတ်ကနဲဆို သဏ္ဍာန် တစ်ခုက ခုန်ဝင်လာခဲ့လေ၏။ ထိုသူကား အခြားသူမဟုတ်။ တက်ခေါင်လေး။ လက်ထဲမှာ ဝါးချွန်တစ်ခုက ပါလာခဲ့လေသည်။ တက်ခေါင်လေးသည် လူတွေအားလုံးကို ကျော်ပြီး ငနက်ကြီး၏ရှေ့ကို ရောက်သွားလေသည်။

တစ်ဆက်တည်းမှာပင် လက်မှာကိုင်ထားသော ဝါးချွန်ကို ငနက်ကြီးဆီကို တအားလွှဲကာ ပစ်ထည့်လိုက်လေ၏။ ငနက်ကြီးသည် ဖျတ်ကနဲဆို ခုန်ရှောင်လိုက်ပြီး ဝါးချွန်အတံကြီးကို အလယ်မှ ဖြတ်ကာ ကိုက်ဖမ်းလိုက်သည်။

"ဟာ"





အားလုံး ဟာကနဲဖြစ်သွားခဲ့ရလေသည်။ ငနက်ကြီးက လွန်စွာမှပင် လျှင်မြန်ဖျတ်လတ်လှပေသည်။ ထိုနောက် မည်သူမှ မထင်မှတ်သော အပြုအမူတစ်ခု။ ငနက်ကြီးသည် ပါးစပ်ထဲမှာ ကိုက်ထားသော ဝါးချွန်ကို လည်တစ်ချက်ယမ်းကာ ပစ်ထည့်လိုက်သည်။

"ဝှစ်"

"ဟာ"

ဝါးချွန်သည် ဝှစ်ကနဲဆို ထွက်သွားသည်။ ဦးဖိုးထယ်၏ လည်တိုင်ဘေးမှ ပွတ်ထွက်သွားခဲ့သည်။

"ဟင်. . သည်ကောင်ကြီးဟာ ငါ့ကို ဦးတည်ပြီးတော့ တိုက်ခိုက်တာပါလား၊ တက်ခေါင်လေး. . . မင်းသည်အရိုင်းအစိုင်းကောင်ကို သတိထား၊ အတင့်မရဲနဲ့"

ဦးဖိုးထယ်က မြေးကို သတိပေးသည်။ ငနက်ကြီး၏ ခေါင်းသည် တက်ခေါင်လေးဆီကို လှည့်သွားခဲ့ပြန်သည်။ ဦးဖိုးထယ်နှင့်တကွ အဖော်များက ကိုင်ထားသော လက်နက်များနှင့်ငနက်ကြီးကို တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြသည်နှင့်။

"အဘ. . . ဘာမှမလုပ်ကြပါနဲ့၊ ကျွန်တော်ရှင်းမယ်"

တက်ခေါင်လေးက တားဆီးလိုက်သည်။

"ဟာ. . ငါတို့ မတိုက်ခိုက်လို့ ဘယ်ဖြစ်မှာလဲ၊ မင်းကို သူက တိုက်ခိုက်တော့မှာ"

ရွာသားများက တက်ခေါင်လေး၏ တားဆီးမှုကို နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ကြလေသည်။

"ရပါတယ်၊ ကျွန်တော်ပဲ ကြည့်ရှင်းလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါင်လေး၏ အာရုံက ပြောင်းသွားခဲ့စဉ်မှာ နေကြီးသည် အလစ်မှာ ခုန်အုပ်လိုက်လေတော့သည်။

"တက်ခေါင်လေး"

"သတိထား"

!!!!!





## အခန်း– ၁၁

## အာစကပ်လှုစကပ်ကြောင့်လား

သတိပေး၊ အော်ဟစ်လိုက်ကြသံများက အထိတ်တလန့်ပင်တည်း။ နေကြီးကလည်း အကောင်နှင့်မလိုက်ပင် မြန်ဆန်လွန်းလှသည်။ လေထဲမှာ လွှားကနဲဆို မြောက်တက်သွားပြီး တက်ခေါင်လေး၏ ကိုယ်ပေါ်ကို ကျလာခဲ့လေသည်။

တက်ခေါင်လေးသည် ဆတ်ကနဲဆို ခုန်ရှောင်လိုက်သည်။ မြေပြင်မှ ငါးပေခန့်မြောက်တက်သွားသည်။ နေကြီးက မြေပြင်ပေါ်ကို ပြန်အကျ တက်ခေါင်လေးလည်း အောက်ကို ပြန်အကျမှာ နေကြီး၏ ကိုယ်ပေါ်ကို ရောက်သွားခဲ့လေသည်။ ကျောထက်တွင် ခွစီးမိလျက်သား ဖြစ်သွားသည်။

"ဟာ"

ဟာကနဲ အသံများက ထွက်ပေါ်လာခဲ့ပြန်သည်။ ရွာ



www.burmeseclassic.com

www.burmeseclassic.com



သူရှာသားတွေက တစ်သုတ်ပြီးတစ်သုတ် မီးတုတ်ကိုယ်စီနဲ့ ရောက်ရှိလာကြသည်။ တက်ခေါင်လေးနှင့်ငနက်ကြီးတို့၏ တိုက်ပွဲကို အထိတ်တလန့်နဲ့ ကြည့်နေကြသည်။ ငနက်ကြီးကိုလည်း မတိုက်ခိုက်ရဲကြ။ တက်ခေါင်လေးကိုပါ ထိသွားမှာကို စိုးသောကြောင့်ပင်။ တက်ခေါင်လေးသည် ငနက်ကြီးကိုယ်ပေါ်မှ ရုတ်တရက်ခုန်ဆင်းလိုက်သည်။

ထိုနောက် ငနက်ကြီးကို မျက်နှာမူလိုက်ကာ ခါးကို ရှေ့သို့ အနည်းငယ်ကိုင်းထားသည်။ လက်သီးနှစ်လုံးကို ဆုပ်ထားလေသည်။ မျက်လုံးတွေကလည်း ခွေးနက်ကြီးကို စိုက်ပြီးတော့ ကြည့်နေသည်။

ထူးခြားမှုမှာ တက်ခေါင်လေး၏ မျက်လုံးတွေသည် အနီရောင်သန်းလာနေခြင်းပဲဖြစ်သည်။ ညဘက်မှာမို့ သိပ်ပြီးတော့ မသိသာလှ။ သူ၏ တစ်ကိုယ်လုံးသည် အလိုလိုနေရင်း ပေါ့ပါးလာသလို ထင်ရသည်။ စိတ်ကြောင့်လည်းဖြစ်နိုင်သည်။

သွေးကြောထဲမှာ လည်ပတ်နေကြသည့် သွေးများကလည်း ပွက်ပွက်ဆူလာသည်ဟု ထင်ရသည်။ တောခွေးနက်ကြီးကလည်း ပါးစပ်ကြီးအစွမ်းကုန်ဖြဲဟကာ တဟင်းဟင်းနဲ့ ဝမ်းခေါင်းသံကြီးပေးနေလျက် ရှိသည်။ တုတ်မီးအောက်မှာ စဉ်းလဲသော မျက်လုံးတွေက ပို၍ပြီးတော့ အရောင်ထွက်လာခဲ့ကြလေသည်။

"အူး . . . ဝူး . . ."

ရုတ်တရက် ငနက်ကြီးဆီက ထွက်ပေါ်လာသော အူသံကြီးနှင့်အတူ ကိုယ်လုံးက တက်ခေါင်လေးဆီကို တရှိန်





ထိုးပင် ဝင်သွားခဲ့လေသည်။

"ဘုတ်"

"ခွပ်"

အရှယ်နှင့်မလိုက်အောင် လျှင်မြန်သွက်လက်လှသော တက်ခေါင်လေး။ ချက်ချင်းပင် ခေါင်းငုံ့ကာ ရှောင်လိုက်သည်။ ငနက်ကြီးက အရှိန်နှင့်ခေါင်းပေါ်က ကျော်ထွက်အသွားမှာ ဘယ်လက်သီးက နှာနုဆီကို တည့်တည့်ဝင်သွားသည်။ နောက်တစ်လုံးက ငနက်ကြီး၏ ရင်ဘတ်တည့်တည့်ဆီကို ဝင်သွားခဲ့လေသည်။

ငနက်ကြီး မခိုမဆန့်ပင် ခံလိုက်ရသည်။ မြေပြင်ပေါ်ကို ခြေလေးဘက်ကားပြီး ပစ်ကျသွားရာက သုံးလေးပတ်လိမ့်ထွက်သွားခဲ့လေသည်။

ထိုနောက် ချက်ချင်းမှာပင် ကုန်းရုန်းကာထလိုက်ပြီး တက်ခေါင်လေးဆီကို ပြေးလာပြန်သည်။ နှာခေါင်းမှာလည်း သွေးတွေက ယိုစီးပြီးတော့ ကျနေလျက်။ ဤမျှ လျှင်မြန်စွာပင် ချက်ချင်း ထလာနိုင်သည့်အတွက် အားလုံးအံ့အားသင့်သွားမိကြသည်။

"တက်ခေါင်လေး . . သတိထား . . ငါ့မြေး"

ဦးဖိုးထယ်က တက်ခေါင်လေးကို အော်ပြီးတော့ သတိပေးလိုက်ပြန်သည်။ အားလုံးသည် တက်ခေါင်လေးကို ဝိုင်းကူဖို့ မစဉ်းစားကြတော့။ ခွေးနက်ကြီးနှင့်တိုက်ပွဲကိုပင် စိတ်ဝင်စားလျက်ရှိနေကြလေသည်။

တက်ခေါင်လေးသည် အရွယ်က ငယ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သတ္တိကလည်းကောင်း၊ ရဲရင့်သူလည်းဖြစ်သည်။ ဤအတိုက်အခိုက်ပညာတွေကို သူဘယ်လိုများ တတ်မြောက်ထားပါလိမ့်ဟု ဦးဖိုးထယ်သည်ပင် အံ့အားသင့်မိရလေသည်။

သည်တစ်ခါတော့ တက်ခေါင်လေး၏ အပြုအမူသည်လုံးဝကို ပြောင်းလဲသွားခဲ့သည်။ ခွေးနက်ကြီးက သူ့ကိုထပ်ပြီးတော့ ခုန်အုပ်လိုက်သည်နှင့်ခေါင်းကို ညာလက်တစ်ဖက်တည်းနဲ့ ဆံတ်ကနဲဆို ဆုပ်ကိုင်လိုက်သည်။

ထိုနောက် လက်ဝါးနှင့်ညှစ်လိုက်ရာ. . .။

"အူး. . . အား. . ."

နေက်ကြီးက အော်လိုက်သည်။ အော်လိုက်သံကလူတစ်ယောက်၏ နာကျင်စွာ အော်လိုက်သံပမာ နားကြားတော့ မလွဲပါ။ သို့မဟုတ် တစ်နေရာရာမှ တစ်ယောက်ယောက်က အော်လိုက်သံကပဲ လွင့်ပျံလာခဲ့လေသလား။ နေက်ကြီး၏ ပါးစပ်ကလည်း ပြဲထွက်သွားခဲ့သည်။

"ဟား. . ဟား. . ဟား၊ မင်းဘာတတ်နိုင်သေးလဲကွ"

တက်ခေါင်လေးသည် အားပါးတရပင် ဟက်ပက်စွာ ရယ်ပစ်လိုက်မိသည်။ ပဒပ်ကော့ကာ ရပ်နေရသော ခွေးနက်ကြီးသည် မရုန်းနိုင်သည့်အထဲက တက်ခေါင်လေး၏ ပါးစပ်ထဲမှာ တစ်ခုခုတွေ့လိုက်ရသလို ဝမ်းခေါင်းသံကြီးက ထွက်ပေါ်လာခဲ့သည်။ အထိတ်တလန့်လည်း ဖြစ်သွားကာ တစ်ကိုယ်လုံး ရုန်းကန်သည်။ တက်ခေါင်လေးကလည်း ပါးစပ်ကို ဖြဲထားရာက မလွှတ်။

"ဟား. . . ဟား. . ဟား. . မင်းရုန်းလေကွာ၊ ငါ့လက်





ထဲကလွတ်အောင် ရုန်းစမ်းပါကွ၊ ခုမှ ဘာဖြစ်လို့ ကြောက်သွားရတာလဲ"

တက်ခေါင်လေးက ထပ်ပြီးတော့ ရယ်လိုက်ပြန်လေရာ ပါးစပ်ထဲမှ ဝင်းကနဲလက်ကနဲပင် ဖြစ်သွားသည်ဟု အားလုံးက ထင်မိလိုက်ရလေသည်။ ခွေးနက်ကြီးပင်မဆိုထားဘိ။ အနားမှာ ရှိနေကြသော သူများပင်လျှင် ကျောချမ်းသွားခဲ့ကြရသည်။ တက်ခေါင်လေး၏ ရယ်သံက ကြားကြရသူအဖို့ သိမ်ငယ်သွားစေလောက်သည်အထိပင်။ ခွေးနက်ကြီးသည်လည်း သတ္တိများ ရုတ်ချည်းပင် ပျောက်ကွယ်သွားခဲ့သလို အနိုင်နိုင်ပင် ရုန်းကန်ကာ နေရာမှ ထွက်ပြေးသွားခဲ့လေတော့သည်။ အားလုံးသည် မထင်မှတ်သော အခြေအနေများကို မြင်တွေ့လိုက်ကြရသည်နှင့် မည်သို့မှ နားမလည်နိုင်ကြတော့။ လွန်စွာမှပင် အံ့အားသင့်သွားခဲ့ကြရလေသည်။

x x x

ခွေးနက်ကြီးက စည်းရိုးကိုကျော်ကာ ရွာထဲကို ခုန်ဝင်လာခဲ့သည်နှင့်တောခွေးအချို့သည်လည်း တစ်ကောင်ပြီးတစ်ကောင် ဝင်လာခဲ့ကြလေသည်။

"ဟာ. . တောခွေးတွေ ဝင်လာကုန်ကြပြီဟေ့"

လေးဖက်လေးတန်မှ ဟစ်အော်ပြီး သတိပေးလိုက်ကြလေသည်။ ကင်းမျှော်စင်မြင့်နှစ်ခုကိုသာထားပြီး အခြားသော ကင်းစင်များမှ ကင်းသမားများသည် ပြေးဆင်းလာခဲ့ကြသည်။ ရွာသားများသည် ရွာထဲကို ရောက်လာကြသော တောခွေးများကို ရရာလက်နက်များနှင့်ဝိုင်းပြီးတော့ တိုက်



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ကြလေသည်။ တောခွေးတွေကလည်း ပြန်ပြီးတော့ ကိုက်ကြသည်။

"ငါတို့ကို အကြောင်းမဲ့ တိုက်ခိုက်ကြတဲ့ကောင်တွေ၊ ကဲကွာ. . ကဲကွာ"

တုတ်များ၊ ဓားများ၊ လှံများက တောခွေးများ၏ကိုယ်ပေါ်ကို အဆက်မပြတ် ကျရောက်သွားခဲ့ကြလေသည်။

အချို့ တောခွေးများသည် ပိုပြီးတော့ ရက်စက်ကြမ်းကြုတ်ကြသည်။ တိုက်ခိုက်နေကြသည့် သူများကို မကြောက်မရွံ့ ဖွတ်အတင်းပင် ဝင်ပြီးတော့ ကိုက်ခဲကြသည်။ လက်သည်းများနဲ့ ကုတ်ခြစ်ကြလေသည်။

တက်ခေါင်လေးနှင့်ဦးဖိုးထယ်တို့ ရွာသားတစ်စုသည် ရွာထဲသို့ တောခွေးများ ဝင်လာကြသည်ဆိုသည့် အသံကြောင့် ထိုနေရာကို ပြေးလာခဲ့ကြလေသည်။

"ဟိုက်. . . တောခွေးတွေ ရွာထဲကို တော်တော်လေး ရောက်နေကြပြီ"

အချို့ တောခွေးများသည် အိမ်ပေါ်အထိ ပြေးတက်ကြသည်။ အိမ်တံခါးများ ပိတ်ထားကြ၍ အထဲကို မဝင်နိုင်ကြ။

ထိုအခါ တောခွေးများကို မျက်ခြည်ပြတ်မခံကြသော ရွာသားများက အိမ်ပေါ်အထိ လိုက်တက်သွားကြပြီး တိုက်ခိုက်ကြလေသည်။ ရဲဒင်း၊ ပုဆိန်၊ ဓားများ၊ စသည်တို့ဖြင့်ပိုင်းချ၊ ခုတ်ထစ်ပစ်ကာ သုတ်သင်ပစ်ကြသည်။

တက်ခေါင်လေးသည်လည်း အိမ်တစ်အိမ်ပေါ်သို့





ခုန်တက်သွားသည်။ ထိုအိမ်သည် အခြားမဟုတ်။ မိဘနှစ်ပါးဖြစ်ကြသော ကိုဖိုးမောင်နှင့်မမယ်ရင်တို့၏ အိမ်ပင်တည်း။

"သည်ကောင်တွေ အတင့်ရဲလှချည်လား"

တောခွေးက နောက်မှ ကပ်ပါလာသော တက်ခေါင်လေးကို လှည့်ပြီး အကိုက်မှာ. . .။

"ဝုတ်. . . ဝုတ်"

တက်ခေါင်လေးက တောခွေး၏ ခေါင်းကို လက်နှစ်ဖက်ဖြင့် ဖမ်းဆုပ်ကိုင်ကာ ညှစ်ပြီး ဆွဲယူလိုက်လေသည်။ ထိုနောက် လည်ပင်းမှ ကိုင်မကာ ပေါက်ချလိုက်လေသည်။

"ဘုန်း"

"ကိန်. . . ကိန်"

တောခွေးသည် မြေပြင်ပေါ်ကို ပစ်ကျသွားခဲ့သည်။ ရွာသားတချို့ က ဝိုင်းပြီးတော့ သုတ်သင်ပစ်လိုက်ကြလေ၏။

ထိုနောက် တက်ခေါင်လေးသည် အိမ်ပေါ်မှ အောက်ကို ခုန်ဆင်းလိုက်သည်။ လူတွေဆီကို တောခွေးတစ်အုပ်က ပြေးဝင်လာခဲ့ကြပြန်သည်။ တက်ခေါင်လေးသည် တောခွေးများ၏ရှေ့ ကို ပြေးဝင်သွားကာ လက်နှစ်ဖက်ကို မြှောက်ပြီး ခြေထောက်နှစ်ဖက်ကို ကားကာ. . .။

"ဟေး. . . သတ္တိရှိရင် လာခဲ့ကြလေ၊ ပြေးတက်လာခဲ့ကြစမ်းပါ"

တက်ခေါင်လေးက ထိုသို့အော်လိုက်ရာ ပြေးတက်လာကြသော တောခွေးများသည် ရုတ်တရက် အရှိန်တန့်သွားခဲ့ကြသည်။ ထို့ကြောင့် အချို့ တောခွေးများသည်ပင် ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ခြေတုန့်သွားကြပြီး ကျွမ်းပစ်သွားခဲ့ကြသည်။

တက်ခေါင်လေးက ထိုသို့ အော်လိုက်သဖြင့် တောခွေးများသည် အထိတ်တလန့်နဲ့ ဖြစ်သွားခဲ့ကြသည်။ အီကနဲဆို အော်ကာ တစ်ကိုယ်လုံး နတ်ပူးသလို တုန်လှုပ်သွားကြသည်။ ချက်ချင်းမှာပင် နောက်ကြောင်းကို ပြန်လှည့်ပြီးတော့ ပြေးသွားကြသည်။ ပြေးရသည်မှာလည်း အားအင်များ ရုတ်တရက် ကုန်ဆုံးသွားသကဲ့သို့ အနိုင်နိုင်ပင်။ ယိုင်တိုင်တိုင်ခြေလှမ်းများနဲ့သာ။ ထိုတောခွေးများသည် ကောင်းမွန်စွာ မပြေးနိုင်ကြ၍ ရွာသားများ၏ လက်ချက်မိသွားခဲ့ကြလေသည်။

တက်ခေါင်လေးသည် တုတ်ရှည်တစ်ချောင်းကို ဆွဲကိုင်ကာ ရွာထဲသို့ တဟေးဟေးနဲ့ အော်ဟစ်ပြီးတော့ ပြေးဝင်သွားခဲ့ပြန်သည်။

"ဟေး. . ဟေး. . မင်းတို့ ငါ့လက်က လွတ်အောင် မပြေးနိုင်ပါဘူးကွ"

တက်ခေါင်လေး၏ အော်သံက တောခွေးများမဆိုထားဘိ။ ကြားလိုက်ကြရသော လူအများသည်ပင် ကျောထဲမှာ စိမ့်တက်သွားခဲ့ကြလေသည်။

ထိုအခါ. . .။

ရွာထဲကို ဝင်ရောက်လာခဲ့ကြသော တောခွေးများသည် တစ်ကောင်ပြီးတစ်ကောင် ပြန်လည်ကာ စုရုံးမိလိုက်ကြပြီး ရွာပြင်ကို ထွက်ပြေးကြလေတော့သည်။ ရွာတံခါးပေါက်နှစ်ခုကိုလည်း ဖွင့်ထားပေးလိုက်ကြသည်။ တစ်ဝုန်းဝုန်း၊ တဖြုန်းဖြုန်းနဲ့ ပြေးနေကြသော တောခွေးများကို ရွာခွေးတွေက





လိုက်ပြီးတော့ ကိုက်ကြသည်။ နောက်ကနေ ပြေးလိုက်သွားခဲ့ကြလေသည်။ တောခွေးများမှာ အားအင်ချို့နဲ့နေကြသလို ဖြစ်နေကြသောကြောင့် ပြန်ပြီးတော့လည်း မတိုက်ခိုက်နိုင်ပေ။ မြန်ဆန်စွာလည်း မပြေးနိုင်ကြ။ ထို့ကြောင့် ရွာခွေးတွေက လိမ့်၍လိမ့်၍ ကိုက်ကြသည်ကို ထိထိမြက်မြက်ကလေး ခံစားလိုက်ကြရလေသည်။

ရွာထဲတွင် သေဆုံးကာ ကျန်ရစ်ခဲ့ကြသော တောခွေးများကို သည်အတိုင်းပဲ ထားထားကြသည်။

"မနက်ကျမှ တစ်နေရာကို သယ်သွားပြီး မြှုပ်ကြမယ်ဟေ့၊ ညကြီးမင်းကြီးလည်း ဖြစ်နေတယ်၊ လူတွေလည်း ပင်ပန်းနေကြပြီ၊ နားကြဦးစို့"

တက်ခေါင်လေးကို ရွာသူရွာသားတွေက သည်တစ်ပွဲမှာ တော်တော်လေးကို အံ့အားသင့်သွားခဲ့ကြရလေသည်။

"တော်တော်ထူးခြားတဲ့ကလေးပဲ၊ သူ့ရဲ့ ခြောက်လှန့်မှုကို တောခွေးတွေတောင် မခံနိုင်ကြဘူး၊ ကြောက်လန့်ပြီးတော့ ထွက်ပြေးကုန်ကြတဲ့အထိပဲ"

"ဟုတ်တယ်၊ ကျုပ်တို့ရွာမှာ သည်လို ထူးခြားတဲ့ကလေးမျိုးရှိနေလို့ ခံသာသွားတာ၊ မဟုတ်ရင် ဒီလောက်အတင့်ရဲကြတဲ့ တောခွေးတွေကို တော်တော်ရှင်းယူရမယ်၊ နိုင်မယ်တောင်မထင်ဘူး"

ဦးဖိုးထယ်သည်ပင် တက်ခေါင်လေး၏ ထူးခြားမှုကို ထင်ရှားစွာပင် တွေ့လာခဲ့ရပြီဖြစ်သည်။ ဤကဲ့သို့ ဩဇာစက်ရှိသော လူမျိုးသည် တစ်သောင်းမှာ တစ်ယောက်ပင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် ထူးခြားသော ခွေးနက်ကြီး၏ အပြုအမူများသည်လည်း စဉ်းစားစရာပင်။ မိမိနှင့်တက်ခေါင်လေးကိုသာ ပိုပြီးတော့ အမိကထားကာ တိုက်ခိုက်လိုပုံရသည်။

"သည်. . ငနက်ကြီးက တောခွေးတွေရဲ့ခေါင်းဆောင်ပဲ၊ သူ့ရဲ့မျက်လုံးအကြည့်တွေက တစ်မျိုးပဲ"

မဆီမဆိုင် မိမိဝက်ပါမြိုင်တောကြီးထဲမှာ နောက်ယောင်ခံကာ လိုက်ခဲ့သော လူကြီးဆီကို အာရုံက ရောက်သွားခဲ့လေသည်။

ရွာသားများသည် တောခွေး အသေကောင်များကို လမ်းပေါ်မှာ ဤအတိုင်း ပစ်ထားခဲ့ကြသည်။ မနက်မိုးလင်းသောအခါ ရွာပြင်မှာမြှုပ်နှံမည်ဟု ရွာသားများက ထွက်လာကြရာ. . .။

"ဟင်. . တောခွေးအသေကောင်တွေ တစ်ကောင်မှမရှိကြတော့ဘူး"

အားလုံး အံ့အားသင့်သွားခဲ့ကြလေသည်။ တောခွေးအသေကောင်များကို မတွေ့ကြရတော့ပေ။

"မိုးမလင်းခင်ကတည်းက ယူသွားကြပြီး မြေမြှုပ်လိုက်ကြတာလား၊ ဘယ်သူတွေကများ သယ်သွားကြတာပါလိမ့်၊ အားလုံးက မနက်ကျမှ မြှုပ်ကြမယ်ဆိုတာကို သိထားကြတာပဲ"

သို့သော် တောခွေးအသေများကို မည်သူတွေက မြှုပ်နှံပစ်လိုက်ကြသည်ဟု သတင်းက ထွက်ပေါ်မလာခဲ့ပေ။

!!!!!





# အခန်း – ၁၂

## တက်ခေါင်လေးနှင့်ငထောင်ကြီး

"တက်ခေါင်လေး. . . တက်ခေါင်လေး"

ခေါ်သံကြောင့် နောက်ကို လှည့်ကြည့်လိုက်မိသည်။

"သြ. . . နှင်းနု"

"နင်ကလည်းဟာယ်၊ ငါဒီလောက်ခေါ်နေတာကို လှည့်ကိုမကြည့်ဘူး၊ ကိန်းကြီးနေတာလား"

"ငါ့အာရုံက တခြားကို ရောက်နေလို့ပါဟာ၊ ငါက ဘာကြောင့် ကိန်းကြီးရမှာလဲ၊ နင်. . ငါ့ကို မဟုတ်တာတွေ လျှောက်တွေးနေပြီ. . နှင်းနု"

"နင့်ကို တစ်ရွာလုံးက ဝိုင်းပြီး အရေးပေးနေကြတာ၊ ငါမသိဘူးများ မှတ်လို့လား၊ ဟို. . ပိတောက်ချောင်းက မိဝိုင်းတို့ရော၊ ရွာလယ်ပိုင်းက တင်ရီမတို့ရော၊ နင့်ရဲ့အဲဒါကို ကျေ



www.burmeseclassic.com

www.burmeseclassic.com



နပ်နေတယ်မဟုတ်လား”

“ဘာ. . သူတို့က ငါ့ကို အရေးပေးနေကြတယ်. . . ဟုတ်လား၊ မဟုတ်တာတွေ လျှောက်ပြောနေတယ်၊ သည်အတိုင်းပါပဲ၊ ခင်မင်မှုက မပိုပါဘူး၊ နင်က လျှောက်ထင်နေတာပါ”

“နင်. . သူတို့ကို နည်းနည်းလေးမှ စိတ်မဝင်စားဘူးလား”

“ဟင်. . နှင်းနု၊ နင့်စကားက အဆန်းပဲ၊ ငါက ဘာကြောင့်မို့ စိတ်ဝင်စားရမှာလဲ၊ အင်း. . နင်ဘယ်လိုသဘောနဲ့ ပြောသလဲဆိုတာ ငါသိပြီ၊ နင့်စိတ်ထဲမှာ ထင်နေတာတွေက မဟုတ်ဘူးနော်”

“အေး. . မဟုတ်ရင်ပြီးရော၊ ငါက သူတို့ကို မနာလိုဖြစ်နေတာ”

နှင်းနု၏ အမူအရာကြောင့် တက်ခေါင်လေးက ပြုံးလိုက်လေသည်။

“နင်က ဘာပြုံးတာလဲ”

“နင်ဖြစ်နေပုံကို ငါသဘောကျမိလို့ပါ”

နှင်းနုသည် တက်ခေါင်လေး ပြောလိုက်မှ မိမိကိုယ်ကို ပြန်ပြီးတော့ သတိရသွားခဲ့သည်။ ထို့ကြောင့် ရှက်ပြုံးပြုံးမိလိုက်လေသည်။ တကယ်တော့ သူတို့နှစ်ယောက်သည် တစ်ယောက်ခံစားချက်ကို တစ်ယောက်က သိထားကြပြီးဖြစ်သည်။ ပွင့်လင်းမှုတော့ မရှိကြသေး။

“ကဲပါ၊ ငါမေးတာကို နင်မဖြေသေးဘူး၊ ဘယ်သွားမ





လို့လဲဆိုတာ”

“နင်. . ငါ့ကို ဘယ်သွားမလို့လဲလို့ မမေးသေးပါဘူး”

“ဟင်. . ဟုတ်လား၊ ဒါဖြင့် အခုမေးနေတယ်လေ”

“အဘဦးဖိုးချက်ရဲ့ အိမ်ကိုပါဟာ”

“ဩော်. . ဟုတ်လား၊ နင်က အဲသည်ကို ခဏခဏ သွားတယ်နော်၊ ဘာအကြောင်းနဲ့ သည်ကိုသွားနေရတာလဲ”

နှင်းနုကို စပ်စုလွန်းသည်ဟု မထင်မိ။ သူ့ကို စိတ်မချသည်ကိုပဲ ကျေနပ်နေမိသည်။

“သူက ဗဟုသုတဟင်းလေးအိုးကြီးဟ၊ ငါ. . ပညာရတယ်၊ ဒါကြောင့်ပါ။ နင်ကကော ဘယ်သွားမလို့လဲ”

“ဘယ်ကိုမှမဟုတ်ဘူး၊ နင့်နောက်ကို လိုက်လာတာ၊ ငါသွားတော့မယ်နော်”

နှင်းနုသည် လှစ်ကနဲဆို တက်ခေါင်လေး၏ အနားမှ ပြေးထွက်သွားခဲ့လေသည်။ တက်ခေါင်လေးသည် ကလေးဆန်လွန်းလှသော နှင်းနုတို့ ပြုံးကာကြည့်နေရင်း ကျန်ရစ်ခဲ့လေသည်။

× × ×

“မင်းက သည်ဝက်ပါမြိုင်တောကြီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားနေတုန်းပဲလား. . တက်ခေါင်လေး”

“စိတ်ဝင်စားတယ်ရယ်လို့ မဟုတ်ပါဘူး. . အဘရာ၊ အဘပြောခဲ့တဲ့ နွားသိုးကြီးတွေရယ်၊ ပို့တစ်ထောင်တောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရယ်၊ အဲဒါတွေကို မမေ့သေးလို့ပါ၊ ကျွန်တော့်ခေါင်းထဲမှာ အမြဲတမ်းလိုလို ပေါ်လာနေတယ်”

“အေး. . မင်းအဲဒီနေရာနဲ့ အထုံပါလာရင်တော့ တစ်နေ့ရောက်သွားနိုင်တာပေါ့ကွာ၊ ငါကတော့ နှစ်ကြိမ်တိတိ ပြန်ပြီးသွားတာတောင် မတွေ့တော့ဘူးကွ”

ထိုနောက် တက်ခေါင်လေးသည် စကားတစ်ခွန်းကို ပြောသင့်၊ မပြောသင့် ချိန်ဆနေမိသည်။

“အဘ. . . ကျွန်တော်. . .”

“မင်း. . ငါ့ကို ပြောစရာတစ်ခုခု ရှိနေတယ်မဟုတ်လား၊ ဘာပြောချင်လို့လဲ၊ ပြောလေကွာ”

“အင်း. . ကျွန်တော်ငယ်ငယ်တုန်းက မက်ခဲ့တဲ့အိပ်မက်ပဲ၊ အိပ်မက်ထဲမှာ ကျွန်တော်နှင့်တူတဲ့ လူငယ်တစ်ယောက်နဲ့ အဖိုးအိုတစ်ယောက် ဆီးခြားမက်တဲ့အိပ်မက်ပါ”

“မင်းနှင့်တူတာယ်. . ဟုတ်လား”

“ဟုတ်ကဲ့ပါ. . အဘ၊ မျက်နှာကအစ တူတယ်၊ လျှာပေါ်မှာရှိတဲ့ အနီစက်ကအစ အတူတူပဲ၊ ကျွန်တော်ပဲလားလို့တောင် ထင်ရတယ်”

“မင်းရဲ့ အိပ်မက်အကြောင်းကို မပြောပြမီ တော်တော်လေးကို စိတ်ဝင်စားလာပြီ၊ ကဲ. . ကဲ. . အစအဆုံး ပြောပြစမ်းပါဦးကွာ”

“သည်လို. . . အဘရဲ့”

တက်ခေါင်လေးက မိမိမက်ဖူးခဲ့သည့် အိပ်မက်နှင့်ပတ်သက်ပြီး ပြောပြနေသည်။ ဦးဖိုးချက်သည် တက်ခေါင်





လေးပြောပြနေစဉ်မှာ မျက်လုံးတွေ မှေးသွားလိုက်၊ ကျယ်လာလိုက်၊ မျက်မှောင်ကျုံ့သွားလိုက်နဲ့ ရှိနေလေသည်။ တက်ခေါင်လေးပြောပြနေသည်ကို အစမှသည် အဆုံးအထိ နားထောင်နေခဲ့သည်။ ထိုနောက် စဉ်းစားဝေဖန်နေပြီးမှ. . ။

“မင်းရဲ့ အိပ်မက်အကြောင်း တခြားသူတွေကို ပြောပြခဲ့သေးသလား”

“ဟင့်အင်း. . မပြောပြခဲ့ဘူး. . အဘ၊ အခုတော်မှ တိုက်ဆိုင်လာတဲ့ အကြောင်းရှိလာလို့ အဘကို ပြောပြတာ”

“အေး. . မင်းရဲ့ အဘကိုပြောပြရင် သူက ငါ့ထက်ပိုပြီးတော့ ဝေဖန်ချင့်ချိန်တတ်တယ်ကွယ့်”

“ကျွန်တော့်အိပ်မက်က ထူးခြားမှုရှိလို့လား. . အဘ”

“အေး. . . ငါ့အတွေးနှင့်ဆိုရင်တော့ ထူးခြားနေသလားလို့၊ အဲဒါ တစ္ဆေခြောက်တယ်လို့ ခေါ်တယ်ကွယ့်”

“ဗျာ. . . တစ္ဆေခြောက်တယ်ဟုတ်လား၊ အဘပြောတာ ကျွန်တော်နားမလည်ဘူး”

“အေး. . ငါရှင်းပြမယ်၊ သည်လိုကွယ့်. . မင်းရဲ့ အိပ်မက်တွေက ကိုယ်မကြာမီမှာ ရောက်လာမယ့်အရွယ်ကို ကြိုပြီးတော့ မြင်လိုက်ရတယ်မဟုတ်လား၊ အဲသည်လူနှစ်ယောက်က မင်းနှင့်တူနေတယ်လေ”

“အဲဒါတော့ ဟုတ်တယ်. . အဘ”

“လူငယ်တစ်ယောက်ရဲ့ အရွယ်၊ လူကြီးပိုင်းတစ်ဦးရဲ့ အရွယ်၊ လျှာပေါ်က အနီစက်ကအစ အားလုံးတူညီနေကြတယ်လေ၊ ပထမတစ်ယောက်က မင်းကို သိုင်းသင်ပေးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နပန်း၊ လက်ဝှေ့ပညာတွေလည်း သင်ပေးတယ်"

"အဘပြောသလို သေသေချာချာ သင်ပေးတာမျိုးတော့ မဟုတ်ဘူး"

"အေးလေ. . သူနှင့်တွေလို နပန်းလုံးတာနဲ့ လက်ဝှေ့ထိုးတာ၊ လက်သိုင်းကစားတာတွေကို သူလုပ်သလို မင်းလည်း လိုက်လုပ်ခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်. . အဘ၊ ကျွန်တော်. . အခုမှပဲ စဉ်းစားမိလာတယ်"

"အဲဒါ သူက မင်းကို အဲသည်ပညာတွေ သင်ပေးနေတာပဲကွယ်၊ မင်းက လိုက်လုပ်ရင်းနဲ့ တတ်သွားကော"

"ဟို. . အသက်ကြီးကြီးအဖိုးကြီးကကော အဘ"

"အဲသည်လူကြီးကလည်း တခြားသူမဟုတ်ဘူး၊ မင်းပဲ၊ မင်း. . အဲသည်အသက်အရွယ်အထိ နေရမှာ ကျိန်းသေတယ်၊ တစ်ခုစဉ်းစားစရာက ဝက်ပါမြိုင်တောကြီးအကြောင်း ပို့တစ်ထောင်တောင်ကြီးအကြောင်း၊ တောခွေးတွေအကြောင်းကို သူက သိပြီးပြောပြခဲ့တာပဲ"

သူသိတာကလည်း မင်းသိတာနဲ့ အတူတူပဲ။ အဲသည်နေရာကို တစ်ချိန်ကျရင် မင်းရောက်သွားဖို့ အခြေအနေမျိုး ရှိနေသလား တွေးရတာပေါ့လေ"

"အဲဒါနဲ့ တစ္ဆေခြောက်တယ်လို့ ဆိုလိုနိုင်သလား. . အဘ"

"ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ မြင်ရတာကို တစ္ဆေအခြောက်ခံရခြင်းဆိုတဲ့ အကြောင်းတွေထဲမှာ ပါတယ်ကွယ်၊ မှီ





ပြီးတော့ ခြောက်တယ်ဆိုတာလည်း ရှိသေးတယ်"

"မှီးပြီးခြောက်တာ"

"အေး. . ပစ္စည်းတစ်ခုခု၊ အဆောက်အဦးတစ်ခုခုကို မှီလန်းပြီး အဲသည်အရာတွေကို ကပ်ပြီး မခွာနိုင်ဘဲခြောက်လှန့်ပြတတ်တာမျိုး၊ မင်းလို အိပ်မက်မျိုးနဲ့ တူနေတဲ့အဖြစ်ဆန်းတစ်ခု ရှိဖူးခဲ့တယ်"

"ဘယ်လိုလဲ. . အဘ"

"တစ်ခါက လူတစ်ယောက်ဟာ မြစ်ကမ်းနဖူးမှာ မတ်တပ်ရပ်ပြီးတော့ မြစ်ထဲကို လှမ်းကြည့်နေတယ်၊ အဲသည်အချိန်မှာ သင်္ဘောတစ်စီးဟာ ဖြတ်သွားတယ်၊ မမျှော်လင့်ပဲ အံ့အားသင့်စရာတစ်ခုကို တွေ့လိုက်ရတယ်"

"အဲဒါက ဘာလဲဆိုတော့ သင်္ဘောပေါ်မှာ လူတစ်ယောက်ဟာ သူ့ဘက်ကို မျက်နှာလှည့်ပြီးတော့ လိုက်ပါသွားတယ်၊ အဲသည်လူဟာ သေသပ်တောက်ပြောင်တဲ့ အဝတ်အစားတွေကို ဝတ်ထားတယ်၊ လွယ်အိတ်အနက်တစ်လုံးကိုလည်း လွယ်ထားတယ်၊ သူအံ့အားသင့်သွားတာက သင်္ဘောပေါ်က လူဟာ သူနှင့်တစ်ပုံစံတည်း တူနေလို့ပဲ"

"နောက်သုံးနှစ်အကြာမှာ အဲသည်လူဟာ သင်္ဘောတစ်စီးနဲ့ ခရီးတစ်ခုကို ထွက်ခဲ့တယ်၊ မကြာမီမှာ သူ့ကိုယ်သူ အမှတ်ရပြီးတော့ ပြန်ပြီးကြည့်လိုက်တဲ့အခါမှာ ဝတ်ထားတဲ့ အဝတ်အစား၊ လွယ်ထားတဲ့ လွယ်အိတ်ကအစ လွန်ခဲ့တဲ့သုံးနှစ်လောက်က သင်္ဘောပေါ်မှာ လှမ်းပြီးတော့ မြင်လိုက်ရတဲ့ သူနှင့်တစ်ပုံစံတည်း ဖြစ်နေတယ်ဆိုတာ သိလိုက်ရလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"တော့်တော့်ကိုထူးဆန်းတာပဲနော်"

"နောင်လာမယ့် အချိန်တစ်ခုမှာ ကိုယ်ရပ်တည်နေမယ့် အခြေအနေကို ကြိုပြီးတော့ မြင်လိုက်ရတာမျိုးကိုလည်း ကြိုပြီးတော့ အခြောက်ခံရတဲ့ တစ္ဆေအမျိုးအစားထဲမှာ ပါတယ်လို့ စိတ်ပညာရှင်တွေက ဖွင့်ဆိုခဲ့ကြတယ်ကွယ့်"

"ကျွန်တော့်အိပ်မက်ကလည်း သည်လိုသဘောပဲလား မသိဘူးနော်. . အဘ"

"သည်သဘောပဲဖြစ်မှာပေါ့ကွယ်၊ ပြီးတော့ မင်းက ဝက်ပါမြိုင်တောကြီးထဲကို သွားရမယ့် လမ်းကြောင်းကိုလည်း အိပ်မက်ကတစ်ဆင့် သိနေတယ်မဟုတ်လား၊ ဒါတွေက ကြိုပြီးတော့ သိနေတာပဲပေါ့၊ ဒါပေမယ့် မှန်၊ မမှန်တော့ မသိသေးဘူးလေ၊ မင်းတခြားသူတွေကို လျှောက်ပြီး မပြောဖို့က အရေးကြီးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သည်ကိစ္စတွေဟာ နောင်အရေးကြီးမယ်၊ မကြီးဘူးဆိုတာ မပြောနိုင်လို့ပေါ့၊ ဟိုတောခွေးတွေနဲ့လည်း ပတ်သက်နေတယ်လို့ထင်တယ်"

တောခွေးဆို၍ တက်ခေါင်လေးသည် မိမိငယ်စဉ်က တောခွေးတွေနှင့် တိုက်ခိုက်ခဲ့ရသည့် အဖြစ်အပျက်များကို ပြန်ပြီးတော့ သတိရသွားမိပြန်သည်။

"အဲသည်တုန်းက အဘလည်း နေကြီးကို မြင်လိုက်ရသေးသလား"

"ငါတော့ မမြင်လိုက်ဘူးကွယ့်၊ မင်းမေးချင်တာက ငါငယ်စဉ်က ပို့တစ်ထောင်တောင်ဘက်မှာ တွေ့ခဲ့ရတဲ့ တောခွေးခေါင်းဆောင် နေကြီးနဲ့ မင်းကြုံခဲ့ရတဲ့ နေကြီးကို





ဆက်စပ်ပြီးတော့ စဉ်းစားနေမိတာလား"

"ဟုတ်တယ်. . အဘ၊ အဘတွေ့ခဲ့တဲ့ နေကြီးနှင့် ကျွန်တော်တို့ ရင်ဆိုင်ရတဲ့ နေကြီးနှင့်တစ်ကောင်တည်းပဲ ဖြစ်နေမလား"

"အဲဒါကတော့ မပြောတတ်ဘူးကွယ့်၊ ဒါပေမယ့် အဲသည်တောခွေးတွေဟာ နှစ်ပေါင်းများစွာအထိ အသက်ရှင်နေနိုင်ပါ့မလား၊ နှစ်တွေ ဒီလောက်ကွာခြားပြီးမှ မင်းတို့လက်ထက်မှာ တစ်ခါပြန်ပြီးတော့ ပေါ်လာနိုင်ပါ့မလား၊ တခြားတစ်ကောင် နေကြီးများ ဖြစ်နေမလား၊ တွေးရခက်တယ်"

ထိုနေ့က တက်ခေါင်လေးသည် ဦးဖိုးချက်နှင့်စကားပြောရင်း အချိန်ကုန်သွားခဲ့လေသည်။

× × ×

ရွာထဲတွင် ရုတ်ရုတ်ရက်ရက် ဖြစ်လျက်ရှိသည်။ ရွာလယ်ပိုင်းလောက်မှာ အော်ဟစ်ဆူညံနေကြသော အသံများကို ကိုဖိုးမောင်နှင့်မမယ်ရင်တို့က အိမ်မှနေ၍ ကြားနေကြရလေသည်။

"ဘာသံတွေများလဲ. . . ကိုဖိုးမောင်"

"အေး. . ငါလည်း အဲသည်အသံတွေကို နားစွင့်နေတာပဲ"

ပြေးလာကြသော ရွာသားအချို့က အိမ်ရှေ့ရောက်အလာမှာ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့. . ရွာထဲမှာ ဘာဖြစ်နေကြတာလဲကွ"

"ကိုမြရဲ့ နွားသိုးကြီး ကြိုးလွတ်ပြီး မြင်မြင်ရာကို လိုက်ဝှေ့နေလို့. . . ဦးဖိုးမောင်"

"ဟေ. . . သည်နွားသိုးကြီးက ဒီလောက်တောင်ဆိုးနေတာ၊ သူ့ကြောင့် လူတော်တော်များများ ဒုက္ခရောက်ကုန်ကြပြီ၊ ဒါနဲ့တောင် ကောင်းကောင်းထိန်းမထားနိုင်ကြဘူးလား"

ကိုဖိုးမောင်က အိမ်ပေါ်မှ ဆင်းမည်ပြုသည်။

"တော်က ဘယ်သွားမလို့လဲ၊ တော်ကြာ ငထောင်ကြီးနဲ့ ပက်မင်းတိုးပြီး ချိုဖျားမှာ ကားကနဲပါသွားဦးမယ်"

"နင်က ပါးစပ်ပုပ်ကြီးနဲ့ လျှောက်ပြောနေပြန်ပြီ"

အယူသီးတတ်သော ကိုဖိုးမောင်က အိမ်အောက်ကို မဆင်းတော့။

"ဒါနဲ့ ဘွားလေး တက်ခေါင်လေးကော"

"ဟင်. . ဟုတ်ပ၊ သည်ကောင်လည်း ရွာထဲကိုထွက်သွားတယ်"

တက်ခေါင်လေးအတွက် စိတ်ပူသွားခဲ့ကြလေသည်။

× × ×

ရွာလယ်တွင် လူတွေက တဝုန်းဝုန်းနဲ့ ပြေးလွှားနေကြသည်။

"နွားဆိုးကြီးဟေ့၊ နွားဆိုးကြီး၊ လူတွေကို နောက်ကနေ လိုက်ပြီးတော့ ဝှေ့နေတယ်"





"ဟာ. . သည်ငထောင်ကြီးက ပေါ့သေးသေးမဟုတ်ဘူးကွ၊ အမြဲတမ်း ဂရုစိုက်နေရတာ၊ စိတ်အခန့်မသင့်ရင် လိုက်ခတ်လွန်းလို့၊ ကိုမြကလည်းကွာ. . သည်တစ်ခါ သတိလစ်သွားတယ်ထင်တယ်"

တစ်ယောက်တစ်ပေါက်နဲ့ ပြောနေကြလေသည်။ ငထောင်ကြီးက နာမည်နှင့်လိုက်အောင်ပင် ချိုကြီးက ကားကားထောင်ထောင်နဲ့ မည်သည့်နွားကိုမှ ဗိုလ်မထားသော အထောင်ကြီးပင်။ မိမိနှင့်ယှဉ်ဘက် တစ်ဖက်နွားကို ဒူးတုတ်ပြီးတော့ ကျသွားအောင် ခတ်ပစ်နိုင်သည်။ ငထောင်ကြီးကြောင့် တိုက်နွားနှစ်ကောင်ပင် သေဆုံးသွားခဲ့ရလေပြီ။

နွားပိုင်ရှင် ကိုမြကတော့ သူ့နွားငထောင်ကြီးသောင်းကျန်းနေသည့်အတွက် ပြေးလိုက်သွားသည်။

"တိုင်မှာ သေသေချာချာ ချည်ထားတာဗျ၊ ဆောင့်ရုန်းပြီး ကြိုးကို ဖြတ်ပြေးသွားတာ"

ပြေးလွှားရင်း ပြောသွားသည်။

ရွာထဲတွင် ငထောင်ကြီး၏ အခြေအနေသည်ကား။

ခေါင်းကြီးကို စိုက်၍ တရှူးရှူးနှင့်နှာမှုတ်ကာ မြင်မြင်သမျှ လူတွေကို လိုက်ပြီးတော့ ဝှေ့နေသည်။ လူတွေက အိမ်တွေပေါ်ကို တက်ပြေးသူကပြေး။ နီးစပ်ရာ သစ်ပင်တွေပေါ်ကို ဖက်တက်ကြသူတွေက တက်ကြနဲ့ ဝရုန်းသုန်းကားဖြစ်နေကြသည်။

ခွေးတစ်ကောင်က ငထောင်ကြီး၏ ရှေ့မှာ ရောက်နေသည်။ အလန့်တကြားနဲ့ ထွက်ပြေးသည်။ သို့သော် နောက်



www.burmeseclassic.com

www.burmeseclassic.com



တ ပြေးပြီးလိုက်လာသော ငထောင်ကြီး၏ ချိုချက်က မလွတ်။ ခေါင်းကြီးကိုငုံ့ပြီး တစ်ချက်ပင့်ကာ ခတ်လိုက်လေရာ. . ။

"အင့်"

"ကိန်"

ခွေးမှာ ကိန်. . ကိန်ဆိုအော်ပြီးတော့ လွင့်ထွက်သွားခဲ့ရလေသည်။ မြေပြင်ပေါ်ကို ဘုန်းကနဲဆို ပစ်လဲပြီးတော့ ကျသွားလေတော့၏။ ဗိုက်ပွင့်ကာ အူတွေ အထွေးသားထွက်၍ ဆန့်ငင်ဆန့်ငင် ဖြစ်နေလေတော့သည်။

ထိုနောက် ငထောင်ကြီးသည် ရွာလယ်လမ်းမကြီးအတိုင်း ဆက်၍ပြေးသွားသည်။ ရှေ့မှာ မိန်းကလေးတစ်ဦး။

"အို. . . အမလေး"

ထိုမိန်းကလေးကား တခြားသူမဟုတ်။ နှင်းနုပင်။ နှင်းနုသည် နွားသိုးကြီးကို အမှတ်မထင် မြင်လိုက်ရသောအခါ နောက်ကြောင်းကို ပြန်လှည့်ပြီးတော့ ပြေးသည်။

သို့သော် နွားသိုးကြီးက နှင်းနုကိုပင် မဲပြီးတော့လိုက်နေသည်။ နှင်းနုဝတ်ထားသော ထဘီအဆင်သည် အနီရောင်ဖြစ်၍ ငထောင်ကြီးကို ထိုအရောင်က ဆွဲဆောင်လျက်ရှိနေလေသည်။

"ဟဲ့. . . ကလေးမ၊ တည့်တည့်မပြေးနဲ့လေ၊ နီးရာခြံထဲကို ဝင်ပြေးပါလား"

ခပ်လှမ်းလှမ်းမှ လူတစ်ယောက်က အော်ပြီးတော့ သတိပေးသည်။ သို့သော် နှင်းနုမှာ ကြောက်စိတ်မွှန်နေ၍ သတိပေးသံကိုမကြားမိ။ ငထောင်ကြီးကား နှင်းနုနှင့်တဖြည်း





ဖြည်း နီးကပ်လာခဲ့လေပြီ။

ထိုစဉ် လူတစ်ယောက်က ငထောင်ကြီး၏နောက်မှ ပြေးလာသည်။ ငထောင်ကြီး၏ အမြီးကို ဆွဲလိုက်ပြီး. . . ။

"ဟိတ်. . ငထောင်ကြီး၊ မင်းရပ်လိုက်စမ်း"

တက်ခေါင်လေး၏ အသံက ငထောင်ကြီး၏ တစ်ကိုယ်လုံးကို ဆတ်ကနဲဆို ခါထွက်သွားစေသည်။

သို့သော် နောက်ကို ဆတ်ကနဲဆိုလှည့်ပြီး တက်ခေါင်လေးကို ဝှေ့ရန် ဟန်ပြင်လိုက်သေးသည်။ ထိုသို့ဖြစ်မည်ကို ကြို၍သိထားသော တက်ခေါင်လေးက နောက်သို့ တပြန်ပင် ဆုတ်လိုက်လေသည်။

"ဟော့. . မင်းက ငါ့ကို ပြန်ပြီးတိုက်ဝံ့ရင် တိုက်စမ်း၊ တက်ခေါင်လေးတဲ့၊ ဟား. . ဟား. . ဟား. . ဟား"

တက်ခေါင်လေးက ငထောင်ကြီး၏ ချိုနှစ်ချောင်းကို ဆတ်ကနဲဆို ဖမ်းဆုပ်ကိုင်ထားလိုက်ပြီး တဟားဟားနဲ့ အော်ကာ ရယ်လိုက်လေရာ. . . ။

နွားသိုးကြီးသည် မိမိ၏ခေါင်းကို ယမ်းခါနေရာက ဒူးထောက်ချင်းပင် ငြိမ်ကျသွားသည်။ တစ်ကိုယ်လုံးလည်း နတ်ပူးသလို တုန်လှုပ်သွားခဲ့လေသည်။ တက်ခေါင်လေးကလည်း ချိုကို မလွှတ်ပဲ ကိုင်မြဲကိုင်ထားသည်။

"ငါနာမည်. . တက်ခေါင်လေးတဲ့၊ မင်း. . မှတ်ထား၊ နောက်တစ်ခါ သည်လိုပဲ လိုက်ပြီးတော့ သောင်းကျန်းနေရင် ငါနဲ့ တွေ့ရဦးမယ်မှတ်"

ငထောင်ကြီးမှာ ငြိမ်သက်သွားပြီး တစ်ကိုယ်လုံး ခွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြိုက်ဖြိုက်နဲ့ ကျလာလေသည်။ ဘေးမှ လူများသည်ပင် တက်ခေါင်လေးနှင့်ငထောင်ကြီးတို့၏ အခြေအနေကို အံ့အားတသင့်နဲ့ ကြည့်နေကြလေသည်။

ကိုမြသည် တက်ခေါင်လေးဆီကို လျှင်မြန်စွာပင် ရောက်လာခဲ့သည်။

"တော်သေးတာပေါ့. . တက်ခေါင်လေးရာ၊ မင်းနှင့် ငထောင်ကြီး ပက်ပင်းတိုးမိလို့သာပေါ့"

ကိုမြက တက်ခေါင်လေးကို ကျေးဇူးတင်စကားပြောသည်။ ငထောင်ကြီးကား မယုံကြည်နိုင်အောင်ပင် ဦးကျိုးသွားခဲ့သည်ကို အများမြင်တွေ့နေကြရသည်။

"ခေါ်သွားပါတော့. . ဦးလေးမြ၊ ရပါပြီ"

"အေး. . အေး. . ကျေးဇူးပဲကွာ"

ကိုမြက ငထောင်ကြီး၏ နဖားကြိုးကိုဆွဲကာ ခေါ်သွားခဲ့သည်။

ထိုအချိန်တွင် နှင်းနု၏ မိဘများလည်း သတင်းရ၍ လိုက်လာခဲ့ကြသည်။ ငထောင်ကြီး၏ အန္တရာယ်မှ ကင်းလွတ်သွားသော နှင်းနုကို ခေါ်သွားခဲ့ကြလေသည်။ နှင်းနုမှာ တက်ခေါင်လေးကို ကျေးဇူးတင်စကားပင် မဆိုလိုက်နိုင်။

တက်ခေါင်လေးသည် ရွာသားများနှင့်စကားစမြည်ပြောရင်း ကျန်ရစ်ခဲ့လေသည်။

!!!!!





# အခန်း - ၁၃

## ဗိစ္ဆာမြေ

တက်ခေါင်လေးသည် မွေးရာပါ အာစက်လျှာစက်[illegible]
သည်။ သားရိုင်းတိရိစ္ဆာန်များ၊ အိမ်မွေးတိရိစ္ဆာန်များအပေါ်
မှာ အဟန့်ရှိသည်။ ငယ်စဉ်က တောခွေးများနှင့်ရင်ဆိုင်တိုက်
ခိုက်ခဲ့ကြရာကအစ တက်ခေါင်လေး၏ အစွမ်းကို စပြီးတော
သိခဲ့ကြရလေသည်။

တောခွေးများသည် ထိုစဉ်က အထိကြီးထိကာ သေ
လုမျောပါးနဲ့ ထွက်ပြေးကြရသည်။ သေဆုံးပြီး ကျန်ရစ်ခဲ့ကြ
သော တောခွေးများသည်လည်း မည်သို့ပျောက်သွားကြ[illegible]
မသိကြပေ။ ရွာသားတွေကလည်း မည်သူတစ်ဦးတစ်ယောက်
မှ မြှုပ်နှံခြင်းမရှိကြပေ။

သည့်အရင်က ရွာတစ်ရွာတွင် ဖြစ်ပွားခဲ့သော တော



www.burmeseclassic.com

www.burmeseclassic.com



ခွေးများကိစ္စတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ သေဆုံးသွားသော တောခွေးများသည် ရွာအပြင်တွင် ဖြစ်ကြသည်။ ထိုစဉ်ကလည်း မနက်မိုးလင်းသောအခါ တစ်ကောင်တစ်လေကိုသော်မှ မတွေ့ကြရတော့။ သွေးကွက်များသည်ပင် မရှိကြတော့ပေ။

မည်သည့်အကြောင်းကြောင့် ဤသို့ဖြစ်ရပါသနည်း။ မည်သူမှ အဖြေမထုတ်နိုင်ကြပေ။

"သား . . နွားသိုးကြီးကိစ္စမှာ သိပ်ပြီးတော့ အတင့်ရဲလွန်းတယ်၊ မတော်လို့ ကိုယ့်ကို ပြန်ပြီးတော့ ဝေ့လိုက်ရင် ဘယ့်နှယ်လုပ်မလဲ"

မိခင်ဖြစ်သူ ဒေါ်မယ်ရင်က စိုးရိမ်စိတ်နဲ့ ပြောလေရာ. . ။

"ကျွန်တော် . . သတိထားပြီးတော့ ကိုင်တွယ်တာပါ။ ဘာမှမဖြစ်နိုင်ပါဘူး၊ နောက်ဆုံးမှာတော့ ငထောင်ကြီးပဲ မာန်ကျသွားခဲ့ရတာပဲမဟုတ်လား"

"ဒါပေမယ့် စိတ်ရိုင်းဝင်နေကြတဲ့ ဘယ်တိရိစ္ဆာန်တွေကိုမဆို ဈေးမတွက်နဲ့ကွယ့်၊ မတော်တဆဆိုတာ မပြောနိုင်ဘူး"

"ဟုတ်ကဲ့ပါ . . . အမေ"

ဦးဖိုးထယ်ကတော့ သူ့ရွှေမြေး၏ ထူးခြားမှုကို သိထား၍ ဘာမှဝင်မပြော။ တစ်စေ့တစ်စောင်းသာ အကဲခတ်လျက်ရှိသည်။

ဦးဖိုးမောင်သည် နွားသိုးကြီးကို အချိန်မီ ထိန်းလိုက်





နိုင်သော သားဖြစ်သူကို အများအန္တရာယ်မှ ကာကွယ်ပေးသည့်အတွက် ကျေနပ်နေမိသည်။

နောက်နေ့ကျမှ နှင်းနုလည်းရောက်လာပြီး. . . ။

"နင်သာ ငါ့ကိုမကယ်ရင် ငါအခုလောက်ဆို တစ်ကိုယ်လုံး ဒဏ်ရာဗလပွနဲ့ ဖြစ်နေလောက်ပြီ၊ သေရင်လည်း သေသွားနိုင်တယ်၊ နင့်ကို ငါဘယ်လို ကျေးဇူးဆပ်ရမှန်းမသိဘူး"

"အဲသည်အချိန်မှာ နင်မဟုတ်ပဲ တစ်ယောက်ယောက်ဖြစ်နေရင်လည်း ငါကူညီမိမှာပါ . . နှင်းနုရာ၊ ဒါပေမယ့် နင်ဘာမှ ဖြစ်မသွားတာကိုပဲ ငါဝမ်းသာလှပါပြီ၊ အဲ . . ကျေးဇူးဆပ်ဖို့ မလိုပါဘူး၊ နင်ဆပ်ချင်တယ်ဆိုရင်လည်း နောက်တော့မှ ဆပ်ပေါ့၊ ဘယ်အချိန်ဆပ်ရမယ်ဆိုတာ ငါပြောမယ် . . . ဟုတ်ပြီလား"

တက်ခေါင်လေး၏ စကားရိပ်ကို နှင်းနုသိသည်။ ထို့ကြောင့် မျက်စောင်းလေးတစ်ခုက ကျေနပ်စွာပင် ရောက်သွားခဲ့လေသည်။

"အေး . . နင်လိုချင်တဲ့ အချိန်ကိုပြော . . သိလား"

နှင်းနု၏ ပါးပြင်နှစ်ဖက်မှာ ပန်းနုရောင်သွေးက ရောင်ပြေးကလေးအဖြစ် ထင်ဟပ်နေလျက် . . ။

လမိုက်ညဖြစ်သော်လည်း ကြယ်ရောင်တွေက အားကောင်းကြသည်။ မိုးအောက်မြေပြင်တွင် လုံလောက်သော အလင်းရောင်ကို ဖြန့်ကြက်ထားသည်။

တက်ခေါင်လေးသည် မိမိရောက်နေသော နေရာကို



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြည့်လိုက်သည်။ မရင်းနှီးသော ပတ်ဝန်းကျင်စိမ်းဖြစ်နေသည်။ မိမိတစ်ကြိမ်တစ်ခါမှ မပတ်သက်ခဲ့။ မြင့်မားသော သစ်ပင်ကြီးများက ခပ်ကြဲကြဲပင် ပေါက်နေကြသည်။ သို့သော် ပင်စည်အားလုံးသည် မီးသင့်ထားသလို မည်းသည်းနေကြကာ ရှုံ့တွနေသော မျက်နှာများနှင့်တူနေသည်။

အကြည့်ရဆိုးသော မသဒ္ဒီစရာကောင်းသော ပုံပျက်ပန်းပျက်မျက်နှာများ။ ယင်းမျက်နှာများသည် မျက်နှာသေကြီးများမဟုတ်ကြ။ လှုပ်ရှားနေကြသည်ဟု ထင်မိရလေသည်။ ဖြစ်ပေါ်နေသော မျက်လုံးနေရာ၊ ပါးစပ်နေရာ၊ ပိန်ချိုင့်နေသော ပါးပြင်ခွက်ခွက်လိုနေရာများသည် တစ်ချက်တစ်ချက်မှာ လှုပ်ရှားသွားကြသည်။

မြက်ပင်တွေကအစ ခြောက်သွေ့ခြင်းမျိုး မဟုတ်ဘဲ ညိုညိုမောင်းမောင်း ရှိနေကြသည်။ အပင်ကြီးတစ်ပင်သည် လွန်စွာမှပင် ကြီးမားလှသည်။ အကိုင်းအခက်အရွက်တွေဝေဆာစွာ ရှိနေသော်လည်း နွယ်ရှည်ကြီးတွေက အောက်ကိုတန်းလန်းပင် ကျနေကြသည်။ အလိုလိုနေရင်း လှုပ်ရမ်းနေကြလေသည်။ တက်ခေါင်လေး သစ်ပင်အနားကို ရောက်သွားသောအခါ ပိုပြီးတော့ လှုပ်ရမ်းလာကြသည်။ ဆင်နှာမောင်းကြီးများသဖွယ် တရမ်းရမ်းနဲ့ ရှိနေကြသည်။ သွေးနံ့ရ၍ဖြစ်သည်။

ထိုစဉ် အမှတ်မထင်ဆိုသလို နွယ်ရှင်ကြီးတစ်ခုသည် ကြာပွတ်သဖွယ် တွန့်လိမ်ကွေ့ကောက်ကာ လွင့်လာသည်။ တက်ခေါင်လေး၏ လည်ပင်းကို ရစ်ပတ်လာလေသည်။ လည်





ပင်းကို ပတ်ထားသည်မှာ သန်မာမြဲမြံလှသည်။ ရုတ်တရက် အသက်ရှူပင် မှားသွားခဲ့ရလေသည်။

တက်ခေါင်လေးသည် ခါးကြားမှ ဓားမြှောင်ကို သတိရသွားသည်။ နွယ်ရှင်ကို ဆွဲကိုင်ပြီး ဖြတ်ချလိုက်သည်။ တိကနဲဆို ပြတ်သွားသည်။

"ရှူး"

လေတွေက ရှူးကနဲဆို ပန်းထွက်လာကြသည်။ သည့်နောက် သွေးများကဲ့သို့ နီရဲစေးပျစ်သော အရည်များက ထွက်ကျလာခဲ့ကြသည်။ လည်ပင်းမှာ ပတ်ထားသော အားကချက်ချင်းလျော့မသွား။ လက်နှင့်ဆွဲယူပြီးတော့ လွှင့်ပစ်လိုက်သည်။ နောက်ထပ် နွယ်ရှင်များက ပုလက်လွဲသလို တရမ်းရမ်းနဲ့ ရောက်လာကြ၍ ထိုနေရာမှ အလျှင်အမြန်ပင် ထွက်လာခဲ့ရလေသည်။ မြေပြင်မှာ ကျနေသော နွယ်ကြိုးပြတ်ကြီးသည် မြွေတစ်ကောင်ကဲ့သို့ တွန့်လိမ်နေလျက်ရှိသည်။

"ဟိတ်. . ငါ့ဆီကိုလာ. . တက်ခေါင်လေး"

အသံတစ်သံက ထွက်ပေါ်လာသည်။ လှည့်ကြည့်လိုက်လေရာ ခပ်လှမ်းလှမ်းတွင် သျှောင်တစ်စောင်းနဲ့ လူကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူကြီးသည် အခြားသူမဟုတ်။ တက်ခေါင်လေးနဲ့တူသောအဘိုးကြီးပင်တည်း။

"ဟင်. . . အဖိုး"

တက်ခေါင်လေးက ထိုအဘိုးကြီးဆီကိုလျှောက်သွားခဲ့သည်။

"အဘိုးက အသက်နည်းနည်းပိုပြီးတော့ ကြီးလာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီးတော့ ရင့်ကျက်လာသလိုပဲ"

"အသက်က သည်အတိုင်း ရပ်နေတာမှ မဟုတ်တာ၊ သူလည်း သွားနေတာပဲ၊ မင်းတောင်မှ သည်အရွယ်ရောက်လာခဲ့ပြီမဟုတ်လား၊ မင်းကိုယ်မင်းပြန်ပြီးတော့ ကြည့်လိုက်စမ်းပါဦး၊ ဘယ်အရွယ်ရောက်နေပြီလဲလို့၊ ဘယ်သူနဲ့ တူနေသလဲလို့"

တက်ခေါင်လေးသည် ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ သုံးသပ်မိလိုက်သည်။ သျှောင်တစ်စောင်းထုံးထားသည်။ ရှပ်အင်္ကျီအညိုရောင်နှင့်ဘောင်းဘီအနက်အရှည်ကို ဝတ်ဆင်ထားသည်။ ဟိုအရင်တစ်ခါက မြင်မက်ဖူးခဲ့သော မိမိနှင့်တူသော လူတစ်ယောက်၏ ဝတ်စားဆင်ယင်မှုနှင့်တစ်ပုံစံတည်း ကိုယ်လုံးကိုယ်ပေါက်ကအစ တစ်ထေရာတည်း။

"ဟင်"

ထို့ကြောင့် အံ့အားသင့်ခြင်းမက အံ့အားသင့်သွားခဲ့ရလေသည်။ မိမိ၏ အဘိုးနှင့်အဖေသည်လည်း သျှောင်တွေနှင့်။ မိမိသည်လည်း သျှောင်ကို ကြိုက်၍ သျှောင်ထားသည်။ လူငယ်တော်တော်များများသည်လည်း သျှောင်ထားကြသည်က များသည်။ အချို့ကတော့ ဘိုကေထားကြသည်။ လောကမာတ်ကျောင်းတက်ပြီး ဘိုစာကို သင်ကြသူတွေ၏ ပြောင်းလဲမှုများ။

"နောက်ဆုံးမှာတော့ အဘဦးဖိုးချက်ပြောတဲ့ စကားက အမှန်ပါလား"

မိမိကြိုပြီးမက်ထားသည့် အိပ်မက်ထဲကလူနှင့်အား





လုံး လာတူနေလေပြီ။

"လောကကြီးမှာ မင်းပျင်းလောက်အောင်ကို နေရဦးမယ်. . လူလေး၊ မနက်ဖြန်သေမလား၊ သဘက်ခါသေမလားလို့တော့ ကြိုတွေးပြီး စိုးရိမ်မနေနဲ့"

"အဘိုးက နောက်ထပ် ဘယ်လောက်အထိ အသက်ရှည်ရှည်နေရဦးမှာလဲ"

"ဒါတော့ ငါလည်း ဘယ်သိမှာလဲကွ၊ ငါမှမဟုတ်ဘူး၊ သည်ကိစ္စကို ကြိုပြီး ဘယ်သူမှမပြောနိုင်ကြဘူးလေ"

"ဩော်. . ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကျွန်တော်နားလည်ပါပြီ၊ ဒါနဲ့ အဘိုး သည်နေရာမှာ ဘာလုပ်နေတာလဲ"

"မင်းကို စောင့်နေတာပေါ့၊ မင်းကို ပြစရာရှိတယ်၊ လာ. . . လိုက်ခဲ့"

တက်ခေါင်လေးသည် ဘာမှန်းညာမှန်းမသိဘဲအဘိုးကြီး၏နောက်မှ လိုက်သွားခဲ့လေသည်။

"သည်နေရာက ဘယ်လိုနေရာကြီးလဲ. . အဘိုး၊ အပင်တွေကလည်း တစ်မျိုးပဲ၊ နွယ်ရှင်တွေကလည်း ကျွန်တော့်ကို အန္တရာယ်ပြုကြတယ်"

"မင်းရောက်နေတာ ဝက်ပါမြိုင်တောကြီးရဲ့ လျှို့ဝှက်တစ်နေရာကွယ့်၊ တချို့နေရာတွေက ထူးခြားတဲ့ အနေအထားမျိုးမှာ ရှိနေကြတယ်၊ မိစ္ဆာမြေလို့ သတ်မှတ်တယ်ကွယ့်၊ သီးခြားတည်ရှိနေတဲ့ နေရာ"

"မိစ္ဆာမြေ. . ဟုတ်လားအဘိုး"

"ဟုတ်တယ်ကွယ့်၊ ဘယ်သူမှ မမြင်မတွေ့နိုင်တဲ့နေ



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ ပျောက်ဆုံးနေတဲ့ နေရာ၊ ကံအားလျော်စွာမှသာ တွေ့နိုင်တယ်လေ"

"ဒါပေမယ့် အဘိုးကတော့ သိနေတယ်လား"

"အေးပေါ့ သိနေတာပေါ့၊ ဒါကြောင့်မို့ မင်းလည်း ကြုံပြီးတော့ သိထားရအောင် သည်ကို ခေါ်လာတာ"

တောအုပ်ကြီးထဲမှာ နောက်ထပ် သီးခြားဆန်သော နေရာတစ်နေရာ ရှိနေလေသည်။ သစ်ပင်တွေ ပို၍ထူထပ်ပြီး အပင်တိုင်းလိုလိုပင် မသဒီစရာကောင်းလောက်အောင် တွန့်လိမ်ရှု့ တွနေသော ပင်စည်များ၊ အရိုးခြောက်လက်တံများက ရှိနေကြသည်။ သို့သော် အရွက်တွေကလည်း ဖားဖားဝေဝေ။ စိမ်းစိမ်းစိုစိုနဲ့ ရှိနေကြသည်။ ဖြူသောသစ်ကိုင်းများက အရိုးခြောက်များနဲ့ တူနေကြသည်သာ။

တခဏအကြာတွင် အနိမ့်ပိုင်းတစ်ခုဆီကို ရောက်လာခဲ့ကြလေသည်။ တောင်ပို့ကြီးတစ်ခုကို တွေ့လိုက်ကြရသည်။ အနီးကပ်ရောက်သော် ယင်းတောင်ပို့ကြီး၏ အောက်ခြေမှာ အပေါက်ကြီးတစ်ပေါက်ကို တွေ့လိုက်ရသည်။ လမ်းရှိသည်။ အပေါက်ဝကျယ်သည်။ တကယ်တော့ တောင်ပို့ကြီးသဏ္ဌာန် ဖြစ်နေသော်လည်း တောင်ပူစာလေး တစ်လုံးစာလောက်ကို ရှိနေသည်။ အထဲကို တောက်လျှောက်ဝင်သွားကြသည်။ လူတစ်ယောက်ကောင်းကောင်းရပ်သာသည်။ လျှောက်သွားရင်း ပိုပြီးတော့ ကျယ်ဝန်းလာသည်။

တော်တော်ကလေး ဝင်လာခဲ့သောအခါ အထဲမှာ ရှင်းလင်းမနေပဲ ချုံများနှင့် အနည်းငယ် ရှုပ်ထွေးနေသည်ကို





တွေ့လိုက်ရသည်။ ခြုံကြီးတစ်ခုထဲမှာ မြေပေါ်မြေအောက် တစ်ဝက်တစ်ပျက်စီ နစ်မြုပ်နေသော အရာတစ်ခု။ တက်ခေါင်းလေးက သေသေချာချာ ကြည့်လိုက်သောအခါ ကျောက်သေတ္တာလေးတစ်လုံးဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"အဲဒါကို မင်းဖွင့်ကြည့်လိုက်စမ်း"

အဘိုးအိုက ပြောလိုက်သည်။ တက်ခေါင်းလေးကလည်း သိချင်နေသည်။ ထို့ကြောင့် အံမကျတကျဖြစ်နေသော သေတ္တာအဖုံးကို လက်နှစ်ဖက်ဖြင့် မကြည့်လိုက်သည်။

"ဂွီ"

အသံက မြည်သွားရာ အထဲမှာ ကျယ်လောင်သွားသည်။ ကျောက်သေတ္တာထဲမှာ တွေ့လိုက်ရသည်ကား ရွှံ့နှင့် ပြုလုပ်ထားသော တောခွေးရုပ်လေးများပင်တည်း။ အညိုဆောင်ဆေးချယ်ထား၍ အညိုရောင်တောခွေးများက အချို့ တော်တတ်ရပ်လျက်၊ အချို့ ဆောင့်ကြောင့်ထိုင်နေလျက်။ အချို့ကား တုံးလုံးလဲကျနေလျက်။ ပါးစပ်များဟနေကာ လျှာထွက်နေသောအသွင်။

အချို့ကား ကိုယ်ပေါ်မှာ နီရဲရဲအကွက်များနှင့်သွေးထွက်များလိုလို။ သို့မဟုတ် ဆေးခြယ်ရင်း မတော်တဆ ထိမိတ်မိကာ အနီရောင်စွန်းထင်းမှုများ ဖြစ်သွားခဲ့သည်လားမသိ။

မည်သူသည် ဤတောခွေးရုပ်များကို မည်သို့သော ရည်ရွယ်ချက်နဲ့ တစ်ကောင်ချင်းပြုလုပ်ခဲ့ပါသလဲ။ သွေးစွန်းအောင်ပြုလုပ်ထားသော တောခွေးရုပ်များသည် ဒဏ်ရာရဟန်၊



www.burmeseclassic.com

www.burmeseclassic.com



လျှာထွက်နေကြသော တောခွေးရုပ်များသည် သေဆုံးနေကြဟန်ဟု ယူဆမိရသည်။

ထိုအထဲတွင် ထူးထူးခြားခြား အနက်ရောင်တောခွေးရုပ်တစ်ကောင်ကို ထင်ရှားစွာပင် တွေ့လိုက်ရလေသည်။ အားလုံးထက် မြင့်မားသော အရုပ်ရှိပြီး အကောင်အထည်က ပိုကြီးသည်။ ရန်လိုနေသောအသွင်။ အစွယ်ဖွေးဖွေး၊ သွားဖွေးဖွေးပေါ်အောင် ပါးစပ်ကို ဖြဲဟထားသည်။ ခွေးနက်ရုပ်က ပိုပြီးတော့ အသက်ဝင်သည်။ ကြွရွနေသည်။

တက်ခေါင်လေးသည် အဘိုးအိုကို မော့ကြည့်လိုက်သည်။

"မင်း . . ကိုင်ကြည့်ချင်တယ်မဟုတ်လား၊ ကိုင်ကြည့်လေ"

တက်ခေါင်လေးက တောခွေးနက်ရုပ်လေးကို လက်နဲ့ကိုင်ရန် ကြိုးစားလိုက်သည်နှင့်မထင်မှတ်သော လှုပ်ရှားမှုက ဖြစ်ပေါ်လာခဲ့လေသည်။ တောခွေးနက်ရုပ်လေးသည် သေတ္တာထဲမှ ရုတ်တရက် ခုန်ထွက်လာသည်။ အပြင်ရောက်သွားသောအခါ တကယ့်သက်ရှိထင်ရှား ခွေးကြီးတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားခဲ့လေသည်။

ထိုနောက် တောခွေးကြီးသည် ယမ်းကနဲဆို နောက်လှည့်ပြီး တက်ခေါင်လေးကို ရန်မူရန်ပြုလိုက်သည်နှင့်။

"ဟာ"

တက်ခေါင်လေးကလည်း ပြန်ပြီးတိုက်ခိုက်ရန် အသင့်ပြင်ဆင်လိုက်ရလေတော့သည်။





# အခန်း - ၁၆

## သုသာန်ဇရုပ်ပေါ်ကလူ

တက်ခေါင်လေးသည် ဘေးမှာချထားသည့် ဓားရှည်ကို ရုတ်တရက် ကောက်ယူလိုက်သည်။ အအိမ်ထဲမှ ဓားကိုသွက်လက်လျှင်မြန်စွာပင် ဆွဲထုတ်လိုက်၏။

"ဝှစ်"

"ဟင်"

တက်ခေါင်လေးသည် ဝန်းကျင်ကို ဖျတ်ကနဲဆို အကဲခတ်မိသွားသည်။ တောနက်ကြီးထဲမှာမဟုတ်တော့။ ဂူကြီးလိုလိုအထဲမှာလည်း မဟုတ်တော့။ အိမ်ပေါ်မှာ ဖြစ်နေသည်။ ထိုအခါကျမှ မိမိသည် အိပ်မက်တစ်ခုကို မက်ခဲ့သည်ဖြစ်ကြောင်းကို သိလိုက်ရလေတော့သည်။

"မိစ္ဆာမြေဆိုပါလား၊ အိပ်မက်ထဲမှာ ကျွန်ုပ်တူတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



ဘိုးနဲ့ ဆုံတွေ့ရပြန်ပြီ၊ ဂူလိုလို၊ တောင်ပို့ကြီးလိုလိုဟာကြီးထဲက တောခွေးရုပ်တွေဟာ ဘယ်လိုအဓိပ္ပါယ်မျိုးလဲ၊ မိစ္ဆာမြေက ဝက်ပါမြိုင်တောကြီးထဲမှာ ရှိတယ်တဲ့၊ တကယ်ကောဟုတ်ရဲ့လား၊ ငါရောက်တတ်ရာရာ လျှောက်မက်နေတဲ့ အိပ်မက်မျိုးလား"

တက်ခေါင်လေးသည် အိပ်မက်ဟူသော အသိကိုသိသော်လည်း ဤလို အိပ်မက်မျိုးက ခေါင်းထဲမှာ စွဲပြီးတော့ ကျန်ရစ်ခဲ့သည်။ တော်တော်နဲ့ ဖျောက်ဖျက်၍မရပေ။ သုံးလေးရက်ကြာမှ အမှတ်သညာထဲမှာ ရေးရေးမျှသာ ထင်ကျန်ရစ်ခဲ့လေသည်။

ဤလိုနဲ့ ရက်သတ္တနှစ်ပတ်မျှအကြာ. . .။

ထိုရက်သည် လမကွယ်မီ နှစ်ရက်အလို. . .။

မှိုင်းလုံးရွာသုသာန်သည် တိတ်ဆိတ်လျက်ရှိသည်။

"ဗျန်း. . ဗျန်း. . ဗျန်း"

လေက တစ်ချက်တစ်ချက်မှာ ဆောင့်တိုးပြီး တိုက်ခတ်လာသည်။ သံချက်လွတ်နေသော သွပ်တစ်ချပ်က တဗျန်းဗျန်းနဲ့ မြည်လျက်ရှိသည်။

"ဝူး. . အူး. . . အူး. . ."

သုသာန်ခွေးတစ်ကောင်က ဆွဲဆွဲငင်ငင် အူလိုက်သည်။ ထိုအသံသည် အကာလအချိန်မှာမို့ ကျောချမ်းစရာကောင်းလှသည်။ ကြောက်တတ်သူများအတွက် ကြက်သီးတမြမြ ထလောက်လေသည်။

ထိုအချိန်တွင်. . .။





သုသာန်ထဲသို့ မီးရောင်တွေ တမဟုတ်ချင်းပင်ဝင်ရောက်လာခဲ့သည်။ မီးရောင်က မြေပုံဟောင်းတွေ၊ အသစ်တွေ၊ ဂူဟောင်း၊ ဂူသစ်တွေပေါ်ကို ဖြန့်ကြက်ပြီးတော့ ကျရောက်လာကြသည်။

လူတစ်စု. . .။

သုသာန်ထဲကို ဝင်လာခဲ့ကြသည်။ မီးတုတ်တွေကိုယ်စီ ကိုင်ထားကြသည်။ ဖြစ်သလို ပြုလုပ်ထားသော ခေါင်းတလားကြီးတစ်ခုကိုလည်း ဦးပဲ့ထမ်းလာကြလေသည်။

သေဆုံးသွားသောသူသည် ခွေးရူးအကိုက်ခံရပြီး ခွေးရူးပြန်ပြီးမှ အနိစ္စရောက်သွားခြင်းပင်ဖြစ်သည်။ ပိုးများပျံ့နှံ့တာ ကူးစက်မည်ကို စိုးသောကြောင့် ညတွင်းချင်း သဂြိုဟ်ခြင်းပင်ဖြစ်သည်။ သေဆုံးသူ၏ မိသားစုဝင်ထဲမှ တစ်ဦးသာ ပါလာခဲ့သည်။ ထိုသူ၏ ဇနီးမယားကိုပင် ခေါ်မလာခဲ့ကြပေ။ ထို့ကြောင့် ငိုကြွေးသံကို မကြားရခြင်းပင်ဖြစ်သည်။

ကျင်းတူးထားသော နေရာရောက်လာကြသောအခါ ခေါင်းတလားကို ကျင်းထဲသို့ ကြိုးနဲ့ဆွဲကာ တဖြည်းဖြည်း ချလိုက်ကြသည်။

ထိုအချိန်တွင် သင်္ချိုင်းတစ်ခုသည် သုသာန်ဇရပ်ပေါ်မှာ ရှိနေသည်။ ယင်း မည်းမည်းသင်္ချိုင်းသည် သျှောင်တစ်စောင်းထုံးထားသည့် မထူမပါး နှုတ်ခမ်းမွေးနဲ့ စူးလက်တောက်ပြောင်သော မျက်လုံးတွေက အရောင်ထွက်နေသည်။ ရှည်လျားသော မျက်လုံးအိမ်ရှိသည်။ ထိုသူသည် မတ်တတ်ရပ်ကာ ရောက်လာသော လူတစ်စုကို စူးစိုက်ပြီးတော့ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

ထိုနောက် မြေကျင်းထဲကို ခဲများ၊ မြေစိုင်ခဲများ၊ သဲများက တဝုန်းဝုန်း၊ တဖြောင်းဖြောင်းနဲ့ ကျလာခဲ့ကြသည်။ လူတစ်စုက ကိစ္စမြန်မြန်ပြီးရန် ကိုယ့်အလုပ်ကို ဆောင်ရွက်နေကြသည်။ ဇရပ်ပေါ်ကလူကို သတိမမူမိကြ။ ထိုလူစုထဲတွင် ဦးဖိုးထယ်လည်း ပါလာသည်။ ဦးဖိုးထယ်က ရွာ၏ သာရေးနာရေးကိစ္စများကို လိုအပ်ပါက နေ့ညမရွေး တက်ကြွစွာ ပါဝင်ဆောင်ရွက်တတ်သောသူဖြစ်သည်။ ယခုလည်း နာရေးကိစ္စတွင် မညည်းမညူပင် လိုက်ပါလာခဲ့လေသည်။

ဦးဖိုးထယ်သည် လူကြီးတစ်ယောက်ဖြစ်သော်လည်း ယခုထက်ထိ ကျန်းမာရေးကောင်းမွန်နေဆဲ။ ဖျတ်လတ်သန်မာနေဆဲ။ အာရုံကြောတွေကလည်း ထက်သန်နေဆဲ။

စိတ်ထဲမှာ ဇရပ်ပေါ်တွင် ထူးခြားမှုတစ်ခုက ရှိနေသည်ဟု ထင်နေမိသည်။ ထို့ကြောင့် မသိမသာ လှမ်းပြီးတော့ ကြည့်မိလိုက်သည်။ သင်္ကာန်တစ်ခုကိုမမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။

"ဇရပ်ပေါ်မှာ ဘယ်သူများပါလိမ့်"

အလှမ်းသိပ်မဝေးသော်လည်း လူတစ်ယောက်ပဲဆိုသည်ကို သိလိုက်သည်။

"သည်လိုအချိန်မျိုးမှာ သူဖုန်းစားနဲ့ အရူးကလွဲပြီး သူသန်ဇရပ်မှာ ရှိမနေနိုင်ဘူး၊ ရွာထဲဝင်ပြီး ဒုက္ခပေးမယ့်သူခိုး၊ တောပုန်းဓားပြတွေများ ဖြစ်နေမလား၊ တစ်ယောက်တည်းမှဟုတ်ရဲ့လား"





ဦးဖိုးထယ်သည် တဒင်္ဂအချိန်ကလေးအတွင်းမှာ ဦးနှောက်ကို အလုပ်များစွာ ပေးလိုက်မိလေ၏။

ထို့ကြောင့် မိမိနှင့်အနီးဆုံးမှ ကာလသားခေါင်းကျော်ထူးကို. . .။

"ဟိုဇရပ်ပေါ်မှာ လူတစ်ယောက်တွေ့လား၊ ငါတော့မသင်္ကာဘူး၊ ဘယ်ကလဲမသိဘူး၊ မေးမြန်းကြည့်ရင်ကောင်းမယ်"

ကျော်ထူး၏ ဦးဖိုးထယ်၏ စကားကြောင့် ဇရပ်ဆီကို မသိမသာ လှမ်းပြီးတော့ ကြည့်လိုက်သည်။ မီးရောင်က ထိုသူ့ဆီကို ရောက်နေ၍ မတ်တတ်ရပ်နေသော သူအား သိသာစွာပင် မြင်တွေ့နေရလေသည်။

"ဟုတ်တယ်. . ဦးထယ်၊ ကျွန်တော်တို့ကို စိတ်ဝင်တစားနဲ့ ရပ်ကြည့်နေတာဗျ၊ မသင်္ကာဘူး၊ နည်းနည်းပါးပါး မေးစမ်းကြည့်ရင် ကောင်းလိမ့်မယ်ထင်တယ်"

"အေး. . သည်မှာ လူတချို့ ကိုထားခဲ့ပြီး ခေါ်ချင်တဲ့သူ လေးငါးယောက်လောက်ကို ခေါ်လာခဲ့ကွာ၊ အကျိုးအကြောင်းလည်း မြောပြဦး"

ကျော်ထူးက အနားမှ ထွက်သွားသည်။ ချက်ချင်းလိုလိုပင် လူငါးယောက်နှင့်အတူ ပြန်လာခဲ့လေသည်။ လက်ထဲမှာ ဓားရှည်များကို ကိုင်ဆောင်ထားကြသည်။ မည်သည့်အကြောင်းနှင့်မှမဟုတ်ပါ။ ညရေးညတာ သွားလာကြလျှင် ဤသို့ ကိုင်ဆောင်နေကြပင်။

"လာဟေ့. . သွားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထယ်က ဦးဆောင်ပြီးတော့ ဇရပ်ဆီကိုလျှောက်သွားကြသည်။ မီးတုတ်တစ်ချောင်းစီကို ကိုင်သွားခဲ့ကြသည်။

ဇရပ်ပေါ်က လူကြီးသည် သူ့ဆီကို လူတွေလာနေကြသည့်အတွက် လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရလေသည်။

ထို့ကြောင့် ချက်ချင်းပင် ကျောပေးလိုက်သည်။ ဇရပ်နောက်ဖက်တံခါးပေါက်မှ ရှောင်တိမ်းပြီး ထွက်သွားရန်အကြံပင်။ ထိုသူ၏ လှုပ်ရှားမှုကို သိသွားခဲ့ကြလေရာ. . .။

"ဗျို့. . . ဇရပ်ပေါ်ကလူ ခဏနေပါဦး"

ဦးဖိုးထယ်က နောက်ကနေ လှမ်းအော်လိုက်လေ၏။

သို့သော် ထိုသူသည် တားမြစ်သည့်စကားကို ဂရုမစိုက်ပဲ လှစ်ကနဲဆို ပြေးဝင်သွားခဲ့လေရာ. . .။

"ဟေ့လူ. . . နေဦးလေ"

ကျော်ထူးက အော်ပြီး ဇရပ်ပေါ်ကို ပြေးတက်သွားလေသည်။

"ဟေ့. . နှစ်ယောက်က အောက်ကနေ ပတ်ပြီးတော့ လိုက်ကြစမ်း"

ဦးဖိုးထယ်က ကျန်သည့်လူများကို ညွှန်ကြားလိုက်သည်။ ထို့ကြောင့် နှစ်ယောက်က အောက်မှနေ၍ ဇရပ်ကို ပတ်ပြီးတော့ လိုက်သွားခဲ့ကြလေသည်။

ဦးဖိုးထယ်သည် ကျော်ထူးကို စိတ်မချ၍ ဇရပ်ပေါ်ကိုပင် တက်လိုက်သွားသည်။ အတွေးထဲမှာ ဖျတ်ကနဲဆို ပေါ်လာသည်ကား ထိုသူကို မြင်ဖူးထားခဲ့သည်ဟူသော အမှတ်သညာပင်။





"သည်လူကို ငါမြင်ဖူးထားတယ်၊ ဘယ်မှာပါလိမ့်"

ချက်ချင်းပင် ခေါင်းထဲမှာ ပေါ်လာခဲ့သည်ကား. .။

"ဟာ. . ဟုတ်ပြီ၊ ငါ. . သည်လူ့ကို ဝက်ပါတောစပ်မှာ တွေ့ဖူးခဲ့တယ်၊ ဆယ်နှစ်လောက်ရှိတောင်ရှိပြီပဲ"

ဇရပ်က သိပ်ကြီးကြီးမဟုတ်ပါ။ အသုံးဘပို့လာကြသူများ တရားနာနိုင်စေရန် ကျယ်ကျယ်ဝန်းဝန်းတော့ ရှိသည်။ သုသာန်ဇရပ်မို့ တောက်လျှောက် ဟာလာဟင်းလင်းအခန်းတွေ ဘာတွေ ဖွဲ့ထားစရာမလို။

ထို့ကြောင့် ကျော်ထူးနောက်မှ ပြေးလိုက်သွားသည်နှင့်တစ်ဖက်တံခါးပေါက်ကို ချက်ချင်းလိုလိုပင် ရောက်သွားနိုင်သည်။ သို့သော် ရှေ့က ပြေးထွက်သွားသောသူသည် သွက်လက်လျှင်မြန်လှသည်။ တံခါးဆီကို ချက်ချင်းပင် ရောက်သွားခဲ့လေသည်။

"ဟေ့လူ. . ဘာဖြစ်လို့ပြေးတာလဲ"

ကျော်ထူးက ဝေါက်မေးမေးရင်း ပြေးလိုက်သွားရာက မီလာဆဲမှာ. . .။

ထိုသူသည် အောက်ကို ခုန်ချလိုက်လေသည်။

ကျော်ထူးသည် အလွတ်မပေးဘဲ ခုန်ချလိုက်သည်။

ထိုစဉ်. . . ဦးဖိုးထယ်သည်လည်း ထပ်ချပ်မကွာပါလာသည်ဖြစ်ရကား အောက်ကို ဆင်းလိုက်သွားခဲ့လေသည်။ ဇရပ်ဘေးမှ ပတ်ပြီးတော့ လိုက်လာကြသူများကိုပင် ဆုံနိုင်ကြလေပြီ။

ကျော်ထူးက ရှေ့မှဆက်ပြေးရန် ဟန်ပြင်နေသော



www.burmeseclassic.com

www.burmeseclassic.com



သူကို နောက်ကနေ လက်နှင့်ဖမ်းဆွဲလိုက်သည်။ လက်နက်နှင့်ရန်ပြုရန် မကြိုးစားပေ။ ထိုသူ၏ သျှောင်ကိုသာ ဆွဲကိုင်မိလိုက်သည်။ သျှောင်သည် ပြေသွားခဲ့သည်။

"ဟင်. . ငါ့. . ငါ့ကို. . ."

ထိုသူက လက်ပြန်ရိုက်ထည့်လိုက်လေရာ ကျော်ထူး၏ လက်က ပုတ်ထုတ်လိုက်လေသည်။ ညာလက်က ဓားရှည်ကို ကိုင်ထားသော်လည်း လက်နက်နှင့်မတိုက်ခိုက်သေး။ ခုခံသောသူကို အရှင်ဖမ်းလိုသေးသည်။ ကျော်ထူးက လက်နက်မဲ့ ကိုယ်ခံပညာကို ကောင်းစွာ တတ်ကျွမ်းထားသည်။ ထိုသူ့ကို နာအောင်လုပ်ပြီးမှ အမိအရချုပ်ကိုင်နိုင်ဖို့ ကြိုးစားသည်။

သျှောင်ပြေသွားသည့်အတွက် ရှည်လျားသော ဆံပင်တွေက ပြေပြီးတော့ ကျသွားခဲ့ကြသည်။ မျက်နှာပြင်ပေါ်မှာ တစ်ဝက်တစ်ပျက် ဖုံးအုပ်နေကြသည်။ အချို့ကိုယ်ရှေ့မှာ၊ ကျောထက်မှာ ဖြန့်ဝဲပြီးတော့ ကျနေကြလေသည်။ နောက်မှလိုက်လာကြသောသူတွေက ထိုသူ့ကို ဝိုင်းထားကြသည်။ တစ်ယောက်နှစ်ယောက်က မီးတုတ်တွေကို ကိုင်မြှောက်ထားကြသည်။ မီးရောင်က ထိုသူ၏ ကိုယ်ပေါ်ကို ထင်လင်းစွာ ကျနေကြလေသည်။

ထို့ကြောင့် သူ့တစ်ကိုယ်လုံးကို ထင်ရှားစွာပင် မြင်တွေ့နေရလေသည်။ တောက်ပနေသော မျက်လုံးနှစ်လုံးသည် စဉ်းလဲရက်စက်မှုကို ဖော်ပြနေကြသည်။ ပါးစပ်က အနည်းငယ်ကျယ်သည်။ နှုတ်ခမ်းမွှေးတွေက ထူထဲနက်မှောင်နေကြသည်။ နှာတံက အနည်းငယ်ပိပြားသည်။ မျက်နှာတစ်ခုလုံး





ကို ခြုံပြီးတော့ကြည့်လျှင် ကောက်ကျစ်တတ်သော လူစားဟု အဓိပ္ပါယ်သတ်မှတ်၍ရသည်။

ထိုသူသည် ဒေါသထွက်နေဟန်ရှိပြီး ရှန်တရက်ပင် နောက်ပြန်ခုန်လိုက်သည်။ မထင်မှတ်သော လှုပ်ရှားမှုကြောင့် အားလုံး အံ့အားသင့်သွားခဲ့ကြရလေသည်။

လေထဲကို ငါးပေလောက်အထိ မြောက်တက်သွားခဲ့သည်။ ဂူဟောင်းတစ်လုံးပေါ်ကို ရောက်သွားသည်။

"မင်းတို့ ငါ့ကို တမင်လိုက်နှောင့်ယှက်နေကြတာပဲ၊ ခုချက်ချင်း သည်နေရာက ထွက်သွားကြ"

နက်ကျောသော အသံကြီးက သုသာန်မြေတစ်ခုလုံးကို ဖုံးလွှမ်းသွားခဲ့သည်။ လည်ချောင်းထဲမှ ထွက်လာသော အသံအက်အက်သည် ကြားလိုက်ကြရသူအဖို့ ကျောချမ်းစရာကောင်းလှသည်။

"ခင်ဗျားကို အနှောင့်အယှက်ပေးမလို့ မဟုတ်ပါဘူး။ နည်းနည်းပါးပါး မေးစမ်းချင်လို့ပါ"

"ကျုပ်ကိုမေးရအောင် မင်းတို့က ဘာကောင်တွေလဲ"

ဦးဖိုးထယ်သည် ထိုသူ၏ မချေမငံစကားကြောင့် စိတ်ထွက်သွားခဲ့ရသည်။

"ကျုပ်တို့မှာ တာဝန်ရှိလို့မေးတာဗျ၊ ရွာထဲကိုရောက်လာတဲ့ လူစိမ်းမှန်သမျှ သည်လိုပဲ အမေးခံရမှာပဲ"

"ဟုတ်ပါတယ်၊ ဒါ. . ကျွန်တော်တို့ရဲ့ အစဉ်အလာပါ"

ကာလသားခေါင်း ကျော်ထူးကလည်း ဖြောင်းဖျပြီးတော့ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ . . ဘယ်သူပဲဖြစ်ဖြစ် မင်းတို့မေးဖို့ မလိုပါဘူး"

"အေးလေ၊ ဒါဆိုရင်လည်း ကျုပ်တို့ဘက်က လိုက်လျှောမှုအဆုံးသပ်သွားပြီပေါ့၊ ကဲဟေ့ . . သည်လူကို အမိအရဖမ်းကြစမ်း"

ဦးဖိုးထယ်က အားလုံးကို အမိန့်ပေးလိုက်လေသည်။

အားလုံးသည် ထိုသူရပ်နေသော ဂူကို ဝိုင်းထားလိုက်ကြသည်။ ထိုသူသည် ခေါင်းက ဟိုလှည့်ဒီလှည့်နဲ့ ဂဏှာမငြိမ်နိုင်အောင်ပင် ရှိနေသည်။ လက်နှစ်ဖက်ကို ရှေ့ကိုထုတ်လိုက်သည်။ လက်ချောင်းတွေကို ကွေးချည်ဆန့်ချည်လုပ်နေသည်။ ထိုအခါကျမှ လက်ချောင်းတွေကို သေချာစွာ မြင်လိုက်ကြရသည်။ လက်သည်းတွေက မည်းနက်နက်။

ရှည်လျားချွန်ထွက်သော လက်သည်းနက်တွေက မလှီး၊ မဖြတ်ပဲထားသည်မှာ မည်မျှကြာခဲ့လေပြီလည်းမသိပါ။ သူ့ကိုကြည့်ရသည်မှာ ရှည်လျားသော လက်သည်းများနဲ့ တိုက်ခိုက်တော့မည့်အသွင်။

ကာလသားခေါင်းကျော်ထူးက ဓားကို မြှောက်ကာ ခြိမ်းခြောက်ဟန်နဲ့ အောက်ကနေ လှမ်း၍ ခုတ်လိုက်သည်။ ထိုသူက ခါးကို ကိုင်းပေးလိုက်ရာ ဓားချက်က ပွတ်သပ်ပြီးတော့ လွဲသွားသည်။ တစ်ယောက်သည် အမှတ်မထင် ဂူပေါ်ကို ပြေးတက်လိုက်သည်။

"ဟိတ် . . သတိထားနော်၊ အတင့်မရဲနဲ့"

ဦးဖိုးထယ်က လှမ်းပြီးတော့ သတိပေးလိုက်သည်။ ဂူထက်မှလူသည် လက်သည်းရှည်ကြီးများနှင့်လှမ်း၍ ထိုက်





ခိုက်လိုက်သည်။ ရှောင်ရှားလိုသော်လည်း ပခုံးကို ထိခိုက်မိသွားလေသည်။

"အား"

"ဟိတ် . . ငါတို့လူကိုထိသွားပြီ၊ တစ်ယောက်ချင်း မတက်နဲ့၊ အားလုံး ဝိုင်းပြီးဖမ်းကြ"

ဦးဖိုးထယ်ကပင် သတိပေးစကား ပြောလိုက်သည်။ ထို့ကြောင့် ဂူထက်ကလူကို အားလုံးတပြိုင်တည်း ဝိုင်းဖမ်းရန်ကြိုးစားကြသည်။ စောစောက ဂူပေါ်ကို ရောက်နေသောသူသည် လူစိမ်းကို အမှတ်မထင် တိုက်ခိုက်လိုက်သည်။

"ခွပ်"

"ခွပ်"

လူစိမ်းသည် အမှတ်မထင် ခံလိုက်ရသော်လည်း ဂူပေါ်က ကျမသွားပဲ ပြန်ပြီးတော့ တိုက်ခိုက်ပြန်သည်။ ဂူပေါ်ကို နောက်ထပ် နှစ်ယောက်ခုန်တက်လာစဉ်မှာ လူစိမ်းသည် နောက်ကျွမ်းပစ်ပြီး ဂူထက်မှ ဆင်းသွားခဲ့သည်။

"ဟ . . ပြေးပြီ၊ ပြေးပြီ၊ လိုက်ကြစမ်း၊ မလွှတ်စေနဲ့"

ကာလသားခေါင်းကျော်ထူးက အော်ပြောပြီး သူပါပြေးလိုက်သွားသည်။ လူစိမ်းကို ဝိုင်းထားလိုက်ကြပြန်သည်။

"သတိထားကြဟေ့၊ လူက တော်ရုံလူမဟုတ်ဘူး၊ ခုန်ထွက်သွားဦးမယ်"

"တောက် . . အရှင်လိုချင်လို့သာပေါ့ကွာ၊ မဟုတ်ရင်တော့ သည်နေရာမှာ ပွဲသိမ်းသွားပြီ"

လူစိမ်းက ရန်သူသဖွယ် ပြန်ပြီးတော့တိုက်ခိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



အတွက် အခဲမကျေ ဖြစ်နေကြလေသည်။ လူစိမ်း၏ မျက်နှာကြီးသည် ပို၍ပြီးတော့ ခက်ထန်လာသည်ဟု ထင်မိရလေသည်။ လက်နှစ်ဖက်ကို ယောင်ထားသည်။ ချွန်မြည့်သော လက်သည်းရှည်ကြီးတွေနဲ့ ခြိမ်းခြောက်နေသည်။ ထပ်ပြီး ထွက်ပြေးဖို့လည်း မကြိုးစားပေ။

ထိုစဉ်. . .။

"အားလုံး သူ့အနားကို ကပ်ဖို့ မကြိုးစားကြပါနဲ့၊ ကျွန်တော်နဲ့တွေ့မယ်"

အသံတစ်သံက ထွက်ပေါ်လာခဲ့လေသည်။ လှည့်ကြည့်လိုက်ကြသည်။ အခြားသူမဟုတ်။ တက်ခေါင်လေးပင်တည်း. . .။

!!!!!





## အခန်း – ၁၅

## သချိုင်းထဲက တောခွေးနက်ကြီး

တက်ခေါင်လေး၏ အသံကြောင့် အားလုံးက အံ့အား...သွားခဲ့ကြသည်။ ဦးဖိုးထယ်သည်ပင် လိုက်လာခဲ့လိမ့်မည်...မျှော်လင့်မိ။ ရုတ်တရက် ပေါ်လာသော နာရေးကိစ္စ...ကြောင့် ဦးဖိုးထယ်ပါ အသုဘချရာတွင် လိုက်ပါသွားခဲ့သည်...သိလိုက်။ မြေးအဘိုးတွေ တစ်အိမ်စီလည်း ဖြစ်နေ၍...

မယ်ရင်၏ မိခင်ဖြစ်သူဒေါ်နှင်းခင်က အိမ်ကိုရောက်...ပြီး မင်းအဖိုးနောက်ကို လိုက်သွားဦးလို့ ပြောလာ၍...ခေါင်လေးလည်း လိုက်လာခဲ့ခြင်းပင်။

"ငါ့မြေး. . မင်းက တစ်ယောက်တည်း ဘာဖြစ်လို့...လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဘပါလာတာ ကျွန်တော်မသိဘူး၊ အဘွားက လာ ပြောလို့"

"ဟာ. . ဘယ်ခက်တာပဲ၊ သည်မှာ ပြဿနာတစ်ခုနဲ့ တိုးနေတယ်. . တွေ့လား"

"တွေ့တယ်လေ. . အဘ၊ အဝေးကြီးကတည်းက အ သံတွေကို ကြားနေတယ်၊ ဖယ်ကြပါ၊ ကျွန်တော်နှင့်တွေ့မယ်"

"မင်းက သည်လူ့အကြောင်း ဘာသိသေးလို့လဲ၊ အ ရူးလား၊ အနှမ်းလားမသိ၊ သူ့ပုံပန်းသဏ္ဌာန်ကို တွေ့တယ်မ ဟုတ်လား"

ကာလသားခေါင်း ကျော်ထူးက တက်ခေါင်လေးကို စိုးရိမ်ကာ ထပ်မံ၍ သတိပေးလိုက်သည်။ သို့သော် တက် ခေါင်လေးဆို ယုံကြည်ပြီးသားဖြစ်သည်။ တစ်ရွာလုံးကလည်း အားထားနေရသည်မဟုတ်ပါလား။ တက်ခေါင်လေးရောက် လာသည့်အတွက် အားလုံးက အလိုလိုပင် ဖယ်ရှားပေးလိုက် ကြသည်။

လူစိမ်းသည် တက်ခေါင်လေးကို မြင်လိုက်သည့်အ တွက် မျက်နှာအမူအရာ ပြောင်းလဲမှု ဖြစ်သွားခဲ့ရသည်။

သို့သော် ရှောင်ထွက်သွားခြင်း မပြုဘဲ နေရာမှာရပ် ကာ ခပ်စိမ်းစိမ်းပင် ကြည့်နေလေသည်။ တက်ခေါင်လေးမှာ သူ့ထက် အသက်ကြီးသော သူတစ်ယောက်ဖြစ်နေသည်ကို သိသွားသည်။

"ဦးရီးက ဘယ်ကများလဲခင်ဗျာ"

"ငါ. . ဘယ်ကဖြစ်ဖြစ်၊ မင်းနှင့်မဆိုင်ဘူး၊ မင်း. .





ငါတို့ကို အနှောင့်အယှက်ပေးဝေါင်းများလှပြီ၊ ခုလည်း မင်းက ငါ့လာခဲ့ပြန်ပြီ"

ထိုသူ၏ စကားကြောင့် တက်ခေါင်လေးအပါအဝင် အားလုံး အံ့အားသင့်သွားခဲ့ကြလေသည်။ တက်ခေါင်လေး အမေက အားလုံးသည် ထိုသူကို ဤတစ်ကြိမ်ပဲ မျက်ဝါးထင် ထင် မြင်ဖူးလိုက်ကြသည်မဟုတ်ပါလား။

"နေပါဦး. . . ကျွန်တော်က ဦးရီးကို ဘယ်တုန်းက ကတည်းက အကြိမ်ကြိမ် အနှောင့်အယှက်ပေးဖူးလို့လဲ"

"ဟေ့ကောင်. . မင်းက ခုမှ မသိချင်ယောင်ဆောင် နေနဲ့၊ သည်တစ်ခါတော့ အပြတ်ပဲကွ"

ထိုသူက အက်ကွဲသော အသံကြီးနဲ့ ပြောလိုက်ပြီး တက်ခေါင်လေးကို ရုတ်တရက်ဆိုသလို ခုန်အုပ်လိုက်လေ သည်။

"ဟာ"

"ဟာ"

လူအားလုံး၏နှုတ်မှ အံ့အားတသင့် အသံများက ထွက်ပေါ်လာခဲ့ကြလေသည်။ အကြောင်းမှာ ထိုသူက တက် ခေါင်လေးကို ခုန်အုပ်လိုက်သော ဟန်သည် တိရစ္ဆာန်တစ် ကောင်၏ ဟန်အတိုင်းပင်တည်း။ လေထဲကို မြောက်တက် သွားသည်။ သို့သော် တက်ခေါင်လေးကလည်း သတိကြီးစွာ ထားနေသူမို့ ဘေးကို ဖျတ်ကနဲဆို ခုန်ရှောင်လိုက်သည်။

ထိုသူ မြေပြင်ကို အကျတွင် လေးဘက်ထောက်ကျ သွားသည်။ ခြေလက်တွေက မြေပွပွထဲကို ကျွံပြီးတော့ ဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။ မြေပုံဟောင်းတစ်ခုထဲသို့ ကျသွားခဲ့ခြင်းပင်။

တက်ခေါင်လေးသည် ကိုယ့်ထက်အသက်ကြီးသော သူမို့ ပြန်ပြီးတော့ မတိုက်ခိုက်ပေ။ ဘေးမှ လူတွေကလည်း ထိုလူစိမ်းကို ခပ်ကြဲကြဲပင် ဝိုင်းထားကြသည်။

စောစောက ကျင်းကို မြေဖို့နေကြသော လူများသည်လည်း အချင်းဖြစ်ရာဆီကို ရောက်လာခဲ့ကြသည်။ အခြေအနေအရ မမျှော်လင့်ဘဲ မြင်လိုက်ကြရသောအခါ အံ့အားသင့်သွားခဲ့ကြရလေသည်။

ထိုလူကြီးသည် မြေကျင်းဟောင်းကြီးထဲကို ကျွံဝင်သွားရာက ရုတ်တရက် ထရပ်လိုက်ပြီး တက်ခေါင်လေး၏ ခုန်အုပ်လိုက်ပြန်သည်။

"ဟိုး"

နှုတ်ကလည်း ဟီးကနဲထွက်လာသည့် အသံကြီးက မာန်ဖီသံကြီးပင်တည်း။ မြှောက်ပြီးဝင်လာသော လက်နှစ်ဖက်ကလည်း တက်ခေါင်လေး၏ လည်ပင်းနှင့်ရင်ညွန့်ဆီကိုပြေး သည်။

တက်ခေါင်လေးသာ လက်နှင့်ပုတ်ပြီး မဖယ်ရှားနိုင် ခဲ့လျှင် ကိုယ်ထဲကို ဖောက်ပြီးတော့ ဝင်သွားမှာဖြစ်သည်။ ထို လူကြီးက မိမိ၏ တိုက်ကွက်လွဲသွား၍ တရှူးရှူးတရှားရှားဖြစ် ကာ ဒေါသထွက်သွားရလေသည်။

တက်ခေါင်လေးသည် အသက်ကိုပါ ရန်ရှာခံနေရ ဖြစ်၍ ထိုသူကို အမိအရဖမ်းရန် ဆုံးဖြတ်လိုက်သည်။ ဘေး ဝိုင်းထားကြသူများအားလုံး စုပြီး ဝင်လုံးလျှင်ဖြစ်သော်လည်း





တက်ခေါင်လေးကြောင့် မဝင်ဖြစ်ကြ။

လူစိမ်းလူကြီးကလည်း ထွက်မပြေးဘဲ ပြန်ပြီး တိုက်ခိုက်ပုံမှာ ထူးဆန်းလှသည်။ သို့သော် တိရစ္ဆာန်တစ်ကောင်၏ တိုက်ခိုက်ပုံမျိုးပင်။

တက်ခေါင်လေးသည် လူစိမ်း၏လက်ကို ပုတ်ပြီးတော့ ဖယ်ရှားလိုက်ရာ လက်သည်းချွန်ချွန်များ၏ အန္တရာယ်က ကင်းဝေးသွားခဲ့ရလေသည်။ မိမိရရသာ ထိမိသွားခဲ့လျှင် ဓား နဲ့ထိုးလိုက်သကဲ့သို့ဖြစ်မည်။

မိမိလက်နှင့်ပုတ်မိလိုက်စဉ်က လက်ဖျံခြင်းထိသွားသည်။ ခံစားချက်သည် မာကျောသော သံချောင်းတစ်ချောင်းနဲ့ ထိတွေ့လိုက်ရသကဲ့သို့ပင်တည်း။

ထိုသို့ လက်က ချော်ထွက်သွားခဲ့သည်နှင့်လူစိမ်း၏ နံကြားထဲကို လက်ချောင်းများစုပြီး ခပ်ဆတ်ဆတ်ပင် ထိုး ထည့်လိုက်လေသည်။

"ဒုတ်"

"ဟင်"

ထိုသူ နံကြားထဲ အောင့်ထွက်သွားသည်။ အသက်ရှူ မရဖြစ်သွားခဲ့လေသည်။ နေရာလည်း ရွှေ့မရဖြစ်သွားခဲ့ရလေသည်။ တက်ခေါင်လေးသည် ထိုသူကို ကျောဖက်ကနေ အတင်းဝင်လုံးကာ ဖက်သည်။ ချုပ်ထားသည်။

"လာကြလေ . . ကြိုးတွေယူလာကြ"

တက်ခေါင်လေး သတိပေးလိုက်မှ ဝိုင်းထားကြသော လူများသည် သတိရသွားခဲ့ကြသည်။ လူတစ်ယောက်က စော



www.burmeseclassic.com

www.burmeseclassic.com



စောက အခေါင်းကို ချည်သည့်ကြိုးကို ယူလာပြီး ထိုလူစိမ်းကို တုတ်နှောင်ရန် ကြိုးစားစဉ်မှာ. . .။

ကျန်လူတွေကလည်း လက်နှင့်ဝိုင်းပြီး ချုပ်နှောင်ရန် ကြိုးစားကြသည်။ လူစိမ်းက အမိအရ ချုပ်နှောင်ထားသော တက်ခေါင်လေး၏လက်ထဲက အကြောက်အကန်ရုန်းသည်။

"ငါ့ကို မဖမ်းကြနဲ့. . ဖယ်. . ဖယ်"

တက်ခေါင်လေးတစ်ယောက်တည်း ထိုသူ့ကို မနိုင်နိုင်။ ဘေးက လူတွေပါ ဝိုင်းပြီးတော့ ချုပ်နှောင်ရန် ကြိုးစားလိုက်သည်နှင့်။

"အိး. . အား. . ."

ဒေါသတကြီးနဲ့ အော်လိုက်သံက ထွက်ပေါ်လာခဲ့သည်။ တစ်ဆက်တည်းမှာပင် သူ့ကို ဖက်တွယ်ထားသော တက်ခေါင်လေးနှင့်အတူ မြေပြင်ထက်မှ မြောက်တက်သွားသည်။

"ဟင်"

"ဟာ"

ခြေစုံကန်ပြီး ဆောင့်ကာ ရုန်းထွက်သွားသည်။ အတော်မြင့်မြင့်အထိ ရောက်သွားပြီး ခပ်လှမ်းလှမ်းမှာ သွား၍ ကျလေသည်။

"ဘုန်း"

တက်ခေါင်လေးသည် သတိကြီးစွာ ထားနေသူမို့ အကျသက်သာသည်။ သို့သော် ထိုသူကို မလွှပ်နိုင်အောင် တင်းကြပ်စွာ ဖက်ထားနေဆဲ။





"ခင်ဗျား. . ကျွန်တော့်ထက်ထဲက မလွတ်ပါဘူးဗျာ"

ထိုသူကလည်း အကြောက်အကန်ပင် ရုန်းသည်။

"မင်းရဲ့လက်ထဲကိုတော့ အရောက်မခံဘူးကွ"

အံကြိတ်ကာပြောရင်း တတောင်တစ်ဖက်က နောက်ပြန်ဆောင့်တွန်းလိုက်ရာ. . .။

"အင့်"

တက်ခေါင်လေး၏ အချက်ကို ထိုးမိသည်။ နာကျင်မှုကြောင့် ထိုသူ့ကို ချုပ်နှောင်ထားသော အားလျော့သွားခဲ့သည်နှင့်ရုန်းကန်ကာ ထွက်ပြေးသွားခဲ့လေတော့သည်။

"ဟာ. . ပြေးပြီ၊ လိုက်. . လိုက်ကြ"

တက်ခေါင်လေးက အနီးဆုံးမို့ ရှေ့ဆုံးမှ ပြေးပြီးလိုက်သွားသည်။ ထိုလူသည် ဂူပျက်တွေကြားထဲမှာ ကွေ့ပတ်ကာ ပြေးသည်။ ချုံပုတ် တွေကို လွှားကနဲ၊ လွှားကနဲဆို ခုန်ကျော်သွားသည်။ တက်ခေါင်လေးကလည်း မျက်ခြည်မပြတ်လိုက်သည်။ သစ်ပင်တွေ၊ ချုံပုတ်တွေပိုပြီးထူသော သုသာန်၏တစ်စက်အစပ်ကို ရောက်သောအခါ ထိုသူသည် အမှောင်ထဲကို တိုးဝင်ပျောက်ကွယ်သွားသည်။ တက်ခေါင်လေးသည်လည်း အန္တရာယ်ရှိနိုင်၍ ဆက်ပြီးမလိုက်တော့ပေ။

× × ×

ထိုသူသည် အမှောင်ထဲမှာ မြင်နိုင်သူအလားသွတ်ရှောင်ပြီးတော့ ပြေးဝင်သွားသည်။ တက်ခေါင်လေးက နေရာ



www.burmeseclassic.com

www.burmeseclassic.com



မှာတင်ရပ်ကာ စိုက်ကြည့်နေသည်။

မိမိ၏ ကျောဘက်မှာ အန္တရာယ်တစ်ခုက စောင့်ကြည့်နေသည်ဟု အလိုလိုပင် ထင်လာမိလေသည်။ မသက်သာ၍ နောက်ကို လှည့်ကြည့်မိလိုက်ရာ . . .။

"ဟင်"

ရိပ်ကနဲဆို သဏ္ဍာန်တစ်ခုက လွှားကနဲဆို မိမိအပေါ်ကို ခုန်အုပ်လာခဲ့သည်။ ဘေးကို ဖျတ်ကနဲဆို ခုန်ရှောင်လိုက်ရသည်။

"ဟမ်း"

မာန်ဖီသံကြီးက ထွက်ပေါ်လာသည်။ သိလိုက်ရသည်ကား ခွေးနက်ကြီးတစ်ကောင်ပင်တည်း။ ခွေးနက်ကြီးသည် တက်ခေါင်လေး၏ ကုပ်ကို ကိုက်ခဲရန် ကြိုးစားသော်လည်း မအောင်မြင်။ လက်သွက်သော တက်ခေါင်လေးက ပါးစပ်ကြီးကို ဖြဲ၍ဝင်လာသော ခွေးနက်ကြီး၏ ပါးစောင်ကို လက်သီးပြင်းပြင်းတစ်ချက် ပစ်သွင်းလိုက်သည်။

"ခွပ်"

"အူး"

တောခွေးနက်ကြီးမှာ အော်ထွက်သွားခဲ့လေသည်။ အောက်ကို အရှိန်နဲ့ ပစ်ကျသွားရာတွင် လည်တိုင်ကို တဆစ်ဆတ်နဲ့ ခါပစ်လိုက်သည်။ နာကျင်သွားသည်။ ခေါင်းမူးသွားသည်ထင်သည်။ လူတွေကလည်း တက်ခေါင်လေးဆီကို ပြေးလာခဲ့ကြလေရာ . . .။

"ဟာ . . . ခွေးနက်ကြီး"





"ဘယ်ကဘယ်လို ရောက်လာခဲ့တာလဲ"

ခွေးနက်ကြီးကို မြင်လိုက်ရ၍ တအံ့တသြဖြစ်သွားခဲ့ကြသည်။ ထိတ်လန့်သွားကြသည်။

"ဟော့ . . ဟော့ . . အလွတ်မပေးကြနဲ့တော့"

ဦးဖိုးထယ်က သတိပေးလိုက်လေရာ ပါလာသော ဓားများနဲ့ ပြေးခုတ်ကြသည်။ ရရာတုတ်များကို ကောက်ပြီး ပြေးရိုက်ကြသည်။ မမှိမကမ်းဖြစ်နေ၍ အုတ်၊ ကျောက်များနဲ့ ပစ်ပေါက်ကြရှာလသည်။

ခွေးနက်ကြီးကား အရှောင်ကောင်းသည်။ တစ်ချက်မှ မထိ။ မမိ။ သို့သော် မည်သူပစ်လိုက်သော အုတ်ခဲကျိုးမှန်းမသိ။ ခွေးနက်ကြီးဆီကို ရောက်လာပြီး . . .။

"ခွပ်"

"အူး"

ခွေးနက်ကြီးမှာ ခေါင်းကို တိုက်ရိုက်ပင် ထိမှန်သွားသည်။ ဒေါသလည်း ကြီးစွာထွက်သွားခဲ့ရသည်။ လူတွေကြားထဲကို တဟုန်ထိုးပင် ပြေးပြီးတော့ လိုက်လေရာ တက်ခေါင်လေးက ရှေ့ကနေ ဝင်ကာလိုက်ပြီး . . .။

"ဟေး . . ဟေး . . မင်းဒီလောက်တော်င် သတ္တိကောင်းသလား"

တက်ခေါင်လေး၏ တဟေးဟေးနဲ့ အော်လိုက်သော အသံသည် ဘေးဘီရှိ အရာဝတ္ထုများကိုပင် မြှင်းထန်စွာရိုက်ခတ်သွားသည်ဟု ထင်လိုက်ရသည်။ လူအားလုံး၏ ကျောထဲကလီစာထဲမှာ စိမ့်တက်သွားခဲ့ကြရသည်။ သိမ်ငယ်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



ပင် ခံစားလိုက်ကြရသည်။

တောခွေးနက်ကြီးကား ဆိုဖွယ်ရာ မရှိတော့။ တစ်ကိုယ်လုံး နတ်ပူးသလို ဆတ်ဆတ်ခါအောင် တုန်လှုပ်သွားခဲ့သည်။ စူးလက်တောက်ပနေသော မျက်လုံးတွေသည်ပင် အရောင်ဖျော့သွားခဲ့ရလေသည်။ နောက်ကိုပင် ခြေနှစ်လှမ်းခန့် ဆုတ်သွားခဲ့ရလေ၏။ လူတွေက တောခွေးနက်ကြီးကို အံ့အားသင့်စွာနဲ့ ကြည့်နေမိသည်။

သူ့ဆီကို နောက်ထပ် တုတ်၊ ဓား၊ ခဲ၊ အုတ်များရောက်မလာမီမှာပင်. . .။

"ဟမ်း"

ထွက်ပေါ်လာသော ရင်ခေါင်းသံကြီးနှင့်အတူ နောက်ကျွမ်းတစ်ချက်ပစ်လိုက်သည်။ တော်တော်ဝေးဝေးထိရောက်သွားသည်။ မြေပြင်ပေါ်အကျတွင် ကြီးမားသော ချုံကြီးတစ်ခြုံကို လွှားကနဲဆို ခုန်ကျော်ကာ ထွက်ပြေးသွားလေသည်။

တက်ခေါင်လေးက ပြေးလိုက်သွားမည်အပြုမှာ. .။

"မလိုက်နဲ့တော့. . ငါ့မြေး"

ဦးဖိုးထယ်က တားလိုက်လေသည်။ အားလုံးသည် တောခွေးနက်ကြီးက မထင်မှတ်ဘဲပေါ်လာသောကြောင့် အံ့အားတသင့်ဖြစ်နေ၍ မဆုံးတော့။ စောစောက လူကြီးသည်လည်း ဘယ်ဆီရောက်သွားမှန်းမသိတော့။

တခဏအကြာတွင် ရွာဘက်ဆီကို ပြန်လာခဲ့ကြလေသည်။ အသုဘကိစ္စတွင်မမျှော်လင့်ဘဲကြုံတွေ့လိုက်ကြရသည့် အဖြစ်အပျက်ကို ရင်တထိတ်ထိတ်နဲ့ ခံစားနေကြရဆဲ။





# အခန်း– ၁၆

## တောထဲက လူထူးလူဆန်း

ညအချိန်မတော် သုသာန်သို့ အသုဘပို့ရာတွင် မမျှော်လင့်ဘဲကြုံတွေ့ခဲ့ကြရသော အထိတ်တလန့် ဖြစ်ရပ်များကြောင့် လူတွေ ပြောမဆုံးကြတော့။ တစ်ဆင့်စကား၊ တစ်ဆင့်နားသို့ ရောက်သွားခဲ့ကြလေ၏။

"သည်တောခွေးနက်ကြီးဟာ ငါတို့ကို ဒုက္ခပေးဖူးခဲ့တဲ့ ကောင်ကြီးတွေပဲဖြစ်ရမယ်၊ ဘယ်လိုကြောင့် သင်္ချိုင်းထဲကို ရောက်လာရတာလဲ"

"မဟုတ်မှလွဲရော ဒီကောင်ကြီး တစ်ကျော့ပြန်ရောက်လာခဲ့ပြန်ပြီ ထင်တယ်၊ သတိထားကြရမယ်၊ လူတွေကို အနှောင့်အယှက်ပေးလာဦးမလားပဲ"

"ဇရပ်ပေါ်က လူစိမ်းသည် ဘာကြောင့်အမေးအမြန်း



www.burmeseclassic.com

www.burmeseclassic.com



မခံဘဲပြန်ပြီးတော့ ခုခံရတာလဲမသိဘူး၊ သူလည်း ပျောက်သွားရော တောခွေးနက်လည်း ရောက်လာရော၊ ဆက်စပ်မှုများရှိနေသလား"

တစ်ယောက်နှင့်တစ်ယောက် အဖြေက မတူညီကြ။ အတွေးတွေက တစ်မျိုးစီမို့ပင်။

"သည်တောခွေးနက်ကြီးဟာ နှစ်ပေါင်းများစွာ ကြာပြီ၊ ရွာတွေကို နှောင့်ယှက်လာလိုက်၊ အကြာကြီးနေမှ ပြန်ပေါ်လာလိုက်နဲ့၊ သူတစ်ကောင်တည်း တွေ့ပြီဆိုရင် အဖော်တွေက မလှမ်းမကမ်းမှာ ရှိနေတတ်ကြတယ်၊ ရွာတွေပတ်ဝန်းကျင်မှာ ရစ်သီရစ်သီနဲ့ ရှိနေပြီဆိုရင် မကြာတော့ဘူး၊ သည်ကောင်တွေ တစ်ရက်ရက်မှာ ဝင်နှောင့်ယှက်ကြတော့မှာပဲ"

"အဘထယ်. . ဒီနက်ကြီးဟာ နှစ်တွေဒီလောက်ကြာတဲ့အထိ မသေသေးဘဲအသက်ရှင်နေသေးတာ ဖြစ်နိုင်ပါ့မလားဗျာ၊ တခြားတစ်ကောင်ကောင်များ ဖြစ်နေမလား"

"ငါကတော့ တစ်ကောင်တည်းပဲ ဖြစ်ရမယ်လို့ အလိုလိုထင်နေမိတယ်၊ ဘာကြောင့်လဲတော့ မသိဘူးပေါ့ကွာ၊ မင်းပြောသလိုလည်း တခြားအကောင်တစ်ကောင်လည်း ဖြစ်နိုင်တာပဲ၊ ဒါပေမယ့် မင်းတို့ သတိမထားမိတာ တစ်ခုရှိတယ်"

"ဘာများလဲ. . . အဘထယ်"

"နက်ကြီးရဲ့ ခြေသည်းတွေဟာ အားလုံးနက်ပြီး ရှည်လျားနေတယ်ဆိုတာကိုပဲ"

"ဟုတ်လား. . ကျွန်တော်တို့က သည်ကောင်ကြီးဆီကို စိတ်ကရောက်နေတာနဲ့ သူ့ခြေသည်းတွေကို မကြည့်မိဘူး၊





ဒါနဲ့ မဆီမဆိုင် ကျွန်တော်တို့ကို ရန်လိုပြီး တိုက်ခိုက်တဲ့ ဟိုသူကြီးလည်း လက်သည်းရှည်ကြီးတွေနဲ့နော်၊ ဘယ်လိုတွေးရမှန်းတောင် မသိတော့ဘူး"

ထိုအခါကျမှ လူစိမ်းကြီးနှင့်ခွေးနက်ကြီးကို ဆက်စပ်ကာ စဉ်းစားလာခဲ့ကြပြန်လေသည်။

တက်ခေါင်လေးသည် မိမိမက်ခဲ့သည့် အိပ်မက်ထဲမှ မိစ္ဆာမြေကို ချက်ချင်းလိုလို ပြန်ပြီးတော့ သတိရလာသည်။ ထိုထဲမှ ကျောက်သေတ္တာလေးထဲရှိ တောခွေးရုပ်များ၊ ယင်းတောခွေးရုပ်များထဲက ထင်ရှားစွာရှိနေသော တောခွေးနက်ရုပ်တစ်ကောင်။ မိမိလက်နဲ့ ကိုင်ရန်ကြိုးစားလိုက်စဉ်မှာပင် တောခွေးရုပ်က လှုပ်ရှားလာကာ အကောင်ကြီး ဖြစ်လာပြီး [illegible]ရန် ကြိုးစားပုံ။

"အဘ. . ဝက်ပါမြိုင်တောကြီးထဲမှာ မိစ္ဆာမြေဆိုတာ ရှိသလား"

"ဟော. . မိစ္ဆာမြေဟုတ်လား"

ဦးဖိုးထယ်သည် မိစ္ဆာမြေဟူသော အသံကို မမျှော်လင့်ဘဲ ကြားလိုက်ရသည့်အတွက် အံ့အားသင့်သွားခဲ့ရလေသည်။ အနားမှာ အတူရှိနေသော ဦးဖိုးချက်သည်လည်း တက်ခေါင်လေးကို အံ့အားတသင့်နဲ့ ကြည့်မိလိုက်သည်။ ဦးဖိုးချက်သည် နက်ကြီးနှင့်ပတ်သက်ပြီး ဆွေးနွေးရန် ဦးဖိုးထယ်ထံ အိမ်သို့ ရောက်နေခြင်းပင်။

"မိစ္ဆာမြေဆိုတာ ဝက်ပါမြိုင်တောကြီးထဲမှာ သီးခြား



www.burmeseclassic.com

www.burmeseclassic.com



ထည်ရှိနေတဲ့နေရာလို့ ဟိုးဘိုးစဉ်ဘောင်ဆက် ကတည်းက ပြောလာကြတာပဲ၊ တကယ်ရှိမရှိ ဟုတ်မဟုတ်ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ဒါပေမယ့် မိစ္ဆာမြေကို အမှတ်မထင်ရောက်သွားကြတဲ့ သူတွေလည်းပဲရှိကြတယ်တဲ့၊ ငါ့မြေးက ဘယ်လိုအကြောင်းကြောင့် မေးတာလဲ"

"ဒါဆိုရင် မိစ္ဆာမြေဆိုတာ တကယ်ရှိလောက်တယ်ပေါ့၊ ကျွန်တော်. . အိပ်မက်မက်ဖူးခဲ့တယ်. . အဘ၊ အဲသည်ကို ကျွန်တော်ကိုယ်တိုင် ရောက်သွားတယ်"

"ဟေ. . ဟုတ်လား"

ဦးဖိုးထယ်သည် တက်ခေါင်လေးကို အံ့အားတသင့်နဲ့ ကြည့်မိလိုက်လေသည်။

ဦးဖိုးချက်က. . .။

"မိစ္ဆာမြေနှင့်ပတ်သက်ပြီး မင်းအရင်က ကြားဖူးထားတာတွေ ရှိသလား"

"မရှိပါဘူး၊ တစ်ခါမှလည်း မကြားဖူးခဲ့ပါဘူး"

"ဒါဆို မင်းရဲ့ အိပ်မက်နဲ့ ပတ်သက်ပြီး ပြောပြပါဦးကွာ"

"သည်လို. . အဘရဲ့"

တက်ခေါင်လေးသည် အိပ်မက်ထဲမှာ မိစ္ဆာမြေကို ရောက်သွားခဲ့ပုံ၊ မိမိနှင့်ရုပ်ချင်းတူသော အဘိုးအိုနှင့်ပြန်ပြီး ဆုံတွေ့ရပုံ၊ နွယ်ရှင်များနဲ့ ကြုံတွေ့ခဲ့ရပုံ၊ အကျည်းတန်သစ်ပင်ကြီးများကအစ ဂူကြီးတစ်လုံးထဲကို ရောက်သွားခဲ့ပုံများ။





ကျောက်သေတ္တာထဲမှ တောခွေးရှဲ့ရုပ်များနှင့် ပတ်သက်ပြီး အားလုံးကို ပြန်ပြီးတော့ ပြောပြလိုက်လေသည်။

တက်ခေါင်လေးပြန်ပြီးတော့ ပြောပြနေစဉ်တွင် ဦးဖိုးထယ်ရော၊ ဦးဖိုးချက်ပါ ငြိမ်ပြီးတော့ နားထောင်နေကြ၏။ မျက်နှာအမူအရာတွေက လေးနက်မှုရှိနေကြသည်။ ထိုနောက် ဦးဖိုးထယ်နှင့်ဦးဖိုးချက်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြပြီး ဦးဖိုးချက်ကပင်လျှင်. . .။

"ဂူထဲက ကျောက်သေတ္တာထဲမှာရှိတဲ့ တောခွေးရုပ်တွေဆိုတာကို ပိုပြီးတော့ စိတ်ဝင်စားတယ်ကွယ့်၊ ကျုပ်ကြားဖူးနားဝရှိခဲ့တာကို ပြောပြရမယ်ဆိုရင် အဲဒါတွေဟာ အစီအရင်နဲ့ လုပ်ထားကြတာပဲ"

"ဟုတ်တယ်၊ အဲသည်အကြောင်းတွေကို ကျုပ်. . လူပျိုပေါက်ဘဝကတည်းက သိလာခဲ့ရတာ၊ လူကြီးတွေ အချင်းချင်းပြောနေကြတာကို မှတ်သားခဲ့ရတာ"

"ဆိုပါဦး. . ဦးထယ်ရဲ့၊ ဘယ်လိုအစီအရင်တွေနဲ့များ လုပ်ထားခဲ့တာလဲ"

"မြေးရဲ့ အိပ်မက်ကို အကြောင်းပြုပြီး ခေါင်းထဲမှာ ပြန်ပေါ်လာခဲ့တဲ့ အကြောင်းတွေပါဗျာ၊ အတိအကျတော့ မဆိုနိုင်ဘူးပေါ့၊ အင်း. . ကျုပ်က သည်အကြောင်းကို ခေါင်းထဲမှာ ဘာဖြစ်လို့ စွဲနေတာလဲမသိပါဘူးဗျာ၊ သည်လိုဗျ. . တစ်ခါတုန်းက ထင်းခွေယောက်ျားတစ်ယောက်ဟာ ဝက်ပါမြိုင်တောကြီးထဲကို ရောက်သွားတယ်တဲ့။ အဲ. . သူ့နာမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုကာလုလို့ပဲ မှတ်လိုက်ကြပါစို့ဗျာ"

ဦးဖိုးထယ်သည် သူကြားသိခဲ့ရသော ဖြစ်ရပ်မှန်လိုလို၊ ဒဏ္ဍာရီလိုလို ဇာတ်လမ်းလေးတစ်ခုကို မှတ်မိသမျှ ပြန်ပြီးတော့ ပြောပြလိုက်လေသည်။

× × ×

ကိုကာလုသည် ထင်းခုတ်ဓားမကို ခါးကြားထိုးကာ ဝက်ပါမြိုင်တောထဲသို့ ဝင်လာခဲ့သည်။ တစ်ပိုင်တစ်နိုင် ထင်းအတွက် တောစပ်လောက်မှာပင် ထင်းခွေခဲ့သည်ချည်းပင်။ အလွန်ဆုံး တောစပ်နှင့်မနီးမဝေးလောက်အထိသာ။ ဟင်းချက်ခွး၊ ဟင်းစားရအောင် သစ်ဥတူးလောက်ပဲ ရည်ရွယ်သည်။ အပြန်တွင် ထင်းလည်းရ၊ ဟင်းစားလည်းရ၊ တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသလိုပင် သည်ထက်ဝေးဝေးဆီကိုတော့ မသွားဖြစ်ခဲ့။

နီးရာသစ်ပင်များတွင် ရကွ်စိုးအစောင့်များကို ခွင့်ဝန်ကာ အကိုင်းများကို ချိုင်သည်။ သစ်ပင်အောက်မှာပင် စုပုံထားသည်။ ထိုနောက် သီးပင်စားပင်များရှိရာ နေရာကို ချိုးတိုးကာ လျှောက်လာခဲ့လေသည်။ မိသားစုအတွက် တစ်အိုးချက်၊ နှစ်အိုးချက်လောက်ရရင် တော်လောက်ပါပြီ၊ လောဘမကြီးပါ။ အိမ်က ထွက်လာကတည်းက ကောက်ညှင်းခေါ်တို့ပေါင်းကို အဆာပြေစားခဲ့သည်။ရေတစ်ဘူးယူလာခဲ့သည်။





နံနက်စာ ထမင်းစားချိန်အမီ အိမ်ကိုပြန်ရောက်ရမည်။

ကိုကာလုသည် တောထဲမှာ ယောင်လည်လည်ဖြစ်နေသည်။ တစ်ကြိမ်တစ်ခါမှ ဤလိုဖြစ်ဖူးခဲ့ပါ။ နောက်ကြောင်းကို ပြန်မလှည့်ပဲ ရှေ့ကိုသာ ဆက်ပြီးတော့ သွားချင်နေသည်။ လက်ထဲမှာလည်း အသီးအရွက်တွေက တစ်ပွေ့တစ်ပိုက်ကြီး ရှိနေလေပြီ။

"ငါ့ . . သည်တောစပ်လောက်မှာပဲ ပြီးပြီးသွားတယ်၊ အထဲကို နံ့နံ့စပ်စပ် မရောက်ဖူးသေးဘူး၊ ဟိုနားသည်နားလောက်တော့ လျှောက်ကြည့်ဦးမှပါပဲလေ"

မိမိဆွတ်ခူးထားသော အသီးအရွက်များကို နီးရာသစ်ပင်တစ်ပင်၏ ခွကြားမှာတင်ကာ နေရာမှ ထွက်လာခဲ့လေသည်။ စိတ်ကူးရရာ လျှောက်ကောင်းကောင်းနဲ့ ဆက်ပြီးတော့ လျှောက်လာခဲ့သည်။ ထိုသို့ လျှောက်လာခဲ့ရင်းက ငိုက်ကနဲတစ်ချက်ဖြစ်သွားခဲ့လေသည်။

"ငါ . . ဘယ်လိုဖြစ်တာပါလိမ့်၊ ညက အိပ်ရေးလည်း ဝဝအိပ်ထားလျက်သားနဲ့၊ အခုလည်း အိပ်ချင်လာပြန်ပြီလား၊ မဟုတ်သေးပါဘူး"

ကိုယ့်ကိုယ်ကိုလည်း အံ့အားသင့်မိရသည်။ သည်လိုပဲ လျှောက်သွားရင်းနဲ့ လမ်းမှာ အိပ်ပျော်သွားသလားပင်မသိ။ ရုတ်တရက် သတိရသလိုဖြစ်သွားပြီး မျက်လုံးအစုံကို ဖွင့်ပြီးကြည့်မိလိုက်ရာ. . . ။

"ဟင် . . ငါဘယ်နေရာကို ရောက်နေတာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ အထူးအဆန်းလို ဖြစ်သွားခဲ့ရလေသည်။ သူတွေလိုက်ရသည်ကား ရှေ့မှာ မီးခိုးတွေက တလူလူနဲ့ထွက်နေသောနေရာ။

"ဘယ်သူများ ထင်းမီးရှို့ထားပါလိမ့်၊ ညအိပ်ပြီး သစ်ခုတ်၊ ဝါးခုတ်နဲ့ စခန်းချနေကြတဲ့ နေရာများလား"

စူးစမ်းသောစိတ်နဲ့ ထိုနေရာကို လျှောက်သွားခဲ့လေသည်။ မရမ်းပင်ကြီးနှစ်ပင်ကို တွေ့လိုက်ရလေသည်။ မျက်စိအောက်မှာ ဘွားကနဲ ပေါ်လာသလိုပင်။ တစ်ပင်နှင့်တစ်ပင်သည် ငါးပေလောက်ပဲ ကွာဝေးသည်။ လမ်းလိုပဲဖြစ်နေသည်။ တစ်ဖက်သို့ သွားသည့် လမ်းပေါက်ဝတစ်ခုပင်။

ထို့ကြောင့် ဘာကိုမှ စဉ်းစားမနေတော့ပဲ အပင်ကြီးနှစ်ပင်ကြားမှ လျှောက်သွားခဲ့လေသည်။ မလှမ်းမကမ်းတွင် မီးဟုန်းဟုန်းတောက်လောင်နေသော နေရာကို တွေ့လိုက်ရသည်။ ထင်းပုံကြီးတစ်ပုံ၊ တစ်ယောက်ယောက်က မီးဖိုထားခြင်းပင်။ မီးခိုးတွေကြားထဲမှာ လူတစ်ယောက်ကို မသဲမကွဲတွေ့လိုက်ရလေသည်။

မီးခိုးငွေ့တွေကြားထဲမှာ ခန့်မှန်းပြီး ကြည့်လိုက်ရာ မျက်နှာပေါက်ကဆိုးဆိုး၊ နှုတ်ခမ်းကလန်လန်၊ နှာခေါင်းက ပွပွနှင့်လူကြီးတစ်ယောက်။ မုတ်ဆိတ်ကျင်စွယ်များ ရှိသည်။ ဆံပင်ကို ထိပ်မှာစုပြီးတော့ ထုံးနှောင်ထားသည်။ ဆံပင်က အစ အားလုံး ဆွတ်ဆွတ်ဖြူလျက် ရှိနေကြသည်။ ခက်ထန်သော မျက်နှာထားရှိသည်။ မျက်လုံးအစုံသည် အေးစက်ပြီး





တင်းမာနေသယောင်။ မီးခိုးငွေ့တွေက သူ့ရှေ့က ဖြတ်သွားလိုက်၊ ရပ်သွားလိုက်နဲ့ လေသင့်ရာကို သွားနေကြသည်။ ထို့ကြောင့် ကြာကြာအကဲခတ်ပြီး မကြည့်နိုင်။ တစ်ကိုယ်လုံး ခြုံပြီးတော့ အပေါ်ယံရုပ်ပြီး အကဲခတ်ကြည့်ရင်တော့ ကြောက်စရာကောင်းသော မျက်နှာထားပင်ဖြစ်သည်။

ထို့အပြင် အနီရောင်အကျႌပွပွရှည်ရှည်ကြီးကိုလည်း ဝတ်ဆင်ထားသည်။ လုံချည်ကတော့ အသားရောင်ဖြစ်ပြီး အောက်ပိုးကျိုက်ထားလေသည်။ ထိုသူသည် ဆောင့်ကြောင့်ထိုင်နေလျက်ရှိပြီး ဟုန်းဟုန်းတောက်လောင်လျက်ရှိနေသော မီးပုံထဲကို မည်သည့်အရာမှန်းမသိ။ တစ်ခုပြီးတစ်ခု ထည့်နေလျက်ရှိသည်။

"မီးပုံထဲ ဘာတွေထည့်နေတာပါလိမ့်၊ သစ်ဥတွေလား၊ စားကောင်းတဲ့ သစ်မြစ်တွေလား"

သဲကွဲစွာ မမြင်နိုင်။ လက်အပူခံပြီး ထည့်နေသည့်အရာများကား ကုန်ပင်မကုန်တော့နိုင်။

"သစ်ဥသစ်ဖုတွေတော့ မဖြစ်နိုင်တော့ဘူး၊ ဒီလောက်အများကြီး ထည့်နေတာက တစ်ခုခုတော့ တစ်ခုခုပဲ"

ပိုပြီးတော့ စိတ်ဝင်စားလာခဲ့သည်။ သိချင်စိတ်က ပြင်းထန်လာသည်နှင့်သစ်ပင်၊ ချုံများကို အကာအကွယ်ယူကာ အနားကို တစ်ဆင့်ပြီးတစ်ဆင့် တိုးသွားသည်။

ထိုလူကြီး၏ ကျောဘက်ကို အနီးကပ်ဆုံး အနေအထားဖြင့် ရောက်သွားခဲ့လေသည်။ ထိုလူကြီးသည် လူတ်မှလည်း



www.burmeseclassic.com

www.burmeseclassic.com



တတွတ်တွတ်နဲ့ ရွတ်ဆိုနေဟန်တူလေသည်။ ဂါထာမန္တရားပဲဖြစ်ဟန်တူသည်။ မည်သည့်အစီရင်တွေများ ပြုလုပ်နေပါသနည်း။ ထို့အပြင် မီးပုံကြီးထဲကို ထည့်နေသော အရာများကို သိချင်လိုစိတ် ပြင်းပျလာခဲ့သည်။ မည်သည့်အရာများဖြစ်နိုင်သနည်း။ သစ်ဥသစ်ဖုတွေ မဟုတ်မှန်းတော့ သဘောပေါက်လာခဲ့ရလေသည်။

တခဏအကြာတွင် မီးပုံထဲကို သစ်ကိုင်းခြောက်မာမာတစ်ချောင်းနဲ့ ထိုးဆွနေပြန်သည်။ မီးကျီခဲရဲရဲကြားမှ အရာများကို အပြင်သို့ တစ်ခုပြီးတစ်ခု ဆွဲထုတ်လာသည့်များကား ရွှံ့ရုပ်လေးများ ဖြစ်နေသည်ကို ခန့်မှန်းမိသည်။ သတ္တဝါကောင်လေးများပင်ဖြစ်ကြသည်။ သေသေချာချာ ကြည့်သောအခါ နွားရုပ်လေးတွေမဟုတ်ဟု သိရသည်။ ခွေးရုပ်လေးများပင်တည်း။

"ချိုမပါဘူး၊ နွားရုပ်လေးတွေတော့ မဖြစ်နိုင်ဘူး၊ ပုံပန်းသဏ္ဌာန်အရဆိုရင် ခွေးရုပ်လေးတွေနဲ့ ဆင်ဆင်တူတယ်၊ ဒီလောက်များတဲ့ ခွေးရုပ်တွေကို မီးဖုတ်ပြီး ဘာများလုပ်မလို့ပါလိမ့်"

ထိုလူကြီးသည် ခွေးရုပ်လေးတွေ အားလုံးကို ထုတ်ပြီးသောအခါ စုပုံထားပြီး နေရာမှထသွားသည်။ သစ်ပင်အကွယ်တစ်ခုဆီကို ရောက်သွားသည်။ ပြန်ထွက်လာသောအခါ လက်ထဲတွင် ကျောက်အင်တုံနှစ်ခုကို လက်တစ်ဖက်စီကိုင်လာသည် အကြီးအသေးမညီ။ ခွေးရုပ်များအနားကို ချလိုက်





သည်။

ထိုနောက် ပူခြစ်နေဆဲရှိသော ခွေးရုပ်များကို လက်နဲ့ကောက်ယူကာ အကြီးဆုံးအင်တုံထဲကို တစ်ကောင်ပြီးတစ်ကောင် ကောက်ထည့်လေတော့သည်။ နှုတ်ကလည်း ရွတ်နေဟန်တူသည်။ ဘယ်လိုလူကြီးလဲဆိုသည်ကို ကိုကာလုဉာဏ်မီစွာ မစဉ်းစားတတ်။ ထိုလူကြီးကို ကြည့်ရသည်မှာ သူရူးကြီးနှင့်လည်းတူနေသည်။

နောက်ဆုံးကျန်သော ခွေးရုပ်တစ်ရုပ်ကို အင်တုံသေးသေးလေးထဲမှာ ထည့်လိုက်သည်။ တုတ်တစ်ချောင်းနဲ့ မွှေနေသည်။ သည်တစ်ကောင်တည်းနဲ့ ပိုပြီးတော့ ကြာနေသည်။ မည်သည့်အကြောင်းကြောင့်လည်းမသိပါ။ အတော်ကလေးကြာမှ ရပ်သွားသည်။

လူကြီးသည် သစ်ရွက်များကို ထပ်ကာထပ်ကာ ခင်းသည်။ အင်တုံကြီးထဲမှ ခွေးရုပ်လေးတွေကို တစ်ကောင်ချင်း ထုတ်သည်။ သစ်ရွက်တွေပေါ်မှာ တင်ထားသည်။ စိုစိုရွှဲရွှဲပင်။ အညိုရောင်ခွေးရုပ်ကောင်လေးများ။ ကြည့်ရသည်မှာ အိမ်ခွေးနှင့်တော့မတူ။ တောခွေးရုပ်လေးတွေနဲ့ တူနေလေသည်။ နောက်ဆုံး အင်တုံသေးသေးလေးထဲက ခွေးရုပ်ကို ယူလိုက်သည်။ ကိုကာလုအံ့အားသင့်သွားသည်။ ထိုတစ်ကောင်တည်းသော ခွေးရုပ်လေးကား အနက်ရောင်ဖြစ်နေသောကြောင့်ပင်တည်း။

"ဟင်. . ခွေးနက်ရုပ်လေးပါလား၊ အားလုံးထက်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း အကောင်က ပိုပြီးကြီးတယ်"

ကိုကာလုသည် ပို၍ နားမလည်နိုင်အောင်ပင် ဖြစ်သွားခဲ့ရလေသည်။

!!!!!





# အခန်း– ၁၇

## မိစ္ဆာမြေက လူနိုနိုကြီး

ထူးဆန်းသော လူကြီးသည် ခွေးရုပ်များကို အဝတ်နှိနှိစထဲ ထည့်ထုပ်ကာ တစ်နေရာကို ထွက်သွားခဲ့လေသည်။ ကိုကာလုလည်း နောက်ယောင်ခံကာ လိုက်သွားခဲ့လေသည်။

မကြာမီ တောင်ပို့ကြီးလိုလို၊ ဂူတစ်လုံးလိုလို နေရာသို့ ရောက်လာခဲ့သည်။ ယင်းနေရာသည် မည်သည့်အသံကိုမှ မကြားရဘဲလုံးဝကို တိတ်ဆိတ်လျက်ရှိနေလေသည်။ တောင်ပို့ကြီး၏ အောက်ခြေတွင် လူတစ်ယောက်ကောင်းကောင်းဝင်နိုင်သည့် အပေါက်ကြီးတစ်ခုက ရှိနေလေသည်။ ထိုလူကြီးသည် ယင်းအပေါက်ကြီးထဲကို ဝင်သွားခဲ့သည်။ အတန်ကြာသော် တော်တော်နဲ့ ပြန်ထွက်မလာ၍ စပ်စုလိုစိတ်နဲ့ တောင်ပို့ကြီး၏ အနားကို ချဉ်းကပ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အထဲကို ဝင်သင့်၊ မဝင်သင့်စဉ်းစားနေပြီးမှ စိတ်ကို မထိန်းနိုင်တော့သည်နှင့် လိုက်ဝင်သွားခဲ့လေသည်။ မြေပြင် နိမ့်လျှောလမ်းကလေးကို တွေ့လိုက်ရသည်။ မရဲတရဲနဲ့ ဆက် လျှောက်သွားခဲ့လေရာ လမ်းက အနည်းငယ်ကွေ့ကောက်နေ သည်။ မှောင်လည်းမနေပေ။ အလင်းရောင်က မှိန်ဖျော့ဖျော့ ဖြစ်နေသော်လည်း ကောင်းစွာပင် မြင်နေရလေသည်။

ဂူထဲမှာ ဘာသံမှ မကြားရပေ။ စောစောက ထူးဆန်း သော လူကြီးကိုလည်း အရိပ်အမြွက်မျှပင် မတွေ့ရတော့ပေ။ လမ်းတစ်ဆစ်ချိုးကွေ့ကို ရောက်သောအခါ ကျယ်ဝန်းသော ဂူအတွင်းဘက်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ အ နည်းငယ်တော့ မှောင်ရီသန်းနေသည်။

အထဲကို ဆက်ပြီးဝင်သင့်မဝင်သင့် ချီတုံချတုံဖြစ်နေ ဆဲမှာပင် လှုပ်ရှားမှုများကို ကြားလာခဲ့ရလေသည်။ သတ္တဝါ တစ်ကောင်ကောင်က ကိုယ်လုံးကို ဆတ်ဆတ်လှုပ်၍ ကိုယ် ပေါ်မှ အမွေးအမျှင်များကို ခါလိုက်သံဟု ထင်မိသည်။

"အထဲမှာ ဘာကောင်များ ရှိနေသလဲ"

သံသယဝင်လာမိသည်။ ကြောက်စိတ်ကလည်း မသိ မသာ ဖြစ်ပေါ်လာစပြုလာ၏။ မျက်လုံးထဲမှာလည်း သတ္တဝါ တစ်ကောင်ဟုပင် မြင်လာမိသည်။

"ကျားများဖြစ်နေမလား. . ဘုရား. . ဘုရား"

ကျားဆိုလျှင်လည်း ကျားနံ့ရရပေမည်။ ကျားမဟုတ် ခဲ့လျှင်ဟူသော အတွေးက ဝင်ရောက်လာခဲ့ပြန်သည်။

ထိုစဉ်. . .။





"အူး. . ဝူး. . "

ဆွဲဆွဲငင်ငင်နဲ့ အူလိုက်သော ခွေးတစ်ကောင်၏ အ သံ။ ကျောထဲ စိမ့်ကနဲဖြစ်သွားကာ ကြက်သီးမွေးညှင်းများ ပင်လျှင် ဖျန်းကနဲ၊ ဖျန်းကနဲဆို ထသွားခဲ့ရလေသည်။

"ဟာ. . ဒါ ဝံပုလွေဂူလား၊ တောခွေးဂူလားပဲ၊ ငါ့ကို မြင်လို့ အနံ့ခံမိလို့ ရန်လိုပြီး အူလိုက်တာထင်တယ်၊ မဖြစ်ဘူး၊ တောခွေးတွေ၊ ဝံပုလွေတွေဆိုတာ သားရဲတွင်းထဲမှာ စုပြုံပြီး တော့ နေတတ်ကြတယ်"

ကိုကာလုသည် နေရာမှ ချက်ချင်းပင် လှည့်ထွက် လိုက်သည်နှင့် မထင်မှတ်သည်တို့က ဖြစ်လာခဲ့ရလေသည်။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

ခွေးဟောင်သံများက တပြိုင်တည်းလိုလို တမဟုတ် ချင်းပင် ထွက်လာခဲ့ကြလေသည်။

"ဟာ. . တောခွေးတွေဟ၊ ပြေးမှ. . . "

ထိုနေရာမှ တချိုးတည်းပင် ပြေးထွက်ခဲ့လေတော့ သည်။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

"ဖုတ်. . ဖုတ်. . ဖုတ်. . ဖုတ်"

ခွေးဟောင်သံများက ဆက်တိုက်ပင် ထွက်ပေါ်လာ ကြပြီး နောက်က တဖုတ်ဖုတ်နဲ့ ပြေးလိုက်လာခဲ့ကြသော ခြေ သံများ၊ ကောင်ရေများစွာသော ခွေးများက ပြေးလိုက်လာခဲ့ ကြဟန်တူသည်။

ကိုကာလုသည် နောက်ကို လှည့်မကြည့်နိုင်ပဲ အ

www.burmeseclassic.com

www.burmeseclassic.com



သက်ကို လုပြီးတော့ ပြေးနေရသည်။

"ဟား. . ဟား. . ဟား. . ဟား"

ထိုစဉ် နက်ကျောသော အသံကြီးတစ်သံက မမျှော်လင့်ပဲ ထွက်လာခဲ့လေသည်။ ဂူထဲကပဲဖြစ်သည်၊ တောခွေးတွေရှိနေကြသော ဂူထဲက ဖြစ်လေသည်။ လူတစ်ယောက်၏အားပါးတရ ရယ်မောလိုက်သံပင်။ စောစောက ထူးဆန်းသောလူကြီးပဲ ဖြစ်ပေလိမ့်မည်။ သည်လူကြီးသည် တောခွေးတွေနှင့်အတူတူရှိနေသည်ပဲလား။

သို့သော် ကိုကာလုမှာ ကြာကြာစဉ်းစားမနေအား။ ဂူအပြင်ကို ပြေးထွက်လာခဲ့သည်။ တောက်လျှောက်ပင် ပြေးသွားသည်။ နောက်ကြောင်းကိုပင် ပြန်ပြီးတော့ လှည့်မကြည့်မိ။ စွတ်ရွတ်ပြီးတော့ ပြေးထွက်လာခဲ့ရာ ဘယ်ရောက်လို့ဘယ်ပေါက်မှန်းပင်မသိ။

သူရောက်လာသော နေရာကို ဝေဖန်ဆန်းစစ်မနေအားပါ။ နောက်မှ လိုက်လာသော တောခွေးတွေ၏ ရန်ကအရေးကြီးသည်။ သူတို့အုပ်စုနှင့်တိုးမိပါက မလွယ်။ အရိုးအသားတစ်ခြားစီ ဖြစ်သွားနိုင်သည်။ သို့သော် မိမိက အသက်လုပြီးတော့ ပြေးလာခဲ့ရသည်။ တောခွေးတွေက တစ်ကောင်မှ လိုက်ပါမလာကြ။ အံ့အားသင့်ဖို့တော့ ကောင်းသည်။ လိုက်လာကြလျှင် မိမိကို မီဖို့တော့ကောင်းပြီ။ သင်းတို့သည် ဂူထဲကထွက်မလာကြဘဲမိမိကို ဟိန်းဟောက်ပြီး ခြောက်လှန့်လိုက်ကြသည်ပဲလား။

ရုတ်တရက် မိမိ၏ လည်ပင်းကို အရာတစ်ခုက ဖောင်း





ကြပ်စွာ လာရစ်ပတ်သည်။ အသက်ရှူကြပ်သွားသည်။ မြွေတစ်ကောင်ပဲလား။ လည်ပင်းမှာ ရစ်ပတ်လာသော အရာကိုလက်နှင့်ဆွဲခွာလိုက်သည်။ တော်တော်နှင့်ခွာမရ။ သည်အတိုင်း အသေမခံနိုင်။ မိမိရရကိုင်ကာ ဆောင့်ပြီးတော့ ဆွဲခွာလိုက်သည်။

"ဟင်"

လက်မှာ ကိုင်ထားသော အရာသည် မြွေတစ်ကောင်မဟုတ်။ နွယ်ရှင်ကြီးတစ်ခုဖြစ်နေသည်။ လည်ပင်းက လွတ်သွားသော် အဖျားပိုင်းက လက်ကို လာရစ်ပတ်သည်။ ခါးကြားမှ ထိုးထားသော ဓားမကို သတိရသွားသည်။ ဘယ်လက်နဲ့ဆွဲယူလိုက်သည်။ ညာလက်မှာ ပတ်ထားသော နွယ်ရှင်ကိုပိုင်းချပစ်လိုက်လေသည်။

"ရွှီး"

ပြတ်ထွက်သွားသော နေရာက သွေးအရောင်ရှိသောစေးပျစ်ပျစ် အရည်များက ပန်းထွက်လာသည်။ နွယ်ရှင်သည်သစ်ပင်ပေါ်ကို ရှုန်းပြီးတော့ တက်သွားသည်။ လက်မှာပတ်ထားသော အပြတ်ကြီးက ပြေလျော့သွားပြီး အောက်ကို ဘုတ်ကနဲဆို ပြုတ်ကျသွားခဲ့သည်။ ပူနွေးသော နီနီရဲရဲ စေးပျစ်ပျစ်အရည်များက ကိုယ်ပေါ်မှာရော၊ လက်မောင်းမျာပါ လိမ်းကျံသွားခဲ့ရလေသည်။ နောက်ထပ် နွယ်ရှင်တွေက အသည်းယားစဖွယ်ကောင်းစွာ တရမ်းရမ်းနဲ့ သူ့ဆီကို ရောက်လာကြပြန်သည်။ ကိုကာလုသည် အနားကို ရောက်လာကြသည့် နွယ်ရှင်များကို ဓားမနဲ့ တစ်ခုပြီးတစ်ခု ခုတ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှီး . . ။

ရှီး . . ။

ထိုနောက် နွယ်ရှင်ပင်များ ကြီးစိုးလျက်ရှိနေကြသော နေရာမှ ပြေးထွက်လာခဲ့လေသည်။

"ဟီး . . ဟီး . . ဟီး . . ဟီး"

ပြေးလာနေရင်းက နားထဲမှာ ချောက်ချားစရာကောင်းသော ရယ်သံကြီးတစ်ခုကို ကြားလာခဲ့ရသည်။

"ဟီး . . ဟီး . . ဟီး . . ဟီး"

မိမိပဲ အကြောက်လွန်ပြီး ကိုယ့်စိတ်က ကိုယ့်ကိုပြန်၍ ခြောက်လန့်နေတာများလားဟူ၍။ သို့သော် အဆက်မပြတ် ထွက်ပေါ်လာလျက်ရှိသော ရယ်သံတွေက မပြတ်။

ဖျန်း . . ဖျန်း . . ဖျန်း . . ဖျန်း။

သစ်ပင်ကြီးတွေက လှုပ်ခါလာကြသည်။ သစ်ရွက်တွေမကြွေကြ။ အကိုင်းအခက်တွေကသာ လှုပ်ရှားနေကြလျက်။ ထူးဆန်းလှသည်ဟု ထင်ကာ မိမိ၏အနားမှ သစ်ပင်ကြီးတွေကို သတိထားကြည့်လိုက်မိသည်။

"ဟာ"

အံ့အားသင့်သွားခြင်းနှင့်အတူ တုန်လှုပ်သွားမိခဲ့ရသည်ကတော့ အမှန်။ သူတွေ့လိုက်ရသော သစ်ပင်ကြီးများ၏ ပုံပန်းသဏ္ဌာန်များသည်ကား အကျည်းတန်အရုပ်ဆိုးသော သူများ၏ မျက်နှာပေါက်များအတိုင်းဖြစ်နေသောကြောင့်ပင်တည်း။ ပင်စည်၏ အပွေးအခေါက်များက ရှုံ့တွတ်တွန့်လိမ်နေကြကာ မသဒီစရာပင်ကောင်းလှသည်။ ကြောက်စရာလည်းကောင်းလှသည်။ ပုံပြင်ထဲက စုန်းမကြီးစုန်းထီးကြီးများ၏ ပုံပန်းသဏ္ဌာန်အတိုင်းပင် ရှိနေကြသည်။ မဖော်တဆ ဖြစ်နေကြသည်ဟု ဆိုရမှာလည်း အားလုံးတစ်ပုံစံတည်းပင်။ အကိုင်းအခက်အလက်တွေကလည်း ရှုံ့တွတ်တွန့်လိမ်ကွေးကောက်နေကြကာ ကိုးရိုးကားယားအနေအထားမှာရှိနေကြသည်။ လှုပ်ခါနေသော သစ်ကိုင်းများသည် မိမိကို ဖမ်းဆီးကြတော့မည်လားဟု ထင်မိရလေသည်။ သစ်ပင်ကြီးများဆီက ထွက်ပေါ်လာသော ရယ်သံကြီးများက မိမိ၏ အသည်းနှလုံးကို ပြောင်းဆန်သွားစေခဲ့သည်။

တခဏမင်တက်မိနေရာက ရုတ်တရက် သတိရသွားခဲ့လေသည်။

"ဘယ်လိုနေရာကြီးပါလိမ့်ဟ"

မသဒီစရာကောင်းလှသည်။ နေရာမှာ ကြာကြာမနေရဲတော့ပဲ သေပြေးရှင်ပြေး ပြေးလာမိသည်။

"ဟီး . . ဟီး . . ဟီး . . ဟီး"

ရယ်သံကြီးတွေက မိမိ၏နောက်က ထပ်ချပ်မကွာပင် လိုက်ပါလာခဲ့ကြလေသည်။

"ဟိတ်"

မာကျောသော အသံကြီးတစ်သံက ရုတ်တရက်ပင် ထွက်ပေါ်လာခဲ့ပြန်လေသည်။ အသံလာရာဆီကို ကြည့်လိုက်မိရာ လူကြီးတစ်ယောက်က သစ်ပင်ကြီးတစ်ပင်၏ အကွယ်မှ ထွက်လာသည်။ သူ့ကို ခါးထောက်ပြီးကြည့်နေသည့်အခြားသူမဟုတ်ပါ။ စောစောကတွေ့ခဲ့သည့် အကျီနီနီနှင့်လူကြီးပင်







www.burmeseclassic.com

www.burmeseclassic.com



တည်း။ နီရဲသော မျက်လုံးတွေနဲ့ မျက်တောင့်ကြီးကလည်း နီလျက်ရှိနေလေသည်။

"မင်း. . နောက်တစ်ခါ သည်နေရာကို လာဖို့မစဉ်းစားနဲ့"

မာကျောသော အသံကြီးနဲ့ ပြောလိုက်သည်။

"ကျွန်တော်. . မျက်စိလည် လမ်းမှားလာတာပါခင်ဗျာ"

"ဒါပေမယ့် မင်းက ငါ့အလုပ်ကို ဝင်ပြီးတော့ရှုပ်တယ်၊ ခိုးကြောင်ခိုးဝှက်နဲ့၊ သေသွားချင်သလား၊ ဟောဟိုမှာကြည့်စမ်း"

ထိုလူကြီးဟာ တစ်ဖက်ကို လှည့်ပြီး မေးငေါ့ပြလိုက်ရာ တောခွေးတစ်အုပ်ကို မမျှော်လင့်ပဲ တွေ့လိုက်ရသည်။ ထိုတောခွေးများထဲတွင် ပိုပြီးထွားကျိုင်းသော ခွေးနက်ကြီးတစ်ကောင်ကိုလည်း တွေ့လိုက်ရလေသည်။ မိမိကို မလှမ်းမကမ်းမှ မာန်ဖီနေကြလေသည်။

"မင်းသွားတော့၊ ဟောသည်လမ်းအတိုင်း တည့်တည့်သွား၊ မင်းနေရာကို ပြန်ရောက်သွားလိမ့်မယ်၊ ကိုယ့်အလုပ်ကိုယ်လုပ်"

လက်ညှိုးထိုးပြလိုက်ရာ ဖုံနေသော လမ်းလေးတစ်သွယ်ကို မမျှော်လင့်ပဲ တွေ့လိုက်ရလေသည်။ ကိုကာလုလည်း ဘာမှတွေးမနေတော့ပဲ ထိုလမ်းကလေးဆီကို ပြေးသွားခဲ့၏။ တခဏအကြာတွင် မိမိထင်းခွေခဲ့သော သစ်ရွက်ခူးခဲ့သော နေရာကို အံ့အားသင့်ဖွယ်ရာ ရောက်လာခဲ့လေသည်။ ထို





နောက် မိမိ၏ ပစ္စည်းများကို ယူကာ ထိုနေရာမှ လျှင်မြန်စွာပင် ထွက်လာခဲ့လေသည်။

x x x

"အဲဒါပဲဗျ၊ မိစ္ဆာမြေပေါ်ကို အမှတ်မထင်ရောက်လာခဲ့တဲ့ လူတစ်ယောက်ရဲ့ အကြောင်းဆိုတာ၊ တက်ခေါင်လေးရဲ့ အိပ်မက်နဲ့ ဆက်စပ်မှုရှိနေသသလားလို့ တွေးမိတာပါ"

ဦးဖိုးထယ်သည် သူကြားဖူးခဲ့သော မိစ္ဆာမြေ၏ အကြောင်းကို အဆုံးသတ်လိုက်လေသည်။

"အင်း. . ဦးထယ်ပြောတာ တော်တော်စိတ်ဝင်စားဖို့ကောင်းတာပဲဗျ၊ တက်ခေါင်လေးရဲ့ အိပ်မက်ကလည်း ဂူထဲရှိသေတ္တာတစ်လုံးထဲက တောခွေးရုပ်လေးတွေဆိုတော့ ကိုကာလုကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေနဲ့များ ပတ်သက်မှုရှိနေမလား၊ အခု ရွာတွေကို မကြာခဏဝင်ပြီး နှောင့်ယှက်နေကြတဲ့ တောခွေးတွေကကော အဲသည် ပဝေသဏီကတည်းက ရှိနေခဲ့တဲ့ တောခွေးတွေနဲ့များ ဆက်စပ်မှုရှိနေမလား"

"ဒါတွေက တွေးလို့မရတဲ့ ကိစ္စတွေပါဗျာ၊ ဒါနဲ့ ကိုဖိုးချက်ကကော အဲသည်သတ္တဝါတွေနဲ့ ပတ်သက်ပြီးတော့ ဟိုတုန်းက ကြားဖူးထားတာရှိလို့လား"

"ကျုပ်က ပိုတစ်ထောင်တောင်ကြီးက နွားသိုးကြီးတွေနဲ့ တောခွေးအုပ်ကို လက်တွေ့ရင်ဆိုင်ခဲ့ရတာက အကြာ၊ အဲသည်အပြင် တောခွေးအုပ်စုရဲ့ အကြောင်းကို နည်းနည်း

www.burmeseclassic.com



ပါးပါး ကြားဖူးခဲ့တာတွေကတော့ ရှိဖူးခဲ့တယ်"

"သည်လိုဆိုရင်လည်း ကြားရအောင်ဗျာ၊ ပြောပြပါဦးလေ"

"ကျုပ်ကလည်း ပြောချင်နေတာပါဗျ၊ ခေါင်းထဲမှာ လည်ပြန်ပြီးတော့ ပေါ်လာတယ်၊ သည်လိုဗျ. . ."

!!!!!





## အခန်း — ၁၈

## တောခွေးနောက်ကြောင်း

အဖြစ်အပျက်သည် ဟိုးရှေးပဝေသဏီ ကာလဖြစ်သည်။ နှစ်ကာလကိုပင် အတိအကျမသိနိုင်။ သားစဉ်မြေးဆက် လက်ဆင့်ကမ်းပြီးတော့ သိလာခဲ့ကြရသည်များ။ စိတ်ဝင်စားကြသော သူများက မှတ်သားထားခဲ့ကြသော်လည်း စိတ်မဝင်စားကြသော သူများက ခေါင်းထဲမှာ ထည့်မထားခဲ့ကြသော အဖြစ်အပျက်များ။

ကိုယ်တွေ့ကြုံခဲ့ကြရသည့် ရွာများကား လက်ညှိုးထိုးပြစရာပင် မရှိတော့။ ရွာတည်ခဲ့သည့် နေရာများသည်ပင် မသိရှိကြတော့။

ဝက်ပါမြိုင်တောကြီးသည်ကား အဆိုးနှင့်အကောင်းခွန်တွဲနေသော နေရာပင်ဖြစ်သည်။ မြင့်မြတ်သော နေရာများ



www.burmeseclassic.com

www.burmeseclassic.com



ရှိကြသလို မိစ္ဆာမြေများလည်း ရှိကြလေသည်။ မကောင်းမှုများကို လောကီအစီအရင်များနှင့်ပြုလုပ်ကြသော သူများသည် သပ်သပ်ရှိကြသည်။ လူသတ္တဝါတို့ကို ဆိုးကျိုးပေးရန် ရည်ရွယ်ပြီး အကျိုးစီးပွားလည်း ပျက်စီးရန် တမင်တကာ ပြုလုပ်ကြသော သူများကား မကောင်းသော ဝိဇ္ဇာဖော်ဂီများတည်း။

သူတို့ကား လူ၊ သတ္တဝါများကို ကြောက်လန့်အောင်၊ ချောက်ချားအောင်လုပ်နေရမှ ကျေနပ်ကြသူများပင်တည်း။

သန်းကောင်ယံကာလ။ ညဥ့်နက်အချိန်တွင် မမျှော်လင့်သော အသံကြီးများက ရုတ်တရက် ထွက်ပေါ်လာခဲ့ကြသည်။

"အူး . . ဝူး . . ဝူး . . ."

တောခွေးတစ်ကောင်၏ အူသံက အဝေးထိအောင်ပင် ရိုက်ခတ်သွားခဲ့လေသည်။ ဝက်ပါမြိုင်တောကြီးထဲကထွက်ပေါ်လာသော အသံပင်ဖြစ်သည်။ ယခင်က တောခွေးအူသံကို တစ်ခါတစ်ခါမှသာ ကြားကြရသော်လည်း ယခုလို အူလိုက်သံကြီးမျိုးက လူသတ္တဝါများ၏ ပါးစပ်ထဲကို လက်ထိုးထည့်ကာ နှိုက်ပြီး ဝမ်းတွင်းကလီစာများကို ဆွဲထုတ်လိုက်သလိုပင် ခံစားကြရသည်။ ချောက်ချားသွားခဲ့ကြရသည်။

တချို့ လန့်နိုးသွားခဲ့ကြသည်။ ရင်ထဲက တော်တော်နဲ့ မပြေ။ တုန်ယင်ကာ လှုပ်ရှားလျက်ရှိနေကြသည်။ သည်နောက် အရေးမကြီးဟု ယူဆသွားကြကာ ပြန်ပြီးတော့ အိပ်ပျော်သွားခဲ့ကြလေသည်။ ဤကား သူတို့၏ အမှားပင်တည်း။

× × ×





တောခွေးများ မည်သည့်အခါမှ ကျက်စားလေ့မရှိသော နေရာမှ တစ်ကောင်ပြီးတစ်ကောင်ဆိုသလို ထွက်လာခဲ့ကြလေသည်။ တောင်ပို့ကြီးလိုလို၊ ဂူကြီးလိုလို အထဲမှဖြစ်သည်။

ရှေ့ဆုံးမှ ထွက်လာသော တောခွေးရိုင်းကြီးသည် အနက်ရောင်ရှိသည်။ အလုံးအထည်ကလည်း ကြီးမားသည်။ သန်မာမှုက အခြားအကောင်များထက် ပိုလိမ့်မည်ဟုထင်ပါသည်။

စောစောက အူလိုက်သည်က ဤခွေးနက်ကြီးပင်ဖြစ်သည်။ အကာလအချိန်မှာ ဂူကြီးထဲမှ ထွက်ပေါ်လာသော တောခွေးများသည် ကောင်ရေများပြားလှသည်။

တောခွေးနက်ကြီးက ဦးဆောင်ပြီး ခေါ်သွားခဲ့လေသည်။ သူတို့သည် မှုန်နံ့နံ့ ကြယ်ရောင်များအောက်မှာ တစ်စုတစ်ဝေးတည်း သွားနေကြသည်။ များပြားလှသော တောခွေးများသည် ရွာများဘက်ဆီကို ဦးတည်ပြီးတော့ သွားနေကြခြင်းပင်။ ဤသို့ ပြောင်ပြောင်တင်းတင်းပင် သွားနေကြသော တောခွေးများကို မည်သူကမှ မြင်ဖူးကြမှာမဟုတ်ပေ။ တောခွေးများ ချီတက်လာနေကြသည်ကိုလည်း သိကြလိမ့်မည် မဟုတ်ကြပါ။

"အူး . . ဝူး . . ."

ရွာတစ်ရွာဆီကို ရောက်လာခဲ့ကြသည်။ ထိုရွာကလေးသည် ခိုင်မာသော စည်းရိုးကမရှိ။ သာမာန်လက်လုပ်လက်စားများသာ နေထိုင်ကြသည်။ တစ်သက်လုံး ဆေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးပင် ရှိနေခဲ့သည်။ ရွာကား အိမ်ခြေငါးဆယ်လောက်ပဲရှိပါလိမ့်မည်။ အိပ်မောကျနေကြ၍ တစ်ရွာလုံး ငြိမ်သက်လျက်ရှိနေကြလေသည်။

ထို့ကြောင့် မမျှော်လင့်သော အန္တရာယ်တစ်ခုသည် သူတို့ဆီကို မကြာမီ အချိန်အတွင်းမှာ ရောက်လာလိမ့်မည်ဟု အိပ်မက်ထဲမှာပင် တွေးမိကြမှာမဟုတ်ကြ။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

ရွာထဲက ခွေးများက တောခွေးအနံ့ကိုရ၍ ထိုးဟောင်လိုက်ကြလေသည်။ တောခွေးနကကြီးသည် စည်းရိုးကို ခုန်ကျော်ပြီးတော့ ဝင်သွားသည်။ ဟောင်သော ခွေးနှစ်ကောင်ကို ကိုက်သတ်ပစ်လိုက်လေသည်။

"ကိန်. . . ကိန်"

လည်ကုပ်ကိုခဲပြီး တစ်ချက်တည်း ဆွဲခါရမ်းလိုက်သည်နှင့်အသက်ထွက်သွားခဲ့လေသည်။ နောက်တော့ တောခွေးများသည် တစ်ကောင်ပြီးတစ်ကောင်ပင် ရွာထဲကို ခုန်ဝင်သွားခဲ့ကြသည်။ လမ်းမှာတွေ့သမျှ တောခွေးများကို ဝိုင်းပြီးသတ်ဖြတ်သွားခဲ့ကြလေသည်။

မကြာမီ တစ်ရွာလုံး ပွက်လောရိုက်သံများ ထွက်ပေါ်လာခဲ့ကြသည်။ အော်သံဟစ်သံများ၊ အထိတ်တလန့်ဖြစ်ကြသံများနှင့် ကမ္ဘာပျက်သည့်အလား တောခွေးရိုင်းများသည် အိမ်ပေါ်များအထိ ရဲတင်းစွာ တက်သွားကြသည်။ အိပ်ပျော်နေကြသူများကို ကိုက်ခဲသတ်ဖြတ်ကြသည်။ အချို့က လက်လှမ်းမီရာ လက်နက်များနဲ့ တောခွေးရိုင်းများကို တိုက်ခိုက်





ကြသည်။ သို့သော် ထိုသူတို့ကို တောခွေးများက ဝိုင်းပြီးကိုက်ခဲကြသဖြင့် မရှုမလှပင် သေပွဲဝင်သွားခဲ့ကြရလေသည်။

ရုတ်တရက်မို့ မည်သူ့ကမှ သေချာစွာ မခုခံနိုင်ကြ။ တောခွေးများ၏ ရက်စက်မှုဒဏ်အောက်မှာ အလူးအလဲပင် ခံလိုက်ကြရလေသည်။ အချိန်တော်တော်ကြာသောအခါကျမှ တစ်ရွာလုံး ငြိမ်သက်သွားခဲ့ကြလေသည်။

× × ×

မနက်မိုးလင်းသောအခါ ပတ်ဝန်းကျင်မနီးမဝေးမှာရှိ ရွာများမှ ရွာသူကြီးများက ရောက်လာခဲ့ကြသည်။

ညက တောခွေးများ၏အူသံ၊ ဟောင်သံများကို အဝေးကပင် ကြားနေကြရသည်။ ထူးထူးဆန်းဆန်း ဖြစ်နေကြသည်။ စဉ်းတော့ စဉ်းစားမိကြသည်။ တောခွေးများ ရွာတစ်ရွာကို ဝင်မွှေနေကြပြီလားဟု။ ထိုရွာတွေက တစ်ရွာလုံးကိုနိုးပြီး တုတ်၊ ဓားအစရှိသည့် လက်နက်များကို ပြင်ဆင်ထားကြသည်။

တော်တော်လေးကြာသောအခါ အသံများက တိတ်ဆိတ်သွားခဲ့ကြသည်။ အကျိုးအကြောင်းကို သိစေရန်အတွက် လူစုပြီး ညက အသံထွက်ပေါ်လာရာဆီကို ထွက်လာခဲ့ကြသည်။ ရွာတစ်ရွာကို ရောက်လာကြသောအခါ သွေးပျက်ဖွယ်မြင်ကွင်းတစ်ခုကို မမျှော်လင့်ပဲ တွေ့လိုက်ကြရလေသည်။

တစ်ရွာလုံး သွေးသံရဲရဲနဲ့ သေဆုံးနေကြသည့် မြင်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းပင်တည်း။ ကလေး၊ လူကြီးများပါမကျန် အားလုံး ပိုးစိုးပက်စက်။ မှောက်ခုံ၊ ပက်လက်ဖြစ်နေကြသည်။ ကိုယ်ပေါ်မှာ အစွယ်ရာများ၊ လက်သည်းများနဲ့ ကုပ်ခြစ်ဆုတ်ဖြဲထားသော ကြောင့် ကြီးမားသော ဒဏ်ရာများက မြင်ရသူများ သွေးပျက်စရာပင်။

"ညက ခွေးအူသံ၊ ခွေးဟောင်သံတွေက ဆူညံနေတာပဲ၊ တောခွေးတွေများ ရွာကို ဝင်မွှေသွားခဲ့ကြသလားပဲ"

"တောခွေးမှ ဟုတ်ရဲ့လားဗျာ၊ ကျားတွေ၊ ကျားသစ်တွေများ ဖြစ်နေကြမလား"

"ဟာ. . ဟိုမှာကြည့်၊ ခြေရာတွေ၊ ဒါကျားခြေရာတွေ မဟုတ်ဘူးဗျ၊ ကျားသစ်ခြေရာတွေလည်း မဟုတ်ဘူး၊ ကျားလည်း အုပ်စုနဲ့မသွားလာတတ်ဘူး၊ ကျားသစ်ဆိုတဲ့ သတ္တဝါကလည်း တစ်ကောင်တည်းပဲ သွားလာတတ်ကြတာ၊ ဒါ. . တောခွေးတွေရဲ့ ခြေရာအမှန်ပဲဗျ"

ရွာခံမုဆိုးတစ်ယောက်က များပြားလှသော ခြေရာများကို ကြည့်ပြီး အတတ်ပြောလိုက်လေသည်။

"ဘယ်လိုအငြိုးနဲ့များ တစ်ရွာလုံးကို ကိစ္စပြတ်လုပ်သွားခဲ့ကြတာပါလိမ့်၊ သည်လိုအဖြစ်မျိုး တစ်ခါမှလည်း မကြုံဖူးပါဘူးဗျာ"

အားလုံး စိတ်မကောင်းခြင်းကြီးစွာနဲ့ ဖြစ်သွားခဲ့ကြရလေသည်။ နောက်တော့မှ သိကြရသည်မှာ သေဆုံးသွားသူတစ်ယောက်ထဲမှ မုဆိုးတစ်ဦးကြောင့်ပင်။

"သည်လူဟာ တောခွေးတွေကို သိပ်ပြီးမုန်းနေတဲ့လူ





ဗျ၊ တောခွေးတွေကြောင့် သားရောင်မရဘူးဆိုပြီး နာကျည်းနေတာ၊ ဒါကြောင့် တောခွေးမှန်သမျှ တွေ့တဲ့နေရာမှာ သတ်ပစ်တယ်၊ ထောင်ချောက်နဲ့ ဖမ်းတယ်၊ အပြန်အလှန်မုန်းတီးမှုနဲ့ တောခွေးတွေကလည်း သည်လူ့ကို မုန်းတီးနေကြပြီး တန်ပြန်ကလဲ့စားချေလိုက်ကြတာလားမှမသိတာ"

"တစ်ယောက်ကြောင့် တစ်ရွာလုံးကို သည်လိုလုပ်ပစ်တာ ဖြစ်နိုင်ပါ့မလား၊ သည်သတ္တဝါတွေဟာ အဲသလောက်တောင် အမှတ်သညာမရှိကြပါဘူးဗျာ၊ သက်သက်မဲ့ ရမ်းကားသွားကြတာပါ"

တစ်ယောက်ကို ထင်မြင်ချက်တစ်မျိုးစီနဲ့ ဝေဖန်ပြောဆိုနေကြသည်။ ပြဿနာကား ဤမျှလောက်နဲ့ ရပ်တန့်မသွားပါ။

×××

တောခွေးများက ရွာတွေကို ဝင်ပြီးတော့ နှောင့်ယှက်သည့် သတင်းများကို ကြိုကြားဆိုသလို ကြားလာခဲ့ကြရလေသည်။ တောခွေးတွေထဲတွင် ခွေးနက်ကြီးတစ်ကောင်လည်း ပါလာသည်ဟူသော သတင်း။ ခေါင်းဆောင်ခွေးနက်ကြီးကို တောခွေးအားလုံးက တလေးတစား ရှိကြကြောင်း တွေ့မြင်ကြရလေသည်။

ရွာတွေကလည်း ရဲတင်းရက်စက်ကြသော တောခွေးများက အကြောင်းမဲ့ ရွာကို တိုက်ခိုက်ကြသည့်အတွက် နာ



www.burmeseclassic.com

www.burmeseclassic.com



ကျည်းနေကြလေသည်။ အားလုံးသတိထားနေကြသည်။တောခွေးများက ကျူးကျော်ဝင်ရောက်ပြီး တိုက်ခိုက်ကြလျှင်လည်း ပြန်ပြီးတော့ ကာကွယ်တိုက်ခိုက်ကြသည်။ ရက်စက်ကြမ်းတမ်းစွာပင် တုန့်ပြန်ကြသည်။

သေဆုံးသွားကြသော တောခွေးများကို မြေမြှုပ်ကြသည်။ နောက်တစ်ရက်နှစ်ရက်ကြာလျှင် မြေကျင်းများ ပြန်ဖြစ်နေကြပြီး တောခွေးအသေကောင်များကို မတွေ့ရတော့ပေ။ မည်သို့မည်ပုံ ပျောက်ဆုံးသွားခဲ့ကြသည်ကိုလည်း မသိကြရပေ။ အားလုံး ပဟေဠိဖြစ်နေကြသည်။

"သည်ကောင်တွေ လာတတ်တဲ့ အချိန်ဟာ လဆုတ်ရက်တွေပဲကွ၊ ဝက်ပါမြိုင်တောကြီးထဲက ထွက်လာတတ်ကြတယ်လို့ သတင်းရတယ်၊ အစက ဝက်ပါမြိုင်တောကြီးထဲမှာ ဒီလောက်များပြားလှတဲ့ တောခွေးတွေရှိမနေကြပါဘူး၊ ခုမှ ဘယ်လိုအကြောင်းကြောင့် ပေါက်ဖွားလာကြတာပါလိမ့်"

အားလုံး နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။ သည်းမခံနိုင်ကြသည့်အဆုံးတွင် ရွာတွေစုပြီး တောခွေးများကို တောနင်းရှာကြသည်။ မတွေ့ကြရပေ။ ဤသို့ ရက်ဆက်ရှာဖွေဖန်များလာသောအခါ တောခွေးများလည်း ရွာများဘက်ဆီကို လှည့်မလာကြတော့ပေ။

နှစ်ပေါင်းများစွာကြာသည်အထိ ပျောက်ကွယ်သွားခဲ့ကြသည်။ နောက်တော့ လုံးလုံးပင် ပေါ်မလာကြတော့ပေ။

x x x





ဦးဖိုးချက်သည် သူငယ်စဉ်က ကြားသိခဲ့သော အဖြစ်အပျက်များကို ပြန်လည်ပြီးတော့ ပြောပြလိုက်လေသည်။

"အင်း. . ကိုဖိုးချက်ပြောတဲ့ အတိုင်းဆိုရင် တောခွေးတွေက ဟိုးပဝေသဏီကတည်းက ရှိနေခဲ့ကြတာပဲ၊ ဒါပေမယ့် ကြားလိုက်ရတဲ့ အချိန်တိုင်းမှာ တောခွေးအုပ်ထဲမှာ ခွေးနက်ကြီးတစ်ကောင်တစ်ကောင်က ပါနေကျဆိုတော့ သည်အုပ်စုပဲ ဖြစ်ရမယ်လို့ ပြောရအောင်လည်း ထင်ရခက်ခက်ပဲ။ သည်ကောင်တွေက နှစ်တစ်ရာနီးပါးအထိ အသက်ရှည်နိုင်ပါ့မလား"

ဦးဖိုးထယ်က ထင်မြင်ချက်အမှန်ကို မည်သို့မှမပြောနိုင်။ မည်သူမှလည်း မပေးနိုင်။ တောခွေးခေါင်းဆောင် ခွေးနက်ကြီးသည် တစ်ကောင်တည်းပဲ ဖြစ်သလောဟူသော အတွေးမျိုးက အားလုံးမှာ ရှိနေကြသည်။

ရွာမှ ရှေ့မီနောက်မီ လူကြီးတွေကလည်း မရှိကြတော့။ ရှိခဲ့ကြလျှင် ထိုထက်မက ကျယ်ကျယ်ပြန့်ပြန့် သိနိုင်ကြလိမ့်မည်ဟု ထင်မိကြသည်။

ဦးဖိုးထယ်နှင့်ဦးဖိုးချက်တို့သည်သာ ငယ်စဉ်ကတည်းက လေ့လာထားမှုတွေရှိထားကြသည်။ မျက်စိကိုဖွင့်၊ နားကိုစွင့်ကာ ထားတတ်ကြ၍ ယခုလောက်အထိ သိထားကြခြင်းပင်။

"အင်း. . ကျုပ်တွေ့ဖူးခဲ့တဲ့ ရုပ်အကျီအညိုရောင်၊ ရှမ်းဘောင်းဘီအနက်ရှည်ရှည်ကို ဝတ်ထားတဲ့ လူကြီးတာလည်း စဉ်းစားစရာပဲ၊ သူလည်း တစ်ချိန်လုံးလိုလို ရှိနေသလိုလိုပဲ။ သည်တောခွေးတွေနဲ့များ တစ်နည်းတစ်ဖုံ ပတ်သက်နေသ



www.burmeseclassic.com

www.burmeseclassic.com



လားပဲ”

“ကျုပ်လည်း ဒီလိုပဲထင်တယ် . . ဦးထယ်”

“ကျွန်တော်လည်း ဒီလူကြီးဟာ တောခွေးတွေနဲ့ ပတ်သက်နေလိမ့်မယ်လို့ လက်ခံရတော့မလို ဖြစ်လာပြီ . . အဘ”

တက်ခေါင်လေးကလည်း ထင်မြင်ချက်ချင်း တူနေကြောင်းကို ပြောပြလိုက်လေသည်။

!!!!!





## အခန်း – ၁၉

## ပျောက်ဆုံးနေသူနှစ်ယောက်

သုသာန်ဇရပ်ပေါ်တွင် သူစိမ်းတစ်ယောက်ကို တွေ့ရှိသည့်ကိစ္စ၊ ခွေးနက်ကြီးတစ်ကောင်က တိုက်ခိုက်ခဲ့သည့် ကိစ္စများအတွက် လူတွေက စိုးတထိတ်ထိတ်နဲ့ ဖြစ်နေကြလေသည်။

“တောခွေးရိုင်းတွေများ တစ်ကျော့ပြန် ပြန်လာကြဦးမလေမလား၊ နေက်ကြီးဟာ ရွာနားမှာပဲ ရှိနေတယ်၊ ရွာတွေရဲ့ အခြေအနေကို လာထောက်လှမ်းတဲ့ ခွေးပဲဖြစ်ရမယ်၊ သည်နေက်ကြီးရောက်လာရင်တော့ ဘာမှမကြာလိုက်ဘူး၊ တောခွေးတွေက တစ်ရွာရွာကို ဝင်ပြီးရန်ရှာတတ်ကြတာပဲ”

လူတွေက သွေးလန့်နေကြလေသည်။ ဘယ်လောက်တော့မှ မကုန်ဆုံးနိုင်ကြသော တောခွေးရိုင်းများ၏ အန္တရာယ်ကျ



www.burmeseclassic.com

www.burmeseclassic.com



လား၊ က်လာကြမည်ကို စိုးရိမ်နေကြလေသည်။

ရွာအားလုံးလိုလို ရွာစည်းရိုးကို ပိုပြီး မြင့်မားခိုင်မာ ၊ တည်ဆောက်ကြသည်။ ကင်းစင်မြင့်ကြီးများကို တိုးချဲ့ ကာ သာည်ဆောက်ကြပြီး လေးမြားလက်နက်များ၊ ဓား၊ လှံ၊ ဝါးချွန်များကိုလည်း ပို၍များပြားစွာ စီမံထားကြလေသည်။ ရွာအရေးအတွက် မမောနိုင်၊ မပမ်းနိုင်ဆောင်ရွက်နေကြသူတွေများထဲတွင် တက်မခေါင်လေးလည်း ပါဝင်သည်။

လုပ်အားပေးကြသော လူများကို ကျေးရွာက ကောက်ညှင်းပေါင်းနှင့်ငါးကြော်ကို ကျွေးမွေးကြသည်။ ထိုဧည့်ခံအဖွဲ့ထဲတွင် နှင်းနုလည်းပါလေသည်။

"တက်ခေါင်လေး. . နှင်ဟော်တော် အပင်ပမ်းခံနိုင်တာပဲနော်၊ သူများထက် နင်က ပိုပြီးတော့ အားစိုက်နိုင်တယ်"

"နှင်ထင်လို့ပါဟာ၊ အားလုံး ငါ့လို အတူတူတန်းတူရည်တူ လုပ်နေကြတာပါပဲ"

"အံမယ်. . နင်က ပိုပါတယ်နော်၊ နှင့်ကိုလည်း တော်တော်အားထားကြတယ်နော်"

"ငါက သူလိုကိုယ်လိုပါပဲ၊ ပိုပြီး အားထားစရာ အကြောင်းမရှိပါဘူး"

"တက်ခေါင်လေးရယ်. . နင်က ကိုယ့်ကိုယ်ကို အမြဲနှိမ့်ချနေတာပဲ"

"အဲသလိုဆို သဘောမကျဘူးပေါ့"

"သဘောကျပါတယ်"

"အေးလေ. . နင်သဘောကျရင် ပြီးတာပဲ"





"အို. . ကြည့်စမ်း၊ နှင့်စကားက ဘာလိုလို"

နှင်းနုသည် တက်ခေါင်လေး၏ ပခုံးကို ဖတ်ကနဲဆိုပုတ်ကာ မျက်စောင်းထိုးလိုက်သည်။

"နှင်းနု"

"ဘာလဲဟင်"

"ကာလသားတွေက နှင့်ကို စိတ်ဝင်စားနေကြတယ်"

"အဲဒါ ဘာဖြစ်သလဲ"

နှင်းနုနှင့်တက်ခေါင်လေးသည် သစ်ပင်ကြီးတစ်ပင်အောက်မှာ နှစ်ယောက်တည်း ဘေးလူတွေကိုလည်း နှင်းနုက မလုံမလဲဖြစ်နေသည်။ သူတို့နှစ်ယောက်၏ အခြေအနေတို့ အားလုံးက သဘောပေါက်ကြပြီးသား။

"ငါမကျန်ခဲ့ချင်ဘူး"

"ဘာကို ပြောတာလဲ"

"နင်က အိပ်ချင်ယောင်ဆောင်နေပြန်ပြီ"

"တကယ်မသိတာပါဟာ"

"နှင့်ကို ငါချစ်တယ်၊ ကဲ. . . "

"အို"

နှင်းနု၏ ပါးပြင်မို့မို့မှာ ပန်းနုရောင်သန်းသွားခဲ့လေသည်။

"ဘယ်လိုလဲ၊ ငါ့ကို ပြန်ချစ်မလား"

"နင်ကလည်း ဟိုမှာ လူတွေကြည့်နေကြတယ်"

"ဘယ်သူမှ မကြည့်ဘူး၊ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . စဉ်းစားဦးမယ်ဟာ"

"ဘယ်သူ့ကို စဉ်းစားမှာလဲ"

"နင့်ကိုပေါ့ဟ၊ နင်က မျက်နှာများတော့ ငါယုံဖို့ကို စဉ်းစားရဦးမှာ"

"အံမယ်. . နင်က အဲသလို လူစားမျိုးလား၊ နင်တစ်ယောက်တည်းပဲ ငါ့ရင်ထဲမှာ ရှိနေတယ်"

"နင့်ကိုတော့ ငါယုံတယ်၊ မယုံတာက နင့်ကိုကြိုက်နေကြတဲ့ မိကဲတွေ၊ မိရွှေမိတွေကို၊ အဟင်း. . ဟင်း"

နှင်းနုသည် ရှက်သွေးဖျန်းသော မျက်နှာလေးနဲ့ အနားမှ ပြေးထွက်သွားခဲ့လေသည်။ သူတို့နှစ်ယောက်ကို အခြားသူများက အမှုမဲ့၊ အမှတ်မဲ့နဲ့ နေနေကြသော်လည်း မသိမသာ အကဲခတ်နေကြသူနှစ်ယောက်က ရှိနေကြသည်။

ထိုသူတို့ကတော့. . .။

ရွာသားများဖြစ်ကြသော မောင်တိုးနှင့်ထွန်းရီတို့ပင်။

"ဟေ့ကောင်. . မောင်တိုး၊ နှင်းနုကို တက်ခေါင်လေးက မျက်နှာပေးတစ်မျိုးနဲ့ ဆက်ဆံနေပါလား၊ နှင်းနုကလည်း တက်ခေါင်လေးအပေါ်မှာ ဘာဂလိုလို"

ငါ. . သည်ကောင့်ကို ကြည့်မရဘူးကွာ၊ ရပ်ရွာကလည်း အရေးပေးတယ်၊ မိန်းကလေးတွေကလည်း တက်ခေါင်လေးမှ တက်ခေါင်လေးဖြစ်နေကြတယ်"

"အေး. . အဲဒါနဲ့ပဲ မင်းရဲ့နှင်းနု ဟိုကောင်နောက်ကို ပါသွားတော့မယ်"

"မပါစေရဘူးကွ၊ မောင်တိုးကို သည်ကောင်ကြောက်





နေပါဘူးကွာ"

"မင်းက သူကြီးသားဆိုပြီး အကြောင်းမဲ့ကြိမ်းဝါးနေ"

နှင်းနုက သူကြိုက်ချင်ရာကို ကြိုက်သွားမှာ၊ ခုပဲကြည့်ပါလား၊ သူတို့နှစ်ယောက်ရဲ့ သတင်းက ရွာထဲမှာ ပျံ့နေပြီ၊ နှင်းနုရဲ့ မိဘတွေက ဘာမှမပြောပုံထောက်တော့ သဘောတူသွားကြတဲ့ပုံပဲကွ"

"ငါ. . တက်ခေါင်လေးကို တားဆီးလိုက်ရင် လန့်ပြီးပြေးသွားမှာ၊ သည်ကောင်. . ငါ့ကို မကျော်နိုင်ပါဘူးကွာ"

"ဟေ့ကောင်. . မောင်တိုး၊ မင်းသွားမလုပ်နဲ့၊ သည်ကောင်က ကိုယ့်အပေါ် ဗိုလ်ကျမယ့်သူကို လက်မခံဘူး၊ သူဘယ်လိုတဲ့ ပြန်တတ်တယ်ဆိုတာလည်း မင်းသိသားနဲ့"

"နေစမ်းပါဦး. . ထွန်းရီရာ၊ လက်လက်ချင်း၊ ခေါင်းခင်လုံးချင်း၊ ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘူး၊ ခုပဲ. . ဒီကောင့်ဆီကို သွားပြီးဟန့်တားမယ်"

"ဟာ. . ဟေ့ကောင် မောင်တိုး"

ထွန်းရီက ဟန့်တားလိုက်သော်လည်း မမီတော့ပေ။ မောင်တိုးမှာ ဒယိမ်းဒယိုင်ခြေလှမ်းများနဲ့ လျှောက်သွားခဲ့လေသည်။

"ဟေ့ကောင်. . တက်ခေါင်လေး၊ မင်းက နှင်းနုနှင့် ဘယ်လိုအခြေအနေမျိုး ရောက်နေပြီလဲကွ၊ ငါခူးမယ့်ပန်းနော်၊ ကြံစည်ဖို့ မကြိုးစားနဲ့၊ သတိပေးလိုက်ပါရဲ့"

"ကျွန်တော်တို့က ရိုးရိုးသားသားပါဗျာ"

တက်ခေါင်လေးက စကားနည်းရန်စဲဆိုသလို အေး



www.burmeseclassic.com

www.burmeseclassic.com



ဆေးစွာပင် ပြန်ဖြေလိုက်သည်။

"မင်း . . အပြောတစ်မျိုး၊ အလုပ်တစ်မျိုးမလုပ်နဲ့၊ ရှေ့တင်မှာတစ်မျိုး၊ ကွယ်ရာမှာတစ်မျိုးဆိုရင် မောင်တိုးက ဘာကောင်လဲဆိုတာ သိသွားမယ်"

တက်ခေါင်လေး၏ စိတ်က ထောင်းကနဲဆိုဖြစ်သွားသည်။ သို့သော် အနားမှာ လူတွေကရှိနေ၍ သည်းခံလိုက်ရသည်။ ရန်ဖြစ်လျှင် နှင်းနုနှင့်နွယ်နေမှန်းသိပါက မကောင်း"

"ခင်ဗျား . . မူးမူးနဲ့ ခြိမ်းခြောက်မနေနဲ့၊ ကျုပ် . . ဒီလောက်ပဲ သည်းခံနိုင်တော့မယ်"

တက်ခေါင်လေးက ထိုင်နေရာက ရုတ်တရက် ထရပ်လိုက်ရာ မောင်တိုးလှုပ်လှုပ်ရှားရှားနဲ့ ဖြစ်သွားခဲ့ရလေ၏။ တက်ခေါင်လေးအကြောင်းကို သူသိထားသည်မဟုတ်လား။

"ဟေ့ကောင် . . မောင်တိုး၊ မင်း . . အေးအေးဆေးဆေးနေစမ်း"

ထွန်းရီက နောက်ကနေ လိုက်လာပြီး မောင်တိုးကို ဆွဲခေါ်သွားခဲ့လေသည်။

"မင်း . . သူနှင့်ဖြစ်ရင် မင်းပဲနာမှာပေါ့၊ သည်ကောင်က စိတ်ထွက်လာရင် ဆင်တောင် ဂရုစိုက်တာမဟုတ်ဘူး"

"ဆင်ကဆင်၊ ငါကငါပဲ၊ ဘာဆိုင်သလဲကွ၊ ဒီကောင်လည်း ငါ့ကို တော်တော်ရှိန်သွားတယ်ကွ"

"ဟုတ်လား၊ မင်းက သူထအရပ်လိုက်မှာ ထွက်ပြေးမလို့ ကြံစည်တာလားလို့"

"ဟေ့ကောင် . . မောင်တိုးကွ၊ ငါ့အဖေကလွဲရင် ကြောက်တယ်





သူ့ကိုမှ ခေါင်းထဲမထည့်ဘူးကွ၊ သည်ကောင်ပဲ ထွက်ပြေးရမှာ"

"လာစမ်းပါကွာ၊ အကြောင်းသိတွေ၊ အပိုတွေပြောမနေစမ်းပါနဲ့"

ထွန်းရီက စိတ်မရှည်သလို ဆွဲခေါ်သွားခဲ့လေသည်။

တက်ခေါင်လေးကတော့ မောင်တိုးကို ရွံရှာသောအကြည့်နဲ့ ရပ်ကြည့်နေဆဲ။

မှိုင်းလုံးရွာထဲကို လူကြီးတစ်ယောက်က ရောက်လာသည်။ သျှောင်ကောင်းကောင်းနဲ့ နှုတ်ခမ်းမွေးတွေက ခပ်ကားကား။ တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင်တွေ ထိုးထားသည်။ ဘီလူးရုပ်တွေ၊ နဂါးရုပ်တွေ၊ လက်မောင်းလက်ဖျံတွေမှာလည်း ကင်းမြီးကောက်တွေ၊ ကင်းခြေများတွေက ရှုပ်ယှက်ခတ်နေကြသည်။

လေးထောင့်စပ်စပ် မျက်နှာနှင့်ခန့်ညားထယ်ဝါမှုထက် လန့်စရာကောင်းသော မျက်နှာထားမျိုး။ ထိုလူကြီး၏အမည်မှာ ဦးသြယဖြစ်သည်။ သူကြီး . . မောင်တိုးတို့နဲ့ ရင်းရင်းနှီးနှီးပုံစံမျိုး။ ရွာထဲကို တစ်ခါမှ မလာဘူးပါ၊ မြင်လည်း မမြင်ဘူးကြပါ။ ဆွေမျိုးထဲကပဲဟု ထင်မိကြသည်။

ဦးသြယသည် မောင်တိုး၊ ထွန်းရီတို့နဲ့အတူ ရွာထဲအာ မကြာမကြာ ပျောက်သွားတတ်သည်။ အချို့က သူတို့သုံးယောက်ကို ဝက်ပါမြိုင်တောစပ်မှာ တွေ့မိကြသည်ဟု ပြောကြသည်။

မှိုင်းလုံးရွာသူကြီး တင်ဦးက . . ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အမျိုးထဲကပါ၊ သူက ဆေးဆရာကြီးပဲလေ၊ ဝက်ပါမြိုင်ထဲမှာ ဆေးပင်တွေ လာရှာတာ"

. . ဟုပြောသည်။ မောင်တိုးနှင့်ထွန်းရီတို့ကို အဖော်အဖြစ် ခေါ်ထားခြင်းပင်။ ရွာသားတစ်ဦးက. . .။

"ခုတလောမှာ တောခွေးတွေ တစ်ကောင်စ၊ နှစ်ကောင်စ တွေ့နေကြရတယ်၊ သူကြီးရဲ့ လူတွေကိုလည်း သတိပေးထားဦး"

"ကျုပ်လည်း ဒီသတင်းကြားလို့ သတိပေးထားတာပဲ၊ ကြည့်သွားကြပေါ့"

သူကြီးက နဂိုကတည်းက ခေါင်းရှင်းရှင်းထားသူတစ်ဦး။ သိပ်ပြီးတော့ ကြောင့်ကျမှုမရှိပေ။

တစ်ရက်တွင် ဦးညြယ၊ မောင်တိုးနှင့်ထွန်းရီတို့သည် ရိက္ခာအချို့ကိုယူကာ ဝက်ပါမြိုင်တောကြီးထဲကို ထွက်သွားခဲ့ကြသည်။ ထိုနေ့ကစပြီး သူတို့သတင်းကို မကြားကြရတော့ပေ။

"တောထဲမှာ စခန်းချပြီး ဆေးပင်၊ ဆေးမြစ်တွေကို လိုက်ရှာနေတာများလား"

သူကြီးဦးတင်ဦးပင်လျှင် ထင်တစ်လုံးနဲ့ စိုးရိမ်လာခဲ့ရပြီဖြစ်သည်။ ဇနီးဒေါ်အေးမေဆိုလျှင် သားဖြစ်သူမောင်တိုး ပါသွား၍ စိုးရိမ်သောကရောက်နေရသည်။ ထွန်းရီ၏ မိဘများသည်လည်း ထိုနည်းလည်းကောင်းပင်။

တစ်ပတ်ခန့်အကြာတွင် ဝက်ပါမြိုင်တောထဲသို့ ထင်းခုတ်သွားကြသော သူများထံမှ သတင်းဆိုးတစ်ခုကို ရလာခဲ့ကြသည်။ ထိုသူများသည် အခြားသော ရွာတစ်ရွာမှဖြစ်သည်။





"တောထဲမှာ လူတစ်ယောက်ရဲ့ အလောင်းကို တွေ့ခဲ့ရတယ်၊ သည်လူ့ကို ကျွန်တော်တို့သိတယ်၊ မိုင်းလုံးရွာက ကိုထွန်းရီဆိုတဲ့ လူပဲ၊ တောခွေးတွေရဲ့ လက်ချက်လို့ ထင်ရတယ်၊ ကျွန်တော်တို့တောင် ကြာကြာမနေရဲလို့ ပြန်ပြေးလာခဲ့ရတယ်"

မိုင်းလုံးရွာကို ရောက်လာပြီး သတင်းပို့ကြသည်။ ထိုအခါ ရွာသူကြီးဦးတင်ဦးသည် အရေးပေါ် လူစုသည်။

"တောထဲမှာ ထွန်းရီရဲ့ အလောင်းကို တွေ့ကြတယ်တဲ့၊ ဟိုနှစ်ယောက်ကတော့ ဘယ်ရောက်နေကြသလဲမသိဘူး၊ ဒုက္ခတော့ တွေ့နေကြပြီထင်တယ်၊ ကျုပ်တို့ လိုက်ရှာမှဖြစ်မယ်"

ကာလသားအယောက်သုံးဆယ်လောက် လက်နက်မျိုးစုံကို ကိုင်ဆောင်ကာ ဝက်ပါမြိုင်တောကြီးဘက်ကို ထွက်လာခဲ့ကြသည်။ တက်ခေါင်လေးလည်း အတူလိုက်ပါလာခဲ့လေသည်။ ဝက်ပါမြိုင်ထဲကို သတိထားပြီးတော့ ဝင်ကြရ၏။ တောခွေးရန် အမှန်ဆိုလျှင် ပေါ်ဆမနေသင့်တော့။ သတင်းလာပြောသော ထင်းခုတ်သမားနှစ်ယောက်လည်း ပြန်လည်လိုက်ပါလာကြသည်။

သွားရင်းလာရင်း တောခွေးအန္တရာယ်ကိုလည်း သတိမပြတ်ရှိနေကြရသည်။ တော်တော်လေး ခရီးပေါက်လာသောအခါ တစ်နေရာတွင် ယင်မမဲရိုင်းတစ်အုပ်က ဝေါကနဲ ထပျံသွားကြသည်။

"အဲဟိုနေရာပဲ"

တစ်ရွာသားက လက်ညှိုးထိုးပြသည်။ ထိုနေရာကို



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားခဲ့ကြသည်။ အပုပ်နံ့က လေသင့်ရာဆီ ထောင်းကနဲဆို ရောက်လာခဲ့လေသည်။ လူသေအလောင်းတစ်လောင်း ပုပ်စပြုနေလေပြီ။ ကိုယ်ပေါ်မှာ ဒဏ်ရာပရပွနဲ့။ မြင်မကောင်း ရှုမကောင်း။ အချင်းချင်း ခိုက်ရန်ဖြစ်ပြီး လုပ်ကြံမှုလား။ ဘာလားဆိုတာ သူကြီးတင်ဦးနှင့်ပါလာကြသူများက သေချာစွာ စစ်ဆေးကြရသည်။

"ဒါ . . သားကောင်တွေရဲ့ရန်ကြောင့် သေရတာပါဗျာ"

. . ဟုမှတ်ချက်ချကြသည်။ မှန်လည်းမှန်နေသည်။ သေဆုံးသူမှာ မိမိတို့ ရှာသား ထွန်းရီပင်။ ဦးညြယနှင့်မောင်တိုးတို့ကို ဝန်းကျင်မှာ လိုက်ပြီးတော့ ရှာကြသေးသည်။ အစအနမျှပင် မတွေ့။

"ကဲ . . ငါတို့ ထွန်းရီရဲ့အလောင်းကို ရွာပြန်ပို့ကြမယ်၊ သည်ကနေ့တော့ နားကြဦး၊ မနက်မှ လူအင်အားထပ်ဖြည့်မယ်၊ တောနင်းပြီးတော့ ရှာကြမယ်"

သူကြီးဦးစာင်ဦးက ဝမ်းတွဲအစ်ကိုတော်သော ဦးညြယနှင့်သားဖြစ်သူ မောင်တိုးကို စိုးရိမ်မိသော်လည်း မိမိသွေးသားကိစ္စကို ရှေ့တန်းတင်ပြီး တစ်ကိုယ်ကောင်းမဆန်လိုပေ။

ထွန်းရီ၏ အလောင်းကို ရွာသို့ ချက်ချင်းသယ်ယူသွားကြသည်။ သုသာန်မှာထားသည်။ ထိုနေ့မှာပင်လျှင် ချက်ချင်း သင်္ဂြိုဟ်လိုက်ကြသည်။

မနက်ဖြန်ကျလျှင် ပျောက်ဆုံးနေသူနှစ်ယောက်ကို တောနင်းပြီးရှာရန် အစီအစဉ်ဆွဲကြသည်။ ထိုပျောက်ဆုံးနေသော လူနှစ်ယောက်၏ အခြေအနေသည်ကား . . ။





## အခန်း - ၂၀

## ကြမ္မာဆိုးနှင့်တိုးသောအခါ

ဝက်ပါမြိုင်တောကြီးထဲကို လူသုံးယောက်က ခြေလှမ်းမှန်မှန်နဲ့ ဝင်လာခဲ့ကြသည်။ ထိုသူတို့ကား . . ။

ဦးညြယ၊ မောင်တိုးနှင့်ထွန်းရီတို့ပင်။ သူတို့သည် လမ်းမှာ စကားပြောခြင်းအမှုကို မလုပ်ကြ။ နှုတ်ဆိတ်စွာပင် သွားနေကြသည်။ မောင်တိုးနှင့်ထွန်းရီတို့က ဤတောထဲကို စပြီးဝင်လာကြကတည်းက ခပ်လန့်လန့်ရှိနေကြသည်။ ယခင်က ထင်းခုတ်၊ ဝါးခုတ်လုပ်ခဲ့ကြသည်။ တောခွေးများသောင်းကျန်းမှုကြောင့် မဝင်ဖြစ်ခဲ့သည်မှာ ကြာခဲ့လေပြီ။

ဦးညြယသည် ဆေးဆရာတစ်ဦးဖြစ်သော်လည်း ပရောဂများကိုလည်း ကုသသည်။ သူသည် ဝက်ပါမြိုင်တောကြီးထဲသို့ ရောက်လာခဲ့သည်မှာ ဆေးပင်ရှာရန် အဓိကမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်။ နောက်ထပ် အကြောင်းရင်းက ရှိသေးသည်။ သူ၏ ရည်ရွယ်ချက်ကို သူကြီးဦးတင်ဦး၊ မောင်တိုးနှင့်ထွန်းရီတို့သာ သိထားကြသည်။

"သည်မှာ . . တင်ဦး၊ ငါ့ရည်ရွယ်ချက်သာ အောင်မြင်ရင် ငါတို့တစ်သက် စားမကုန်တော့ဘူးလို့သာမှတ်၊ သည်တောကြီးထဲမှာ ငါတို့အတွက် အကျိုးစီးပွားဖြစ်စေမယ့် နေရာဌာနကြီးတစ်ခုရှိနေတယ်ကွ"

"သည်တောဟာ ကျောင်းတစ်ဝက်၊ ဆိုးတစ်ဝက်နဲ့ နာမည်ကြီးနေတာ၊ လမ်းမသိဘဲသွားလို့ကော ဖြစ်မလား . . အစ်ကို"

"သည်မှာ . . တင်ဦး၊ ငါ့မှာ သိုက်စာညွှန်းရှိတယ်၊ ရောက်အောင်သွားမယ်၊ မင်းကြောင့်ကျဖို့ မလိုဘူး"

"ခုတလောမှာ ဟိုတောခွေးတွေရဲ့ သတင်းကလည်း ပျံ့နေတယ်၊ သွားလို့ကော ဖြစ်ပါ့မလား"

"တောခွေးလောက်ကတော့ကွာ၊ သည်ကောင်တွေ ငါတို့အနားကို ရောက်မလာစေရဘူး၊ ဝေးဝေးက ရှောင်သွားစေရမယ်"

ဦးသြယက အဓိပ္ပါယ်တစ်မျိုးနဲ့ ပြောလိုက်လေသည်။ တောခွေးများကို နိုင်သည်ဆိုသည့်သဘော။ ဦးသြယ၏လျှို့ဝှက်ချက်ကို မသိကြသော်လည်း နဂိုက အထင်ကြီးလေးစားခြင်းရှိရလေကား သားနှင့်ထွန်းရီကို စိတ်ချလက်ချနဲ့ ထည့်ပေးလိုက်ခြင်းပင်။ ဦးသြယစွမ်းဆောင်လျှင် အောင်မြင်သည်က များသည်မို့ ယခုလည်း မည်သည့်ကိစ္စမှန်းမသိသော်လည်း





အောင်မြင်မှု မုချရနိုင်သည်ဟု ယုံကြည်ထားကြသည်။

ချမ်းသာကြီးပွားမည်ဟူသော မက်လုံးပေးထားသည်ကြောင့်လည်း လောဘကြောင့် အန္တရာယ်ကိုပင် မမြင်နိုင်ကြတော့ပေ။

x x x

တဖြည်းဖြည်းနဲ့ တောနက်ထဲကို ဝင်စပြုလာသည်။ ဦးသြယကပင် ဦးဆောင်ပြီးတော့ သွားသည်။ ခရီးလမ်းကို အလိုလိုနဲ့ သိနေသလိုပင်။ သို့မဟုတ် တစ်ခါတစ်ရံမှာ သွားနေရင်းက လမ်းမှာရပ်ပြီး တစ်ယောက်ယောက်နဲ့ စကားပြောနေသည့်ဟန်မျိုး။ ထိုနောက် ရှေ့ဆက်၍သွားသည်။ ထိုအခါ နှစ်ဦးသားမှာ နောက်မှလိုက်ကြရပြန်လေသည်။

တစ်နေရာအရောက်တွင် ဦးသြယက ခြေလှမ်းတွေကို ရုတ်တရက် ရပ်တန့်လိုက်လေသည်။

"ဘာလဲ . . အဘ"

မောင်တိုးက လေသံနဲ့ မေးလိုက်သည်။ ဦးသြယက ခေါင်းကို ခါရမ်းပြလိုက်သည်။ ထိုနောက် လေသံဖြင့် . . .

"မင်းတို့ သတိမထားမိကြဘူးလား၊ ငါတို့ရဲ့ ဘေးက နေ ပန်းပြီးတော့ လိုက်နေကြတဲ့အကောင်တွေ"

"ဘာ . . ဘာကောင်တွေလဲ အဘ"

ထွန်းရီက စိုးထိတ်သော လေသံနဲ့ မေးလိုက်လေ၏။

"မင်းတို့ပြောတဲ့ အကောင်တွေလေ"

"ဗျာ၊ ဒါ . . ဒါဆို တောခွေးတွေပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“မကြောက်ကြပါနဲ့၊ သည်ကောင်တွေ ငါတို့အနားကို မကပ်နိုင်အောင် စီရင်ထားမယ်”

“ဟာ. . အဘ၊ တောခွေးတွေရဲ့ သဘာဝကိုက သားကောင်နောက်ကို ဘေးကနေ ပန်းပြီးတော့ အရင်လိုက်တတ်တာ၊ နောက်မှ အပိုင်ခုန်အုပ်ကြတာ၊ ကျွန်တော်တို့ကိုလည်း သည်လိုပဲ ကြံစည်နေကြတယ်ထင်တယ်၊ မဖြစ်ဘူး၊ သစ်ပင်ကြီးတစ်ပင်ပေါ်ကို တက်နေကြမှ လွတ်မယ်”

ထွန်းရီက ထိတ်လန့်စွာဖြင့် ပြောလိုက်လေရာ. . ။

“ဟေ့ကောင်. . သူတို့ကို ရှောင်တိမ်းနေစရာ မလိုဘူးလို့ ငါပြောပြီးပြီပဲ၊ ဘာလဲ. . မင်းက ငါ့ကိုမယုံလို့လား”

ဦးသြယက ထွန်းရီကို ကြိမ်းမောင်းလိုက်လေသည်။ စောစောက လမ်းမှာရပ်ပြီး တတွတ်တွတ် ဆီမန်းမန်းသကဲ့သို့ ရှိနေခြင်းသည် တောခွေးတွေကို ဟန့်တားနေခြင်းပဲလား။ သူ ဟန့်တားသည်မှာ အမှန်ဆိုလျှင် တောခွေးတွေက အဝေးကို ထွက်မသွားကြဘဲ မည်သည့်အတွက်ကြောင့် နောက်ကနေ လိုက်နေကြပါသလဲ။ ထွန်းရီသည် လာမည့်ဘေးကို ပြေးပြီးတော့ မြင်မိသည်။

တောခွေးများ၏ အန္တရာယ်ကို ရွာမှာ ကြုံဖူးခဲ့ပြီးသား မဟုတ်ပါလား။ သူကတော့ တောခွေးတွေ လိုက်လာကြသည်ကိုမမြင်။ သို့သော် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကြိုတင်ပြီး ရှောင်ရှားရပေလိမ့်မည်။

ထိုစဉ် တောခွေးနက်ကြီးတစ်ကောင်သည် အတော်ခပ်လှမ်းလှမ်းမှနေ၍ သူတို့ကို ရပ်ကြည့်နေသည်။ ထွန်းရီနှော





မောင်တိုးပါ မြင်လိုက်ကြရသည်။

“ဟာ. . ငနက်ကြီး၊ သည်ကောင်ကြီး အနားမှာရှိနေရင်တော့ သူ့အဖော်တွေလည်း ရှိနေကြမှာပဲ၊ သည်ကောင်တွေ ငါတို့နောက်ကို လိုက်နေကြတာ အမှန်ပဲ. . မောင်တိုး”

“အေး. . ဟုတ်တယ်ကွ၊ ဝိုင်းပြီး သမခံရရင်တော့ သက်သာမှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် သစ်ပင်တစ်ပင်ပေါ် တက်ပြီးနေမှဖြစ်မယ်. . ထွန်းရီ”

“သစ်ပင်ကြီးကြီးမှ ဖြစ်မယ်ကွ၊ ပြေး. . ပြေး”

ပြေးကြရသည်။ သစ်ပင်ကြီးကြီးကို ရှာဖွေကြသည်။ ဦးသြယကတော့ ပထမသော် တင်းခံနေသေးသည်။ နောက်တော့ မျက်နှာပျက်လာပြီး သူပါရောပြီး ပြေးသည်။ တောခွေးများ ကွေကွင်းသွားစေမည့် အဟန့်က မစွမ်းလေရော့သလား မသိ။

“ဖုတ်. . ဖုတ်. . ဖုတ်. . ဖုတ်”

သေးငယ်သော ခြေသံများကို နားထဲမှာ ကြားလာခဲ့ရသည်။ ဘေးဘီဝဲယာနှစ်ဖက်စလုံးသည် အကောင်တွေကို မမြင်ရသေး။ တောခွေးများ ဘေးမှဝိုင်းက ပန်းပြီးတော့လိုက်လာကြသည်မှာ အမှန်ပင်။

နောက်တော့ ဖျတ်ကနဲ၊ ဖျတ်ကနဲခုန်ခုန်ကူးသွားကြသည်။ အကောင်ငယ်လေးတွေကို မြင်လာစပြုလာခဲ့ရလေပြီ။ ထို့ကြောင့် ပိုပြီးတော့ ချောက်ချားသွားခဲ့ကြရသည်။

“တောခွေးတွေကွ၊ တောခွေးတွေ၊ သည်ကောင်တွေ ဝိုင်းမိရင် မလွတ်နိုင်တော့ဘူးကွ”



www.burmeseclassic.com

www.burmeseclassic.com



မောင်တိုးထံမှ အသံက တုန်ရီစွာပင် ထွက်လာခဲ့ကြသည်။

"သည်ကောင်တွေရဲ့လက်ထဲကိုတော့ အရောက်မခံဘူးကွ"

ထွန်းရီသည် သစ်ပင်ကြီးတစ်ပင်ကို တွေ့သည်နှင့် တက်ပြေးရန်ပြင်သည်။ သို့သော် နောက်မှာ ဦးသြယနှင့်မောင်တိုးပါလာ၍. . .။

"သည်သစ်ပင်ပေါ်ကို အမြန်တက်၊ ကျွန်တော်. . ဟိုဘက်က သစ်ပင်ပေါ်ကိုတက်မယ်"

ထွန်းရီက ဆက်ပြီးတော့ ပြေးသွားသည်။ သစ်ပင်ကြီးတစ်ပင်ပေါ်ကိုပဲ ပြေးတက်သွားသည်။ ဦးသြယနှင့်မောင်တိုးတို့သည်လည်း ယင်းသစ်ပင်ကြီးပေါ်ကို ဘယ်လိုကဘယ်လို ရောက်သွားမှန်း မသိလိုက်ကြ။ ထိုအချိန်တွင် တောခွေးတွေက သစ်ပင်အောက်မှနေ၍ သူတို့ကို ဝိုင်းထားကြလေပြီ။

"ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်"

များပြားလှသော တောခွေးများသည် သစ်ပင်အောက်မှနေ အပေါ်ကိုမော့ကာ ထိုးဟောင်နေကြသည်။ ဦးသြယနှင့် မောင်တိုးတို့သည် အစွယ်ဖွေးဖွေးထကာ အောက်မှထိုးဟောင်နေကြသော တောခွေးများကို အသည်းတယားယားနဲ့ ငုံ့ကြည့်နေကြလေသည်။ မလှမ်းမကမ်းတွင် ငနက်ကြီးက ဝင်ပြီးတော့ မဟောင်ဘဲက္ကန္ဒြေရစွာနဲ့ ကြည့်နေလေသည်။

အောက်ကိုသာ ပြုကျခဲ့လျှင် တွေးဝံ့စရာပင်မရှိပေ။ အချို့ တောခွေးများသည် သစ်ပင်ပေါ် ပဒပ်ရပ်ကာ ကုပ်ဖြ





လျက်ရှိနေကြသည်။ ဒေါသတကြီးနဲ့ အပေါ်တက်ရန် ကြိုးစားနေကြသည်။ မတတ်နိုင်ကြ၍သာ။ မောင်တိုးက. . .။

"သည်တောခွေးရိုင်းတွေ ထွက်သွားအောင် မောင်းထုတ်လို့မရဘူးလား. . အဘ၊ ကြည့်စမ်းပါဦး၊ သွားရဲမင်းရဲစီးနေလိုက်ကြတာ၊ ကြောက်စရာကြီး. . ဟီး"

"သည်ကောင်တွေက သာမာန်ခွေးတွေ မဟုတ်ဘူးကွ၊ အစီအရင်တွေနဲ့ လုပ်ထားတာ၊ ငါလည်း မတတ်နိုင်ဘူး၊ သည်ကောင်တွေ ကြာကြာမနေနိုင်ကြပါဘူး၊ ထွက်သွားကြမှာပါ"

မောင်တိုးသည် ဦးသြယကို အထင်သေးသွားခဲ့လေသည်။ စိတ်ထဲက. . .။

"အပြောက ကြီးထားပြီးတော့ မတတ်နိုင်ရင် မတတ်နိုင်ဘူးလို့ မပြောဘူး၊ အလကား လျှောက်ပြောနေတယ်"

သစ်ပင်ကြီးတစ်ပင်ပေါ်ရှိ ထွန်းရီ၏ အဖြစ်မှာကား။

ထွန်းရီသည် သစ်ပင်ခွကြားတစ်ခုပေါ်မှာ ရှိနေသည်။ သူ့အောက်မှာလည်း တောခွေးတွေက မနည်းမနောပင်ရှိနေကြသည်။ တအီအီ တဝုတ်ဝုတ်နဲ့ အသံပေးကာ မာန်ဖီနေကြသည်။ ထိုးဟောင်နေကြသည်။ ပါးစပ်ကြီးတွေဖြဲပြီးခြောက်လှန့်နေကြသည်။

ဝုတ်. . ဝုတ်. . ဝုတ်. . ဝုတ်။

သစ်ပင်ကြီးကို ပတ်နေကြပြီး ဝမ်းခေါင်းသံကြီးသော ၍ထွန်းရီကို ထိုးဟောင်နေသည်။ နဂိုက အကြောက်ကြီးလှသော ထွန်းရီသည် အောက်မှ တောခွေးရိုင်းများကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသည်းတယားယားနဲ့ ဖြစ်နေသည်။

"အောက်ကိုသာ ပြုတ်ကျသွားရင် မလွယ်ဘူး . . ဟီး"

ရင်ထဲမှာ ပူလောင်နေကာ သူခွထိုင်ထားသော သစ်ကိုင်းကို လက်နှစ်ဖက်နဲ့ ထောက်ထားလေသည်။

ထိုစဉ် . . . ။

"ဂွတ်"

"ဖြောင်း"

သူထိုင်နေသော သစ်ကိုင်းကြီးမှာ အဆွေးကြီးဖြစ်နေသည်။ ထို့ကြောင့် သူ့ကိုယ်အလေးချိန်ဒဏ်ကို မခံနိုင်ဘဲ ရုတ်တရက် ကျိုးကျသွားခဲ့ပါလေတော့သည်။

"အား"

ထွန်းရီသည် သတိလက်လွတ်ဖြစ်ကာ သစ်ပင်အောက်ကို တရှိန်ထိုး ပစ်ကျသွားခဲ့ပါလေတော့သည်။

"ဘုန်း"

မြေပြင်ပေါ်ကို ဘုန်းကနဲဆို ပစ်ကျသွားသည်။ သစ်ပင်က မြင့်သည်။ အမြင့်မှ ကျလာခဲ့သည်ဖြစ်၍ မသက်သာလှ။ နေရာမှ ချက်ချင်းမထနိုင်။ လတ်တလော လက်ရှိအခြေအနေကို သဘောပေါက်သွားသည်။

ထိုအခါ ကြောက်စိတ်က ငယ်ထိပ်အထိ တက်ပြီးဆောင့်သွားသည်။ နေရာမှ ထပြေးရန် ကြိုးစားသော်လည်း မမီတော့ပါ။ သူ့ကို တောခွေးများက ဝိုင်းစုပြုံကာ ကိုက်ခဲကြလေပြီဖြစ်သောကြောင့်ပင်တည်း။

ဝုတ် . . ဝုတ် . . ဝုတ် . . ဝုတ်။





"အား . . အား . . ."

ထွန်းရီမှာ ကျောထက်ရှိ အိတ်ထဲမှ ဓားကို ဆွဲထုတ်ကာ တိုက်ခိုက်ရန် ကြိုးစားသော်လည်း မလွယ်တော့ပါ။ တောခွေးတွေက ဒေါသတကြီးနဲ့ ဝိုင်းကာ ကိုက်ခဲကြလေသည်။ ထွန်းရီမှာ အော်ရင်းဟစ်ရင်းနဲ့ နောက်ဆုံးမှာတော့ အသံထွက်မလာတော့ပေ။

သစ်ပင်ကြီးတစ်ပင်ပေါ်ကို ရောက်နေကြသည့် ဦးသြယနှင့်မောင်တို့၏ အခြေအနေသည်ကား အောက်မှာလည်း တောခွေးတွေ အဝိုင်းကို ခံနေရသည်။ နားထဲမှာလည်း ထွန်းရီ၏ ငယ်သံပါအောင် အော်ဟစ်သံကို ကြက်သီးထဖွယ်ရာ ကြားနေကြရလေသည်။

"ထွန်းရီရဲ့ အသံပဲကွ၊ သည်ကောင် သစ်ပင်ပေါ်က လိမ့်ကျပြီး တောခွေးတွေနဲ့ တွေ့သွားပြီထင်တယ်"

"ဒုက္ခပါပဲ၊ ထွန်းရီကို ဘယ်လိုကယ်တင်ရပါ့မလဲ"

"ငါတို့လည်း မတတ်နိုင်ကြဘူးဟ၊ ကိုယ့်အခြေအနေကိုလည်း ပြန်ကြည့်ပါဦး . . မောင်တိုး"

သစ်ပင်အောက်မှ တောခွေးများကလည်း မိသာမိလိုက်လျှင် အရိုးအသားတစ်ခြားစီဖြစ်သွားရန် ဝိုင်းဖွဲ့ကြမည့်သဘော။ မိမိတို့နှစ်ယောက်လုံး သစ်ပင်ပေါ်က ပြုတ်ပြီးတော့ မကျအောင်ပင် ကြိုးစားနေကြရသည့်အချိန် . . . ။

တစ်ညလုံးပင် သစ်ပင်ပေါ်က မဆင်းရဲကြ။ တောခွေးများသည် မှောင်စပျိုးချိန်ကျမှ ထွက်သွားခဲ့ကြသည်။ သို့တိုင် သစ်ပင်ပေါ်မှာပဲ ဆက်ပြီးတော့ နေနေကြရသည်။ သစ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ပေါ်မှာ ပင်ပန်းဆင်းရဲကြီးစွာနဲ့ ဒုက္ခခံကာ နေနေကြရသည်။ မနက်မိုးလင်းပြီးသည့်တိုင် အောက်ကို တော်တော်နဲ့ မဆင်းရဲကြသေး။

နေထန်းတစ်ဖျားသို့ ရောက်ကာမှ မရဲတရဲနဲ့ ဆင်းလာခဲ့ကြရသည်။ နှစ်ယောက်စလုံး ထွန်းရီရှိသည့် ဘက်ကို သွားကြရာ သစ်ပင်ကြီးတစ်ပင်အောက်တွင် မရှုမလှသေဆုံးနေသော ထွန်းရီကို ရင်နာဖွယ်ရာ တွေ့လိုက်ကြရလေသည်။

"ဖြစ်မှဖြစ်ရလေ. . . ထွန်းရီရယ်"

မောင်တိုးမှာ သူအချစ်ဆုံး သူငယ်ချင်းမို့ ထွန်းရီ၏ ဖြစ်အင်ကို မကြည့်ရက်အောင်ပင် ဖြစ်သွားခဲ့ရသည်။ ချက်ချင်းပင် မျက်နှာကို လွှဲလိုက်မိလေသည်။ ဦးသြယလည်း လွန်စွာမှပင် စိတ်မကောင်းဖြစ်မိရသည်။

"ငါတို့ရွာကို ပြန်ကြမယ်၊ သူ့အလောင်းကို ဖြစ်တဲ့ နည်းနဲ့ သယ်ကြမယ်ကွာ"

သို့သော် သူတို့နှစ်ယောက်သည် အပြန်လမ်းကို ရှာမတွေ့ကြတော့။ လမ်းကား ပျောက်နေခဲ့လေပြီ။

"ဟာ. . ငါတို့ လာခဲ့တဲ့လမ်း ဘယ်ပျောက်သွားပါလိမ့်၊ ရှာမတွေ့တော့ဘူး"

"သည်တစ်လမ်းပဲ ရှိတာပဲ၊ မှားနိုင်စရာ အကြောင်းမရှိပါဘူး. . အဘ"

"ငါတို့တော့ တောမှောက်ပြီထင်တယ်၊ သြယကို ဒီလိုမျက်စိလည်လို့ ဘယ်ရမလဲကွာ"

ဦးသြယသည် မောင်တိုးနှင့်အတူ ရှေ့ကိုဆက်က





လျှောက်သွားသည်။ ထိုစဉ်. . .။

"ဝီ. . ဝီ. . ဝီ. . ဝီ"

နားထဲမှာ တဝီဝီနဲ့ အသံများကို မမျှော်လင့်ဘဲကြားလာခဲ့ကြရလေသည်။ ယင်းအသံများနှင့်အတူ. .။

"သေချင်ရင် စိန်မစားနဲ့ ကျောက်နွားကိုးစီးတောင်ဆီကို အရောက်ပို့ပေးမယ်"

နက်ကျောသော အသံကြီးတစ်သံကို ကြားလိုက်ကြရသည်။ မည်သည့်နေရာက ထွက်ပေါ်လာမှန်းမသိကြရ။

"ဟင်. . ဘယ်ကအသံလဲ. . အဘ"

မောင်တိုးမှာ ယင်းအသံကြီးကြောင့် ကျောထဲအထိ စိမ့်ပြီးတော့ တက်သွားခဲ့ရလေသည်။

"ကျောက်နွားကိုးကောင်ဆီကို. . ဟုတ်လား၊ ငါလည်း အဲသည်ကို သွားချင်နေတာနဲ့ အတော်ပဲ၊ ပို့ပေးစမ်း၊ မြန်မြန်"

သို့သော် ဦးသြယက ဝမ်းသာသွားသော လေသံနှင့် ပြောလိုက်ရာ မောင်တိုးပင်လျှင် အံ့အားသင့်သွားခဲ့ရလေ၏။

"အ. . အဘဘာပြောလိုက်တာလဲ၊ ကျောက်နွားကိုးကောင်ဆီကို သွားမလို့ဟုတ်လား၊ အဲသည်နေရာက ဘယ်မှာလဲ၊ ဘာရှိလို့လဲ"

မောင်တိုးအတွက် ပထမဦးဆုံး ကြားဖူးသောနာမည်ပင်။ ဦးသြယက မိမိသွားလိုသည့်နေရာကိုသာ ပြောပြထားသည်။ နာမည်ကို ပြောမပြထားပေ။

"အေး. . ငါသွားချင်တယ်ဆိုတဲ့ နေရာဟာ အဲသည်နေရာပဲကွ၊ ငါတို့ ကျောက်နွားကိုးကောင်ရှိတဲ့ ပို့တစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီးကို ရောက်သွားရင် ကိစ္စပြီးပြီ" -

ဦးသြဃစကားမဆက်နိုင်တော့ပါ။ တဝီဝီနဲ့ အော်မြည်နေသော အသံကြီးလည်း ပိုပြီးတော့ ကျယ်လောင်လာကာ နီးကပ်လာပြီဖြစ်သောကြောင့်ပင်တည်း။

"ဝီ. . ဝီ. . ဝီ. . ဝီ"

ယင်းအသံကြီး၏ နောက်ဝယ် လေများပါ တိုက်ခတ်လာသည်။ နောက်က လိုက်ပါလာဟန်တူသည်။ သစ်ရွက်ခြောက်တွေ၊ သစ်ကိုင်းခြောက်တွေပါ လွင့်မျောလာကြသည်။ ချက်ချင်းလိုလိုပင် လေလုံးကြီးတစ်လုံးက အလုံးအရင်းနဲ့ဝင်ပြီးဆောင့်ကာ သယ်ယူသွားခဲ့လေတော့သည်။

"အား"

မောင်တိုးက အထိတ်တလန့်နဲ့ အော်မိလိုက်လေ၏။ လေထဲမှာ ခြေလွတ်လက်လွတ်နဲ့ ဖြစ်သွားခဲ့ကြသည်။ မျက်လုံးထဲမှာလည်း ဘာကိုမှ မမြင်နိုင်ကြတော့။ အဖြူထည်သက်သက်။ မကြာမီမှာပင် အောက်ကို ပစ်ကျသွားခဲ့ပြီ။

x x x

နှစ်ယောက်စလုံး မြေပြင်ထက်မှာ ဒလိမ့်ခေါက်ကွေးနဲ့ ဖြစ်သွားခဲ့ကြလေ၏။ သာသာလေးပင် ပစ်ကျသွားခဲ့ကြလေသည်။ သို့သော် ရှေ့မှာ မြူတံတိုင်းကြီးတစ်ခုက ဆီးတားလျက်ရှိနေသည်။ တဝေ့ဝေ့နဲ့ လွင့်ပါးနေသော မြူထုကြီးတွေကြောင့် ရှေ့ကို မမြင်ကြရ။





"ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေကြတာလဲ အဘ"

"မသိဘူးလေကွာ၊ စောင့်ကြည့်ရမှာပေါ့"

မကြာမီ လွင့်ပါးနေသော မြူထုကြီးက တဖြည်းဖြည်းနဲ့ ကြဲပါးသွားခဲ့လေသည်။ ထိုအခါ မြင်ကွင်းကလည်း တဖြည်းဖြည်းနဲ့ ထင်ရှားလာခဲ့လေသည်။ သူတို့၏ရှေ့မှာ သိသာထင်ရှားလာသည့် သဏ္ဌာန်ကြီးတစ်ခုကား. . .။

မြင့်မားသည့် တောင်ကြီးတစ်ခုပင်တည်း။ ယင်း. . တောင်ကြီးကား အထွတ်အထွတ်တွေနဲ့ရှိနေသည်။ အြည့်ရလျှင် ယင်းအထွတ်အထွတ်များသည် နွားလပို့များနဲ့သဏ္ဌာန်တူနေသောကြောင့်ပင်တည်း။ ဦးသြဃနှင့်မောင်တိုးတို့သည် ပို့တစ်ထောင်တောင်ကြီးကို အံ့အားတသင့်နဲ့ ကြည့်နေကြလေတော့သည်။

! ! ! ! !



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – ၂၁

## မိစ္ဆာမြေကို ရောက်သွားကြသူများ

ဝက်ပါမြိုင်တောကြီးထဲမှာ အသက်ဝင်ကာ လှုပ်ရှားလျက်ရှိနေကြသည်။ လူတော်တော်များများသည် တောထဲကို ဝင်ရောက်လာကြသောကြောင့်ပင်ဖြစ်ကြသည်။ အားလုံးအယောက်လေးဆယ်လောက်ပင်ရှိကြလိမ့်မည်။ မှိုင်းလုံးရွာတစ်ရွာတည်းမဟုတ်။ ရွာနှစ်ရွာမှလည်း ပေါင်းစပ်ထားကြသူများ။

ဦးညြယ်နှင့်မောင်တိုးတို့ ပျောက်ဆုံးနေကြသည့်အတွက် တောနင်းရှာကြမည့် အစီအစဉ်ပင်တည်း။ ဒူးလေးများ၊ ဝါးချွန်၊ ဓား၊ လှံနက်လက်နက်မျိုးစုံကို ယူဆောင်လာကြသည်။ လူအားလုံးသည် တောခွေးများကို ဒေါသထွက်နေလျက်ရှိကြသည်။

“ဒီလောက်အထိ သောင်းကျန်းနေကြတာတော့ လွန်





လွန်းပြီ၊ ခုဆိုရင် လူတွေကိုပါ အကြောင်းမဲ့ ရန်ရှာနေကြတယ်၊ သည်ကောင်တွေကို မတွေ့တွေ့အောင် ရှာပြီးတော့ သုတ်သင်ပစ်ရမယ်”

ထိုအဖွဲ့ထဲတွင် မုဆိုးများလည်းပါကြသည်။ ဦးဖိုးထယ်၊ တက်ခေါင်လေး၊ ကာလသားခေါင်းကျော်ထူးတို့လည်းပါလာကြသည်။ သူကြီးဦးတင်ဦးကတော့ လိုက်ပါမလာတော့ပေ။ ပါမလာဆိုသည်က တမင်ကို ခေါ်မလာခဲ့ခြင်းပင်။ သားဖြစ်သူမောင်တိုးအတွက် စိုးရိမ်မကင်းဖြစ်ကာ ကျန်းမာရေးထိခိုက်လျက်ရှိသော ဇနီးကို ပြုစုရန် ကျန်ရစ်ခဲ့ရသည်။

လူအင်အားက များသည်။ တောကျွမ်းသော မုဆိုးများလည်း ပါလာကြသည့်အတွက် နှစ်ဖွဲ့ခွဲကြသည်။ ဦးဖိုးထယ်၊ တက်ခေါင်လေးနှင့်ကာလသားခေါင်းကျော်ထူးတို့ ပါဝင်သောအဖွဲ့ကတစ်ဖွဲ့။ မုဆိုးနှစ်ယောက်အပါအဝင် မိမိတို့ ရွာသားများနှင့်ပေါင်းစပ်ပြီး အခြားရွာမှ ရွာသားများ၊ မုဆိုးများပါဝင်သော အဖွဲ့ကတစ်ဖွဲ့။

တစ်ဖွဲ့စီ တောနင်းပြီးတော့ ရှာကြသည်။

“ဒီလောက်ဆိုရင် ဦးညြယ်နှင့်မောင်တိုးတို့ရဲ့ အခြေအနေက မကောင်းနိုင်တော့ဘူး”

အားလုံးက ထင်မြင်ချက်ပေးကြသည်။ ထင်လည်းထင်နိုင်လောက်စရာပင်။ သူတို့နှစ်ဦးကို မည်သည့်နေရာမှ မတွေ့ကြရတော့။ တောခွေးများနှင့်တစ်နေရာရာတွင် ဆုံတွေ့ကြပြီး သေဆုံးသွားနိုင်ကြသည် မဟုတ်ပါလား။

တစ်ဖွဲ့က တော၏ မြောက်ဘက်ခြမ်းသို့ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တစ်ဖွဲ့ကတော့ တောင်ဘက်ခြမ်းကို ထွက်သွားကြသည်။ မြောက်ဘက်ခြမ်းကို ထွက်သွားကြသော အဖွဲ့ထဲတွင် တက်ခေါင်လေးတို့ ပါဝင်ကြလေသည်။

ညနေ နေမစောင်းမီ စပြီးလမ်းခွဲကာ ထွက်သွားကြသော နေရာမှာပင် ပြန်ပြီးတော့ ဆုံကြရန် သတ်မှတ်လိုက်ကြသည်။ ဖက်ပါမြိုင်တောကြီးတစ်ခုလုံးနှင့်လည်း ပတ်သက်ပြီးတော့ မိမိတို့ ဘာမှသိကြသည်မဟုတ်။ တောနက်ကြီးထဲသို့ သိပ်ပြီးမဝင်ကြရန်လည်း ဆုံးဖြတ်ထားလိုက်ကြသည်။

မြောက်ဘက်ခြမ်းကို ထွက်သွားကြသော ဦးဖိုးထယ် ဦးဆောင်သော အဖွဲ့သည် မျက်စေ့ကို ရှင်ရှင်ထားကြရသည်။ မိမိလူအင်အားက နှစ်ဆယ်ကျော်။ မတော်၍များ တောခွေးတွေနဲ့ ပက်ပင်းတိုးမိလျှင် သူတို့က ကောင်ရေပိုပြီးတော့ များနေကြလျှင် တော်တော်လေးကို ကာကွယ်တိုက်ခိုက်ကြရမည်ဖြစ်သည်။

ယခုအချိန်ထိတော့ တောခွေးများ၏ အရိပ်အယောင်ကိုမျှ မတွေ့ကြရတော့။ တောကြီး၏ အခြားတစ်ဖက်ကိုများ ရောက်နေ၍ပဲလား။ မိမိတို့၏ သားရဲကျင်းထဲမှာပင် အောင်းနေကြပြီလား။ မသိနိုင်ပါ။

တက်ခေါင်လေးသည် သွားရင်းမှာပင် ခေါင်းထဲမှာ ဖျတ်ကနဲဆို ပေါ်လာသည်က. . .။

"အဘ"

"ဟေ. . ဘာလဲကွ"

"ကျွန်တော်. . သည်နေရာကိုရောက်မှ လမ်းခြ





ကို ပြန်ပြီးတော့ သတိရလာတယ်"

"ဟေ. . . ဘာလမ်းလဲ"

"ဟောသည်ဘက်ကိုသွားရင် ထူးခြားမှုတစ်ခုကိုတွေ့ရလိမ့်မယ်လို့ ထင်တယ်၊ ဟုတ်တယ်. . သည်ဘက်မှာ မိစ္ဆာမြေရှိတယ်"

"ဟုတ်ပါ့မလား. . ငါ့မြေးရယ်"

"သေချာပါတယ်၊ လာ. . ကျွန်တော်တို့ သွားကြရအောင်"

တကယ်တော့ တက်ခေါင်လေးသည် အိပ်မက်ထဲတွင် သူတွေ့ကြုံခဲ့ရသည်များကို ပြန်ပြီးတော့ အမှတ်ရလာမိသည်။ ထူးဆန်းလှပေစွ။

"ကျွန်တော်ထင်တာ မှန်ခဲ့ရင်တော့ သည်တောခွေးတွေဟာ. . ."

တက်ခေါင်လေး၏ အတွေးကို ဦးဖိုးထယ်သည် သဘောပေါက်သွားခဲ့ရပြီ။

"ဟုတ်ပြီ၊ သဘောပေါက်ပြီ၊ ငါ့မြေးနဲ့ ပတ်သက်ခဲ့တဲ့ အိပ်မက်ကို ဘယ်သူမှမသိစေနဲ့၊ တော်ကြာ. . အိပ်မက်အရ သွားတယ်လို့ ဖြစ်နေဦးမယ်၊ လှောင်ပြောင်ခံရလိမ့်မယ်. . . ငါ့မြေး"

ထိုနောက် အတူပါလာကြသူများကို ဦးဖိုးထယ်က. . .

"ငါတို့ တစ်နေရာကို ရွှေ့ပြီးရှာကြမယ်ဟေ့၊ အဲဒါမှ မတွေ့ရင်လည်း ပြန်ကြမယ်"

. . ဟုပြောပြီး တက်ခေါင်လေးကို မျက်စပစ်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တက်ခေါင်လေးက ညာဘက်ရှိ ထီးရိုးဝါးရုံကြီးနှင့်ကျွန်းပင်ကြီးကြားရှိ တောလမ်းလေးကို လက်ညှိုးထိုးပြလိုက်သည်။ အားလုံး ထိုနေရာကို လျှောက်သွားခဲ့ကြသည်။

"ဦးထယ်က သည်ဘက်မှာ တွေ့နိုင်တယ်လို့ ထင်လို့လား"

ကာလသားခေါင်းကျော်ထူးက မေးသည်။

"အေး. . နည်းနည်းတော့ ထင်မိတယ်ကွ"

ဦးဖိုးထယ်က စကားကို မယုတ်မလွန်ပြောလိုက်လေသည်။ ဝါးရုံပင်ကြီးနှင့်ကျွန်းပင်ကြီးကြားမှ လျှောက်သွားကြသည်။ ထိုနေရာက လွန်သွားခဲ့ကြသည်နှင့်စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားခဲ့ကြရလေသည်။ အခြားနေရာများကို ဖြတ်သန်းခဲ့ရစဉ်က ဘာမှ မထူးခြားခဲ့ကြ။ တော၏ အနေအထားသည် ရုတ်တရက် ပြောင်းလဲသွားခဲ့ရသလိုပင်။

မြေပြင်သည်လည်း မည်းညစ်ညစ် ဖြစ်လာခဲ့သည်။ သစ်ပင်ကြီးတွေ ထူထပ်လာကြသလို ပုံသဏ္ဍာန်များသည်လည်း ထူးခြားလာခဲ့ကြလေသည်။ ပင်စည်အခေါက်အပွေးတွေက ဖုထစ်ရှုံ့တွနေကြကာ မိစ္ဆာကောင်များ၏ မျက်နှာအတိုင်း ဖြစ်နေကြသည်။ ထူးခြားသော သဘာဝကြောင့်ဖြစ်နေရသော်လည်း မသင်္ကာစရာ၊ စက်ဆုပ်စရာအသွင်မျိုးဖြစ်နေကြသည်။

"ဟာ. . ဘယ်လိုအပင်ကြီးတွေလဲဟ၊ မျက်နှာတွေအတိုင်းဖြစ်နေကြပြီး ရှုံ့တွနေကြတာပဲ၊ ငိုမလို၊ ရယ်မလိုနဲ့ တချို့ကလည်း စပ်ဖြီးဖြီးနဲ့"





"ဟုတ်ပါရဲ့ဗျာ၊ ဟိုအပင်ကြီးတွေကိုလည်း ကြည့်ကြပါဦး၊ ပါးစပ်ကြီးတွေကို ဖြဲပြီးခြောက်လှန့်နေကြသလိုပဲ၊ ဟော ဟိုအပင်ကြီးကတော့ ငိုမလိုမျက်နှာထားနဲ့ တစ်မျိုးကြီးပါလား"

"မြေဩဇာမကောင်းလို့ သည်လိုဖြစ်နေကြတာလား မသိဘူး၊ အကိုင်းအခက်တွေကလည်း အကြောလိုက်နေတဲ့ သူတွေကို ကွေ့တိကွေ့ကောက်နဲ့ ငါတို့ကိုပဲ ဖမ်းကြတော့မလိုလို။

ထိုစဉ်. . . လေက တိုက်ခတ်လာသည်။

"ဟီး. . ဟီး. . ဟီး. . ဟီး"

"လေတိုက်သံက. . တစ်မျိုးပါလား၊ ပြိတ္တာညည်းတာကျနေတာပဲ၊ မသင်္ကာစရာ"

လေတိုက်၍ သစ်ကိုင်းတွေ၊ အရွက်အလက်တွေက လှုပ်ရှားလာကြသည်။ ညွှတ်ကျနေသော အကိုင်းအခက်များက သစ်ပင်အောက်မှ လူများကို ထိတွေ့သွားကြသည်။ လူတစ်ယောက်ကို ချိုင်းနှစ်ဖက်အောက်မှ ဆွဲမလိုက်သလိုဖြစ်သွားသည်။

"ဟ. . . ဟ. . ဘယ်လိုကြီးလဲဟ"

ထိုသူက နေရာမှ မြောက်ကနဲဆို ပါသွားခဲ့သည်။ တက်ခေါင်လေးက ပြေးလာပြီး ဓားနဲ့ ပိုင်းချလိုက်သည်။ ထိုသူအောက်ကို ပြုတ်ကျသွားခဲ့လေသည်။

အကိုင်းတစ်ကိုင်းသည် လေအဝေ့မှာ အောက်ကို ယိမ်းထိုးကာ ကျလာသည်။ လူတစ်ယောက်၏ ကျောပြင်ကို ပြင်းထန်စွာပင် ထိမှန်သွားခဲ့လေသည်။ ရိုက်ထည့်လိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ပင်။

"ဖြန်း"

"အား"

"ဟီး . . ဟီး . . ဟီး . . ဟီး"

လေတိုက်သံကြီးများနှင့်အတူ ညည်းညူသံတွေက လည်း ပါလာခဲ့ကြလေသည်။

"သည်နေရာမှာ ကြာကြာနေလို့ မကောင်းဘူး၊ မြန်မြန်လာကြ"

အကြောင်းသိဖြစ်သော တက်ခေါင်လေးက ထိုသူတွေကို လျှင်မြန်စွာပင် ခေါ်ထုတ်သွားခဲ့လေသည်။

ထိုနေရာမှ လွန်မြောက်သွားကြပြီး မကြာမီမှာပင်။

"ရှီး . . ရှီး . . ရှီး . . ရှီး"

တရှီးရှီးနှင့်အသံများကို ကြားလာခဲ့ကြရပြန်သည်။

"မြက်တွေကို လေတိုးတဲ့အသံတွေများလား၊ မြွေတွန်သံတွေလား"

ဦးဖိုးထယ်က နေရာမှာရပ်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လျက်ရှိသည်။ သူတို့ရပ်နေကြသည့် နေရာသည် သစ်ပင်ကြီးတစ်ပင်အောက်မှာဖြစ်သည်။ တစ်ခုခုကို သင်္ကာမကင်းဖြစ်မိကြသည်နှင့်အပေါ်ကို မော့ကြည့်မိလိုက်ကြလေသည်။

ထိုစဉ်မှာပင် ကြိုးခွေများပမာ လိပ်ထားသော အလုံးကြီးများသည် ပြေလျှော့ကာ အောက်ကို ပြုတ်ကျလာခဲ့လေတော့သည်။

"ဟာ"





"ဟာ"

အားလုံးထံမှ အာမေဍိတ်သံအသီးသီး ထွက်သွားခဲ့ကြရလေသည်။ ပထမသော် မြွေကြီးများ အခွေလိပ်ပြေလျှော့ကာ ပြုတ်ကျလာကြသည်ဟု ထင်မိခဲ့ကြသည်။ နောက်တော့မှ နွယ်များဖြစ်နေကြသည်ကို သိလိုက်ကြရလေသည်။

နွယ်မှာ ရိုးရိုးနွယ်များမဟုတ်ကြ။ အသက်ဝင်နေကြသော နွယ်ရှင်များပင်တည်း။ နွယ်ရှင်များသည် အသည်းယားစဖွယ် လှုပ်ရမ်းလျက်ရှိနေကြကာ အောက်မှလူများကို ချက်ချင်းလိုလိုပင် ရစ်ပတ်ကြလေတော့သည်။

"ဟာ . . နွယ်ရှင်တွေဟ၊ ကိုယ်ပေါ်ကို အပတ်မခံကြနဲ့"

ပါလာသော ဓားများနှင့်ခုတ်ပိုင်းကြရလေတော့သည်။

"ရွှီး"

"ရွှီး"

ပြတ်သွားသော နေရာမှ သွေးရောင်စေးပျစ်ပျစ်အရည်များက ပန်းထွက်လာကြကာ လူတွေ၏ ကိုယ်ပေါ်မှာ စွန်းထင်းကုန်ကြလေတော့သည်။ လူတော်တော်များများသည် နွယ်ရှင်များနဲ့ အလုပ်ရှုပ်သွားခဲ့ကြသည်။ အချို့ကထွက်ပြေးကြ၍ အမိမခံကြရ။ လွတ်မြောက်သွားခဲ့ကြသည်။

ဦးဖိုးထယ်ပေါ်ကို ကျလာသော နွယ်ရှင်သည် ချက်ချင်းမှာပင် ကိုယ်ပေါ်မှာ အထပ်ထပ်ရစ်ပတ်သွားသည်။ ပါလာသော ဓားရှည်နဲ့ ပိုင်းချပစ်လိုက်သည်။ ဒါတောင် ကိုယ်ပေါ်မှာ ပတ်နေသော နွယ်ရှင်များက ရုတ်တရက် လျှော့မ



www.burmeseclassic.com

www.burmeseclassic.com



သွား။ လက်နှင့်ဆွဲပြီး လှီးဖြတ်ယူရသည်။

"သောက်. . တော်တော့်ကို အလုပ်ရှုပ်တာပဲကွာ"

ကာလသားခေါင်း ကျော်ထူးဆီက ထွက်လာသော အသံ။ သူလည်း လက်ထဲမှာ နွယ်ကြိုးပြတ်ကြီးတန်းလန်းနဲ့။ မျက်နှာကြီးက ရှုံ့မဲ့နေသည်။

တက်ခေါင်လေးသည် ကျလာသော နွယ်ရှင်များကို မားနဲ့ ပိုင်းချပစ်နေသည်။

"ရှပ်. . ရှပ်"

"ရှီး. . ရှီး. . ရှီး"

အတူ ပါလာကြသူများကလည်း နွယ်ရှင်များအား ကြောက်လန့်ကာ ဖြတ်တောက်ပစ်နေကြသည်။ နွယ်ကြိုးပြတ်များသည် မြေပေါ်မှာ တဖျတ်ဖျတ်နဲ့ ကောက်ကွေးတွန့်လိမ်နေကြလျက် မြွေကိုယ်ထည်ပြတ်များလိုပင်။

ထိုစဉ် အနီးအနားရှိ သစ်ပင်ကြီးတွေပေါ်မှာလည်း ခွေထားသော နွယ်ကြိုးတွေက တစ်လုံးပြီးတစ်လုံး ပြုတ်ကျလာခဲ့ကြသည်။ လူသွေးနံ့ကို ရသွားကြသောကြောင့်ဖြစ်လေသည်။ ထိုနွယ်ရှင်များသည် လေထဲမှာ တရမ်းရမ်းနဲ့ လှုပ်ရှားနေကြလျက် အသည်းယားစရာကောင်းလှပေတော့သည်။

"သည်အနားမှာ မနေကြနဲ့ဟေ့၊ မြန်မြန်ထွက်ကြ"

ဦးဖိုးထယ်က သတိပေးသည်။ ထို့ကြောင့် လျှင်မြန်စွာပင် ထွက်သွားကြရသည်။ လူတွေအားလုံး စိတ်မောလူမောဖြစ်သွားခဲ့ကြရလေသည်။ ထိုနေရာမှ ဆက်ပြီးထွက်ခွာလာခဲ့ကြသည်။ နွယ်ရှင်ပင်များရှိသော နေရာနှင့်ဝေးသွားခဲ့ကြ





သည်။ လူတွေအားလုံးသည် ထူးခြားသော ပတ်ဝန်းကျင်ကို ရောက်နေကြသည့်အတွက် သတိထားပြီးတော့ သွားနေကြရသည်။ ပတ်ဝန်းကျင်ကို မျက်ခြေမပြတ် ကြည့်နေကြရသည်။ အလစ်မပေးရဲ။ စိတ်တော့ ဝင်စားနေကြသည်။ မရောက်ဖူးကြသေးသော နေရာမျိုးကို ရောက်နေကြ၍. . .။

တက်ခေါင်လေးကတော့ လမ်းကိုသိသလို ရှေ့ကနေသွားနေသည်။ အိပ်မက်ထဲတွင် မိမိနှင့်ရုပ်ဆင်းသွင်ပြင်တူသော အဘိုးအိုက ဤနေရာတွင် မိမိကို စောင့်ပြီးတော့ ခေါ်ခဲ့သည်မဟုတ်ပါလား။

ထိုစဉ် စကားပြောသံတွေလိုလို လူသံတွေလိုလို ကြားလိုက်ကြရသည်။ သို့သော် ဗလုံးဗထွေးနဲ့ မသဲကွဲ။ တက်ခေါင်လေးသည် ရှေ့ကနေသွားနေရာက လက်ထောင်ပြလိုက်၏။ အားလုံးသဘောပေါက်သွားကြသည်။ သစ်ပင်တွေ၊ ချုံအကွယ်တွေမှာ ပုန်းအောင်းလိုက်ကြလေသည်။ စကားမပြောကြတော့။ ထိုအခါ စောစောက ကြားလိုက်ကြရသည့် အသံများသည်သာ ဝန်းကျင်ကို ကြီးစိုးနေကြလျက်။

ထင်မိလိုကကြသည်က မိမိတို့ ခွဲထားခဲ့သည့်နောက်တစ်အုပ်စုများ ဖြစ်နေမလားဟု။ ဤနေရာတွင် မမျှော်လင့်ဘဲ လာဆုံဖြစ်ကြသည်လားဟု။ ထိုနေရာတွင် အနည်းငယ်မှောင်ရိပ်သန်းနေသည်။ ကြည့်နေရင်းကပင် လူတစ်စုကို မမျှော်လင့်ပဲ တွေ့လိုက်ကြရသည်။ ထိုသူများအားလုံးသည် ရှည်လျားသော ဆံပင်များရှိကြသည်။ ခက်ထန်ကြမ်းတမ်းသော မျက်နှာပိုင်ရှင်များ။ မျက်လုံးတွေကလည်း ရက်စက်ကြမ်းကြုတ်သည့်အသွင်



www.burmeseclassic.com

www.burmeseclassic.com



မျိုး။

ထိုသူတို့အထဲတွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသော လူတစ်ယောက်သည်ကား . . .။

!!!!!





## အခန်း- ၂၂

## ပျက်စီးသွားကြသော တောခွေးရုပ်များ

ထိုသူသည် ဦးဖိုးထယ်နှင့်တက်ခေါင်လေးနဲ့ ဆုံဖူးခဲ့သောသူ။ သုဿန်တွင် မိမိတို့အား ရန်ရှာခဲ့ဖူးသော သျှောင်တစ်စောင်းနဲ့လူကြီးပင်တည်း။ ထိုလူကြီးကို သုဿန်တွင် ရွာသားအချို့ကလည်း မြင်ဖူးခဲ့ကြပြီးဖြစ်သည်။

"ဟင် . . ကျွန်တော်တို့ကို သုဿန်မှာ ရန်ရှာခဲ့တဲ့လူကြီးပါလား၊ သည်နေရာမျိုးကို ဘာကြောင့်များ ရောက်နေပါလိမ့်"

ကာလသားခေါင်းကျော်ထူးက အံ့အားတသင့်နဲ့ပြောလိုက်လေသည်။ ထိုလူကြီးသည် ဘေးမှလူများကို တစ်စုံတစ်ရာသောအကြောင်းကို အခြေခံပြီးတော့ ပြောနေသည်။ တက်ခေါင်လေးတို့က နားစိုက်ထောင်နေကြသော်လည်း သဲကွဲစွာ



www.burmeseclassic.com

www.burmeseclassic.com



မကြားရပါ။ ဗလုံးဗထွေးနဲ့ဖြစ်နေသည်။ တက်ခေါင်လေးက ကြားရသည်။ မသဲမကွဲစကားများကို ခြုံပြီးခန့်မှန်းလိုက်မိ၏။

"ငါတို့ကို လိုက်ရှာနေကြတယ်၊ ရှောင်နေမှဖြစ်မယ်"

. . . ဟူသော စကားအဓိပ္ပါယ်ပင်တည်း။

"ကျွန်တော်တော့ အဲဒီလို သဘောပေါက်မိတယ် . . အဘ"

"ဒါဆို ဘာသဘောပါလိမ့်၊ သူတို့က ဘယ်ကရောက်လာတဲ့ လူတွေလဲ၊ သည်လူကြီးကိုလည်း ခဏခဏတွေ့ရတယ်၊ သည်လူအုပ်စုနဲ့ ဘယ်လိုများ ပတ်သက်နေပါလိမ့်"

အဖြေရှာမရကြသော အတွေးများပင်။

သို့ရှိခိုက်မှာပင်။

ထိုလူကြီးနှင့်လူတစ်စုသည် တစ်နေရာကို ထွက်သွားခဲ့ကြသည်။ မြင်ကွင်းက ပျောက်သွားကြတော့မှ နောက်ယောင်ခံပြီးတော့ လိုက်သွားခဲ့ကြသည်။ မတွေ့ကြရတော့ပေ။

"ဘယ်ရောက်သွားကြသလဲမသိဘူး"

အားလုံး အံ့အားသင့်သွားခဲ့ကြရသည်။ လူတစ်စုလုံးကို မတွေ့ကြရတော့ပေ။ တက်ခေါင်လေးသည် ထိုနေရာကို အရောက်တွင် တစ်ခုခုကို သတိရသွားသလိုပင်။

"လာ . . လာကြ၊ ဟိုဘက်ကို သွားကြမယ်"

ဟုဆိုကာ ညာဘက်ရှိ မြက်ကိုင်းတောကြီး၏ဘေးမှ ဖြတ်လျှောက်သွားသည်။ အတူပါလာကြသော သူများလည်း အကြောင်းတစ်ခုခုရှိမည်အထင်နဲ့ လိုက်ပါသွားခဲ့ကြသည်။ တော်တော်ကလေး လျှောက်လာကြပြီးသောအခါတွင် ကျောက်ဂူ





များကို တွေ့လာခဲ့ကြသည်။ လူခြေရာများပင်တည်း။

"စောစောက လူတွေရဲ့ ခြေရာတွေပဲဖြစ်မှာပဲ၊ သူတို့ ဘယ်ကို ထွက်သွားကြပါလိမ့်"

ဦးဖိုးထယ်ဟ စဉ်းစားချင့်ချိန်နေဆဲမှာပင် . . .။

"အဘ . . ဟောဟိုနားမှာ တောင်ပို့ကြီးလိုလို ဂူတစ်ခုလိုလို ရှိနေလိမ့်မယ်"

"ဟုတ်လား . . ငါ့မြေး၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဘ . . သဘောပေါက်ပြီ"

ဦးဖိုးထယ်က တက်ခေါင်လေးပြောသည်ကို သဘောပေါက်သွားသည်။ ဆက်ပြီးတော့ လျှောက်သွားခဲ့ကြရာ ရှေ့တွင် တောင်ပို့ကြီးလိုလို၊ ဂူလိုလို အရာကြီးတစ်ခုသည် ဘွားကနဲဆို ပေါ်လာခဲ့လေသည်။ တက်ခေါင်လေးကိုယ်တိုင် အံ့အားသင့်သွားခဲ့ရလေသည်။ ဤဂူကြီးထဲကို မိမိနှင့်ရုပ်ချင်းတူသော အဘိုးကြီးနှင့်အတူ အိပ်မက်ထဲမှာ ဝင်ရောက်ခဲ့ဖူးကြသည်မဟုတ်ပါလား။

သို့ဆိုလျှင် ဤအထဲမှာ မည်သည့်အရာများ ရှိနေကြသည်ကို သိပြီးဖြစ်နေလေပြီ။ စောစောက လမ်းမှာတွေ့ခဲ့ကြသော သူများ၏ ခြေရာများသည်လည်း ဂူနားတစ်ဝိုက်မှာပင် ဆုံးသွားခဲ့ကြလေပြီ။

"စောစောကလူတွေ ဘယ်ရောက်သွားကြပါလိမ့်၊ ဂူထဲကိုပဲ ဝင်သွားခဲ့ကြသလား"

ထူးဆန်းသော ပဟေဠိအတွေးများက ဝင်ရောက်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘကို ကျွန်တော်သည်ဂူထဲကအကြောင်း ပြောဖူးထားခဲ့တယ်နော်၊ ဒါဆိုရင် ဂူထဲကို ဝင်စမ်းကြည့်မလား . . အဘ"

"အေး . . ဝင်ကြည့်ချင်တယ်၊ ငါ့မှာလည်း အကြံအစည်တစ်ခုရှိတယ်"

မင်းရဲ့ အိပ်မက်မှန်ရင်ပေါ့ကွာ"

ဦးဖိုးထယ်သည် အတူလိုက်ပါလာကြသော သူများအား . . .။

"ကျုပ်တို့ သည်ဂူထဲကို ဝင်ကြည့်ချင်တယ်၊ ဝင်ရမယ့်အကြောင်းက ရှိနေလို့ပါ"

"ဦးထယ် . . အကြောင်းရှိတယ်ဆိုရင် ဝင်ကြည့်ပါခင်ဗျာ၊ ဒါပေမယ့် ဂူထဲမှာ အန္တရာယ်ဖြစ်နိုင်မယ့် သတ္တဝါတွေများရှိကြလားမသိဘူး"

ရွာသားတစ်ယောက်က ပြောသည်။

"ဒါကတော့ စမ်းကြည့်ရမှာပေါ့"

တက်ခေါင်လေးက ဂူပေါက်ဝနားကို ချဉ်းကပ်သွားရာ . . .။

"တက်ခေါင်လေး . . တက်ခေါင်လေး"

ကာလသားခေါင်းကျော်ထူးက သတိပေးသည်။ တက်ခေါင်လေးသည် ဂူပေါက်ဝနားမှာကပ်ပြီး . .။

"ဟေး . . ဟေး . . ဂူထဲမှာ ဘယ်သူတွေရှိနေကြသလဲဗျို့ . . . အိမ်ရှင်တို့၊ အိမ်ရှင်တို့၊ ဧည့်သည်တွေလာပြီနော်၊ ရန်ရှာဖို့တော့ မစဉ်းစားနဲ့ဗျို့၊ ဧည့်သည်တွေက လက်ဗွာ





သက်ကြတယ်"

တက်ခေါင်လေး၏ အသံသည် ဂူထဲမှာ ဟိန်းထွက်သွားသည်။ မည်သည့်အကြောင်းကြောင့် ဤသို့ပြုမူရိုက်သလဲဆိုသည်ကို ဦးဖိုးထယ်ကလွဲပြီး ကျန်သည့်လူများက သဘောမပေါက်ကြ။

ဂူထဲကို လုံးပြီးတော့ ဝင်သွားသည့် အသံကြီးကပင်လျှင် အပြင်ဘက်မှ ကြားလိုက်ရသူများအဖို့ အလိုလိုပင်ကျောချမ်းသွားခဲ့ရသည်။

တခဏအကြာတွင် . . .။

"ဝုတ် . . ဝုတ် . . ဝုတ် . . ဝုတ်"

ခွေးဟောင်သံများနှင့်အတူ ရန့်ရင်းဆံခတ်ဖြစ်ကာပြေးလွှားနေကြသံများက ထွက်ပေါ်လာကြသည်။ ဂူထဲကလားအဝေးကလား မသိကြ။ ဂူထဲကဖြစ်ဖို့များသည်ဟု ယူဆကြသည်။ ထို့ကြောင့် တောခွေးများ ဂူထဲကထွက်လာပြီး ရန်ရှာကြမည်ကို စိုး၍ လက်နက်များကို ပြင်ဆင်ထားကြလေသည်။ အသံဗလံများကို အတန်ကြာအောင် ကြားနေကြပြီးနောက်တော့ တဖြည်းဖြည်းနဲ့ ငြိမ်သက်သွားခဲ့ကြသည်။

"စောစောက သည်ဂူကြီးထဲကိုပဲ ဝင်သွားကြသလား၊ ဒါပေမယ့် ဂူထဲက ထွက်လာကြတဲ့ အသံတွေကတော့ နှစ်ယောက် ခွေးအသံတွေပဲ"

"ကျွန်တော်တို့က တောခွေးတွေကို

လာခဲ့ကြတာပဲ။ ဘယ်နေရာမှာပဲတွေ

အခြေအနေကိုကြည့်ပြီး ဂူထဲကို ...ဒီးသည်။ မီးတုတ်များကို



www.burmeseclassic.com

"လူသံကြားရင် တောခွေးတွေ ထွက်လာကြမှာပေါ့။ ငါတို့ပဲ နားကြားမှားကြတာလား၊ ဘာပဲဖြစ်ဖြစ် ဝင်ကြည့်ကြတာကောင်းတယ်"

အားလုံး ဂူကြီးကို စိတ်ဝင်စားလျက်ရှိနေကြသည်။ ဆုံးဖြတ်ချက်ချလိုက်ကြသည်။ အားလုံး အထဲကို ဝင်ကြမည်ဟု. . .။

"ဂူအပြင်မှာ အစောင့်အနေနဲ့ သုံးယောက်လောက်ပဲ နေခဲ့ကြပါ၊ အရေးအကြောင်းရှိရင် ဂူဝကနေ အသံပြုလိုက်"

ဦးဖိုးထယ်က အစီအစဉ်ဆွဲသည်။ တောခွေးများအပေါ်မှာ အဟန့်ကောင်းသော တက်ခေါင်လေးက မီးတုတ်တစ်ဖက်၊ ဓားတစ်လက်ကိုကိုင်ကာ ရှေ့ဆုံးကနေဝင်သည်။ ဦးဖိုးထယ်က နောက်ကနေ ကပ်လိုက်လာသည်။ မီးတုတ်ငါးခုလောက်ကို ထွန်းညှိလိုက်သည်နှင့် ဂူအဝင်လမ်းမှာ လင်းထိန်သွားခဲ့ရလေသည်။ တဖြည်းဖြည်းနဲ့ သတိထားပြီးတော့ အထဲကို ဝင်လာခဲ့ကြလေသည်။

ရင်ထဲမှာလည်း တထိတ်ထိတ်နဲ့ ရှိနေကြသည်။ တောခွေးတွေက မိမိတို့ကို ခုန်အုပ်လိုက်ကြလေမလား။ အခြားသား ကောင်တစ်ကောင်ကောင်က ချောင်းမြောင်းကာ နေမည်လား။

ဘစ်ကောင်လို၊ ဝံပုလွေဟစ်ကောင်လို သတ္တဝါက ရုတ် ခေါင်လေးသည်ခိုက်လာခဲ့လျှင်ဟူသော အတွေးများက ကိုယ်စီ

"ဟေး. . ဟ်. . ဂူထဲက ညည်းညူသံတွေလိုလို ထွက်ပေါ ဗျို့. . . အိမ်ရှင်တို့၊ ၁၇ ကြောက်လန့်စရာတစ်ခုခုကို တွေ့ ရန်ရှာဖို့တော့ မစဉ်းစားနဲ့ဗျူးအီအီနဲ့ ထွက်ပေါ်လာသည့်





မျိုး။ လူတွေကလည်း အခုအချိန်မှာ ဘာကိုမှမကြောက်ကြတော့။ တောခွေးတွေသာဖြစ်ခဲ့လျှင် အသေအကြေတိုက်ခိုက်ကြဖို့သာ စိတ်အားထက်သန်နေကြသည်။

ညာဘက်ကို အနည်းငယ်ကွေ့လိုက်သည်နှင့်လမ်းကအောက်ကို အနည်းငယ်နိမ့်ဆင်းသွားသည်။ ကျယ်ဝန်းသောဂူကြီးတစ်လုံး၏ အနေအထားပင်။ အထဲမှာ ကျောက်တုံး၊ ကျောက်ခဲများက ပြန့်ကျဲနေကြသည်။ စောစောက နားထဲမှာကြားနေကြရသည့် အသံဗလံများက ဆိတ်သုဉ်းသွားခဲ့ကြ၏။ တစ်ဦးထက်မက ပိုသော မျက်လုံးတွေက စောင့်ကြည့်နေကြသည်ဟု ထင်မိကြသည်။

တက်ခေါင်လေးသည် တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ အားလုံးကြည့်လိုက်ကြရာ တွေ့လိုက်ကြရသည်ကား ကျောက်သေတ္တာကြီးတစ်လုံး. . .။

"အဲသည်အထဲမှာ. . ."

တက်ခေါင်လေးက စကားကို မဆက်တော့။ ဦးဖိုးထယ်က လက်ကာပြလိုက်သည်။ သူကိုယ်တိုင်ပင် ကျောက်သေတ္တာကြီးဆီကို လျှောက်သွားသည်။ နောက်ကလူတွေက စုပြုပြီးတော့ လိုက်သွားကြသည်။

ဦးဖိုးထယ်သည် ကျောက်သေတ္တာအဖုံးကို အားစိုက်ပြီးတော့ ဖွင့်လိုက်သည်။ ဘေးက တစ်ယောက်နှစ်ယောက်ကလည်း ဝိုင်းကူကြသည်။

ကျွီ. . ကျွီ. . ကျွီ. . .။

သေတ္တာအဖုံးက ပွင့်သွားသည်။ မီးတုတ်များကို

www.burmeseclassic.com



မြှောက်ကိုင်ထားကြသည်။ သေတ္တာထဲမှာရှိနေကြသော အရာများကို ရုတ်တရက် မြင်လိုက်ကြရ၍ အံ့အားတသင့်ဖြစ်သွားခဲ့ကြရသည်။ ပါးစပ်အဟောင်းသားတွေနဲ့ ရှိသွားခဲ့ကြသည်။

သူတို့တွေ့လိုက်ကြရသည်ကား. . .။

တောခွေးရုပ်များပင်တည်း။ အကောင်းအတိုင်းရှိနေကြသော တောခွေးရုပ်များ။ သေနေဟန်ရှိကြသော တောခွေးရုပ်များ။ ကိုယ်ပေါ်မှာ သွေးအလိမ်းလိမ်းနဲ့ ပိုးစိုးပက်စက်ရှိနေကြသည်။ ထိုအထဲတွင် ခွေးနက်ရုပ်တစ်ကောင်ပါသည်။ အားလုံးထက် အကောင်အထည်ပိုပြီးတော့ ကြီးမားသည်။

"ဦးထယ်. . သည်တောခွေးရုပ်တွေက. . ."

"အဓိကတရားခံက သူတို့ပဲ ကျော်ထူး၊ ကဲ. . ဒါတွေအားလုံး အပြင်ကိုထုတ်ကြ၊ ဖျက်ဆီးပစ်ကြ"

ဦးဖိုးထယ်က ပြောလိုက်သည်။ သေတ္တာထဲက တောခွေးရုပ်များကို တစ်ယောက်တစ်လက်နဲ့ တစ်ကောင်ပြီးတစ်ကောင်ထုတ်ယူပြီး မြေပြင်ပေါ်မှာ စုပုံထားလိုက်ကြသည်။

ဦးဖိုးထယ်က စောစောက ပြောလိုက်သည့်စကားကို နားမလည်လိုက်ကြသော်လည်း ယခုတော့ တဖြည်းဖြည်းနဲ့ သဘောပေါက်လာကြသလိုပင်။ ဂူထဲက ကျောက်တုံးများ၊ ခဲများကို ကောက်ယူကြကာ တောခွေးရုပ်များကို ထုထောင်းကာ ဖျက်ဆီးပစ်လိုက်ကြသည်။

"ကဲကွာ. . . ကဲကွာ"

ဦးဖိုးထယ်ကိုယ်တိုင် ခွေးနက်ရုပ်တုကြီးကို ထုထောင်း





ပစ်လိုက်ရာ အမှုန့်ဖြစ်သွားသည်အထိပင်။ တောခွေးရုပ်များအားလုံးသည် အမှုန့်ဖြစ်သွားခဲ့လေပြီ။

ထိုစဉ် လူစုထဲမှ တစ်ယောက်က မြေမှုန့်များကို မီးတုတ်နှင့်အမှတ်မထင် ထိုးကြည့်လိုက်ရာ ထူးခြားမှုတစ်ခုကဖြစ်လာခဲ့သည်။ အခိုးအငွေ့များက အူပြီးတော့ ထွက်လာခဲ့ကြလေသည်။ မြေမှုန့်များသည်လည်း တဖြည်းဖြည်းနဲ့ မည်းနက်သွားကြသည်။ မီးခိုးငွေ့များသည် တဖြည်းဖြည်းနဲ့ ကျယ်ပြန့်လာကြကာ ဂူပေါက်ဝဆီကို ဦးတည်ပြီးတော့ လွင့်သွားကြသည်။

မီးခိုးငွေ့များ၏ သဏ္ဌာန်သည် တောခွေးများအတိုင်းဖြစ်ပေါ်နေကြပြီး ဂူအပြင်ဘက်ဆီကို အစုလိုက်အပြုံလိုက် အလုအယက် တိုးဝှေ့ကာ ထွက်သွားကြသလိုပင်တည်း။

ထူးခြားသော မြင်ကွင်းကို ဦးဖိုးထယ်နှင့်တကွ်ခေါင်းလေးတို့ကအစ အံ့အားတသင့်နဲ့ ကြည့်ကာ ကျန်ရစ်ခဲ့ကြလေသည်။ ရှေးဦးစွာ သတိရလာသူကတော့ ဦးဖိုးထယ်။

"ကဲ. . ကိစ္စကတော့ ပြီးပြီ၊ အပြင်ကို ပြန်ထွက်ကြရအောင်"

ထို့ကြောင့် ဂူအပြင်ကို မြန်မြန်ပြန်ထွက်ခဲ့ကြရသည်။ ဂူထဲမှာ မွန်းကြပ်လာသည်မို့ပင် တောခွေးရုပ်များကို သုတ်သင်ဖျက်ဆီးလိုက်ကြရသည့်အတွက် အားလုံးသည် အလိုလိုပင် စိတ်ထဲမှာ ရှင်းသွားခဲ့ကြသည်။ စောစောက လူအစုသည် တောခွေးများနဲ့ ဆက်စပ်နေကြမည်လားဟု တွေးမိကောင်းတွေးမိကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မီးတုတ်တွေကို မလွှင့်ပစ်ကြပါနဲ့ဦး"

တက်ခေါင်လေးက သတိပေးလိုက်သည်။ မီးတုတ်များကို လိုရမယ်ရ ယူလာခဲ့ကြခြင်းပင်။

"ငါတို့က ပျောက်နေတဲ့ လူနှစ်ယောက်ကို ရှာနေကြတာ၊ ခုတော့ မျှော်လင့်ချက်မရှိသလောက်ဘဲ အဲသည်တော့ ပြန်ကြရုံပဲ ရှိတော့တယ်၊ သွားရင်းလာရင်းနဲ့ ကြည့်သွားကြတာပေါ့"

လူတွေလည်း လူပျောက်ရှာကြရသည်ကို လက်လျှော့ချင်လာကြပြီဖြစ်သည်။

"အဘ. . ကျွန်တော်တို့ တစ်နေရာကနေ လှည့်ပြီးတော့ ပြန်ကြမယ်၊ ဘယ်သူမှ မရောက်ဘူး ကြသေးတဲ့နေရာကို ရောက်သွားနိုင်ကြလိမ့်မယ်လို့ထင်တယ်"

တက်ခေါင်လေးဆီက ထူးဆန်းသော စကားကိုကြားလိုက်ကြရလေသည်။

"အေးလေ. . ဘယ်လမ်းက သွားသွားပေါ့၊ အိမ်ကို ပြန်ရောက်ကြရင် ပြီးတာပါပဲ"

လမ်းတွင် ရှာမှယူလာကြသော အစားအစာများကို စားကြကာ ဟာနေသော ဝမ်းကို ဖြည့်ကြရသည်။ တောခွေးရုပ်များ၏ အကြောင်းကို ပြန်ပြောင်းပြီး ပြောနေကြသည်။ အထူးအဆန်းဖြစ်နေကြသည်။

တက်ခေါင်လေးကသာ လမ်းခရီးကို ဦးဆောင်ပြီး ဝက်ပါမြိုင်တောကြီးထဲမှာ လူတစ်စုက သွားနေကြသည်။ နာရီဝက်ခန့်သွားပြီးသောအခါ စမ်းချောင်းလေးတစ်ခုကို တွေ့





လိုက်ကြရသည်။

စမ်းချောင်းလေး၏ ဘေးမှာ ကျောက်ဂူကြီးတစ်လုံးပင်။

"အဘ. . ဟောသည်ဂူကြီးဟာ ကျွန်တော်နှင့်ရုပ်ချင်းတူတဲ့အဘိုးအိုက ပြောလိုက်တဲ့ ပို့တစ်ထောင်ကောင်ကြီးဆီကို သွားတဲ့လမ်းကြောင်းပဲ"

"ဟေ. . . ဟုတ်လား"

ထိုဂူကြီးသည် ထူးခြားသော ဂူကြီးဖြစ်သည်။ အထဲမှာ လမ်းကြောင်းရှိသည်။ ယင်းလမ်းကြောင်းအတိုင်း သွားလျှင် တစ်ဖက်ကို ပေါက်သည်ဟုသိရသည်။ ဟုတ်၊ မဟုတ်တော့မသိ။ သွားကြည့်မှသိပေလိမ့်မည်။ သွားရန်လည်း အားလုံးက သဘောတူကြသည်။ ဂူ၏ အခြေအနေကိုကြည့်ပြီး သံသယကင်းသည်နှင့်မီးတုတ်များကို ထွန်းညှိကာ ဝင်လာခဲ့ကြလေသည်။

ဂူလမ်းသည် အကွေ့အကောက်နည်းပါးပြီး ဖြောင့်တန်းနေသည်။ မြေပြင်သည် ညီညာကာ ခလုတ်ကန်သင်းနည်းပါးသည်။ သားရဲတိရစ္ဆာန်ရိုင်းတွေ အနှောင့်အယှက်ပေးမည်စိုး၍ မုဆိုးများက ရှေ့ကနေသွားကြလေသည်။ လူပျောက်ရှာခရီးဖြစ်သော်လည်း ထူးခြားမှုများကို လမ်းတစ်လျှောက်မှာ ကြုံတွေ့ခဲ့ကြရသည်။ အတွေ့အကြုံအသစ်ကိုမှ ကြ၍ ပင်ပန်းသည်ဟု မထင်မိကြ။ သွားလာကြရသည်ကို ကျေနပ်နေကြသည်။

!!!!!



www.burmeseclassic.com

www.burmeseclassic.com



## အခန်း – ၂၃

### တောင်ဟိုးသံ

ဦးသြယနှင့်မောင်တိုးတို့သည် သူတို့၏ရှေ့မှာ ပို့တစ်ထောင်တောင်ကြီးကို မြင်လိုက်ရသည့်အတွက် မယုံကြည်နိုင်အောင်ပင် ဖြစ်သွားခဲ့ကြရလေသည်။ တောင်ကြီးတစ်တောင်လုံးကို မြူတန်းရှည်ကြီးတွေက တစ်ခုပြီးတစ်ခု ရစ်ပတ်လျက်ရှိနေကြသည်။

"အဲဒါ ငါရှာနေတဲ့ ပို့တစ်ထောင်တောင်ကြီးပဲကွယ့်၊ ကံကောင်းလို့တွေ့ရတာ၊ လာ. . မောင်တိုး"

ဦးသြယက နေရာမှ လူးလဲကာ ထလိုက်သည်။ မောင်တိုးလည်း ဦးသြယ၏နောက်မှ ကြောင်တောင်တောင်နဲ့လိုက်သွားခဲ့လေသည်။ တောင်ခြေတစ်ဝိုက်မှာလည်း မြူတွေကဆိုင်းလျက်ရှိနေလေသည်။ ဦးသြယသည် စိတ်ဇောနှင့်မြေ





လှမ်းခပ်သွက်သွက်ပင် လျှောက်နေသည်။

"အဘ. . အဲဒါ ဘယ်ကိုသွားမလို့လဲ"

မောင်တိုးက မအောင့်အီးနိုင်တော့၍ မေးလိုက်ရား

"တောင်ပေါ်ကိုလေကွာ၊ အဲသည်မှာ ငါတို့အတွက် စည်းစိမ်ဥစ္စာတွေက စောင့်နေတယ်၊ မင်းမလိုချင်ဘူးလား"

"လို. . လိုချင်ပါတယ်. . အဘ"

"ဒါဆိုရင် အေးအေးဆေးဆေးလိုက်ခဲ့၊ ဘာမှမမေးနဲ့၊ ဟိုတစ်ယောက် ထွန်းရီကတော့ သူနှင့်မထိုက်လို့ သေကျန်ရစ်ခဲ့ပြီ၊ အဲဒါ ငါ့ကို မယုံကြည်လို့ဘဲ မင်းကသာ ငါ့စကားကိုနားထောင်"

ထွန်းရီ. . တောခွေးအလိုက်ခံရ၍ သေဆုံးခြင်းသည် သူ့ကြမ္မာနှင့်သူ။ မဆီမဆိုင် စကားမျိုးပြောသည်ဟုထင်မိ၏။ ယခုလည်း ရင်တထိတ်ထိတ်နဲ့ လိုက်လာခဲ့ရသည်။ ဘာတွေဖြစ်ဦးမလဲမသိ။ ဦးသြယ၏ အစွမ်းအစက ဘာလဲ။ သူလည်းမသိ။

တောင်ခြေနားသို့ ပိုပြီးတော့ နီးကပ်လာသည်။

ထိုစဉ်. . . ။

"ဝပ်ထရိန်း"

နွားတစ်ကောင်၏ ရန်လိုသောအသံကို မမျှော်လင့်ဘဲကြားလိုက်ရလေသည်။

"ဝပ်ထရိန်း. . . ဝပ်ထရိန်း"

တစ်ကောင်တည်း မဟုတ်။ ဟိုမှသည်မှ ထွက်ပေါ်လာကြသော အသံများ။ မောင်တိုးကျောချမ်းသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဘ. . နွားသိုးတွေရဲ့အသံပါလား၊ သည်နေရာမှာ နွားသိုးတွေ ရှိကြသလား၊ သတိထားနော်. . အဘ၊ ရန်လိုတဲ့အသံပဲ၊ တိုက်နွားတွေများလားမသိဘူး"

"တိုက်နွားမကလို့ သံမဏိနွားကြီးပဲဖြစ်ပလေ့စေ၊ ဘာမှ မှုစရာမလိုဘူး၊ ဩယနှင့်တွေသွားမယ်၊ မင်းမကြောက်နဲ့"

"ဟုတ်. . . ဟုတ်ကဲ့"

ပြော၍မဆုံးမီ အဝေးမှ ခွာသံတဖျောင်းဖျောင်းနဲ့ ပြေးချလာသော အသံများကို ကြားလိုက်ကြရသည်။

အကောင်ကို မမြင်ရသေးသော်လည်း တထောင်းထောင်းနဲ့ ထလျက်ရှိသော ဖုံတန်းကြီးကို မြင်တွေ့နေရသည်။

"အဘ. . အဘ၊ ဟိုမှာ. . ဟိုမှာ နွားတွေ လာနေကြပြီထင်တယ်"

မောင်တိုးက မျက်စိမျက်နှာပျက်ကာ ပြောလိုက်၏။

"မင်းကို ငါပြောထားတယ်မဟုတ်လား၊ မကြောက်ပါနဲ့ဆို"

ဦးဩယက ထပ်မံ၍ မာန်မဲလိုက်သည်။ မောင်တိုးကား ပြေးပေါက်ကို ရှာနေလေပြီ။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

"ဝုန်း. . ဝုန်း. . ဝုန်း"

အသံများက ပိုပြီးတော့ ကျယ်လောင်လာခဲ့သည်။ ထို့အတူ ဖုန်လုံးကြီးတွေကြားမှာ နွားသိုးကြီးများကို မြင်တွေ့လိုက်ကြရလေပြီ။

"အဘ. . အဘ၊ ဟိုမှာ ကျွန်တော်တို့ဆီကို တည့်





တည့်ကြီးကို လာနေပြီ၊ နွားသိုးကြီးတွေဗျ"

မောင်တိုးက အထိတ်တလန့်နဲ့ ပြောလိုက်သည်။ ဦးဩယမှာ မကြားချင်ယောင်ဆောင်နေသည်။ လက်က လွယ်အိတ်ထဲကို နှိုက်လိုက်သည်။ ကြီးမားလှသော နွားသိုးကြီးတွေက တဖြည်းဖြည်းနဲ့ နီးကပ်လာသည်။ မောင်တိုးက ထွက်ပြေးသည်။ ဦးဩယက ပေပြီးတော့ရပ်နေသည်။ နွားသိုးကြီးတွေကို ထင်ထင်ရှားရှားနဲ့ မြင်လိုက်ရသည်နှင့် လက်ဝါးထဲရှိ လုံးလုံးလေးများကို တစ်လုံးပြီးတစ်လုံး ပစ်ပေါက်ထည့်လိုက်၏။

"ငါ့ကို အန္တရာယ်ပြုဖို့ မကြိုးစားကြနဲ့၊ သွားကြစမ်း၊ ရှောင်ကြ၊ ရှားကြစမ်း"

နှုတ်ကလည်း အမိန့်ပေးသည်။ ဆေးလုံးလိုလိုအရာတွေက နွားသိုးကြီးတွေကြားထဲကို ရောက်သွားကြသည်။ သို့သော် ဘာမှမဖြစ်ကြ၊ ပြေးလာနေကြဆဲ။

"ပြန်သွားကြစမ်း၊ နောက်ကြောင်းကို ပြန်လှည့်ကြစမ်း"

ဦးဩယက အော်နေဆဲ။ သို့သော် နွားသိုးကြီးတွေက အမိန့်ကို မနာခံကြ။ ဦးဩယကို ဝင်တိုက်ချသွားခဲ့ကြလေသည်။

"အား"

ဦးဩယ၏ ကိုယ်လုံးကြီးက လေထဲကို မြောက်တက်သွားသည်။ ပြန်ကျလာစဉ်မှာ နောက်တစ်ကောင်က ပြေးဝှေ့လိုက်ပြန်သည်။ ထိုနောက် မြေပြင်ပေါ်ကို ပစ်ပြီးတော့ ကျူ



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။ နွားသိုးအုပ်က ဦးဩယ၏ ကိုယ်ပေါ်မှဖြတ် နင်းသွားခဲ့ကြသည်။

မောင်တိုးသည် ချုံကွယ်တစ်ခုမှာ ပုန်းနေသည်။ ဦးဩယ၏ ကံကြမ္မာဆိုးကို မြင်တွေ့နေရသည်။ ကြောက်စိတ်တွေ ဖိစီးခံနေရစဉ်မှာ နောက်မှ ပြေးလာသော အသံတစ်သံ။ အထိတ်တလန့်နဲ့ လှည့်ကြည့်လိုက်ရာ နောက်ကျသွားခဲ့လေပြီ။

ထိုစဉ် နွားသိုးကြီးတစ်ကောင်သည် ပြေးဝင်လာပြီး ချိုဖြင့်ဝှေ့ကာ ကော်တင်လိုက်သည်။

"အား"

မောင်တိုးသည် နာကျင်စွာပင် အော်လိုက်သည်။ လေထဲမှာ ခြေလွတ်လက်လွတ်နဲ့ လွင့်ထွက်သွားသည်။ အတော်ဝေးဝေးအထိ လွင့်သွားသည်။

"ဘုန်း"

မြေပြင်ပေါ်ကို ပြန်အကျမှာ ဒလိမ့်ခေါက်ကွေးဖြစ်သွားခဲ့လေသည်။ ထိုနောက် ခေါင်းထဲမှာ မှောင်အတိကျသွားခဲ့သည်။ ဘာဆိုဘာမှမသိပါလေတော့။

x x x

ဂူလမ်းတစ်လျှောက် သွားနေကြသူတစ်စု။

ဂူလိုဏ်လမ်းသည် အောက်ကို တဖြည်းဖြည်းနဲ့ နိမ့်





ဆင်းသွားသည်။ မသိမသာ နိမ့်ဆင်းသွားခြင်းပင်ဖြစ်သည်။ မြေအောက်ဂူလိုဏ်လမ်းကြောင်းကြီးတစ်ခုလိုဖြစ်သွားသည်။ အနည်းငယ်မှောင်လာသည်။

မီးတုတ်အားလုံးကို ထွန်းညှိလိုက်ကြသည်။ ဂူထဲမှာ ထိန်ထိန်လင်းသွားခဲ့သည်။ လမ်းကလည်း ကျယ်သည်။ အသက်ရှူလည်း ဝကြသည်။ လူအားလုံးမှာ ဤခရီးအတွက် မငြီးငြင်ကြ။ အတွေ့အကြုံဆန်းတွေကို ရကြ၍ ကျေနပ်နေမိကြသည်။

ဂူလိုဏ်လမ်းကြောင်း တစ်လျှောက်တွင် မည်သည့်အန္တရာယ်မှ မတွေ့ကြရ။ ခြေသံ၊ အဝတ်များလှုပ်ခတ်သံများသာ ကြားနေရသည်။ တက်ခေါင်လေးက မီးတုတ်ကိုကိုင်ကာ ရှေ့ဆုံးမှသွားသည်။

မိမိတို့သည် မြေအောက်ကမ္ဘာကြီးတစ်ခုထဲကို ရောက်နေသလို ခံစားနေကြရသည်။ မည်သူတစ်ဦးယောက်မှ ဤလို လိုဏ်လမ်းကြောင်းရှည်ကြီးထဲမှ ဖြတ်သွားဖြတ်လာ မပြုဘူးကြပေ

ဖလပ်. . ဖလပ်. . ဖလပ်. . .။

ရုတ်တရက် ထွက်ပေါ်လာသော အသံများကြောင့် ဓား၊ လှံ၊ လက်နက်များကို ဆုပ်ကိုင်မိလိုက်ကြသည်။

ဂူမျက်နှာပြင်အောက်မှာ တောင်ပံတဖျတ်ဖျတ်နှင့် ခတ်ကာ ပြေးလွှားနေကြသော လင်းနို့များ။ လူသံကြား၍ လန့်ဖြန့်ပြီးတော့ ပျံသန်းနေကြခြင်းပင်။ အချို့လင်းနို့များက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဂူမျက်နှာကြက်မှာ ဇောက်ထိုးရှိနေကြသည်။ က္ကန္ဒြေရနေကြသည်။

မြေပြင်ပေါ်မှာ လင်းနို့ချေးများက ပြန့်ကျဲနေကြသည်။ ယမ်းစိမ်းနံ့လိုလို ထွက်နေသည်။ ထိုနေရာမှ လျှင်မြန်စွာကျော်ဖြတ်သွားကြရသည်။

နောက်ထပ် လမ်းတစ်လျှောက်လုံး မည်သည့်အနှောင့်အယှက်မှမတွေ့ အေးဆေးစွာ ဖြတ်သွားကြသည်။

မကြာမီ ရှေ့မှာ အလင်းစလိုလို တွေ့လိုက်ကြရ၏။ အဖြူရောင်အလင်းကွက်တစ်ခု။ ဂူပေါက်ဝဟု ထင်မိသည်။ ဆက်လျှောက်သွားကြသည်။ ထင်ကြသည့်အတိုင်း ဂူပေါက်ဝပင်တည်း။ ပြင်ပမှ အလင်းရောင်များက ဂူထဲကို တိုးပြီးတော့ဝင်လာခဲ့ကြသည်။ ထိုအခါ မီးတုတ်များကို ငြိမ်းသတ်လိုက်ကြသည်။

ဂူအပြင်ကို ထွက်လိုက်ကြသည်နှင့် သန့်ရှင်းလတ်ဆတ်သော လေစိမ်းကို တစ်ဝကြီးရှူမိလိုက်ကြသည်။

ဦးဖိုးထယ်သည် သဲတိကြီးစွာထားသူပီပီ မိမိတို့၏ညာဘက်မှာရှိနေသော အရာကြီးတစ်ခုကိုမမျှော်လင့်ဘဲတွေ့မိလိုက်လေတော့သည်။

"ဟင်. . တက်ခေါင်လေး၊ ဟိုမှာ. . ကြည့်စမ်း"

တက်ခေါင်လေးနှင့်တကွ အားလုံးက လှည့်ကြည့်လိုက်ရာ. . . ။

"ဟင်"





အံ့အားထသင့် ဖြစ်သွားခဲ့ရလေသည်။ သူတို့ တွေ့လိုက်ကြရသည်ကား မြင့်မားသော တောင်ကြီးတစ်ခုပင်တည်း။

"သည့်တောင်ကြီးဟာ ကိုဖိုးချက်ပြောတဲ့ ပို့တစ်ထောင်တောင်ကြီးပဲဖြစ်မှာပဲ၊ သူ. . သည်နေရာကို ရောက်ဖူးခဲ့တာ တကယ်ပဲဖြစ်နေတာကိုး"

ဦးဖိုးထယ်က အံ့အားတသင့်နဲ့ ပြောလိုက်လေသည်။

"ပို့တစ်ထောင်တောင်. . ဟုတ်လား၊ သည်တောင်ကြီးအကြောင်းကို ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေက ပြောဖူးခဲ့ကြတာပဲ၊ ကျောက်ခွားကိုးကောင်လည်း သည်တောင်ကြီးမှာရှိကြတယ်လို့ ပြောတယ်"

"ဘယ်သူမှမရောက်နိုင်တဲ့ ပို့တစ်ထောင်တောင်ကြီးဆီကို ကျွန်တော်တို့ ရောက်လာခဲ့တာ အံ့အားသင့်စရာပါလား"

လူတွေက ပါးစပ်အဟောင်းသားနဲ့ ရှိနေကြသည်။ ဝက်ပါမြိုင်တောကြီးထဲမှာ အကောင်းနှင့်အဆိုး တွဲနေသည်ဟူသော စကားကို လက်ခံရတော့မလိုပင်။ မိစ္ဆာမြေမှာ တွေ့ကြုံခဲ့ရသည်များက မကြာသေး။ ယခုတစ်ခါလည်း ပို့တစ်ထောင်တောင်ကြီးဆီကို ရောက်လာခဲ့ကြရလေပြီ။ မည်သို့သော ကြမ္မာနှင့်တိုးကြရဦးမှာလဲ။ မသိနိုင်တော့ပါ။

တက်ခေါင်လေးကတော့ အန္တရာယ်ရနံ့ကို ရနေသည့်ပင်။

"ကဲ. . သည်နေရာကို လူတစ်သောင်းမှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖို့ဆိုတာ မလွယ်ဘူး၊ အားလုံးသိကြတဲ့အတိုင်းပဲ၊ အဲသည်တော့ ရောက်တုန်းရောက်ခိုက် ငါတို့ အဲသည်ဘက်ကို သွားကြည့်ကြရအောင်"

ဦးဖိုးထယ်ပြောသည်ကို အားလုံးက သဘောတူကြသည်။

"ဘယ်သွားသွား၊ ဘယ်လာလာ သတိကတော့ ထားကြရမှာပဲ၊ ကျောက်နွားကိုးကောင်ဆိုတာ ကြားဖူးကြရုံကလွဲပြီး ဘယ်သူနဲ့မှ တွေ့ဆုံဖူးကြတာမဟုတ်ဘူး၊ ကျွန်တော်တို့က အဘဦးဖိုးထယ်ရဲ့အတွေ့အကြုံအရ သိထားကြတာ မဟုတ်လား"

တက်ခေါင်လေးသည် အရိပ်အမြွက်လောက်ပါသော စကားနှင့်သတိပေးလိုက်လေသည်။ တကယ်တော့ ဦးဖိုးချက်သည် နွားသိုးကြီးများနှင့်တောခွေးများ၏ အန္တရာယ်ကို ကိုယ်တွေ့ကြုံခဲ့ပြီးသူမဟုတ်ပါလား။

အားလုံး သတိထားပြီးတော့ ပို့တစ်ထောင်တောင်ကြီးဆီကို တဖြည်းဖြည်းနဲ့ လှမ်းလာခဲ့ကြသည်။ တစ်နေရာကို အရောက်တွင် လူတစ်ယောက်ကိုမမျှော်လင့်ဘဲတွေ့လိုက်ရလေသည်။

"ဟင်. . ဟိုမှာ လူတစ်ယောက်"

ထိုသူဆီကို အားလုံးစုပြုံပြီးတော့ ပြေးသွားခဲ့ကြ၏။ ပက်လက်ဆွဲလှန်ကြည့်လိုက်ရာ. . .။

"ဟင်"





"ဟာ"

အားလုံး အံ့အားသင့်သွားခဲ့ကြရလေသည်။

"ဟာ. . သူကြီးဦးတင်ဦးရဲ့ အစ်ကိုဝမ်းကွဲ ဦးညြှယပါလား၊ အသက်မရှိတော့ဘူး၊ သေနေတာ ဘယ်နှစ်ရက်ရှိနေပြီလဲမသိဘူး၊ အနံ့တောင်ထွက်နေပြီ"

ဦးညြှယမှာ တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်နဲ့ အနံ့ထွက်ကာ ပုပ်စပင်ပြုနေလေပြီ။ ဦးဖိုးထယ်က ဒဏ်ရာများကို သေသေချာချာ စစ်ဆေးကြည့်သည်။

"သတ္တဝါတစ်ကောင်ကောင်နဲ့ တွေ့ထားတာပဲ၊ ဒါ. . ချိုချက်မိထားတဲ့ လက္ခဏာတွေပဲ၊ သတိထားကြဟေ့၊ ဟိုတစ်ယောက်ကတော့ ဘယ်ရောက်နေလဲ မပြောတတ်ဘူး"

မောင်တိုးကို ဆိုလိုသည်။ သတိထားကြဟေ့ဟု သတိပေးစကားကိုလည်း သဘောပေါက်လိုက်ကြသည်။ နွားသိုးကြီးများ၏ အန္တရာယ်ကို သတိပေးလိုက်ခြင်းပင် ဖြစ်သည်။ ထိုနောက် အနီးအနားပတ်ဝန်းကျင်တွင် လှည့်ပြီး မောင်တိုးကို လိုက်ရှာကြသည်။ တစ်ကွဲတစ်ပြားစီလည်း မနေရဲကြ။

"သည်ကောင်. . . ဟောသည်နားတစ်ဝိုက်မှာပဲရှိမှာပဲကွ"

ဦးဖိုးထယ်က ထင်ကြေးပေးသည်။ သစ်ပင်ကြိုသစ်ပင်ကြား၊ ချုံပုတ်တွေကြားမှာ ပိုက်စိပ်တိုက်ပြီးတော့ လိုက်ရှာကြသည်။ ခပ်လှမ်းလှမ်းသို့အရောက်တွင်. . .။

"ဟို. . ဟိုမှာ"



www.burmeseclassic.com

www.burmeseclassic.com



ရွာသားတစ်ယောက်၏ အလောတကြီး စိတ်စောစွာ ပြောလိုက်သော အသံကို ကြားလိုက်ကြရလေသည်။

အားလုံး စုပြုံပြီးတော့ ပြေးသွားကြသည်။ မောင်တိုးကို တွေ့လိုက်ကြရသည်။ ဂမူတစ်ခုကို မှီကာ ထိုင်လျက်သား ရှိနေသည်။ သေတော့မသေ။ ဒဏ်ရာရထားသည်။

"ကိုတိုး . . ခင် . . ခင်ဗျားဘယ်လိုဖြစ်တာလဲ၊ ငါတို့ကို ပြောပြစမ်းပါဦးဗျာ"

တက်ခေါင်လေးက မောင်တိုးကို စိုးရိမ်တကြီးနဲ့ မေးလိုက်လေရာ မောင်တိုးသည် ကြောင်တောင်တောင်ဖြစ်နေရာက သတိပြန်ပြီးဝင်လာလေသည်။

"ဟင် . . ဟင် . . တက်ခေါင်လေး၊ မင်း . . မင်းတို့ ဒီကို ရောက်လာခဲ့ကြတယ်နော်၊ ငါ . . ငါအိပ်မက်များ မက်နေသလားကွာ"

"အိပ်မက်မဟုတ်ပါဘူး . . ကိုတိုးရာ၊ ကျွန်တော်တို့ အားလုံး လူစုပြီးတော့ ခင်ဗျားတို့ကို လာရှာကြတာပေါ့"

"ကျေး . . ကျေးဇူးပါပဲ တက်ခေါင်လေးရာ၊ ငါတို့ကို နွားသိုးတွေက ရန်ရှာကြတယ်ကွ၊ အဘသြယကတော့ အခြေအနေမကောင်းဘူးထင်တယ်၊ ငါ . . ငါတော့ ဟောသည်ပေါင်တစ်ဖက်လှုပ်လို့မရတော့ဘူး၊ ကျိုးသွားပြီထင်ပါရဲ့ ကွာ၊ ငါမှာ တစ်နေ့ပြီးတစ်နေ့သာ ကုန်ဆုံးသွားတယ်၊ သည်အတိုင်းပဲ နေနေရတယ်၊ ဘာမှလည်း မစားရဘူး၊ ရေကလည်း ငတ်လိုက်တာကွာ"





မောင်တိုးသည် လေသံသဲ့သဲ့သာ ထွက်နိုင်တော့၏။ အတော်လေးကို အားဖြတ်နေပြီဖြစ်သည်။

"ကိုတိုး . . ဘာမှမပူနဲ့တော့၊ ကျွန်တော်တို့ ရောက်ပြီပဲ ခင်ဗျား . . ဘာမှမဖြစ်နိုင်တော့ဘူး၊ ရွာကို ပြန်ခေါ်သွားမယ်"

တက်ခေါင်လေးက အားပေးသည်။ ရေတိုက်ကြ၏။ ပါလာသော အစားအစာများကိုလည်း ကျွေးကြသည်။ မောင်တိုးမှာ လည်ချောင်းကျဉ်းနေ၍ တဖြည်းဖြည်းချင်း စားနေရသည်။

ပါလာကြသူအချို့က ဝါးများကို ခုတ်ကြသည်။ ကျိုးနေသော ပေါင်တစ်ဖက်ကို ဝါးခြမ်းပြားများနဲ့ ညှပ်ကာ ကျပ်စည်းပေးကြသည်။ မောင်တိုးကိုတင်ပြီး ခေါ်သွားရန် ထမ်းစင်တစ်ခု ပြုလုပ်ကြသည်။ ဦးသြယကိုတော့ ရွာကိုသယ်ယူသွားရန် မဖြစ်တော့။ ထို့ကြောင့် တစ်နေရာကောင်းမွန်စွာ မြှုပ်ပြီး သင်္ဂြိုဟ်လိုက်ကြလေသည်။

မောင်တိုးသည် ဦးသြယ၏ သတင်းကို ကြားလိုက်ရသောအခါ စိတ်မကောင်းခြင်းကြီးစွာဖြစ်မိသည်။ ငိုကြွေးမိသည်အထိပင်။ ဤခရီးမှာ အတူပါလာကြသူ သုံးဦးအနက် နှစ်ဦးမှာ သေဆုံးခဲ့ကြလေပြီ။

မလှမ်းမကမ်းမှာ ဂူငယ်လေးတစ်လုံးကိုမမျှော်လင့်ဘဲ တွေ့မိကြသည်။ မောင်တိုးကို ဂူငယ်လေးထဲကို ရွှေ့ပြောင်းထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . . ။

ပို့တစ်ထောင်တောင်ကြီးဆီက. . . ။

"ဟီ. . ဟီ. . ဟီ. . ဟီ"

တောင်ဟီသံကြီးကိုမမျှော်လင့်ဘဲကြားလိုက်ကြရလေသည်။

!!!!!





## အခန်း- ၂၅

## တောင်ထိပ်က ရှေစေတီ

"ဟီ. . ဟီ. . ဟီ. . ဟီ"

"ဟီ. . ဟီ. . ဟီ. . ဟီ"

တောင်ဟီသံကြီးသည် အဆက်မပြတ်ပင် ထွက်ပေါ်လာခဲ့လေသည်။ မြေပြင်သည်လည်း တုန်လှုပ်သွားခဲ့ရသည်။ သစ်ပင်ကြီးငယ်တို့သည်လည်း သွက်သွက်ခါရမ်း သွားခဲ့ကြလေသည်။

"ဖရဲ. . ရှဲ. . ရှဲ. . ရှဲ"

"ဝေါ. . ဝေါ. . ဝေါ"

တဝေါဝေါနဲ့ အသံကြီးများသည်လည်း ပို့တစ်ထောင်တောင်ခြေဆီမှ ရုတ်တရက် ထွက်ပေါ်လာခဲ့ကြလေသည်။ မြေပြင်သည်လည်း တသိမ့်သိမ့်နဲ့ ပြန်ပြီး တုန်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူထဲမှာ ရှိနေသော မောင်တိုးသည် ထိုအသံများကို ကြားလိုက်ရသောအခါ. . .။

"ဒါ. . ဒါ. . နွားသိုးကြီးတွေရဲ့ အသံပဲ၊ သူ. . သူတို့ လာနေကြပြီထင်တယ်"

ထွက်ပေါ်လာသော အသံများကို စိတ်ပါဝင်စားစွာနဲ့ နားစွင့်နေကြခိုက် မောင်တိုးက ခုလိုပြောလိုက်သောအခါ အားလုံးက အခြေအနေကို သဘောပေါက်သွားခဲ့ကြသည်။

"နွားသိုးကြီးတွေတဲ့ဟေ့၊ ငါတို့အားလုံး သတိထားမှ"

မောင်တိုးရှိနေသော ဂူငယ်ကို ကျောက်တုံးတစ်တုံးနဲ့ ပိုင်းပြီးပိတ်လိုက်ကြသည်။ ပါလာကြသူအယောက်နှစ်ဆယ်စလုံး သစ်ပင်ကြီးများ၊ ဂမူများ၏နောက်တွင် အကာအကွယ်ယူလိုက်ကြသည်။

"တချို့ သစ်ပင်ကြီးတွေပေါ်ကို တက်ကြဟေ့၊ အထူးသဖြင့် လေးသမားတွေ"

ဦးဖိုးထယ်က သတိပေးလိုက်သည်။ လေးမြားသမားများက သစ်ပင်ပေါ်ကို တက်ကြသည်။ ဝါးချွန်များ၊ လှံများကိုင်ဆောင်ထားကြသူများကလည်း သစ်ပင်များပေါ်ကို တက်ကြလေသည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း"

ခွာသံတဖြောင်းဖြောင်းကို ကြားလာခဲ့ကြသည်။ အကောင်အထည်များကိုတော့ မမြင်ရသေး။ ဖုန်လုံးကြီးတွေကိုသာ စပြီးတော့ မြင်တွေ့နေကြရသည်။ တောင်ခြေမှ တစ်လုံးလုံးနဲ့ တက်လာနေသော ဖုန်လုံးကြီးများ။





"ဟေ့. . . အဲဒါ နွားသိုးကြီးတွေ ဖြစ်နိုင်တယ်ကွာ၊ တောင်ခြေအနားကို အကပ်မခံကြဘူး၊ ဒါကြောင့် ရန်လိုပြီး တိုက်ခိုက်ဖို့ လာနေကြတာပဲဖြစ်ရမယ်"

မောင်တိုးက ဦးညြယနှင့်သူ့ကို နွားသိုးကြီးတွေက တိုက်ခိုက်ကြသည့်အကြောင်းကို ပြောပြီးခဲ့လေပြီ။

အသံများက တဖြည်းဖြည်းနဲ့ နီးကပ်လာကြလေပြီ။ အားလုံးသည် ရင်တထိတ်ထိတ်နဲ့ ခံစားချက်တစ်မျိုးဖြစ်ပေါ်နေကြသည်။ ဖုန်လုံးကြီးတွေထဲမှာ နွားသိုးကြီးတွေကို မြင်တွေ့လိုက်ကြရလေပြီ။

"ဟာ. . နည်းတဲ့ နွားသိုးကြီးတွေ မဟုတ်ပါလား၊ ဒါလောက်ကြီးတဲ့ အကောင်ကြီးတွေကို ဘယ်မှာမှ မတွေ့ဖူးသေးဘူး"

"သည်ကောင်တွေ ငါတို့ရောက်နေကြတာကို ဘယ်လိုများ သိသွားကြပါလိမ့်"

တအံ့တသြနဲ့ ရှိနေကြသည်။ နွားသိုးကြီးများက ပြေးလာကြရင်း တရှူးရှူးနဲ့ နှာမှုတ်သံများကိုပင် ကြားနေကြရလေပြီ။ ထိုင်းနွားသိုးကြီးများသည် မိမိတို့ကို မမြင်နိုင်ကြဘဲကျော်သွားကြမည်လော။ ရှာဖွေပြီး တိုက်ခိုက်ကြမည်လော။ မည်သူမှ အတတ်မသိနိုင်ကြ။

သို့သော် နွားသိုးကြီးများက မိမိတို့ ရှိနေကြသည့်နေရာကို အတတ်သိနေကြသကဲ့သို့ပင်။ သစ်ပင်ကြီးများဆီကို တန်းတန်းမတ်မတ်ပင် ပြေးလာနေကြသည်။

"ဟေ့. . ဟေ့. . သည်ကောင်ကြီးတွေ ငါတို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



မှာရှိနေကြတယ်ဆိုတာကို သိသွားကြပြီကွ၊ ကိုယ်ကစပြီး လက်ဦးမှုရမှဖြစ်မယ်"

ဦးဖိုးထယ်က သတိပေးလိုက်သည်။ အားလုံးလည်း အခြေအနေကို သိသွားခဲ့ရလေပြီ။

နွားသိုးကြီးများသည် လူတွေကွယ်ပြီး နေကြသော သစ်ပင်ကြီးများဆီကို နီးကပ်လာကြသည်နှင့် ဝါးချွန်များနှင့် ပစ်ခတ်ကြသည်။ နွားသိုးကြီးများ၏ ကိုယ်ကို ထိမှန်သွားကြသည်။

"ဒေါက်"

"ဒေါက်"

သို့သော် ဝါးချွန်များက ကိုယ်ကို ဖောက်ထွင်းပြီးတော့ ဝင်မသွားကြ။ ဒေါက်ကနဲဆို ထိမှန်ပြီး အောက်ကိုကျသွားခဲ့ကြလေသည်။

"ဟာ. . အချွန်တောင် မတိုးပါလား၊ တော်တော်မာတဲ့ သားရေပါလား"

သစ်ပင်ထက်မှ အကျအန နေရာယူထားကြသော လေးသမားများသည်လည်း နွားသိုးကြီးတွေဆီကို မြားတံများ တစ်စင်းပြီးတစ်စင်း ပစ်လွှတ်ကြသည်။

"ဝှစ်"

"ဝှစ်"

"ဒေါက်"

"ဒေါက်"

မြားစူးများက နွားသိုးကြီးများကို တဒေါက်ဒေါက်နဲ့





ထိမှန်သွားကြသည်။ ထိက်ပိုင်းကျိုးသွားကြသည်။ တချို့က အောက်ကို ပြုတ်ကျသွားကြသည်။ သားရေကို ဖောက်ပြီးတော့ မဝင်နိုင်ကြ။ ထိုအခါ အားလုံး တအံ့တသြနဲ့ ဖြစ်သွားခဲ့ကြသည်။

"ဟ. . ဘယ်လိုကောင်ကြီးတွေလဲဟ၊ မြားစူးတွေက ခန္ဓာကိုယ်ထဲကိုတောင် ဖောက်ပြီးတော့ မဝင်နိုင်ကြပါလား"

နွားသိုးကြီးများသည် ဒေါသတကြီးနဲ့ သစ်ပင်ကြီးများကို ခေါင်းနဲ့ ပစ်ဆောင့်ကြသည်။

"ဒုန်း"

ခါထွက်သွားသော သစ်ပင်ကြီးများပေါ်မှ လူတွေက အောက်ကို ပစ်ကျသွားမတတ် ဖြစ်သွားခဲ့ကြရသည်။ သစ်ကိုင်းကြီးများကိုသာ ဖက်တွယ်မထားခဲ့ကြလျှင် အောက်ကို ခြေလွတ်လက်လွတ် ပစ်ကျသွားကြမှာအမှန်ပင်။ ဒေါသထွက်နေကြသော နွားသိုးကြီးများသည် အောက်မှာ ပုန်းကွယ်နေကြသော သူများကို လိုက်ပြီးတော့ ရှာဖွေနေကြသည်။ အားလုံးက ရင်တထိတ်ထိတ်နဲ့ ဖြစ်နေကြရသည်။ တွေ့သွားလျှင်တော့ မလွယ်။

နွားသိုးကြီးတစ်ကောင်သည် ပို၍လျှင်မြန်သော အရှိန်နဲ့ ပြေးလာလျက်ရှိသည်။ အားလုံးထဲမှာ အကြီးဆုံးတစ်ကောင်ပင်တည်း။

ထိုစဉ် မည်သူမှ မထင်မှတ်သော အခြေအနေတစ်ခုက ဖြစ်လာခဲ့လေသည်။ သစ်ပင်အကွယ်တစ်ခုမှ ရုတ်တရက်ပြေးထွက်လာသူတစ်ယောက်။ သူကတော့ တက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



နေလးပင်တည်း။

ပြေးလာသော နွားသိုးကြီးနှင့်ဆယ်ပေအကွာလောက်ကို ရောက်သွားပြီး. . . ။

"ဟေး. . ဟေး. . မင်းအတင့်ရဲလှချည်လားကွ၊ ရပ်လိုက်စမ်း"

ရုတ်တရက် ကျယ်လောင်စွာအော်ဟစ်ပြီး တားဆီးလိုက်ရာ နွားသိုးကြီး၏ ပြေးလာနေသော အရှိန်သည် ရပ်တန့်သွားခဲ့ရပြီး ကိုင်ရိုက်ခံလိုက်ရသလို ကျွမ်းပြန်သွားခဲ့လေ၏။

"ဘုန်း"

နွားသိုးကြီးသည် ဇက်ခေါက်ကာ ပစ်လဲကျသွားသည်။

"ဘုန်း"

လူအများသည် တက်ခေါင်လေး၏ မယထင်မှတ်သော အပြုအမူကြောင့် လွန်မင်းစွာပင် အံ့အားသင့်သွားခဲ့ရလေသည်။ တက်ခေါင်လေး၏ အော်လိုက်သံကြောင့် အခြားသော နွားသိုးများသည်ပင် လန့်သွားခဲ့ကြသည်။ ဂယောက်ဂယက်နဲ့ ဖြစ်သွားခဲ့ကြသည်။ အော်လိုက်သံသည် နွားသိုးကြီးတွေ မဆိုထားဘိ။ လူများသည်ပင် ကြက်သီးမွေးညှင်းထသွားခဲ့ကြရလေသည်။

လဲကျသွားသော နွားသိုးကြီးက လူးလဲပြီးတော့ အထမှာ တက်ခေါင်လေးက နွားသိုးကြီး၏ ကိုယ်ပေါ်ကို လွှားကနဲဆို ခုန်တက်သွားသည်။

"ငါတို့ မင်းတို့ကို နှောင့်ယှက်ဖို့လာတာ မဟုတ်ဘူး၊ ရန်မလိုကြနဲ့၊ အခုချက်ချင်း ကိုယ့်နေရာကို ပြန်သွားကြစမ်း"





တက်ခေါင်လေးသည် နွားသိုးကြီး၏ ဦးချိုနှစ်ခုကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ကာ ပြောလိုက်သည်။ ထိုအခါ နွားသိုးကြီး၏ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်သွားသည်။

"ဝမ်းဘဲ"

"ဝမ်းဘဲ"

အခြားသော နွားသိုးများသည်လည်း ဝပ်ထရိန်းဟုမာန်သွင်းကာ မအော်နိုင်ကြတော့။ အလန့်တကြားနှင့်အော်ကာ လာရာလမ်းအတိုင်း ထွက်ပြေးကြလေတော့သည်။ တက်ခေါင်လေးသည်လည်း နွားသိုးကြီး၏ ကိုယ်ပေါ်မှာ လိုက်ပါသွားခဲ့လေသည်။ ပြေးကြတော့လည်း အကြောက်အကန်ပင်။

ပို့တစ်ထောင်တောင်ကြီးဆီကို ဦးတည်ပြီးတော့ ပြေးနေကြသည်။ တက်ခေါင်လေးသည် နွားသိုးကြီး၏ ချိုနှစ်ချောင်းကို ဆုပ်ကိုင်ကာ လိုက်ပါသွားရမ်းတ လက်သီးတစ်ဖက်ကို ဆုပ်လိုက်ကာ. . . ။

"ကဲကွာ"

နွားသိုးကြီး၏ ချိုနှစ်ချောင်းကြားကို တအားထုထည့်လိုက်လေသည်။

"ဝမ်းဘဲ. . ဝေါ. . ဝေါ. . ."

နက်ကျောသော အော်သံကြီး ထွက်ပေါ်လာသည်။ လမ်းကြောင်းက သွေဖယ်ပြီး ဘေးကို ကပ်ကာပြေးသည်။ သစ်ပင်ကြီးတစ်ပင်အောက်ကိုရောက်သော် ခုန်ပြီး သစ်ကိုင်းတုတ်တုတ်ကြီးတစ်ခုကို ဆွဲခိုထားလိုက်သည်။

နွားသိုးကြီးတွေက တောင်ခြေဘက်ဆီကို တဟုန်ထိုး



www.burmeseclassic.com

www.burmeseclassic.com



ပင် ပြေးသွားခဲ့ကြလေသည်။ နောက်ဆုံး ဖုန်လုံးကြီးတွေသာ လုံးထွေးပြီးတော့ ကျန်ရစ်ခဲ့ကြလေသည်။

× × ×

ဦးဖိုးထယ်နှင့်လူတစ်စုသည် တက်ခေါင်လေးကြောင့် နွားသိုးကြီးများ နောက်ကြောင်းပြန်လှည့်ပြီးတော့ ထွက်ပြေးသွားခဲ့ကြသည်ကို အံ့အားသင့်ရင်း ကျန်ရစ်ခဲ့ကြသည်။

"တက်ခေါင်လေးကတော့ နွားသိုးကြီးပေါ်ကနေ ပါသွားခဲ့ပြီကွ၊ လာဟေ့. . လိုက်ကြရအောင်"

တက်ခေါင်လေးအတွက် စိတ်ပူပြီး လိုက်ပါသွားခဲ့ကြသည်။ တော်တော်လေး လျှောက်သွားပြီးသောအခါ. . .။

"အဘ"

အသံတစ်သံကို ကြားလိုက်ကြသည်။ လမ်းဘေးရှိ ကျောက်တုံးကြီးတစ်တုံးကို မှီပြီးထိုင်နေသော တက်ခေါင်လေးကို တွေ့လိုက်ကြရလေသည်။

"ဟင်. . ငါ့မြေး၊ အဘတို့က စိုးရိမ်လိုက်ရတာကွာ၊ ဟိုအကောင်ကြီးတွေကော"

"တောင်ခြေဘက်ဆီကို ပြေးသွားကြလေရဲ့"

တက်ခေါင်လေးဘာမှမဖြစ်၍ အားလုံးစိတ်သက်သာရာ ရသွားခဲ့ကြသည်။

"သည်နွားကြီးတွေက အားလုံးကိုးကောင်နော်၊ တော်တော်စိတ်ဝင်စားဖို့ ကောင်းတယ်ကွ၊ သူတို့က ပို့တစ်ထောင်





တောင်ကြီးဘက်ကနေ လာကြတာဆိုတော့ ကျုပ်တို့ အဲသည်ဘက်ကို သွားကြည့်ကြရင် ကောင်းမလား"

"ဦးထယ်. . ကျွန်တော်တို့ အားလုံးကတော့ သွားကြည့်ချင်ကြပါတယ်"

မည်သူကမှ မငြင်းကြပေ။ အားလုံးလိုလို သွားချင်နေကြသည်။

"ကဲ. . ဒါဖြင့် သွားကြမယ်"

အားလုံး စိတ်မြန်ကိုယ်မြန်ပင်။ တောင်ခြေဘက်ဆီကို တက်သုတ်ရိုက်ပြီး ထွက်သွားခဲ့သည်။ တောင်ခြေနှင့်နီးလာလေလေ ပို့ပြီးတော့ သတိထားလာရလေလေဖြစ်သည်။ မြူတွေက အောက်နားတစ်ဝိုက် ပတ်ပတ်လည်ကို ဝိုင်းရံထားကြသည်။ နွားသိုးကြီးတွေများ ရုတ်တရက် ထွက်လာကြပြီး တိုက်ခိုက်ကြလေမလားဟု ရင်တထိတ်ထိတ်နဲ့ပင်။

မြူလုံးကြီးတွေကို ဖောက်ဝင်သွားကြသည်။ တက်ခေါင်လေးက ရှေ့ဆုံးမှ ဝင်သွားခဲ့သည်။ တောင်ခြေကို ဒုတ်ဒုတ်ထိရောက်ကြသည်အထိ အနှောင့်အယှက်ကမရှိပေ။ အန္တရာယ်က ရောက်မလာခဲ့။

တောင်ကြီးက ပေငါးရာလောက်ပဲ မြင့်မားသည်ကို တွေ့လိုက်ကြရသည်။

"ဟာ. . အဝေးကကြည့်တော့ မိုးကိုထွင့်နေတာပဲ၊ အနီးကပ်ကြည့်တော့ ပေငါးရာလောက်ပဲ မြင့်တယ်"

အားလုံး အံ့အားသင့်နေကြလေသည်။ ပို့တစ်ထောင်တောင်ကြီး ပတ်ပတ်လည်ကို မြူတန်းရှည်ကြီးများကို ဝန်းရံ



www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်ထားကြလေသည်။ တောင်ကြီးသည် ထင်မိရလောက် မတ်စောက်မနေဘဲ ပြေပြစ်လျက်ရှိသည်။ ဘေးကို ထိုးထွက်နေကြသော အထွတ်အထွတ်ကြီးများက အနီးကပ်ကြည့်တော့ ပိုပြီး ကြီးမားနေကြသည်။

"သည်တောင်ပေါ်မှာ ဘာရှိမလဲမသိဘူး၊ တက်ကြည့်ကြမလား"

ဦးဖိုးထယ်က မေးလိုက်ရာ မည်သူကမှ မငြင်းပါ။ ထို့ကြောင့် တက်၍လွယ်မည့် လမ်းကို ရွေးချယ်ကြရသည်။ လမ်းကြီးတစ်ခုက တောင်နံရံကို တွေ့ရစ်ကာ တောင်ခြေအထိ ကျဆင်းလျက်ရှိသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော လမ်းကြီးတစ်သွယ်ပင်။ ထိုလမ်းမှစပြီးတော့ တက်ရန် ဆုံးဖြတ်လိုက်ကြသည်။ တဖြည်းဖြည်းနဲ့ စပြီးတော့ တက်လာခဲ့ကြသည်။

တောင်ပတ်လမ်းသည် ဖုံအနည်းငယ်ရှိသည်။ ထိုအခါ ထူးဆန်းဖွယ်ရာ တစ်ခုကို မမျှော်လင့်ဘဲ တွေ့လာခဲ့ရလေသည်။ နွားခြေရာများပင်။

"နွားသိုးကြီးတွေဟာ တောင်ပေါ်က ဆင်းလာခဲ့ကြသလားမသိဘူး၊ ခုနေများ ဆင်းလာကြရင် ငါတို့တော့ ရှောင်တိမ်းဖို့ဖို့ မလွယ်တော့ဘူး"

ဦးဖိုးထယ်က စိုးရိမ်စိတ်နဲ့ ပြောလိုက်သည်။ လူတွေအားလုံးကလည်း သူ့လိုပင် တွေးတော နေကြပေလိမ့်မည်။ ဦးဖိုးထယ်သည် အသက်ကြီးလာသော်လည်း သက်လုံကောင်းသေးသူဖြစ်သည်။ အများနည်းတူ တောင်ပေါ်ကို တက်လာ





နိုင်သည်။ သို့သော်လည်း လမ်းတလျှောက်လုံးမှာ မည်သည့် အန္တရာယ်ကိုမှ မတွေ့ကြပါ။

နွားလပို့သဏ္ဍာန် အထွတ်အထွတ်များသည် တောင်ပေါ်ကနေကြည့်လျှင် မြင့်မားသော ဘေးထွက်တောင်ပူစာကြီးများပမာ ရှိနေသည်။ အရိုပ်ရသစ်ပင်ကြီးများလည်း ပေါက်နေကြသည်။ နားနားနေနေတက်ကြရသည်။ သိပ်ပြီးတော့ မပင်ပန်းကြပါ။ မကြာမီမှာပင်လျှင် တောင်ထိပ်ဆီကို ရောက်သွားခဲ့ကြလေသည်။

ချလွင် . . ချွင် . . ချွင် . . ချလွင်။

ဆည်းလည်းသံကို ကြားလိုက်ကြရသည်။ ခပ်လှမ်းလှမ်းတွင် ရွှေစေတီတစ်ဆူကို တွေ့ဖူးလိုက်ကြရသည်။ ကိုးတောင်ပြည့် စေတီပင်။ တံတိုင်းအရံအတားနဲ့ ဖြစ်သည်။

တောင်ထိပ်မှာ တည်ထားသော ရွှေစေတီတော်မှာ ထူးခြားလှပေသည်။

"လာကြဟေ့"

ဦးဖိုးထယ်က ဦးဆောင်ပြီး စေတီတော်ဆီကိုလျှောက်သွားသည်။ အားလုံး တက်ညီလက်ညီ ရှိသေစွာပင် ကန်တော့လိုက်ကြလေသည်။

"ထူးဆန်းတယ်၊ ဒါ . . ဘယ်သူက ဘယ်အချိန်မှာ လာတည်ထားတဲ့ ရွှေစေတီလဲ၊ ငါတို့ ဖူးတိုက်လို့သာ ဖူးကြရတာ"

"ဟုတ်တယ် . . ဦးထယ်၊ ကျွန်တော်တို့ သည်နေရာကို ရောက်လာဖို့ကလည်း မလွယ်ပါဘူး၊ ကံကောင်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက လက်ရှိအခြေအနေကို အံ့ချီးမကုန်နိုင်အောင် ဖြစ်နေကြရသည်။

ထိုစဉ်. . .။

"ဟို. . ဟိုမှာ. . ."

!!!!!





# အခန်း - ၂၅

## အံ့ချီးဖွယ်ရာ အပြန်ခရီး

တစ်ယောက်က တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။ အားလုံး၏ မျက်လုံးတွေက ထိုနေရာကို ရောက်သွားခဲ့ကြသည်။ တွေ့လိုက်ကြရသည်ကား. . .။

နွားသိုးကြီးနှစ်ကောင်။တောင်ပေါ်မှာ နွားသိုးကြီးတွေကို တွေ့လိုက်ရသည့်အတွက် အံ့အားသင့်သွားခဲ့ကြသလို အထိတ်တလန့်လည်း ဖြစ်သွားခဲ့ကြရလေသည်။

"နွားသိုးကြီးတွေက သည်တောင်ပေါ်မှာ ဘယ်လိုကြောင့် နေနိုင်ကြတာလဲ"

တစ်ယောက်တစ်ပေါက်နဲ့ ပြောနေကြသည်။

"ဟေ. . မင်းတို့ သေသေချာချာ ကြည့်ကြစမ်း နွားသိုးနှစ်ကောင်က မလှုပ်မယှက်နဲ့ သည်အတိုင်းရပ်နေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးထယ်ကပြောပြီး လျှောက်သွားခဲ့သည်။

"ဦးထယ်. . . သတိထား"

ကာလသားခေါင်းကျော်ထူးက စိုးရိမ်တကြီးနဲ့ သတိလှမ်းပေးလိုက်လေရာ ဦးဖိုးထယ်သည် လျှောက်မြဲလျှောက်သွားခဲ့သည်။ နွားကြီးတစ်ကောင်၏ ကျောကို လက်နှင့်ပုတ်လိုက်လေသည်။

"ကျောက်နွားကြီးတွေပါ၊ ဒါပေမယ့် အသက်ရှိနေတဲ့ တကယ့်နွားကြီးတွေနဲ့ တူနေတယ်၊ အသွေးအသားနဲ့ နွားသိုးကြီးတွေအတိုင်းပဲ"

တစ်ဖက်ကို လှည့်နေသော ကျောက်နွားကြီးကလည်း ထိုအတိုင်းပင်။ အဝိဉာဏကအသက်ကင်းမဲ့သော ကျောက်နွားကြီးပင်တည်း။ ထိုအခါကျမှ ဟင်းချရလေတော့သည်။ ကျယ်ပြန့်သော တောင်ထိပ်ပေါ်မှာ တစ်စုတစ်ဝေးကြီးလိုက်ကြည့်ကြရာ. . .။

"ဟာ. . ဟိုမှာလည်း နွားကြီးတွေ"

ကျောက်နွာကြီးများကို တွေ့လိုက်ကြရသည်။ နှစ်ကောင်တစ်တွဲ၊ နှစ်ကောင်တစ်တွဲနှင့် စုစုပေါင်းရှစ်ကောင်။ တစ်နေရာစီခြားပြီးတော့ တွေ့နေကြရသည်။

တစ်နေရာကို အရောက်တွင် တစ်ကောင်တည်းရှိနေသော ကျောက်နွားကြီးတစ်ကောင်ကို အမှတ်မထင် တွေ့လိုက်ကြရသည်။

"ဟာ. . ဟိုမှာက တစ်ကောင်တည်း"

ထိုကျောက်နွားကြီးသည် အားလုံးထက်ပိုပြီးတော့ကြီး





မားသည်။ ခြေနှစ်ဖက်ကို ကားပြီးတော့ ရပ်ထားသည်။ ဝမ်းဗိုက်အောက်မှာ အပေါက်ကြီးတစ်ပေါက်ကို တွေ့လိုက်ကြရသည်။ ဂဝံကျောက်လှေကားထစ်များက ရှိနေ၍ အောက်ကို ဆင်းသော လမ်းဖြစ်နေသည်။

ထုံးစံအတိုင်း စူးစမ်းချင်စိတ်နဲ့ တိုင်ပင်ထားကြသလို ဝမ်းဗိုက်အောက်ရှိ လှေကားအတိုင်း အောက်ကိုဆင်းသွားခဲ့ကြလေသည်။ လှေကားသုံးဆယ်လောက်အထိ ဆင်းသွားခဲ့ကြပြီး သည်အတိုင်း အလင်းရောင်က ရှိနေဆဲ။

လှေကားထစ်ဆုံးသောအခါ. . . ကျယ်ဝန်းသော ဂူကြီး၏ အတွင်းပိုင်းကို တွေ့လိုက်ရလေသည်။ မတ်တတ်ရပ်ဆင်းတုတော်တစ်ဆူကို ဆင်ခံသောပလ္လင်ထက်မှာ သပ္ပါယ်စွာပင် ဖူးတွေ့လိုက်ကြရသည်။ တစ်ကိုယ်လုံး တဖိတ်ဖိတ်တလက်လက်နဲ့ ရှိနေသည်။ ကိုယ်လုံးတော်အပြည့် စိန်၊ကျောက်၊ ပတ္တမြားများနဲ့ စီခြယ်ထားသောကြောင့်ပါတည်း။

ထို့အပြင် ရွှေကလပ်သုံးခုပေါ်မှာ ကျောက်သံပတ္တမြားများအပြည့် တွေ့ရသည်။ ဆီမီး၊ သောက်တော်ရေချမ်း၊ အမွှေးနံ့သာ၊ ပန်းတို့ကိုလည်း ဆက်ကပ်ပူဇော်ထားသည်။ မီးရောင်ကြောင့် ရတနာများသည် ဖိတ်ဖိတ်လက်ကာ ရှိနေကြသည်။

"ဒါ. . ဘုရားကို လှူထားကြတဲ့ ပစ္စည်းတွေကွယ့် စိတ်နဲ့တောင် မပစ်မှားကြနဲ့၊ ငါတို့ ဘုရားဖူးကြရတာကိုက အမြတ်ပဲ၊ သည်တောင်ကြီးပေါ်မှာ ထူးခြားတဲ့ပုဂ္ဂိုလ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိလောက်တယ်၊ ခမ္မသာဝကတွေမရှိဘဲ ပန်း၊ ဆီမီး၊ သောက်တော်ရေချမ်းတွေကို မဆက်ကပ်ထားနိုင်ကြဘူး"

"မှန်လေစွ . . မှန်လေစွ၊ သည်ဂူအပြင်ဘက်က ရွှေစေတီတော်ကြီးနဲ့ ဟောသည်ဂူထဲက မတ်ရပ်ဆင်းတုတော်ကို ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့က တည်ထားပူဇော်ဆည်းကပ်ကိုးကွယ်ထားကြတာပဲဖြစ်တယ်"

အမှတ်မထင် ထွက်ပေါ်လာသော အသံတစ်သံက သူတို့၏ ကျောဘက်ဆီကဖြစ်သည်။ လှည့်ကြည့်လိုက်ကြရာ ပိတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော လူကြီးတစ်ယောက်ကို အမှတ်မထင် တွေ့လိုက်ရသည်။ သျှောင်တစ်စောင်းထုံးထားသည်။ ဖြူဆွတ်သော ပါးမြိုင်းမွေးများနှင့်ရှည်လျားသော မုတ်ဆိတ်မွေးရှည်ကြီးများလည်းရှိသည်။ လည်ပင်းမှာ မြွေဟောက်ကြီးတစ်ကောင်က ရစ်ပတ်နေလျက်ရှိသည်။ မြွေဟောက်ကြီးသည် ကြီးမားသော ဇွန်းခွက်(ပါးပျဉ်းကြီးကိုထောင်ကာ) တရှူးရှူးနဲ့ နှာမှုတ်လျက်ရှိသည်။

အားလုံးသည် ထိုလူကြီးကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ကြရသည်။ ဦးဖိုးထယ်ကပင်လျှင် . . .။

"ကျွန်တော်တို့က သည်တောင်ပေါ်မှာ ထူးခြားချက်တစ်ခုခုရှိနေလိမ့်မယ်ထင်လို့ တက်လာခဲ့ကြတာပါခင်ဗျာ၊ အနှောင့်အယှက်ပေးဖို့မဟုတ်ပါဘူး၊ ဘုရားပစ္စည်းကိုလည်း စိတ်နဲ့တောင် မပစ်မှားကြပါဘူး"

သူတော်စင်ကြီးက ခေါင်းတညိတ်ညိတ်နဲ့ရှိနေသည်။





"ကျုပ်သိတယ်၊ ခင်ဗျားတို့ရဲ့ အကြံအစည်ကိုသိတယ်၊ သံသယမရှိပါဘူး၊ မကောင်းတဲ့ အကြံအစည်နဲ့ လာကြသူတွေကတော့ ဒုက္ခလှလှ တွေ့ခဲ့ကြပြီ၊ ခင်ဗျားတို့ သည်ပို့တစ်ထောင်တောင်ကြီးပေါ်ကို ရောက်လာနိုင်ခဲ့တာ သူ့ကြောင့်ပဲ"

သူတော်စင်ကြီးက တက်ခေါင်လေးကို လက်ညှိုးထိုးပြလိုက်သည်။

"မင်း . . ငါ့ဆီကို လာပါဦးကွယ့်"

တက်ခေါင်လေးက ထိုလူကြီးဆီကို လျှောက်သွားသည်။ အနီးကိုရောက်သောအခါ ပါးပျဉ်းကြီးထောင်ကာ တရှူးရှူးတရှဲရှဲနဲ့ ဖြစ်နေသော မြွေဟောက်ကြီးသည် ချက်ချင်းပင် ငြိမ်ကျသွားခဲ့လေသည်။

"မင်း . . ပါးစပ်ကို ဟာလိုက်စမ်း"

တက်ခေါင်လေးက ပါးစပ်ကို ဟပေးလိုက်သည်။ လျှာပေါ်မှာ ပေါ်နေသော အနီစက်ကြီးကို လက်ညှိုးနှင့်ဖိလိုက်ရာ တစ်ကိုယ်လုံး ပူကနဲ၊ ရှိန်းကနဲဖြစ်သွားခဲ့ရသည်။ မည်သည့်အကြောင်းကြောင့်လည်းတော့ မသိပါ။ လက်ကို ပြန်ရုတ်လိုက်ပြီး . . .။

"ပို့တစ်ထောင်တောင်ကြီးဆီကို မသူတော်တွေ မချဉ်းကပ်နိုင်ခဲ့ဘူး၊ ကျောက်နွားကိုးကောင်က စောင့်ရှောက်နေကြတယ်၊ မင်းတို့က လူပျောက်ရှာရင်း ရောက်လာခဲ့ကြတာမဟုတ်လား"

"ဟုတ် . . ဟုတ်ကဲ့ပါအဘ"



www.burmeseclassic.com

www.burmeseclassic.com



"အားလုံးဟာ မကောင်းတဲ့ စိတ်ကူးမရှိကြလို့ ငါခွင့်လွှတ်တယ်၊ ဒါပေမယ့် နောက်တစ်ခါတော့ လာခွင့်ကြုံမှာ မဟုတ်တော့ဘူး. . သူငယ်လေး၊ မင်းဟာ ထူးခြားစွာ မွေးဖွားလာသူဖြစ်တယ်၊ အာစက်လျှာစက်ရှိတယ်၊ မိစ္ဆာတောခွေးတွေကိုလည်း အများအကျိုးအတွက် ရှင်းပစ်ခဲ့ပြီးပြီ၊ အဲသည် ထူးခြားစွာ ရရှိထားတဲ့ ကံတရားကို အများအကျိုး၊ အမျိုးဘာသာသာသနာအတွက်သာ တစ်သက်လုံး ဆောင်ရွက်သွားပါ၊ အဲသည်လိုမှမဟုတ်ပဲ မတရားမှုဘက်ကိုသာ ရောက်သွားခဲ့ရင်တော့ ထူးခြားစွာ ရရှိထားတဲ့ အာစက်လျှာစက်ဟာ ကွယ်ပျောက်သွားလိမ့်မယ်. . ကြားလား"

"ဟုတ်ကဲ့၊ ကျွန်တော်မှတ်သားထားပါ့မယ်"

"အေး. . အေး. . သာဓု၊ သာဓု"

သူတော်စင်ကြီးသည် မိမိတို့ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို မည်သို့ သိထားခဲ့သလဲမပြောတတ်ပါ။ အားလုံး အံ့အားသင့်လျက်ရှိနေကြသည်။ ကျောက်နွားကြီးများနှင့်ပတ်သက်ပြီး မေးချင်သော်လည်း မမေးတော့ပါ။ မမေးသင့်ဘူးဟု ယူဆမိ၍ မေးလည်းမမေးရဲကြပါ။

သူတော်စင်ကြီးသည် နဂိုကတည်းက ဤဂူထဲမှာပဲ ရှိနေဟန်တူသည်။ ဦးဖိုးထယ်က. . .။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီ၊ ဘုရားကို ကန်တော့ကြပါဦး"

ဆင်းတုတော်ကို ကန်တော့ကြသည်။ ထို့နောက် သူ





တော်စင်ကြီးကို ကန်တော့ကြလေသည်။

"သာဓု. . သာဓု. , သာဓု၊ အပြန်လမ်းမှာ ဘေးဘယာကင်းကွာပြီး ကိုယ့်ရပ်ရွာကို အေးချမ်းစွာ ရောက်သွားကြပါစေ"

သူတော်စင်ကြီးက ဆုပေးသည်။

"သူတော်စင်ကြီး၏ လက်ဝါးနှစ်ဖက်ကို ပူးကပ်လိုက်ပြီး ကြာဖူးသဏ္ဍာန်ပြုလုပ်ထားသည်။ ခပ်ဟဟလေး ဖွင့်ထားပြီး. . .။

"တစ်ယောက်တစ်ခုစီ နှိုက်ယူကြ"

ဘာရယ်မသိ။ မမြင်ကြရ။

လက်ညှိုးလက်မနှင့်ညှပ် တစ်ယောက်ပြီးတစ်ယောက် နှိုက်ယူကြသည်။ အယောက်နှစ်ဆယ်လုံးပြည့်သွားမှ ပူးကပ်နေသော လက်ဖဝါးကို ခွာလိုက်သည်။ ဘာမှမရှိတော့။ အားလုံး အံ့အားသင့်သွားခဲ့ကြလေသည်။

"တောင်အောက်မှာ ဒဏ်ရာရခဲ့တဲ့ လူတစ်ယောက်ရှိတယ်၊ သူ့ကို ဟောဒီ ဆေးလုံးတစ်လုံးတိုက်လိုက်"

ဦးဖိုးထယ်၏ လက်ထဲကို ရွှေရောင်အဆင်းရှိသော ဆေးလုံးလေးတစ်လုံးကို ပေးလိုက်သည်။

"ကဲ. . ကဲ. . သွားကြပေဦးတော့"

ဂူထဲမှ လာရာလမ်းအတိုင်း တစ်ယောက်ပြီးတစ်ယောက် ပြန်ထွက်သွားခဲ့ကြသည်။ ဂူအပြင်ကို ပြန်ရောက်သော် သူတော်စင်ကြီးက ကြိုပြီးတော့ ရောက်နှင့်လေပြီ။ အံ့



www.burmeseclassic.com

www.burmeseclassic.com



အားသင့်မိကြရသည်။ မည်သည့်နေရာက ထွက်လာခဲ့သလဲ မသိကြပါ။

ထိုစဉ် . . .။

ဒေါက်ချာကြီးတွေ ဆောင်းထားသော ရသေ့သုံးပါးကိုလည်း မမျှော်လင့်ဘဲတွေ့လိုက်ကြရသည်။ စောစောက မတွေ့မိကြပါ။

"ကျုပ်တို့ လိုက်ပို့ပေးမယ်၊ ကဲ . . ကဲ . . ခင်ဗျားတို့က အရင်ဆင်းသွားကြပါ"

ဦးဖိုးထယ်တို့သည် တောင်ပေါ်မှဆင်းရန် ခြေလှမ်းပြင်လိုက်ကြသည်။ သူတော်စင်ကြီး၏ လည်ပင်းမှာလည်း မြွေဟောက်ကြီးကို မတွေ့ရတော့။ တစ်ပက်တစ်ထည်ကိုသာ ပတ်ထားလေသည်။ စောစောက မြွေဟောက်ကြီးသည် ဘယ်ကို ရောက်သွားခဲ့လေသနည်း။ နားမလည်နိုင်တော့ပါ။

"ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

ဦးဖိုးထယ်က အားလုံးကိုယ်စား နှုတ်ဆက်သည်။ သူတော်စင်ကြီးက ပြုံးပြီးတော့ နှုတ်ဆက်သည်။ ထိုနေ့က ရွှေစေတီတော်ကြီးကို စိတ်ထဲက မှန်းကာ ကန်တော့သည်။ ကျောက်ဆွာကြီးတွေကို အဝေးကနေ လှမ်းပြီးတော့ကြည့်၏။

မကြာမီ ပို့တစ်ထောင်တောင်ကြီးပေါ်က ပြန်ပြီးတော့ ဆင်းလာခဲ့ကြလေသည်။ နာရီဝက်လောက်ပင် မကြာလိုက်ပါ။ အောက်ကို ပြန်ပြီးတော့ ရောက်လာကြသည်။ မည်သို့သော အကြောင်းကြောင့်နည်း။ အဆင်းလမ်းမို့လား။ ဤမျှမြန်ဆန်





စွာ ရောက်ခဲ့သည်လား မပြောတတ်ပါ။ အားလုံးသည် ပဟေဠိများပင် ဖြစ်သည်။

မောင်တိုးရှိရာ ဂူငယ်ဆီကို ပြန်ရောက်လာခဲ့ကြ၏။

သူတို့ပိတ်ထားခဲ့သော ဂူသည် ပွင့်နေလျက်။ ရသေ့သုံးပါးက ဂူထဲမှာ။ မိမိတို့ကို လိုက်ပို့ကြမည်ဆိုသော ရသေ့ကြီးများကား ကြို၍ရောက်နှင့်နေကြသည်။ တောင်ပေါ်မည်သည့်လမ်းမှ ဆင်းလာခဲ့ကြလေသနည်း။

"စောစောက ဦးသောမပေးခဲ့တဲ့ ဆေးလုံး။ လူမမာကို အမြန်တိုက်လိုက်ပါ"

ဆေးလုံးလေးကို ဦးဖိုးထယ်က မောင်တိုး၏ ပါးစပ်ထဲသို့ ထည့်ပေးလိုက်သည်။ဘူးခြောက်ရေဘူးထဲက မျှောချလိုက်သည်။

"ကဲ . . သည်ကနေ အမြန်ပြန်ကြပေတော့၊ နောင်ဆိုဟောသည် ပို့တစ်ထောင်တောင်ကြီးကို ဘယ်သူမှ မြင်ခွင့်ရတော့မှာ မဟုတ်တော့ဘူး၊ ဟောသည်မှာ လမ်းမှာစားဖို့"

ရသေ့တစ်ပါးက ငှက်ပျောသီးတစ်ဖီးကို ပေးလိုက်သည်။ ရသေ့သုံးပါးသည် ရှေ့က ထွက်သွားခဲ့ကြသည်။ မောင်တိုးကို ဝါးကပ်မှာ သက်တောင့်သက်သာတင်ကာ ရှေ့နောက်မ,ယူလာခဲ့ကြသည်။ သိပ်ပြီး မသွားလိုက်ရပါ။ တစ်နေရာသို့ အရောက်တွင် . . .။

"ကဲ . . တကာတို့ သည်လမ်းအတိုင်းသွားကြပေတော့ နေမဝင်မီ ရောက်သွားကြလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ဖြူးနေသော လမ်းသစ်ကလေးတစ်ခုကို တွေ့လိုက်ကြရသည်။

"တပည့်တော်တို့ကို ခွင့်ပြုပါဦး"

ရသေ့ကြီးများကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။ သတိရ၍ နောက်ကြောင်းကို ပြန်ပြီးလှည့်ကြည့်လိုက်ကြရာ။

"ဟင်"

စောစောက သူတို့အားလုံး ရပ်နေကြသည့်နေရာတွင် မြူတွေက ဆိုင်းလျက်ရှိသည်။ လွင့်ပါးနေသော မြူများပြယ်သွားကြသောအခါ ရသေ့ကြီးများကို မတွေ့ကြရတော့။ ပို့တစ်ထောင်တောင်ကြီးသည်လည်း မြင်ကွင်းထဲက ပျောက်ကွယ်သွားခဲ့လေပြီ။

"အတ. . ပို့တစ်ထောင်တောင်ကြီးကိုလည်း မမြင်ရတော့ပါလား"

"အေးကွယ်၊ မတွေ့ရတော့ဘူး"

ဦးဖိုးထယ်က အံ့အားသင့်ဟန်မပြ။ အေးဆေးစွာပင် ပြန်ဖြေသည်။ အားလုံးသည် အထူးအဆန်းနှင့်ပဟေဠိများကို ရင်မှာ ပိုက်ထားကြရသည်။

လမ်းတစ်ဝက်ကို အရောက်တွင် မောင်တိုးက. . ။

"ကျွန်တော်. . ဆင်းပြီးတော့ လျှောက်ချင်တယ်"

"ဟင်. . မောင်တိုး၊ မင်းဘယ်လို ပြောလိုက်တာလဲ၊





မင်းမှာ ဒဏ်ရာကြီးနဲ့ လမ်းလျှောက်လို့ မရဘူးလေ"

"ဒဏ်ရာကလည်း မနာတော့ဘူး၊ ဘာမှမဖြစ်တော့ဘူး. . အဘထယ်၊ လျှောက်လို့ရမယ်ထင်လို့ပါ"

"ကဲ. . ထမ်းစင်ကို ခဏချလိုက်ကြပါကွယ်"

ထမ်းစင်ကို ချလိုက်ကြသည်။ ကျပ်စည်းထားသော ဝါးခြမ်းများကို ဖယ်ရှားပြီး မောင်တိုး၏ ပေါင်ကို လက်နဲ့စမ်းကြည့်သည်။ မောင်တိုး မည်သို့မှ မခံစားရ။ နာကျင်မှုလည်း မဖြစ်ပေါ်ခဲ့ပေ။

"မင်း. . မနာဘူးလား မောင်တိုး"

"ကျွန်တော်. . ဘာမှ မဖြစ်တော့ဘူး. . အဘထယ်၊ လမ်းလျှောက်ပြီးလိုက်မယ်"

တက်ခေါင်လေးက စိတ်မချ၍ မောင်တိုးကို မထူကာ မတ်တတ်ရပ်စေသည်။ ရပ်နိုင်သည်။ တစ်လှမ်းနှစ်လှမ်းပင် လျှောက်ကြည့်သည်။ လူကောင်းပကတိအတိုင်း။ အားလုံးက မောင်တိုး၏ အခြေအနေကို ကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ကြရလေသည်။ မောင်တိုးကား မိမွေးတိုင်း၊ ဖမွေးတိုင်းဖြစ်ကာ လမ်းလျှောက်၍ လိုက်ပါနိုင်ခဲ့ပြီဖြစ်လေသည်။

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မယုံကြည်နိုင်အောင်ပင် ဖြစ်သွားခဲ့ကြရသည်။ ရသေ့ကြီးပေးသော ငှက်ပျောသီးကို ထိုနေရာမှာပင် အဆာပြေ တစ်ယောက်တစ်လုံးစီ စားကြသည်။ လူက နှစ်ဆယ့်တစ်ယောက်။ ငှက်ပျောသီးက နှစ်ဆယ့်တစ်လုံး။ အားလုံးကွက်တိ။ ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com



သီးတစ်လုံးစီနှင့်ပင် ဟာနေသောဝမ်းက ပြည့်သွားခဲ့ရသည်။

တက်ခေါင်လေးသည် မောင်တိုးကို စိတ်မချသေး၍ ဘေးမှထိန်းကာ လိုက်လာသည်။

"တက်ခေါင်လေး"

"ဟုတ်ကဲ့၊ ပြောပါ. . အစ်ကိုမောင်တိုး"

"ငါ့ကို ခွင့်လွှတ်ကွာ၊ မင်းအပေါ်မှာ ငါမှားခဲ့တယ်"

"ဟာဗျာ. . ဒါတွေကို မပြောပါနဲ့တော့၊ ကျွန်တော်လည်း ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော်ရိုင်းပျမိခဲ့သလို ဖြစ်သွားတာကိုလည်း ခွင့်လွှတ်ပါ"

"မင်းမလွန်ပါဘူးကွာ၊ အေး. . နှင်းနုကို မင်းပဲ ယူလိုက်တော့ကွာ၊ ဟဲ. . ဟဲ. . ."

"ဟာဗျာ၊ အစ်ကိုကလည်း. . ."

ဤလိုအချိန်မျိုးမှာ အရွှန်းဖောက်နိုင်ကြသေးသည်။ မောင်တိုးက သူ့ကို ဝိုင်းပြီးတော့ စောင့်ရှောက်ကြသဖြင့် ဝမ်းသာ၍ မဆုံးနိုင်။ ဦးသြဃကတော့ ကျန်ရစ်ခဲ့လေပြီ။ အားလုံး စိတ်မကောင်းဖြစ်မိကြသည်။

ဦးဖိုးထယ်သည် ခရီးလမ်းကို မှန်းဆ၍ ပြန်လာကြရင်းက သတိပြုမိလာသည်။

"ဟေ. . ငါတို့ ဝက်ပါမြိုင်တောစပ်ကို ရောက်လာခဲ့ကြပြီ၊ ဘယ်လိုလဲကွာ၊ ဒါလောက် အချိန်တိုတိုလေးနဲ့ ရောက်လာခဲ့တာ၊ နေတောင်မဝင်သေးဘူး"

"ဟုတ်ပါရဲ့. . ဦးထယ်၊ ကျွန်တော်တို့ ဖြတ်လမ်းက





ပဲ လာမိခဲ့တာလား၊ ဒါမှမဟုတ် ရသေ့ကြီးတွေက မြေကြောပဲ ရှုံ့ပေးလိုက်ကြတာလား"

ကာလသားခေါင်းကျော်ထူးကလည်း တအံ့တသြနှင့် ရှိနေသည်။ အတူပါလာကြသူအားလုံးသည်လည်း တစ်ခုပြီး တစ်ခု ပြောင်းလဲနေသော အခြေအနေကို ဘယ်လိုမှ နားမလည်နိုင်ကြတော့။ မိမိတို့သည် ထူးခြားသော ခရီးကို ဖြတ်ကျော်လာခဲ့ကြသည်ပဲ မဟုတ်ပါလား။

ရွာအဝင်တွင် လူအတော်များများကို မမျှော်လင့်ပဲ တွေ့လိုက်ကြရသည်။ ရွာသားများနှင့်အတူ မိမိတို့ အုပ်စုနှစ်စုခွဲကာ သီးခြားထွက်သွားကြသော သူများသည်လည်း ရွာကို ပြန်ရောက်နေကြလေပြီ။ ထိုအုပ်စုထဲတွင် နှင်းနုလည်းပါ၏။

မကြာမီ တက်ခေါင်လေးတို့သည် ထိုအုပ်စုနှင့်ပေါင်းမိသွားခဲ့ကြသည်။ နှင်းနုက ဝမ်းသာအားရဖြင့်. . ။

"တက်ခေါင့်လေး"

"နှင်းနု"

"ငါ. . နင်တို့ကို စိတ်ပူလို့လာစောင့်နေတာ၊ ဒါ. . ဒါနဲ့ ဘယ်သူမှ ဒုက္ခမရောက်ကြဘူးနော်"

"နောက်တော့မှ အေးအေးဆေးဆေး ပြောပြမယ်. . နှင်းနု"

နှင်းနုက တက်ခေါင်လေးနှင့်အတူယှဉ်ပြီး လိုက်ပါသွားသည်။ လာ၍ စောင့်နေကြသူတွေထဲတွင် တက်ခေါင်လေး၏ မိဘများနှင့်သူကြီးဦးတင်ဦးလည်း ပါဝင်သည်။ မိမိ



www.burmeseclassic.com

www.burmeseclassic.com



တို့ ကြုံတွေ့ခဲ့ရသည့် အကြောင်းများကို ပြောပြကြပေလိမ့်မည်။

ပို့တစ်ထောင်တောင်ကြီးနှင့်ကျောက်နွားကိုးကောင် အကြောင်းတွေလည်း ပါဝင်ကြပေလိမ့်မည်။ ထိုနည်းတူ တက်ခေါင်လေးနှင့်ပတ်သက်သည့် ထူးခြားသော စွမ်းရည်များကိုလည်း ဖွဲ့နွဲ့ကာ ပြောကြမှာမလွဲ။

ပို့ပြီးတော့ ထူးခြားသည်က ဝက်ပါမြိုင်တောနက်ကြီးထဲမှ တောခွေးများသည် လုံးဝပျောက်ဆုံးသွားခဲ့ကြပါသည်။ မည်သည့်အခါမှ အနှောင့်အယှက်ပေးရန် ရောက်မလာကြတော့သည့် အကြောင်းများပင်တည်း။

ပြီးပါပြီ။

ပို့၍ကောင်းအောင် ကြိုးစားပါဦးမည်၊
မင်းစက္ကူ၊



## မင်းစက္ကူ ၏ ထွက်ပြီးစာအုပ်များ


၁။ မောင်းနှစ်လုံးမောင်ဇီဝ
၂။ ဟိမဝန္တာစေတမာန်
၃။ မျက်နှာမည်းကြီးငိုလိမ့်မည်
၄။ မတစ်ထောင်သား မောင်ထိန်ဘွား
၅။ သေလာတောင်စွယ်ရန်အသွယ်သွယ်
၆။ ဆင်ဂူတောနှင့် သပျေါမာယာ
၇။ ကံရာဇာနှင့် ပတ္တမြားလည်ဆွဲ
၈။ ကံရာဇာနှင့် ပဒ္မလက်စားညီနောင်
၉။ မဟာ့ရာတောင်ကျိန်စာ
၁၀။ မြွအိုးမြွေ
၁၁။ ဒေဝယက္ခစံအိမ်
၁၂။ လက်ခုပ်သံလား/မိုးသံလား
၁၃။ ဗျူဟပါလသစ္စာ
၁၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (၁)
၁၅။ ဆင်ကြီးမောင်းထီးနှင့် နန်းစဉ်မကိုင်ပြုကြီး
၁၆။ သချုလမျက်ရှင်
၁၇။ ပေါရိသအဏ္ဏဝါ
၁၈။ မောရိယမာယာ
၁၉။ ကျောက်မောင်းသံနှင့် ရွှာပျောက်ကြီး (ပ+ဒု)
၂၀။ မြိုင်တောကြီးနှင့် သူယောင်မင်းသမီး (မင်းစကြာ)
၂၁။ သေလာတိမသခင်
၂၂။ မီးပြတိုက်သရွှေ (မင်းစကြာ)
၂၃။ စိတြာဒေဝီ
၂၄။ ဂမ္ဘီရဆန်းကြယ်ဝတ္ထုတိုများ (ဂုဏ်ကြီး)
၂၅။ မှန်တိုင်းခေါ်သံ


www.burmeseclassic.com